# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်း ဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၇၈)


၁၃၈၂ ခုနှစ်၊ နယုန်လဆန်း ၄ ရက် | ၂၀၂၀ ပြည့်နှစ်၊ မေ ၂၅ ရက်၊ တနင်္လာနေ့ | အတွဲ (၅၉)၊ အမှတ် (၂၃၅)


# အိန္ဒိယနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ဒုတိယအသုတ်အဖြစ် ပြန်လည်ခေါ်ဆောင်ခဲ့



အိန္ဒိယနိုင်ငံမှ ပြန်လည်ရောက်ရှိလာသော မြန်မာနိုင်ငံသားများအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။

နေပြည်တော် မေ ၂၄

နိုင်ငံတကာခရီးသည်တင်လေယာဉ်များ ပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် အိန္ဒိယနိုင်ငံ ချန်နိုင်းမြို့နှင့် ယင်းမြို့၏ အနီးအနားဒေသများတွင် ရောက်ရှိနေပြီး အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၂၃ ဦးအား မြန်မာအမျိုးသားလေကြောင်းလိုင်း (Myanmar National Airlines-MNA) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ဒုတိယအသုတ်အဖြစ် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ ည ၇ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေးနှင့် ၂၁ ရက်တာ အသွားအလာကန့်သတ် နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ ကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❖

## နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ(၁)နှစ်တာ အချုပ်ပိုရှစ်မျက်နှာပါရှိ

စစ်မှန်သည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရန် အခြားမဏ္ဍိုင်များနှင့် အပြန်အလှန်ထိန်းကျောင်း ဆောင်ရွက်လျက်ရှိသည့် ပြည်ထောင်စုလွှတ်တော် နှင့် လူမှုစီးပွားဘဝများ တိုးတက်ပြောင်းလဲမှု၏ အသီးအပွင့်များကို ပြည်သူများ ရရှိခံစားနိုင်ရန် ကြိုးပမ်းဆောင်ရွက်နေသည့် မွန်ပြည်နယ် အချုပ်ပို ရှစ်မျက်နှာ ပါရှိပါသည်။

**ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်ရှိ IDP စခန်းများနှင့် ယာယီတိုက်ပွဲရှောင်စခန်းများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိ**

စာ ၈

**မန္တလေးမြို့ရှိ လက်ဖက်ရည်ဆိုင်များ ဆိုင်ထိုင်စနစ်ဖြင့် ပြန်လည်ရောင်းချ ဖွင့်လှစ်နိုင်ရန် ပြင်ဆင်**

စာ ၉

**ဥရောပနိုင်ငံများအား ခရီးသွားလာခွင့်ပိတ်ပင်မှုက အမေရိကန်သို့ ရောဂါဆွဲသွင်းလိုက်သလိုဖြစ်နိုင်ကြောင်း ဝါရှင်တန်ပို့စ်သတင်းဖော်ပြ**

စာ ၁၂


KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

မြန်မာ့အလင်း

# အပြုသဘောဆောင်သော စိတ်ဖြင့် ရင်ဆိုင်

မေလ ၂၄ ရက်နေ့၊ ည ၈ နာရီအထိ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ခံတက်ခွဲအတည်ပြုလူနာ ၂၀၁ ဦး ရှိသည်။ စောင့်ကြည့်လူနာအသစ်များ တိုးလာမှု၊ ရောဂါခံတက်ခွဲအတည်ပြုလူနာ အရေအတွက်၊ ဆေးရုံမှ ဆင်းခွင့်ပြုခဲ့သည့်အရေအတွက် စသည်တို့၏ ကိန်းဂဏန်းများကို ကြည့်ခြင်းအားဖြင့် မိမိတို့နိုင်ငံ၏ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ တားဆီးကာကွယ်ထိန်းချုပ်မှု အခြေအနေနှင့် အလားအလာတို့ကို မှန်းဆနိုင်သည်။ နိုင်ငံတကာသတင်းအချို့တွင် တွေ့ရှိဖတ်ရှုရသလို ကျန်းမာရေးစနစ် ပြိုလဲသွားပြီး ကူးစက်မြန်ကပ်ရောဂါကို ဒူးထောက်အရှုံးပေးလိုက်ရသည့် အဖြစ်မျိုးနှင့် လွန်စွာဝေးလှပါသည်ဟူ၍ ဆိုလိုချင်သည့်တိုင်အောင် မမေ့မလျော့ မပေါ့ဆဘဲ သတိစွဲမြဲစွာဖြင့် ကိုဗစ်-၁၉ ကို ဆက်လက်တွန်းလှန်ကြရန်သာ မြန်မာ့အလင်းက တိုက်တွန်းလိုသည်။

ထို့ပြင် ကိုဗစ်-၁၉ ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါသည် ဗိုင်းရပ်စ်ပိုး ကူးစက်ပျံ့နှံ့မှု ခံစားကြရသည့် ကမ္ဘာ့နိုင်ငံအသီးသီးအဖို့ ကျန်းမာရေးဆိုင်ရာ ဘေးဒုက္ခကိုသာမက စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးမှသည် နိုင်ငံအချင်းချင်း ဆက်ဆံရေးအထိ ရိုက်ခတ်လွှမ်းမိုးမှုများ ရှိနေသည့်အပြင် လူတစ်ဦးချင်းစီတို့၏ နေ့စဉ်ဘဝများနှင့် ၎င်းတို့၏ အနာဂတ်ကံကြမ္မာများအထိလည်း သက်ရောက်မှုများ ရှိနေသည်။ စိုက်ပျိုးရေးထုတ်ကုန်များ ဈေးနှုန်းကျဆင်းကာ ဈေးကွက်ပျောက်နေခြင်း၊ စက်ရုံအလုပ်ရုံများ၊ ကုမ္ပဏီများ ပိတ်သိမ်းဖျက်သိမ်းခြင်း၊ ဝန်ထမ်းအလုပ်သမားများ လျှော့ချခြင်း၊ အရောင်းအဝယ် ကုန်သွယ်လုပ်ငန်းများ လေးလံထိုင်းမှိုင်းသွားခြင်းတို့နှင့်အတူ ပြည်သူတစ်ဦးချင်းစီ၏ ဝင်ငွေများ လျော့နည်းသွားခြင်း၊ ရုတ်တရက် အနာဂတ်ပျောက်ဆုံးသွားခြင်း၊ မိသားစုအတွင်း စားဝတ်နေရေး အခက်အခဲ အကျပ်အတည်းများ ဖြစ်ပေါ်လာခြင်းတို့ကဲ့သို့သော ဖြစ်စဉ်များ ဖြစ်ပေါ်လာပြီး စိတ်ပိုင်းဆိုင်ရာ ဖိစီးမှုများလည်း လူအများအပြားတွင် ခံစားလာကြရသည်။

တစ်ဖက်တွင်လည်း ကူးစက်ရောဂါကို အကြောင်းပြု၍ တားဆီးကန့်သတ်မှုများ ပြုလုပ်ထားရသည့် နေ့စဉ်ဘဝ ပတ်ဝန်းကျင်အခြေအနေများက စိတ်ဖိစီးမှုခံစားနေရသူများအပေါ် ဘူးလေးရာဖရုံဆင့်စေသည်။ ရေနစ်သူ ဝါးကူနှစ်သကဲ့သို့ ဖြစ်စေသည်။ ယင်းသို့သော အခြေအနေတွင် မိမိတို့၏ စိတ်ဖိစီးခံစားနေရမှုများကို ပြင်းထန်မြင့်မားသည့်အဆင့်သို့ ရောက်ရှိမသွားစေရန် သတိပြုကြဖို့ လိုသည်။ ကိုဗစ်-၁၉ ကာလ စိတ်ဖိစီးမှုများကို ကျော်လွှားနိုင်ရေးအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဆရာဝန်အသင်း (စိတ်ကျန်းမာပညာအဖွဲ့) တို့၏ အသိပေးနှိုးဆော်ချက်များကိုလည်း လေ့လာမှတ်သားကျင့်သုံးကြခြင်းဖြင့် အကျိုးရလဒ်ကောင်းများ ရရှိနိုင်မည်ဖြစ်သည်။

အခက်အခဲ၊ အကျပ်အတည်းများနှင့် ရင်ဆိုင်ကြရသည့် အချိန်တွင် လူတိုင်းလက်ကိုင်ထားကြရမည်မှာ အပြုသဘောဆောင်သော စိတ်ပင်ဖြစ်သည်။ အပြုသဘောဆောင်သောစိတ် ဖြစ်ပေါ်လာစေရန်မှာလည်း မိမိတို့ရင်ဆိုင်နေရသည့် အကျပ်အတည်းများကို မှန်ကန်စွာ သိနားလည်ခြင်းနှင့် သင့်တင့်လျောက်ပတ်စွာ နှလုံးသွင်းခံယူခြင်းတို့ အလေ့အကျင့် စွဲမြဲနေရမည်ဖြစ်သည်။ ယင်းသို့သော အလေ့အကျင့်က လူ၏ဦးနှောက်တွင်ရှိသော Orbitofrontal Cortex ခေါ် အစိတ်အပိုင်းကို ဖွံ့ဖြိုးစေကာ အပြုသဘောဆောင်သည့်စိတ်တို့ အားကောင်းလာစေသည်ဟု ခေတ်သစ်ဆေးပညာက ဆိုသည်။ မြတ်ဗုဒ္ဓ၏ ပဋ္ဌာန်းဒေသနာတော်လာ ဟေတုသတ္တိကလည်း ဤသဘောအတိုင်းပင် ဟောကြားတော်မူခဲ့ခြင်းဖြစ်သည်။

အပြုသဘောဆောင်သောစိတ်က ကောင်းသောလားရာဘက်ဆီသို့ ဦးညွှတ်သည်။ အပြုသဘောဆောင်သူတစ်ဦး၏ အပြုအမူ၊ အပြောအဆို၊ အတွေးအကြံများက ကောင်းသောအနာဂတ်ကို တည်ဆောက်ပေးသည်။ အပြုသဘောဆောင်သော စိတ်ဖြင့် အခက်အခဲ အကျပ်အတည်းတို့ကို ရင်ဆိုင်ကျော်လွှားကာ အေးချမ်းသာယာသည့် နေ့သစ်များကို တည်ဆောက်နိုင်ကြပါစေကြောင်း။ ။

## Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အများပြည်သူများမှ အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ရေးအတွက် အသိပေးမေတ္တာရပ်ခံခြင်း

၁။ တစ်ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ (Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019 (COVID-19) နှင့် ပတ်သက်၍ မြန်မာနိုင်ငံအတွင်း ဝင်ရောက်ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများအား နိုင်ငံတော်မှ အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြင့် ဆောင်ရွက်လျက် ရှိပါသည်။

၂။ ၎င်းအပြင် (၁၆-၃-၂၀၂၀) ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ ပြည်သူလူထုသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းတွင် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေတစ်ရပ် ထူထောင်ရာတွင် ပြည်သူလူထုအနေဖြင့် တတ်နိုင်သမျှ ပူးပေါင်းပါဝင်ထည့်ဝင်လှူဒါန်းသွားရန် တိုက်တွန်းနှိုးဆော်ခဲ့ပြီး ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ဦးချင်းအနေဖြင့် တတ်အားသရွေ့ အလှူငွေများ ပါဝင်လှူဒါန်းလိုပါက အောက်ဖော်ပြပါ ဘဏ်များတွင် ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးမေတ္တာရပ်ခံအပ်ပါသည် -

| | | | |
|---|---|---|---|
| (က) | မြန်မာ့စီးပွားရေးဘဏ် | - မြန်မာကျပ်ငွေစာရင်းအမှတ် | - CF 004880 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | - EDN 600010 |
| ( ခ ) | ကမ္ဘောဇဘဏ် | - မြန်မာကျပ်ငွေစာရင်းအမှတ် | - 034 103 034 0232 8301 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | - 034 109 034 0232 8301 |
| ( ဂ ) | ရေဝတီဘဏ် | - မြန်မာကျပ်ငွေစာရင်းအမှတ် | - A/C 000 110 501 002 5635 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | - A/C 000 110 503 000 0425 |
| (ဃ) | CB ဘဏ် | - မြန်မာကျပ်ငွေစာရင်းအမှတ် | - 0093 1005 0000 1333 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | - 0093 1012 0000 2957 |

၄။ ဆေးဝါးများ၊ ဆေးရုံသုံးပစ္စည်းများ/ စက်ကိရိယာများအား လှူဒါန်းလိုပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဝန်ကြီးရုံးနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးရုံးများ၊ နီးစပ်ရာပြည်သူ့ဆေးရုံကြီးများ၊ ဆေးရုံများသို့ တိုက်ရိုက်ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

**Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ**

## ပုလဲမြို့သစ်ဆေးရုံသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသရေး အထောက်အကူပစ္စည်းများ လာရောက်လှူဒါန်း

**ရန်ကုန် မေ ၂၄**

ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုမရှိစေရန် ရည်ရွယ်၍ ပုလဲမြို့သစ်ဆေးရုံသို့ ကိုဗစ်-၁၉ ရောဂါပိုး ခံတက်ခွဲစမ်းသပ် နမူနာရယူမည့် စမ်းသပ်ခန်းငယ် သုံးခန်း၊ ရောဂါကာကွယ်ရေးဝတ်စုံနှင့် နှာခေါင်းစည်းများအား အလှူရှင်များက ယမန်နေ့ နံနက် ၁၀ နာရီက အဆိုပါဆေးရုံ၌ လာရောက်လှူဒါန်းသည်။



မင်္ဂလာဒုံ မြို့နယ်အဆင့် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး လုပ်ငန်းစဉ်များတွင် လိုအပ်သည့်နေရာများ၌ အသုံးပြုနိုင်ရန်အတွက် မင်္ဂလာဒုံမြို့နယ် တိုင်းဒေသကြီး(၂) လွှတ်တော်ကိုယ်စားလှယ် ဒေါ်သန္တာမိုး(မိသားစု)က ကိုဗစ်-၁၉ ရောဂါပိုး ခံတက်ခွဲစမ်းသပ်နိုင်ရန်အတွက် နမူနာရယူမည့် စမ်းသပ်ခန်း နှစ်ခန်းနှင့် နှာခေါင်းစည်း အခု ၂၀၀၊ ရွှေစင်စကြာ ယာဉ်လိုင်း ပိုင်ရှင် ဦးမိုးနိုင်က ကိုဗစ်-၁၉ ရောဂါပိုး ခံတက်ခွဲစမ်းသပ်နိုင်ရန်အတွက် နမူနာရယူမည့် စမ်းသပ်ခန်း တစ်ခန်းနှင့် ဦးရဲလင်းအောင် (ရွှေပြည်သာ) က ရောဂါကာကွယ်ရေးဝတ်စုံ ၅၀ တို့ကို လာရောက်လှူဒါန်းရာ ပုလဲမြို့သစ် ဆေးရုံအုပ်ကြီး ဒေါက်တာ ထွေးထွေးဝင်းနှင့် တာဝန်ရှိသူများက လက်ခံရယူခဲ့ပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

မင်္ဂလာဒုံမြို့နယ်အဆင့် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြင့် ဆောင်ရွက်လျက် ရှိကြောင်း သိရသည်။

**ခွဲထက်ကို၊ ဇင်ငြိမ်းအိ(ပြန်/ဆက်)**

## မရမ်းကုန်းမြို့နယ်တွင် ဖျားနာကုဆေးခန်းဖွင့်မည်

**ရန်ကုန် မေ ၂၄**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏လမ်းညွှန်ချက်နှင့်အညီ မရမ်းကုန်းမြို့နယ် အမှတ် (၃)ရပ်ကွက် ကျိုက်ဝိုင်းဘောလုံးကွင်းတွင် ဖျားနာကုဆေးခန်းကို မေလအတွင်း ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။ အဆိုပါဆေးခန်းတွင် ဖျားနာ၊ ချောင်းဆိုးရောဂါများအပြင် အခြားရောဂါများကိုလည်း စစ်ဆေးကုသပေးမည်ဖြစ်သည်။

အဆိုပါ ဖျားနာကုဆေးခန်းတွင် ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှ စစ်ဆေးပြီးပါက မြန်မာနိုင်ငံ ဆရာဝန်အသင်းမှ ဆရာဝန်သုံးဦးနှင့် သူနာပြုများ၊ ဆေးဝါးကျွမ်းကျင်သူများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ စေတနာ့ဝန်ထမ်းများဖြင့် အင်္ဂါ၊ ကြာသပတေး၊ စနေနေ့များတွင် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ မည်သူမဆို အခမဲ့လာရောက်ပြသနိုင်ကြောင်း သိရသည်။

**အောင်သူရ**

## ကိုဗစ် - ၁၉ Call Center ဖွင့်လှစ်ထားရှိ

**နေပြည်တော် မေ ၂၄**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြင့် ဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေတာ လေးခု၊ Blue Ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID-19 Call Center ဖုန်းနံပါတ် - (၂၀၁၉) အား နံနက် ၈ နာရီမှ ည ၈ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်း ဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဧပြီ ၈ ရက်မှစတင်၍ ဖွင့်လှစ်ထားကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်သူသာလျှင် အဓိက

## ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် ပဲခူးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်အတွင်းရှိ လမ်း၊တံတားနှင့် ကျေးလက် လမ်း၊ တံတား ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆောင်ရွက်နေမှုနှင့် တိုးတက်မှုအခြေအနေတို့ကို Video Conferencing ဖြင့် ကြည့်ရှု

နေပြည်တော် မေ ၂၄

**ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်၊ ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်း၊ လမ်း၊ တံတားနှင့် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပတို့သည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမဆောင်မှ Video Conferencing ဖြင့် ချိတ်ဆက် ၍ ပဲခူးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ် အတွင်းရှိ လမ်း၊ တံတားနှင့် ကျေးလက် လမ်း/တံတား ဖွံ့ဖြိုးတိုးတက်ရေး အတွက် လုပ်ငန်းဆောင်ရွက်နေမှုနှင့် တိုးတက်မှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။**



ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် ပဲခူးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်အတွင်းရှိ လမ်း၊တံတားနှင့် ကျေးလက် လမ်း၊ တံတားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုနှင့် တိုးတက်မှုအခြေအနေတို့ကို Video Conferencing ဖြင့် ကြည့်ရှုစစ်ဆေးစဉ်။

### ရှင်းလင်းတင်ပြ

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး (မြို့ပြ) ဦးတိုးတိုးက ပဲခူးတိုင်းဒေသကြီးအတွင်းရှိ လမ်းတံတား လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေ၊ ရန်ကုန်- တောင်ငူ - မန္တလေး ပြည်ထောင်စုလမ်းမကြီး လုပ်ငန်းဆောင်ရွက်နေမှု၊ ရန်ကုန် - ပြည်လမ်း (ပဲခူးတိုင်းဒေသကြီးအပိုင်း) လုပ်ငန်းဆောင်ရွက်နေမှု၊ တောင်ငူ- လိပ်သို - ယာဒိုလမ်းအပိုင်း လုပ်ငန်းဆောင်ရွက်နေမှုနှင့် တံတားချဉ်းကပ်လမ်း လုပ်ငန်းများဆောင်ရွက်နေမှု၊ ကိုဗစ်-၁၉ ကာကွယ်ရေး လုပ်ငန်းများနှင့် လျှုဒါန်းထောက်ပံ့မှုတို့ကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဆောင်ရွက်လျက်ရှိသော လမ်း၊ တံတားတိုးတက်မှုအခြေအနေတို့ကို Video Clip ဖြင့် ပြသသည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးအောင်ကျော်လူက ပဲခူးတိုင်းဒေသကြီးအတွင်း ဆောင်ရွက်လျက်ရှိသော ကျေးလက်လမ်း/တံတား လုပ်ငန်းများနှင့် ဆက်လက် ဆောင်ရွက်မည့်လုပ်ငန်း အစီအစဉ်များကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြပြီး လုပ်ငန်းတိုးတက်မှုတို့ကို Video Clip ဖြင့် ပြသသည်။

ထို့နောက် တံတားဦးစီးဌာန တံတားအထူးအဖွဲ့ (၆) မှ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ) ဦးဝင်းလွင်က ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ရေတာရှည်မြို့နယ် ရေတာရှည်-ကရင်ချောင်း - လိပ်သိုလမ်းပေါ်ရှိ စစ်တောင်းမြစ်ကူးတံတား (ရေတာရှည်) တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြပြီး လုပ်ငန်းတိုးတက်မှုတို့ကို Video Clip ဖြင့် ပြသသည်။

ယင်းနောက် တံတားဦးစီးဌာန တံတားအထူးအဖွဲ့ (၉)မှ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်မျိုးက ပဲခူးတိုင်းဒေသကြီးအတွင်း ဆောင်ရွက်နေသည့် တောင်ငူ- ကျောက်ကြီး- ရွှေကျင်- ဝင်းကံလမ်းပေါ်ရှိ အရှည်ပေ ၁၆၈၀၊ ရွှေကျင်ချောင်းကူးတံတား၊ ကဝမြို့ရှောင်လမ်းပေါ်ရှိ အရှည် ပေ ၆၀၀ ပဲခူးမြစ်ကူးတံတား (ကဝ)နှင့် ပဲခူးမြို့ စိန်သာလျောင်းလမ်းနှင့် သမိန်ဗရမ်းလမ်းတို့ကို ဆက်သွယ်သည့် ပဲခူးမြစ်ကူးတံတား(မြို့ဦးကင်း)တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်နေမှု၊ လုပ်ငန်းပြီးစီးမှုနှင့် တိုးတက်မှုတို့ကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြပြီး တံတားလုပ်ငန်းတိုးတက်မှု တို့ကို Video Clip ဖြင့် ပြသသည်။

ထို့နောက် တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၁၀) မှ ညွှန်ကြားရေးမှူး(မြို့ပြ) ဦးမြင့်ဝင်းက ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်၊ ကျွဲပွဲ - မြို့စိုး - ဇရပ်ကြီးလမ်းပေါ်ရှိ အရှည်ပေ ၁၂၀၀ စစ်တောင်းမြစ်ကူးတံတား (မြို့စိုး) တည်ဆောက်နေမှု အခြေအနေကို လည်းကောင်း၊ ဖြူးမြို့နယ် ဖြူး-အုတ်ဖြတ်-မုန်းလမ်းပေါ်ရှိ အရှည်ပေ ၆၂၀ စစ်တောင်းတံတား (အုတ်ဖြတ်) တည်ဆောက်နေမှုတို့ကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြပြီး တံတားလုပ်ငန်းတိုးတက်မှုတို့ကို Video Clip ဖြင့် ပြသသည်။

ယင်းနောက် မွန်ပြည်နယ် လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး (မြို့ပြ) ဦးကြည်သွင်ဦး က ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်အလိုက် ပြည်ထောင်စု/ ပြည်နယ်ရန်ပုံငွေဖြင့် မွန်ပြည်နယ်အတွင်း ဆောင်ရွက်နေသည့်လုပ်ငန်းအခြေအနေကို လည်းကောင်း ၊ B.O.T စနစ်ဖြင့် ဆောင်ရွက်သော ဘုရားကြီး - မော်လမြိုင် - ထားဝယ် - မြိတ် - ဘုတ်ပြင်း - ကော့သောင်းလမ်းအပိုင်းတွင် ကတ္တရာကွန်ကရစ်ထပ်ပိုးလွှာခင်းခြင်း၊ သံကူကွန်ကရစ်တံတားများ တည်ဆောက်နေမှုအခြေအနေကို လည်းကောင်း၊ နိုင်ငံတကာ ဆက်သွယ်ရေးလမ်းဖြစ်သော သကြော(သံဖြူဇရပ်) - ဘုရားသုံးဆူလမ်းအပိုင်းကို မြေသားလမ်းဖောက်လုပ်ခြင်း၊ ကတ္တရာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို လည်းကောင်း၊ စံပယ်ဂူတံတား ချဉ်းကပ်လမ်း ၆ မိုင်ကျော်ကို ပေ ၄၀ အကျယ် မြေသားတာပေါင်ပြုလုပ်ခြင်း၊ ၂၄ ပေ အကျယ် ကွန်ကရစ်လမ်းခင်းခြင်းနှင့် တံတားတည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ လေးနှစ်တာကာလအတွင်း လုပ်ငန်းတိုးတက်မှုအခြေအနေ၊ ကိုဗစ်-၁၉ ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ လှူဒါန်းထောက်ပံ့မှုတို့ကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြသည်။

### လုပ်ငန်းတိုးတက်မှုပြသ

ဆက်လက်၍ မွန်ပြည်နယ်အတွင်းရှိ လမ်း၊ တံတားလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် လုပ်ငန်းတိုးတက်မှုတို့ကို Video Clip ဖြင့် ပြသသည်။

ထို့နောက် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး (မြို့ပြ) ဦးလှမျိုးဝင်း က မွန်ပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသော လမ်း/တံတားလုပ်ငန်းများနှင့် ရေ့ပြေးစီမံချက်ဖြင့် ဆောင်ရွက်သော လုပ်ငန်းများကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြပြီး လုပ်ငန်းဆောင်ရွက်နေမှုနှင့် လုပ်ငန်းတိုးတက်မှုတို့ကို Video Clip ဖြင့် ပြသသည်။

ယင်းနောက် တံတားဦးစီးဌာန တံတားအထူးအဖွဲ့ (၁၄) မှ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ) ဦးဇော်မိုးလွင်က အတ္ထရံမြစ်ကူး(စံပယ်ဂူ) တံတား တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု ဆောင်ရွက်ဆဲလုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များ ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် အရည်အသွေးစစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ကိုဗစ် - ၁၉ ကာကွယ်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြပြီး တံတားလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် တိုးတက်မှုကို Video Clip ဖြင့် ပြသသည်။

ထို့နောက် အဆောက်အဦ ဦးစီးဌာန အဆောက်အဦအထူးအဖွဲ့ (၁၃) မှ ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) ဦးစိုးဝင်းက ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ် မွန်ပြည်နယ်အတွင်းရှိ ဆောင်ရွက်လျက်ရှိသော အဆောက်အဦစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ဆက်လက် ဆောင်ရွက်မည့်လုပ်ငန်း အစီအမံများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး လုပ်ငန်းတိုးတက်မှုတို့ကို Video Clip ဖြင့် ပြသသည်။

ယင်းနောက် မွန်ပြည်နယ် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ထားထားစိုးက မွန်ပြည်နယ်အတွင်း ဆောင်ရွက်လျက်ရှိသော အိမ်ရာစီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

တင်ပြချက်များ အပေါ် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ပြီးစီးရေး အလေးထားဆောင်ရွက်ရန် မှာကြားလိုပါကြောင်း၊ ပဲခူးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် B.O.T စနစ်ဖြင့် ဆောင်ရွက်သော လမ်းအပိုင်းများ အရည်အသွေးကောင်းမွန်ရန် လိုအပ်ပါကြောင်း၊ တံတားလုပ်ငန်းများနှင့် ချဉ်းကပ်လမ်းလုပ်ငန်းများ စတင်ဆောင်ရွက်စဉ်ကပင် စံချိန်စံညွှန်း ပြည့်မီရန်လိုပါကြောင်း၊ ကျေးလက်နေပြည်သူများ သွားလာရေးလွယ်ကူအဆင်ပြေစေရန် ကျေးလက်လမ်း/တံတားများ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရန်တို့ကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❖ *ရွှေ့ဖုံးမှ*

နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် COVID – 19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ မြန်မာသံရုံး၊ နယူးဒေလီမြို့နှင့် မြန်မာနိုင်ငံရှိ သက်ဆိုင်ရာဝန်ကြီးဌာနတို့နှင့် ပူးပေါင်းညှိနှိုင်းလျက် အိန္ဒိယနိုင်ငံတွင် အခက်အခဲကြုံတွေ့နေကြသည့် မြန်မာနိုင်ငံသားများအား ကယ်ဆယ်ရေးလေယာဉ်များဖြင့် ပြန်လည်ခေါ်ဆောင်လျက်ရှိရာ ပထမအသုတ်အဖြစ် မြန်မာနိုင်ငံသား ၉၅ ဦးအား မေ ၁၉ ရက်တွင် ပြန်လည်ခေါ်ဆောင်ခဲ့ပြီးဖြစ်သည့်အတွက် ယနေ့ ဒုတိယအသုတ် အပါအဝင် စုစုပေါင်း ၂၁၈ ဦးအား ပြန်လည်ခေါ်ဆောင်ပေးနိုင်ခဲ့ပြီးဖြစ်သည်။

ဆက်လက်၍လည်း မေ ၂၇ ရက်တွင် တတိယအသုတ်အဖြစ် ဂါယာ - ရန်ကုန်ခရီးစဉ်အတိုင်း ကယ်ဆယ်ရေးလေယာဉ်ပြေးဆွဲလျက် အိန္ဒိယနိုင်ငံ ဂါယာမြို့နှင့် ယင်းမြို့၏ အနီးအနားဒေသများရှိ မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မိုးကြိုကာလတွင် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်

**နေပြည်တော် မေ ၂၄**

၂၀၂၀ ပြည့်နှစ် မိုးကြိုကာလတွင် မိုးရွာသွန်းမှုလျော့နည်းနိုင်သည့်အတွက် စိုက်ပျိုးရေ ရရှိမှုနည်းပါး၍ မိုးသီးနှံစိုက်ဧရိယာ ပုံမှန်ထက်လျော့နည်းနိုင်ခြင်းများ၊ အထွက်နှုန်းလျော့နည်းကာ ထုတ်လုပ်မှုလျော့နည်းခြင်းများ ကြုံတွေ့နိုင်သဖြင့် ရာသီဥတုပြောင်းလဲမှုအခြေအနေများအပေါ် တောင်သူလယ်သမားများ အနေဖြင့် တုံ့ပြန်ဆောင်ရွက်နိုင်ရေးနည်းလမ်းများကို စိုက်ပျိုးရေးဦးစီးဌာနက တိုက်တွန်းနှိုးဆော်ထားကြောင်း သိရသည်။

မိုးရွာသွန်းမှုလျော့နည်းမှုများ ကြုံတွေ့လာပါက ရေချိုစုဆောင်းသိုလှောင်နိုင်မှုအပါအဝင် ရေအရင်းအမြစ်များလည်း လျော့ကျလာနိုင်သဖြင့် ရေလိုအပ်ချက်နည်း၍ ဒေသနှင့်ကိုက်ညီပြီး ဈေးကွက်ရှိသော သီးနှံပြောင်းလဲစိုက်ပျိုးရန် လိုအပ်ကြောင်း၊ စိုက်ပျိုးသီးနှံ မျိုးပြောင်းလဲစိုက်ပျိုးရန် မဖြစ်နိုင်ပါက ရေလိုအပ်ချက်နည်းပြီး ရေငတ်ဒဏ်ခံနိုင်သော မျိုးကွဲများကို ပြောင်းလဲစိုက်ပျိုးသင့်ကြောင်း အဆိုပါနှိုးဆော်ချက်တွင် ဖော်ပြထားသည်။

အလားတူ ရေအလေအလွင့်များသော ရေပေးသွင်းမှုစနစ်အစား ရေချွေတာသုံးစွဲနိုင်သော ရေသွင်းနည်းစနစ်များ အသုံးပြုစေခြင်း၊ မြေဖုံးပစ္စည်းများထည့်သွင်းဆောင်ရွက်ခြင်း (Mulching)၊ ရေရရှိရေး နည်းလမ်းအသစ်များ ရှာဖွေဖော်ထုတ်စီမံခြင်းများကိုလည်း ဆောင်ရွက်ရန်လိုအပ်မည်ဖြစ်ကြောင်း၊ ရေရှားပါးမှုကြောင့် သီးနှံစိုက်ပျိုးထုတ်လုပ်ရေးလုပ်ငန်းများ ထိခိုက်မှုမဖြစ်ပေါ်စေရန် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများ၊ သီးနှံနှင့် ရေပေးသွင်းနည်းစနစ်များ ပြောင်းလဲရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် နည်းပညာနှင့် အကူအညီများလိုအပ်ပါက နီးစပ်ရာတိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနရုံးများသို့ ဆက်သွယ်အကူအညီ ရယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကိုဗစ် – ၁၉ ရောဂါကို ရင်ဆိုင်နေရချိန်မှာ ပြည်သူပြည်သားအားလုံးရဲ့ စည်းလုံးညီညွတ်မှု၊ သွေးစည်းမှုက အရေးကြီးပါတယ်

ရုရှားနိုင်ငံသံအမတ်ကြီး
Dr. Nikolay Listopadov

**ဆက်သွယ်မေးမြန်း- ဟန်နီဝင်း၊ နန္ဒာဝင်း၊ ဓာတ်ပုံစုစည်း - ကေတာ**



ရုရှားနိုင်ငံသံအမတ်ကြီး Dr. Nikolay Listopadov နှင့် သံတမန်အမှုထမ်း မိသားစုဝင်များ

**ပြည်သူများ Mask နှင့် ယဉ်ပါးပြီး အမြဲသုံးသည့် အလေ့အထဖြစ်လာစေရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က မေ ၁၃ ရက်မှ မေ ၁၅ ရက်အထိ Mask ပြိုင်ပွဲကို ကျင်းပခဲ့ရာ ပြည်သူ နှစ်သောင်းကျော် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။**

သုံးရက်အတွင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ လူမှုကွန်ရက်စာမျက်နှာသို့ တင်လာကြသည့် ပြိုင်ပွဲဝင် နှာခေါင်းစည်းများထဲမှ ပြည်သူအနှစ်သက်ဆုံး (Like အများဆုံး)ဆု၊ တီထွင်ဖန်တီးမှု အကောင်းဆုံးဆု၊ လူထုအကျိုးပြုဆု (လှူဒါန်းဝေငှရန်လုပ်သည့် Mask များထဲမှ Like အများဆုံးဆု) နှင့် ပြိုင်ပွဲဝင်ရခြင်း ရည်ရွယ်ချက် စိတ်ဝင်စားဖွယ်အကောင်းဆုံးဆု ဟူ၍ ဆုအမျိုးအစား လေးမျိုးနှင့် အထူးဆုကို ရွေးချယ်ချီးမြှင့်မည် ဖြစ်သည်။

ထိုဆုများအနက် လူထုအကျိုးပြုဆု (လှူဒါန်းဝေငှရန် လုပ်သည့် Mask များထဲမှ Like အများဆုံးဆု)၊ ပြိုင်ပွဲဝင်ရခြင်းရည်ရွယ်ချက် စိတ်ဝင်စားဖွယ်အကောင်းဆုံးဆုနှင့် အထူးဆုရသူ စာရင်းများကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ လူမှုကွန်ရက်စာမျက်နှာတွင် မေလ ၂၃ ရက်နေ့က ထုတ်ပြန်ကြေညာခဲ့သည်။

အထူးဆုကို ရုရှားနိုင်ငံသံအမတ်ကြီး Dr. Nikolay Listopadov ပါဝင်သည့် သံရုံးမိသားစုဝင် သုံးဦးက ရရှိခဲ့ပြီး လူထုအကျိုးပြုဆု (လှူဒါန်းဝေငှရန် လုပ်သည့် Mask များထဲမှ Like အများဆုံးဆု)ရရှိသူ သုံးဦး၊ ပြိုင်ပွဲဝင်ရခြင်းရည်ရွယ်ချက် စိတ်ဝင်စားဖွယ် အကောင်းဆုံးဆုရရှိသူ သုံးဦး ပေါ်ထွက်လာခဲ့ရာ ၎င်းတို့နှင့် ဆက်သွယ်မေးမြန်းခဲ့သည်များကို စုစည်းဖော်ပြလိုက်ရပါသည်။

**ရုရှားနိုင်ငံသံအမတ်ကြီး Dr. Nikolay Listopadov အထူးဆု**

ကျွန်တော်တို့ ပြိုင်ပွဲဝင်ဖြစ်တာက နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်ကျင်းပတဲ့ နှာခေါင်းစည်း ပြိုင်ပွဲကို ထောက်ခံချင်တဲ့အတွက် ပါဝင်ဖြစ်ခဲ့ခြင်း ဖြစ်ပါတယ်။ ကျန်းမာရေးအတွက် အပြင်ထွက်ရင် နှာခေါင်းစည်း အမြဲတပ်ဆင်ဖို့ကလည်း အရေးကြီးပါတယ်။ ဖန်တီးတီထွင်မှုကို အားပေးချင်တဲ့အတွက်လည်း ပါဝင်ဖြစ်တာပါ။

အခုဆိုရင် အခမ်းအနားတွေလည်း မရှိ၊ အပြင်ထွက်တာတွေလည်း သိပ်ပြီးမရှိတဲ့အချိန်မှာ စိတ်ဖိစီးမှုတွေလည်း ရှိနေကြတယ်။ ဒါကြောင့် ပြိုင်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်မယ်ဆိုရင် တီထွင်ဖန်တီးမှုရဲ့စွမ်းအားကို တိုးမြှင့်စေနိုင်တယ်လို့ ကျွန်တော်က ယူဆပါတယ်။ တချို့သူတွေက နှာခေါင်းစည်းတွေကို မဝယ်လိုကြဘူး။ ဒါ့ကြောင့် ကိုယ်တိုင်ချုပ်လုပ်လို့ရတယ်၊ တပ်ဆင်လို့ရတယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ကျွန်တော်တို့က ပြိုင်ပွဲကို ပါဝင်ခဲ့ကြပါတယ်။

ကျွန်တော်ကိုယ်တိုင် ချုပ်တာမဟုတ်ဘူး။ ကျွန်တော်တို့ သံရုံးက ကုန်သွယ်ရေးနဲ့ စီးပွားရေးအတိုင်ပင်ခံရဲ့ဇနီး အောဂါက ချုပ်လုပ်ခဲ့တာပါ။ ပိတ်စအသားကို ကျွန်တော် ရုရှားက ယူလာတဲ့ လင်နင်ပိတ်စအသားနဲ့ နှာခေါင်းစည်း သုံးခုကို ချုပ်လုပ်ခဲ့ပါတယ်။ ပြိုင်တဲ့ပုံထဲက အောဂါနဲ့ သံတမန်ရဲ့ သမီးလေးပုံပါ။ ကျွန်တော့်မိသားစုဝင်တော့ မဟုတ်ပါဘူး။ ကျွန်တော့်သံရုံးက သံတမန်အမှုထမ်းတွေရဲ့ မိသားစုဝင်တွေပါ။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က အခုလို ကျွန်တော်တို့ကို အထူးဆု ချီးမြှင့်ပေးတဲ့အတွက် ဝမ်းသာပါတယ်။ ပီတိလည်းဖြစ်ရတယ်။ ဂုဏ်လည်းယူမိပါတယ်။ ဒါကြောင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကို ကျေးဇူးတင်ပါတယ်။ သူ့ရဲ့မေတ္တာနဲ့ စေတနာကို တန်ဖိုးလည်း ထားပါတယ်။

နောက်ပြီး ကိုဗစ်–၁၉ ရောဂါကို ရင်ဆိုင်နေရချိန်မှာ ပြည်သူပြည်သားအားလုံးရဲ့ စည်းလုံးညီညွတ်မှု၊ သွေးစည်းမှုက အရေးကြီးပါတယ်လို့ ပြောချင်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်တဲ့ အစိုးရအဖွဲ့နဲ့ တပ်မတော်ကလည်း ကမ္ဘာ့ကပ်ရောဂါကို ကျော်လွှားဖို့ ကြိုးစားပြီး ကောင်းတဲ့ရလဒ်တွေလည်း တွေ့မြင်နေရပါတယ်။ မြန်မာနိုင်ငံမှာ စေတနာလုပ်အားရှင်တွေနဲ့ ပြည်သူ ပြည်သားတွေကလည်း တက်တက်ကြွကြွ ပါဝင်ကြပါတယ်။ ချီးကျူးစရာလည်း ကောင်းပါတယ်။ အားလုံးရဲ့စုပေါင်းအားနဲ့ ကိုဗစ်–၁၉ ရောဂါကို ဖြေရှင်းနိုင်မယ်လို့ ကျွန်တော် ခိုင်ခိုင်မာမာယုံကြည်ပါတယ်။

ကျွန်တော်တို့က အကောင်းမြင်စိတ်လည်းရှိရမယ်။ စိတ်ဓာတ်မကျဖို့လည်း အရေးကြီးပါတယ်။ မေတ္တာနဲ့ စေတနာကိုလည်း ထားရှိရပါမယ်။ ဒါကြောင့် မြန်မာမိတ်ဆွေတွေအားလုံး ခက်ခဲတဲ့အခြေအနေတွေအောက်မှာ ကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းချမ်းမြေ့ပါစေလို့ ကျွန်တော် မေတ္တာပို့သပါတယ်။ မေတ္တာခြံလို့ လုံပါစေ။ စေတနာဆောင်လို့ အောင်ပါစေလို့ ကျွန်တော် ဆုမွန်တောင်းအပ်ပါတယ်။



ဒေါ်ကြည်ကြည်ဝင်း



မမေဖြူစင်ငြိမ်း





မသင်းစုစုကျော်



မဖြူဖြူငြိမ်းချမ်း(မာမီကွတ်)

**ဒေါ်ကြည်ကြည်ဝင်း ( Daw Kyi Kyi Win )**
**လူထုအကျိုးပြုဆု (လှူဒါန်းဝေငှရန်လုပ်သည့် Mask များထဲမှ Like အများဆုံးဆု) ပထမဆု**

ပြိုင်ပွဲဝင်ဖြစ်တဲ့ ရည်ရွယ်ချက်ကတော့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် အမေစုရဲ့ ပြိုင်ပွဲကို အားပေးလိုစိတ်နဲ့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့တာပါ။ ဆုရမယ်လို့လည်း မထင်ခဲ့မိပါဘူး။ ပြည်သူအကျိုးပြုဆု ပထမရလို့ အတိုင်းမသိ ဝမ်းသာကြည်နူးမိပါတယ် ။

အမေစုကိုချစ်တဲ့ ပြည်သူတွေရဲ့ အားပေးမှုနဲ့ မန်းတက္ကသိုလ်ကျောင်းသားဟောင်း Group မှ စီနီယာ၊ ဂျူနီယာတွေရဲ့ အားပေးမှုတွေကြောင့် Like အများကြီး ရရှိခဲ့တာ ဖြစ်ပါတယ်။

နှာခေါင်းစည်း Mask တွေ မချုပ်ခင် စက်ကို အရက်ပြန်နဲ့ အရင်ပိုးသတ်ပါတယ်။ Mask တွေကို အပြင်တစ်ရောင်၊ အတွင်းတစ်ရောင် ၁၀၀ ရာခိုင်နှုန်း ချည်သားစစ်စစ် နဲ့ နှစ်ထပ်ချုပ်ပါတယ်။ ပြီးတော့ မျှော့ကြိုးတစ်ဖက်ကို ၆ လက်မစီနဲ့ နားကွင်းတပ်ပါတယ်။ ချုပ်ပြီးတော့ Anti-bacterial ဆပ်ပြာနဲ့ လျှော်လှန်းပြီး မီးပူတိုက်ပါတယ်။ ကိုယ်တိုင်ချုပ်ပြီး ဝမ်းတွင်းမြို့နယ်မှာရှိတဲ့ ကိုဗစ်–၁၉ ထိန်းချုပ်ကာကွယ်ကုသရေးအဖွဲ့နဲ့အတူ ဈေးတွေမှာ ဝေငှပါတယ်။ အိမ်မှာလည်း နေ့စဉ် ပြေလဆန်းကတည်းက ဝေငှနေပါတယ်။ လူထုအတွက်ကတော့ တတ်နိုင်သလောက် နေ့စဉ် Mask တွေ ချုပ်လုပ်မျှဝေပေးသွားမှာပါ။ လိုအပ်တဲ့နေရာတွေအတွက်လည်း တတ်နိုင်သလောက် အမြဲတမ်းကူညီပေးသွားမှာ ဖြစ်ပါတယ်။

ပြည်သူတွေကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနရဲ့ လမ်းညွှန်ချက်တွေကိုလိုက်နာပြီး အတတ်နိုင်ဆုံး အပြင်မထွက်ဖို့၊ မဖြစ်မနေ အပြင်ထွက်ခဲ့ရရင်လည်း Mask တပ်ဖို့ ၊ အတတ်နိုင်ဆုံး ၆ ပေအကွာမှာနေဖို့၊ အိမ်ပြန်လာရင်လည်း စက္ကန့် ၂၀ ကြာ လက်ဆေးဖို့၊ အပြင်သွားရင်လည်း ပြန်လာရင် အဝတ်တွေကို တန်းလျှော်ပစ်ဖို့ တိုက်တွန်းလိုပါတယ်။

**မမေဖြူစင်ငြိမ်း ( May Phyu Sin Nyein )**
**လူထုအကျိုးပြုဆု (လှူဒါန်းဝေငှရန်လုပ်သည့် Mask များထဲမှ Likeအများဆုံးဆု) ဒုတိယဆု**

နှာခေါင်းစည်း ချုပ်ဖြစ်တဲ့ ရည်ရွယ်ချက်တွေထဲမှာ ပြည်သူတွေဟာ တစ်ခါသုံး Mask တွေတပ်ဖို့ အမြဲတမ်း အဆင်မပြေနိုင်ဘူး။ အဲဒီတော့ ကျွန်မတွေးမိတာက ပြန်လျှော်သုံးလို့ရတဲ့ Mask ဆိုရင် အဆင်ပြေမယ်။ တစ်ယောက်ကို နှစ်ခု၊ သုံးခု လောက်ရှိရင် အလဲအလှယ် သုံးလို့ရတဲ့အတွက် အဆင်ပြေသွားမယ်လို့ တွေးမိရာကနေ ချုပ်ဖြစ်ခဲ့တာပါ။

တကယ်တမ်း ပြိုင်ပွဲဆိုပြီးလည်း စိတ်ထဲမှာ သဘော မထားခဲ့ပါဘူး။ အမေစုကို ချစ်လို့ အမေစုကို ဝန်းရံပြီး အားလုံးနဲ့အတူ ပူးပေါင်းပါဝင်တဲ့သဘောနဲ့ ဒီလိုလေး ချုပ်ဖြစ်တာပါ။ အမေစုမြင်သည်ဖြစ်စေ ၊ မမြင်သည်ဖြစ်စေ ဒါလေး လုပ်ဖြစ်တယ်ဆိုတာ အမေစုကို ပြချင်လို့ ဒီတိုင်းလေး မန့်လိုက်တာပါ။ အခုလို ဆုရတဲ့အတွက်လည်း အလွန်ကို ပျော်ပါတယ်။ အတိုင်းမသိလည်း ဝမ်းသာပါတယ်။

Mask ပြိုင်ပွဲလုပ်မယ်ဆိုပြီး Post မတင်ခင်ကတည်းက ကျွန်မရဲ့ အစ်မက အဝတ် Mask လေးတွေ ချုပ်ပါတယ်။ သူ့ကို ကူညီချုပ်ပေးရင်း လှူဖို့ချုပ်ဖြစ်သွားတာပါ။

စာမျက်နှာ ၅ သို့

# ပြည်ထောင်စုသားချင်းများ

တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံးဟာ ပြည်ထောင်စုသားချင်းများ ဖြစ်ပါတယ်။ ပြည်ထောင်စုစိတ်ဓာတ်နဲ့သာ စည်းလုံးညီညွတ်မှုကို ရရှိစေမှာဖြစ်ပါတယ်။ ပြည်ထောင်စုအတွင်းမှာ မတူညီတဲ့လူမျိုး၊ မတူတဲ့ဘာသာစကား၊ မတူတဲ့ကိုးကွယ်မှုများရှိလင့်ကစား၊ စည်းလုံးညီညွတ်စွာနေရေးကို ဦးတည်ကြရပါမယ်။ ကျွန်မတို့အားလုံးဟာ ပြည်ထောင်စုသားချင်းများဖြစ်တာနဲ့အညီ ဒီပြည်ထောင်စု၊ ဒီမြေ၊ ဒီရေကို ချစ်မြတ်နိုးပြီး ငြိမ်းချမ်းရေး၊ ညီညွတ်ရေး၊ တိုးတက်ဖွံ့ဖြိုးမှုနဲ့ သာယာခိုင်မာတဲ့ ပြည်ထောင်စုတစ်ခု တည်ဆောက်ရေးကို တန်ဖိုးထားကြဖို့က အင်မတန်မှ အရေးကြီးပါတယ်။

**(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ၁-၂-၂၀၂၀ ရက်နေ့တွင် ကျင်းပသော သွေးချင်းတို့ရဲ့ ပွဲတော်ဆီ ၂၀၂၀ ဖွင့်ပွဲအခမ်းအနား၌ ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)**



*စာမျက်နှာ ၄ မှ*

လောလောဆယ် အခမဲ့လိုက်ဝေတဲ့ ပရဟိတအဖွဲ့တွေမှာ တတ်နိုင်သလောက် ချုပ်လှူဖို့ စဉ်းစားထားပါတယ်။ သက်နှ်းနဲ့ချုပ်ပြီးတော့လည်း ဆွမ်းခံကြွတဲ့ ဘုန်းဘုန်းတွေကိုပဲဖြစ်ဖြစ် အခွင့်သင့်ရင် သင့်သလို ညီမနိုင်သလောက် လှူဖို့ စိတ်ကူးထားတယ်။

အခုလိုရောဂါတွေ ဖြစ်နေချိန်မှာ ကိုယ်ကိုယ်တိုင်လုပ်နိုင်တာက အပြင်မထွက်ဘဲ အိမ်မှာနေတာ၊ မဖြစ်မနေ အပြင်ထွက်ရင် Mask တပ်တာ၊ လက်ဆေးတာတွေပဲ ဆိုတော့ အတတ်နိုင်ဆုံး လိုက်နာစေချင်ပါတယ်။ အားလုံးအတွက် ကိုယ်ကစ ကာကွယ်မှဖြစ်မှာပါ။ အမေစုနဲ့တကွ ပြည်သူအားလုံး ကျန်းမာချမ်းသာကြပါစေ။ ဆုရအောင် Like ပေးကြတဲ့ မိတ်ဆွေတွေအားလုံးကိုလည်း ကျေးဇူးတင်ပါတယ်လို့ ပြောကြားလိုပါတယ်။

**မသင်းစုစုကျော် (Thinn Su)**
**လူထုအကျိုးပြုဆု (လှူဒါန်းဝေငှရန်လုပ်သည့် Mask များထဲမှ Like အများဆုံးဆု) တတိယဆု**

ပြိုင်ပွဲဝင်ရတဲ့ အဓိကရည်ရွယ်ချက်ကတော့ Mask တွေ ဈေးကြီးပေးဝယ်နေရတဲ့အချိန်မှာ ကိုယ်တိုင်လည်း အလွယ်တကူ ချုပ်လုပ်ပြီး ဝတ်ဆင်လို့ရတယ်ဆိုတဲ့ အမေစုရဲ့ ပြိုင်ပွဲလုပ်ပေးတဲ့ ရည်ရွယ်ချက်လေးကို ပြည်သူတစ်ယောက်အနေနဲ့ အားပေးချင်လို့ပါ။ နောက်ပြီး မိန်းကလေးတွေ အချုပ်အလုပ်ကို ပိုမိုစိတ်ပါဝင်စားလာစေဖို့ ရည်ရွယ်ပြီး ပါဝင်ဖြစ်ခဲ့တာပါ။

Mask ကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနရဲ့ ညွှန်ကြားချက်တွေနဲ့အညီ ချည်သားစစ်စစ် လင်နင်စအပါးကိုသုံးပြီး သုံးလွှာ ချုပ်ထားပါတယ် ။ သားရေကြိုးကိုတော့ တစ်ခါသုံး Mask ကပဲ ဖြုတ်ယူလျှော်ပြီး Recycle အဖြစ် ပြန်သုံးထားပါတယ်။ ပိုးမွှားကာကွယ်နိုင်မလားဆိုတာကို ပိတ်စထဲကနေ ဖယောင်းတိုင်မီးမှုတ် စမ်းသပ်ကြည့်ပြီးတော့လည်း ချုပ်ထားတာဖြစ်ပါတယ်။ အခုလို လူသောင်းချီပြိုင်ကြတဲ့ နေရာမှာ လူထုအကျိုးပြုဆိုတဲ့ ခေါင်းစဉ်အောက်ကနေ ရတာမို့လို့ အတိုင်းမသိ ဝမ်းသာမိပါတယ်။

ကျွန်မက စုပေါင်းညီညာ ညီအစ်မများ ပရဟိတအဖွဲ့အနေနဲ့ လိုအပ်တဲ့နေရာတွေမှာ လှူဒါန်းမှုတွေ အမြဲပြုလုပ်နေတာမို့ ဆက်လက်ပြီး လုပ်ဆောင်ဖို့ ခွန်အားတွေ အများကြီးရလိုက်သလို ခံစားရပါတယ်။ လူထုအကျိုးပြုဆုဖြစ်တဲ့အတွက် မူလရည်ရွယ်ချက်အတိုင်း မယ်သီလရှင်ကျောင်းတွေနဲ့ မိဘမဲ့ကျောင်းတွေကို Mask လေးတွေချုပ်ပြီး လှူဒါန်းသွားမှာဖြစ်သလို ငွေကြေးလှူဒါန်းမှုတွေ လုပ်သွားမှာ ဖြစ်ပါတယ် ။

ဒီလို ကိုဗစ်-၁၉ ကပ်ရောဂါကြီး ဖြစ်နေတဲ့အချိန်မှာ ပြည်သူတွေအနေနဲ့ ကျန်းမာရေး အသိအမြင်ရှိရှိနဲ့ ချမှတ်ထားတဲ့ လုပ်သင့်တဲ့စည်းကမ်းတွေကို လိုက်နာကြစေချင်ပါတယ်။ ပြီးတော့ ဒီလို အဝတ်နှာခေါင်းစည်းလေးတွေကို စနစ်တကျနဲ့ချုပ်တတ်ရင် ရောဂါပိုးလည်း ကာကွယ်တဲ့အပြင် အပိုပိုက်ဆံကုန်တာလည်း သက်သာစေလို့ ချုပ်ကြည့်ကြဖို့ တိုက်တွန်းချင်ပါတယ်။

**မဖြူဖြူငြိမ်းချမ်း(မာမီကွတ်)-(Shin Nyein Mel)**
**ပြိုင်ပွဲဝင်ရခြင်း ရည်ရွယ်ချက် စိတ်ဝင်စားဖွယ် အကောင်းဆုံး-ပထမဆု**

ကျွန်မက ခိုကိုးရာမဲ့ ကိုယ်ဝန်ဆောင်များနဲ့ မွေးကင်းစကလေးပြုစုစောင့်ရှောက်ရေး ဖောင်ဒေးရှင်းကို တည်ထောင်ထားပါတယ်။ ကိုဗစ်-၁၉ ကပ်ရောဂါကာလမှာ စိတ်ရော၊ လူရော ပင်ပန်းခဲ့ပါတယ်။ ပြည်ပခရီးက ပြန်လာပြီး ချောင်းဆိုး အသက်ရှူကျပ်ခဲ့တယ်။ ၁၄ ရက် ကန့်သတ်စောင့်ကြည့်ရေးစခန်းဝင်ပြီး သက်သာလာပေမယ့် ဒီလို ကိုဗစ်-၁၉ ဖြစ်ပွားနေတဲ့အချိန်မှာ လူပေါင်း ၇၀ နဲ့ ဘယ်လိုရင်ဆိုင်ကျော်ဖြတ်ရမလဲဆိုတာ စဉ်းစားနေချိန်မှာ အမေစုရဲ့ Mask ပြိုင်ပွဲလေးတွေ့တဲ့အခါ ကျွန်မ အဖြေရခဲ့ပါတယ်။ ဘယ်လိုအခြေအနေပဲဖြစ်ဖြစ် မေတ္တာနဲ့ ကျော်ဖြတ်ရမယ်ဆိုတာပါပဲ။ ကျွန်မမှာက လူ ၇၀ ပဲ။ အမေစုမှာက လူပေါင်းများစွာအတွက် စဉ်းစားရတာပါ။ ဒါကြောင့် မေတ္တာနဲ့ကျော်ဖြတ်ကြမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ မေတ္တာတရားပြဖို့သက်သက် ပါဝင်ခဲ့ပါတယ်။ ပြိုင်ပွဲလို့ မတွေးခဲ့ဘူး။

ဒီပြိုင်ပွဲကနေတစ်ဆင့် နိုင်ငံသားတစ်ယောက်အနေနဲ့ ရရှိတဲ့ခံစားချက်က တန်ဖိုးမဖြတ်နိုင်ပါဘူး။ ကပ်ရောဂါကာလကြီးမှာ မေတ္တာတရားကို စုစုစည်းစည်း၊ တစ်စုတစ်ဝေးတည်း အတူတကွစီးဆင်း ခံစားမိစေတာပါပဲ။

ပထမဆုရတဲ့အပေါ်ကတော့ ဝမ်းသာပါတယ်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဆုနဲ့ပတ်သက်ပြီး ပေးခဲ့တဲ့ "မေတ္တာကို အမြင့်ဆုံးတန်ဖိုးထားခြင်းကို အလွန်သဘောကျမိပါတယ်"ဆိုတဲ့ မှတ်ချက်လေးဟာ ကျွန်မဘဝအပေါ်မှာ မေတ္တာတံဆိပ်တုံး ထုပေးလိုက်သလိုပါပဲ။ ပြည်သူအချင်းချင်းလည်း ဖြစ်ပျက်ကိုရှုပြီး မေတ္တာနဲ့ ရှေ့ဆက်နိုင်ကြပါစေ။

**ဦးကျော်သူ- ko kyaw thu w.k.a (kyaw thu)**
**ပြိုင်ပွဲဝင်ရခြင်း ရည်ရွယ်ချက် စိတ်ဝင်စားဖွယ် အကောင်းဆုံး - ဒုတိယဆု**

အမေစုကိုယ်တိုင်လုပ်ပေးတဲ့ ပြိုင်ပွဲဖြစ်လို့ ချစ်တဲ့စိတ်နဲ့ ဝင်ပြိုင်ခဲ့တာပါ။ ကိုဗစ်-၁၉ ကြောင့် လူတွေတစ်ယောက်နဲ့တစ်ယောက် သူစိမ်းဆန်လွန်းနေသလို ခံစားရတဲ့အတွက် လမ်းမှာ လူတစ်ယောက်နဲ့တွေ့တဲ့အခါ ကိုယ်ပြုံးပြနေတာလေးကို တစ်ဖက်လူ သိစေချင်တဲ့ဆန္ဒနဲ့ Mask ကို ဖန်တီးဖြစ်ခဲ့တာပါ။

ကပ်ရောဂါကာလမှာ အကြောင်းအမျိုးမျိုးကြောင့် အပြင်ထွက်တဲ့အခါ ရောဂါမကူးစက်အောင် ကာကွယ်ဖို့ မဖြစ်မနေ Mask တပ်ရပါမယ်။ Mask တွေကို နေ့စဉ်ထည်လဲ လူတိုင်း မတတ်နိုင်ကြပါဘူး။ Mask ပြိုင်ပွဲ အမေစု လုပ်ပေးလိုက်တဲ့အခါ ပြည်သူတွေအားလုံး အိမ်မှာရှိတဲ့ပစ္စည်းတွေနဲ့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ကြေညာထားတဲ့ Mask ချုပ်လုပ်နည်းအတိုင်း ပြည်သူတွေကိုယ်တိုင်ကိုယ်ကျ ကုန်ကျစရိတ်မရှိဘဲ ချုပ်ဝတ်ကြပါတယ်။ အားလုံး စိတ်ဝင်တစားနဲ့ ပြိုင်ပွဲဝင်ကြတာ တွေ့မိတော့ အင်မတန် စိတ်ကျေနပ် ဝမ်းသာမိပါတယ်။

ဆုကတော့ လုံးဝမထင်မှတ်ဘဲ ရခဲ့တာပါ။ အမေစု ဆုကြေညာပေးနေတဲ့အချိန်မှာ ကိုယ့်နာမည်ကြားတော့ "အိပ်မက်များမက်နေသလား" ဆိုပြီး တွေးနေမိပါတယ်။ ဆုရဖို့ ဘယ်လိုမှ မျှော်လင့်မထားခဲ့မိတာပါ။ ဆုရတဲ့အတွက် ပျော်ရွှင်မိပါတယ်။ ကိုဗစ် -၁၉ ကြောင့် ပြည်သူတွေ စိုးရိမ်ထိတ်လန့်မှုတော့ ရှိကြပါတယ်။ ကျောင်းတွေ၊ ရုံးတွေ၊ စက်ရုံ အလုပ်ရုံတွေ ပိတ်ထားရပြီး ပြည်သူအများစု လက်လုပ်လက်စားတွေ ပိုပြီး ဒုက္ခရောက်ကြပါတယ်။ လူတွေ တစ်ယောက်နဲ့တစ်ယောက်၊ တစ်အိမ်နဲ့ တစ်အိမ်၊ တစ်လမ်းနဲ့ တစ်လမ်း၊ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ပြည်နယ်၊ တိုင်းဒေသကြီး၊ နိုင်ငံအလိုက် အဆက်အသွယ်တွေ ဖြတ်ကြပါတယ်၊ အဝင်အထွက်တွေ ကြပ်မတ်စစ်ဆေးတားဆီးကြပါတယ်။ တစ်ယောက်နဲ့တစ်ယောက် ခပ်ခွာခွာ နေကြရပါတယ်။ လမ်းမှာဆုံတဲ့အခါ နေကောင်းလား၊ စားပြီးပြီလား၊ မင်္ဂလာပါ စတဲ့ နှုတ်ခွန်းဆက်စကားတွေ မကြားရ၊ မမြင်ရတော့ပါဘူး။

ကိုဗစ်-၁၉ ကြောင့် တစ်ယောက်နဲ့တစ်ယောက် သူစိမ်းဆန်လွန်းစေတဲ့ ခံစားမှုကို ကျော်လွန်ပြီး ကိုယ့်ဘက်ကပြုံးပြနေတာ တစ်ဖက်လူမြင်စေချင်တယ်။ အပြုံးတွေကူးစက်ပြီး ဘဝအမောတွေပြေစေချင်တဲ့ ဆန္ဒနဲ့ ရည်ရွယ်ပြီး ဒီ Mask ပုံစံလေးကို စိတ်ကူး ဖန်တီးခဲ့တာပါ။ ဒီစိတ်ကူးလေးကို အမေစု ခံစားမိပြီး ရွေးချယ်ပေးခဲ့လို့ ကျေးဇူးလည်းတင်ပါတယ်။ ဝမ်းလည်းသာပါတယ်။

ဆက်လက်ပြီး ကိုဗစ် -၁၉ ကိုအနိုင်ယူဖို့ ကျွန်တော်တို့ ပြည်သူတွေအားလုံး ပူးပေါင်းပါဝင်မှရပါမယ်။ နိုင်ငံတော်နဲ့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ကြေညာချက်တွေကို တစ်ယောက်ချင်းစီတိုင်း စနစ်တကျ စည်းကမ်းရှိစွာ လိုက်နာဆောင်ရွက်ကြရင်းနဲ့ အပြင်ထွက်တိုင်း Mask တပ်၊ လက်ဆေးတဲ့ အလေ့အထကို ပြုကျင့်ရမှာ ဖြစ်ပါတယ်။



ဦးကျော်သူ



မနွယ်နီအောင်

**မနွယ်နီအောင် - ဒီဇိုင်နာ နွယ်နီဝင်းမောင် (Daw Nwe Ni)**
**ပြိုင်ပွဲဝင်ရခြင်း ရည်ရွယ်ချက် စိတ်ဝင်စားဖွယ် အကောင်းဆုံး - တတိယဆု**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ကြီးမှူးကျင်းပတဲ့ ပြိုင်ပွဲမှာ ပြည်သူတစ်ယောက်အနေနဲ့ ပူးပေါင်းပါဝင်ချင်တဲ့ဆန္ဒ၊ ကျန်းမာရေးအတွက် အရေးကြီးတဲ့ အခုလိုအချိန်မှာ အများပြည်သူအတွက် တစ်ထောင့်တစ်နေရာက ပါဝင်ပေးရင်းနဲ့ အကျိုးပြုရင်း ရလဒ်ကောင်းတစ်စုံတစ်ရာ ဖြစ်စေချင်တဲ့ ရည်ရွယ်ချက်နဲ့ ဖန်တီးဖြစ်ခဲ့ပါတယ်။

ဒီလိုအချိန်မှာ ကလေးလေးတွေ အပြင်ကို မဖြစ်မနေ ထွက်ဖို့ ကြုံလာခဲ့ရင် ကလေးတွေအတွက် Mask တပ်ရတာကို ဝန်ထုပ်ဝန်ပိုးလို့ မခံစားရစေချင်ဘူး။ သူတို့လေးတွေ နှစ်သက်တဲ့ ဇာတ်ကောင်ပုံလေးတွေနဲ့ Mask တွေဆိုရင် သူတို့လည်း Mask တပ်ရတာ ပျော်မှာဖြစ်သလို တပ်ဖို့ကိုလည်း အထူးတိုက်တွန်းစရာ မလိုဘူး။ ကလေးတွေကိုယ်တိုင် လိုလိုလားလား နှစ်သက်စွာ တပ်ကြမယ်လို့ ထင်မြင်မိတဲ့အတွက် အဲဒီစိတ်ကူးလေးနဲ့ Mask လုပ်ဖြစ်ခဲ့တာပါ။

ဒီလို ပြိုင်ပွဲကနေ ကိုယ်တတ်တဲ့ပညာနဲ့ တစ်ဖက်တစ်လမ်းကနေ ကိုဗစ် ကာကွယ်ရေးမှာ အားလုံးနဲ့အတူတူ ပူးပေါင်းခွင့်ရတဲ့အတွက် ဝမ်းသာကျေနပ်မိတယ်။ ပြည်သူတွေ လေးစားတန်ဖိုးထားရတဲ့ အမေစု ပေးတဲ့ဆုကို ရရှိခဲ့တဲ့အတွက် အတိုင်းမသိ ဂုဏ်ယူပါတယ်။ ဘဝမှာ တန်ဖိုးမဖြတ်နိုင်တဲ့ဆုအတွက် ဖန်တီးခွင့်ပေးတဲ့ အမေစုနဲ့ ပြိုင်ပွဲစီစဉ်ပေးတဲ့ ပုဂ္ဂိုလ်တွေ၊ ဖေ့စ်ဘွတ်က မိတ်ဆွေတွေ အားလုံးကိုလည်း ကျေးဇူးတင်ပါတယ်။

## အင်အားအနည်းငယ်ရှိ မြေငလျင်လှုပ်

**နေပြည်တော် မေ ၂၄**

ယနေ့ နံနက် ၁၁ နာရီ ၂၁ မိနစ် ၅၃ စက္ကန့်တွင် ဟားခါးမြေငလျင်စခန်းမှ အရှေ့တောင်ဘက် ၇၅ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်း (ယင်းမာပင်မြို့၏ အနောက်မြောက်ဘက် ၁၇ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၂ ဒသမ ၁၆ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒသမ ၆၅ ဒီဂရီ၊ အနက် ၉၀ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၃ ဒသမ ၆ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

မိုး/ဇလ

# စားသုံးသူများရရှိမည့်အခွင့်အရေးများနှင့် လုပ်ငန်းရှင်များလိုက်နာရန် သတ်မှတ်ချက်များ

နိုင်ဦး(DOCA)

ကိုဗစ်-၁၉ ကူးစက်ရောဂါ နေရာအနှံ့ဖြစ်ပွားနေတဲ့အတွက် အိမ်မှာနေရင်း ကမ္ဘာကြီးကို ကာကွယ်နေချိန်၊ အားလပ်နေလို့ မသိသေးတဲ့ အင်္ဂလိပ်စာတွေကို လေ့လာရင်း တချို့နိုင်ငံတွေကို မြန်မာမှုပြုရာမှာ ထူးထူးခြားခြားလေးတွေ တွေ့ရှိရတယ်။ France နိုင်ငံဟု ရေးထားပါလျက် ပြင်သစ်နိုင်ငံတဲ့၊ United State America-USA လို့ ရေးထားပါလျက် အမေရိကန်နိုင်ငံလို့ ခေါ်ကြပြန်ရော။ ကျွန်တော့်နာမည် "ဦးနိုင်ဦး" ဆိုပါစို့၊ အင်္ဂလိပ်လို U Naing Oo လို့ ရေးထားတာပဲ၊ "U" လို့ အသံထွက်ပါလျက် "ဦး" တဲ့။ "Oo" လို့ရေးထားပါလျက် "ဦး" လို့ ထွက်ပြန်ရော။ ဒါကြောင့်ထင်ပါတယ်။ မြန်မာစာနဲ့ မရင်းနှီးတဲ့ နိုင်ငံခြားသူတစ်ဦးက ကျွန်တော့်ကို "ယူနိုင်အိုအို" လို့ခေါ်တာ မဆန်းပါဘူး။

မန္တလေးတိုင်းဒေသကြီးသို့ ခရီးတစ်ခု သွားရောက်စဉ်ကလည်း ကပ်လျက်ဆိုင်သုံးဆိုင်ကို အမှတ်တမဲ့တွေ့မိတယ်။ ဘေးတစ်ဖက်က ကုမ္ပဏီဆိုင် တစ်ခုက စာလုံးကြီးကြီးနဲ့ ရေးထားတဲ့ သူ့ကုမ္ပဏီက ထုတ်တဲ့ပစ္စည်းတွေဟာ ပစ္စည်းမှန်၊ ဈေးနှုန်းမှန်ကြောင်း ပြည်သူတွေ ဝယ်ယူသုံးစွဲပါက "တစ်ခါဆက်ဆံ ရာသက်ပန်"ဆိုသလို ပစ္စည်းကောင်းလွန်းလို့ သားစဉ်မြေးဆက် ဝယ်ယူသုံးစွဲ ကြမည်မှာ သေချာကြောင်း ဖော်ပြထားတယ်။ တခြားတစ်ဖက်က စားသောက်ဆိုင်ကလည်း အားကျမခံသူ့စားသောက်ဆိုင်က ဝယ်ယူစားသုံးတဲ့သူတွေဟာ ပေးတဲ့ငွေထက် ပိုမိုတန်သော အရသာနဲ့ စိတ်ကျေနပ်မှုကို ရရှိမှာဖြစ်ကြောင်း၊ အရည်အသွေးကောင်းတဲ့ စားသောက်ကုန်ပစ္စည်းတွေကိုသာ ရွေးချယ်ဝယ်ယူလို့ သန့်ရှင်းလတ်ဆတ်ကြောင်း စသဖြင့် စာလုံးကြီးကြီးနဲ့ ဖော်ပြထားပြန်ရော။ အလယ်က ဖုန်းပစ္စည်းရောင်းတဲ့ဆိုင်ရဲ့နာမည်ကတော့ " ယုံဖူး" တဲ့ဗျာ။ စဉ်းစားသာ ကြည့်ကြပါတော့။

### တောင်းဆိုခွင့်ရှိသော စားသုံးသူအခွင့်အရေး

ကျွန်တော်တို့သည် အခွင့်အရေးများနှင့် ပတ်သက်၍ အမျိုးမျိုး တောင်းဆိုနေကြသည်။ ဘာတဲ့ လူ့အခွင့်အရေးတဲ့၊ ယောကျ်ားနဲ့ မိန်းမတန်းတူအခွင့်အရေး ရရှိရေးတဲ့ စသည်ဖြင့် တောင်းဆိုနေကြသော်လည်း လူသားတို့နေ့စဉ် ဖြတ်သန်းနေကြရသည့် စားရေး၊ ဝတ်ရေး၊ နေရေးကိစ္စများဖြစ်သော အစားအသောက်များတွင် ခွင့်မပြုဆိုးဆေးများ မသုံးစွဲရေး၊ အန္တရာယ်ဖြစ်စေသည့် ဓာတုပစ္စည်းများ မသုံးစွဲရေး၊ ဝတ်ဆင်စရာပစ္စည်းများ ဖြစ်သည့် အဝတ်အထည်၊ အလှကုန်ပစ္စည်းများနှင့် ပတ်သက်၍ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းရေး၊ နေထိုင်သည့်ပစ္စည်းများ ဖြစ်သည့် ဘိလပ်မြေ၊ သံချောင်း စသည်တို့ထုတ်ကုန်များကို လုံခြုံစိတ်ချစွာ ထုတ်လုပ်ထားမှု ရှိ/မရှိ သိရှိရေးတို့အတွက်မူ အရေးဆိုသူ နည်းပါးလှသည်၊ မိမိတို့ တစ်ဦးချင်းရရှိမည့် စားသုံးသူအခွင့်အရေးများကို ရရှိရေး တောင်းဆိုပိုင်ခွင့်၊ တိုင်တန်းနိုင်ခွင့်၊ ကုစားပိုင်ခွင့်၊ ဖြေရှင်းနိုင်ခွင့် စသည့် စားသုံးသူအခွင့်အရေးများကိုမူ တောင်းဆိုရန် လိုအပ်လျက်ရှိသည်ကို တောင်းဆိုရကောင်းမှန်းမသိ မေ့လျော့နေကြသည်။

ထိုအခါ လုပ်ငန်းရှင်အချို့သည် မိမိဆောင်ရွက်နေသော ကုန်စည်၊ ဝန်ဆောင်မှုလုပ်ငန်းများတွင် တရားမဝင် ဓာတုဆေးဝါးများ၊ တာရှည်ခံဓာတုပစ္စည်းများ၊ အရောင်ဓာတုဆေးများ၊ ပစ္စည်းတုများ သုံးစွဲ၍ စားသောက်ကုန်များ၊ ဆေးဝါးများ၊ လျှပ်စစ်နှင့် ဆက်သွယ်ရေးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စက်မှုပစ္စည်းများကို ရောင်းချကြသည်။ ဝန်ဆောင်မှုလုပ်ငန်းများဖြစ်သည့် ပညာရေး၊ အာမခံ၊ ပို့ဆောင်ရေး၊ ဟိုတယ်နှင့်စားသောက်ဆိုင်၊ အလှပြုပြင်ရေး၊ ကျန်းမာရေး စသည်တို့တွင်လည်း တာဝန်ယူမှု၊ တာဝန်ခံမှုမရှိဘဲ မိမိအကျိုးအမြတ်ရရှိရေးအတွက်သာ ဦးတည်ဆောင်ရွက်ကြသဖြင့် စားသုံးသူများ ကိုယ်ရောစိတ်ပါ နစ်နာဆုံးရှုံးမှုများ ကြုံတွေ့ရမှု တဖြည်းဖြည်းများပြားလာသဖြင့် ထိန်းချုပ်ဆောင်ရွက်ရန် လိုအပ်လာပါသည်။ ထို့ကြောင့်ပင် နိုင်ငံတကာတွင် ဖွဲ့စည်းထားသော စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းစဉ်များအတိုင်း မြန်မာနိုင်ငံတွင်လည်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအောက်တွင် စားသုံးသူရေးရာဦးစီးဌာနကို ဖွဲ့စည်းကာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ မြို့၊ ကျေးရွာ၊ ရပ်ကွက်များအထိ လွှမ်းခြုံ၍ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကို ကျယ်ပြန့်စွာ ဆောင်ရွက်လျက်ရှိပါသည်။



စားသုံးသူတွေက ဒါတွေမပါရင် စိတ်မချရတဲ့အတွက် မသုံးဖို့

> " မိမိတို့ တစ်ဦးချင်းရရှိမည့် စားသုံးသူအခွင့်အရေးများကို ရရှိရေး တောင်းဆိုပိုင်ခွင့်၊ တိုင်တန်းနိုင်ခွင့်၊ ကုစားပိုင်ခွင့်၊ ဖြေရှင်းနိုင်ခွင့် စသည့် စားသုံးသူအခွင့်အရေးများကိုမူ တောင်းဆိုရန် လိုအပ်လျက်ရှိသည်ကို တောင်းဆိုရကောင်းမှန်းမသိ မေ့လျော့နေကြ"

စားသုံးသူရေးရာဦးစီးဌာနသည် ၅၁ သန်းကျော်သော တစ်ပြည်လုံးရှိ စားသုံးသူပြည်သူများ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းပြီး ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိသော ကုန်စည် ဝန်ဆောင်မှုများကို ရယူသုံးစွဲကာ ကျန်းမာစွာဖြင့် လူ့သက်တမ်းစေ့ ပျော်ရွှင်စွာနေထိုင်နိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိနေသကဲ့သို့ စီးပွားရေးလုပ်ငန်းရှင်များ နိုင်ငံတကာသတ်မှတ်ချက်များနှင့်အညီ ကုန်စည်၊ ဝန်ဆောင်မှုများ ထုတ်လုပ်ဆောင်ရွက်နိုင်စေရေးအတွက် ဆောင်ရွက်ပေးလျက် ရှိပါသည်။ ခေတ်နှင့်အညီ နိုင်ငံတကာတွင် ကျင့်သုံး၊ ဆောင်ရွက်လျက်ရှိသော လုပ်ထုံးလုပ်နည်း သတ်မှတ်ချက်များနှင့်အညီ မျက်ခြည်မပြတ်ဘဲ လိုအပ်သော ဥပဒေပြင်ဆင်မှုများ၊ အမိန့်ညွှန်ကြားချက်များကို ပြည်သူများအကျိုးကိုရှေးရှု၍ ထုတ်ပြန်ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင်လည်း စားသုံးသူများ၊ လုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် အကြိမ်ကြိမ် တွေ့ဆုံဆွေးနွေးအဖြေရှာပြီး လုပ်ထုံးလုပ်နည်းများနှင့်အညီ အချိန်ယူကာ အဆင့်ဆင့်တင်ပြ၍ ထုတ်ပြန်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါသည်။

### အားပြိုင်မှုများအတွက် ဟန်ချက်ညီစေမည့်ဥပဒေ

စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းဟူသည် စားသုံးသူနှင့်စီးပွားရေးလုပ်ငန်းရှင်တို့၏ အားပြိုင်မှုများကို ဟန်ချက်ညီအောင် ထိန်းညှိကုစားပေးခြင်း ဖြစ်သည်။ တစ်နည်းအားဖြင့် စားသုံးသူများအတွက် စားသုံးသူများရသင့်သည့် စားသုံးသူအခွင့်အရေးများ အပြည့်အဝရရှိရေး၊ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းသော ကုန်စည်ဝန်ဆောင်မှုများ ရယူသုံးစွဲနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသလို လုပ်ငန်းရှင်များကိုလည်း ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိသော ကုန်စည်များ၊ တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ရှိသော ဝန်ဆောင်မှုများ ထုတ်လုပ်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတကာသတ်မှတ်ချက်များနှင့်အညီ လိုက်ပါနိုင်စေရေးအတွက် လုပ်ဆောင်ခြင်းကြောင့် ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်အထိပါ ကုန်စည်၊ ဝန်ဆောင်မှုလုပ်ငန်းများ ချဲ့ထွင်နိုင်စေရေးအတွက် ဆောင်ရွက်ပေးလျက်ရှိနေပါသည်။ ထိုသို့ ဆောင်ရွက်ပေးသည့်အခါ မလိုလားအပ်သော ထိခိုက်နစ်နာ ဆုံးရှုံးမှုများဖြစ်ပေါ်ပါက ဘက်လိုက်မှုကင်းရှင်းစွာဖြင့် စားသုံးသူများလည်း စိတ်ကျေနပ်၊ လုပ်ငန်းရှင်များလည်း ပြုပြင်လိုက်နာဆောင်ရွက်ကာ လုပ်ငန်းဆက်လက်လည်ပတ်နိုင်စေရေးအတွက် ထိန်းညှိကုစားဖြေရှင်းပေးခြင်းဖြင့် စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းများကို ရှေးရှုဆောင်ရွက်ပေးလျက်ရှိသဖြင့် ထိုက်သင့်သော အောင်မြင်မှုများကို ရရှိနေခြင်း ဖြစ်ပါသည်။

ထို့ကြောင့်ပင် မိမိနိုင်ငံ၏ လူသားအရင်းအမြစ်များဖြစ်သည့် စားသုံးသူများ၊ မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်လျက်ရှိသော စီးပွားရေးလုပ်ငန်းရှင်များ ဟန်ချက်ညီစွာ သဟဇာတဖြစ်စေရေးအတွက် စားသုံးသူရေးရာဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၊ ပြည်တွင်း၊ ပြည်ပမှ အသိပညာရှင်၊ အတတ်ပညာရှင်များဖြင့် နိုင်ငံတကာတွင် လက်ရှိအောင်မြင်စွာ ပြဋ္ဌာန်းဆောင်ရွက်လျက်ရှိသော စားသုံးသူကာကွယ်ရေးဆိုင်ရာ ဥပဒေများအနက်မှ မိမိနိုင်ငံနှင့် သင့်တော်ကာ လိုက်လျောညီထွေဖြစ်မည့် အချက်များနှင့် ချိန်ထိုးပြီး ကြိုးစားဆောင်ရွက်ခဲ့မှုများကြောင့် ယခင်ပြဋ္ဌာန်းဆောင်ရွက်ခဲ့သည့် စားသုံးသူအကာအကွယ်ပေးရေးဥပဒေ(၂၀၁၄)ထက် ပိုမို၍ စားသုံးသူများကို အကာအကွယ်ပေးနိုင်သည့် စီးပွားရေးလုပ်ငန်းရှင်များ ပြည်တွင်းဈေးကွက်သာမကနိုင်ငံတကာဈေးကွက်အထိပါထိုးဖောက်အောင်မြင်မှုရရှိရေးအတွက် ဆောင်ရွက်နိုင်သည့် စားသုံးသူကာကွယ်ရေးဥပဒေ (၂၀၁၉)ကို ၂၀၁၉ ခုနှစ် မတ်လ ၁၅ ရက်နေ့ သောကြာနေ့တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်(၉)ဖြင့် ပြဋ္ဌာန်းနိုင်ခဲ့ပါသည်။ ထို့အပြင် စားသုံးသူကာကွယ်ရေးနည်းဥပဒေကို ရေးဆွဲလျက်ရှိပြီး မကြာမီ ပြဋ္ဌာန်းကာ ယခင်ကထက် စားသုံးသူများကို ကာကွယ်ပေးနိုင်တော့မည်။ စီးပွားရေးလုပ်ငန်းရှင်များကို ကူညီပေးနိုင်တော့မည် ဖြစ်ပါသည်။ အသစ်ပြဋ္ဌာန်းခဲ့သော စားသုံးသူကာကွယ်ရေးဥပဒေ (၂၀၁၉) အရ စားသုံးသူများရရှိမည့် အခွင့်အရေး၊ တာဝန်နှင့် တောင်းဆိုပိုင်ခွင့်များအပြင် လုပ်ငန်းရှင်များ လိုက်နာဆောင်ရွက်သင့်သည့်အချက်များကို ပြည့်စုံတိကျရှင်းလင်းစွာ ဖော်ပြထားပါသည်။

### စားသုံးသူများ ရရှိမည့်အခွင့်အရေး၊တာဝန်နှင့် တောင်းဆို ပိုင်ခွင့်

စားသုံးသူများရရှိမည့် အခွင့်အရေးများနှင့် ပတ်သက်၍ ကုန်စည်နှင့်ဝန်ဆောင်မှုများ သုံးစွဲရာ၌ စိတ်ကျေနပ်မှု ရရှိစေခြင်း၊ ဘေးအန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်ခြင်း၊ သတင်းအချက်အလက်များ ပြည့်စုံမှန်ကန်စွာ သိရှိနိုင်ခြင်း၊ စိတ်ကြိုက်ရွေးချယ် ဝယ်ယူနိုင်ခြင်း၊ နစ်နာဆုံးရှုံးမှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြတိုင်ကြားနိုင်ခြင်း၊ ဆုံးရှုံးနစ်နာမှုများကို ကုစားနိုင်ခြင်း၊ သတင်းအချက်အလက်များကို လေ့လာနိုင်ခြင်း၊ ပစ္စုပ္ပန်တွင်သာမက အနာဂတ်မျိုးဆက်များ အတွက်ပါ ကောင်းမွန်သော ပတ်ဝန်းကျင်တွင် နေထိုင်နိုင်ခြင်းတို့ ရရှိမည်ဖြစ်ပါသည်။ ထို့ပြင် စားသုံးသူများ လိုက်နာရမည့် တာဝန်များဖြစ်သည့် ကုန်စည်နှင့် ဝန်ဆောင်မှုပါ သတင်းအချက်အလက်များအတိုင်း လိုက်နာခြင်း၊ သတ်မှတ်ထားသည့် တန်ဖိုးနှင့်အညီပေးချေခြင်း၊ လုပ်ငန်းရှင်အပေါ် ထိခိုက်နစ်နာစေရန် ရည်ရွယ်၍ မဟုတ် မမှန်စွပ်စွဲပြောဆို၊ ပြုလုပ်မှုတို့ကို ရှောင်ကြဉ်ခြင်း၊ အငြင်းပွားမှုများကို ဖြေရှင်းနေစဉ် လူမှုမီဒီယာနည်းလမ်းနှင့် အခြားနည်းလမ်းများ အသုံးပြု၍ လုပ်ငန်းရှင်အပေါ် ထိခိုက်နစ်နာစေရန် မဟုတ်မမှန်ပြောဆို၊ ရေးသား၊ ပြုမူခြင်းတို့ကို ရှောင်ကြဉ်၍ လိုက်နာရမည်ဟု ပြဋ္ဌာန်းထားပါသည်။

ထို့အပြင် စားသုံးသူများသည် လုပ်ငန်းရှင်များက အာမခံချက်ပေးထားသကဲ့သို့ ကုန်စည်အရည်အသွေးမကောင်း၊ သတင်းအချက်အလက် မပြည့်စုံပါက အာမခံထားသည့်အတိုင်း ပြန်လည်ပြင်ဆင်လဲလှယ်ခြင်း၊ အရည်အသွေးကောင်း ကုန်စည်ပြန်ရရင်၊ လျော်ကြေးရရင် တောင်းဆိုပိုင်ခွင့်ရှိပေသည်။ ဝန်ဆောင်မှုများနှင့် ပတ်သက် ၍လည်း လျော်ကြေးပေးရန်၊ ကုစားခွင့်ပေးရန် တောင်းဆို ပိုင်ခွင့်ရှိကြောင်း ပြဋ္ဌာန်းထားပါသည်။

### စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာရန်အချက်များ

စီးပွားရေးလုပ်ငန်းရှင်များ အနေဖြင့်လည်း မိမိထုတ်လုပ်၊ တင်သွင်း ဆောင်ရွက်သည့် ကုန်စည်နှင့် ဝန်ဆောင်မှုများနှင့်ပတ်သက်၍ ရိုးရှင်းမှန်ကန်သော သတင်းအချက်အလက်များကိုသာ ပေးခြင်း၊ စားသုံးသူများကို ခွဲခြားမှုမရှိဘဲ ဆက်ဆံခြင်း၊ စီးပွားရေးကျင့်ဝတ်နှင့်အညီ ဆောင်ရွက်ခြင်း၊ အရည်အသွေးစံသတ်မှတ်ချက်များကို အာမခံချက်ပေးခြင်း၊ စားသုံးသူများကို ဝယ်ယူခြင်းမပြုမီ စမ်းသပ်နိုင်သည့် အခွင့်အရေးပေးခြင်း၊ ထပ်မံပေးချေရမည့် တန်ဖိုးကို မဝယ်ယူခင် ကြိုတင်အတိအလင်းဖော်ပြပေးခြင်း၊ စားသုံးသူများ နစ်နာဆုံးရှုံးမှုမဖြစ်ရေးတိုက်ရိုက်၊ သွယ်ဝိုက်ရောင်းချခြင်းမှ ရှောင်ကြဉ်ခြင်း၊ ကတိပြုထားသည့် အာမခံချက်အတိုင်းတာဝန်ယူဆောင်ရွက်ခြင်း၊ အငြင်းပွားမှု ဖြေရှင်းနေစဉ် မီဒီယာနည်းလမ်းနှင့် အခြားနည်းလမ်းများ အသုံးပြု၍ စားသုံးသူများအပေါ် ခြိမ်းခြောက်၊ မဟုတ်မမှန်ရေးသား၊ ပြုမူခြင်းတို့ကို ရှောင်ကြဉ်ခြင်း၊ ကုန်စည်/ဝန်ဆောင်မှုအတွင်း ဘေးအန္တရာယ်ရှိကြောင်း သိရှိလျှင် လူထုဆက်သွယ်ရေးနည်းလမ်းနှင့် ဖြစ်စေ၊ အခြားနည်းလမ်းများ ဖြစ်စေ၊ သက်ဆိုင်ရာဌာနများ အချိန်မီသိရှိစေရန် အသိပေးခြင်း၊ အငြင်းပွားမှုများ ဖြစ်ပေါ်ပါက သက်ဆိုင်ရာ ကော်မတီ၏ ဆုံးဖြတ်ချက်များကို အလေးထားလိုက်နာဆောင်ရွက်ရမည်ဟု ပြဋ္ဌာန်းထားပါသည်။

စီးပွားရေးလုပ်ငန်းရှင်သည် ကုန်စည်တွင် သာမန်အားဖြင့် မမြင်နိုင်သော သဘာဝပြောင်းလဲမှုနှင့် စပ်လျဉ်းသည့် အချက်အလက်များကို ထင်ရှားစွာဖော်ပြအသိပေးရမည့်အပြင် စားသုံးသူက လက်ခံသုံးစွဲနိုင်သော အရည်အသွေး၊ အလေးချိန်မှန်ကန်ခြင်း၊ ဘေးအန္တရာယ်ကင်းရှင်း၍ သုံးစွဲသူလိုအပ်ချက်အတွက် သင့်လျော်မှုရှိခြင်း၊ နမူနာပစ္စည်းအတိုင်း တူညီခြင်း၊ အာမခံပေးထားသည့်အတိုင်း၊ ကြော်ငြာထားသည့်အတိုင်း ဆောင်ရွက်၍ စားသုံးသူများကို ကြိုတင်အသိပေးခြင်း၊ ကြော်ငြာသည့်အတိုင်း ဝန်ဆောင်မှုပြည့်ဝစွာပေးခြင်း၊ စားသုံးသူတို့၏ လိုအပ်ချက်နှင့် ကိုက်ညီခြင်း။ အာမခံထားသည့် အချိန်အတွင်း ပြီးမြောက်အောင် ဆောင်ရွက်ပေးခြင်း၊ သဘောတူညီထားသည့် တန်ဖိုးအတိုင်းပေးအပ်ခြင်း စသည့် အချက်များကို အာမခံပေးရမည် ဖြစ်ပေသည်။

စီးပွားရေးလုပ်ငန်းရှင်များသည် မိမိတို့ထုတ်လုပ်၊ တင်သွင်းဖြန့်ဖြူး၊ ဆောင်ရွက်သော ကုန်စည်/ဝန်ဆောင်မှုများကို ရယူအသုံးပြု၍ လည်းကောင်း၊ အာမခံပေးထားသည့် ကာလအတွင်း စားသုံးသူများ ထိခိုက်နစ်နာဆုံးရှုံးမှုများ

*စာမျက်နှာ ၈ သို့*

# ညောင်ရွှေမြို့နယ် လက်မောင်းကွေးကျေးရွာအုပ်စု ပန်းတင်ရွာ၊ ကျောင်းနားကျေးရွာနှင့် ဟဲရာရွာမကျေးရွာများရှိ အခြေခံပြည်သူများအား စားနပ်ရိက္ခာများနှင့် ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပစ္စည်းများ ပေးအပ်လှူဒါန်း

**တောင်ကြီး မေ ၂၄**

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ကမ္ဘောဇဘဏ်လီမိတက်နာယက ဦးအောင်ကိုဝင်းနှင့် ဘဏ်အရာထမ်း၊ အမှုထမ်းများ၊ ပြည်နယ်အဆင့် တာဝန်ရှိသူများနှင့် ရှမ်းပြည်နယ် ပြည်သူလူထုစားနပ်ရိက္ခာ ထောက်ပံ့ရေးကော်မတီမှ အဖွဲ့ဝင်များနှင့် ပရဟိတအဖွဲ့ဝင်များသည် ညောင်ရွှေမြို့နယ် လက်မောင်းကွေးကျေးရွာအုပ်စု ပန်းတင်ရွာနှင့် ကျောင်းနားကျေးရွာများသို့ ယနေ့ နံနက်က သွားရောက်၍ တောင်ရိုးတိုင်းရင်းသား အိမ်ထောင်စု ၅၀၀ အတွက် ဆန်၊ ဆီ၊ ဆားနှင့် ကုလားပဲ ပါဝင်သည့် ရိက္ခာထုပ် ၅၀၀၊ ငွေကျပ် တစ်သောင်းစီနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် အထောက်အကူပစ္စည်းများ၊ စိုက်ပျိုးရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ထားသည့် အိမ်ရာဥယျာဉ်အတွက် ပျိုးပင်များနှင့် မျိုးစေ့များကို တိုင်းရင်းသား ပြည်သူလက်ဝယ်အရောက် ပေးအပ်လှူဒါန်းပြီး ကျောင်းနားကျေးရွာ ဘုန်းတော်ကြီးကျောင်းအတွက် ဆန်အိတ် ၂၀ နှင့် ဆီ ငါးပုံးကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းသည်။

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဟဲရာရွာမကျေးရွာနေ အင်းတိုင်းရင်းသားအိမ်ထောင်စု ၅၀၀ အတွက်၊ ရိက္ခာထုပ်ပေါင်း ၅၀၀၊ ငွေကျပ်တစ်သောင်းစီနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပစ္စည်းများအား ပြည်သူများ လက်ဝယ်အရောက်ပေးအပ်လှူဒါန်းခဲ့သည်။ ထို့ပြင် ဟဲရာရွာမရှိ ရွှေဘုံသာဘုန်းကြီးကျောင်းမှ ရဟန်းသံဃာများအတွက် ဆန်အိတ် ၅၀၊ ဆီ ၁၀ ပုံးကို အဆိုပါကျောင်း ဆရာတော်ထံ လှူဒါန်းပြီး ဟဲရာရွာမရွာရှိ တံတား သုံးစင်း ဆောက်လုပ်ရန်အတွက် ဘိလပ်မြေအိတ် ၆၀၀ နှင့် အလှူငွေများကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းသည်။

အလားတူ ပြည်နယ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးစိုးညွန့်လွင်နှင့် ရှမ်းပြည်နယ် ပြည်သူလူထုစားနပ်ရိက္ခာထောက်ပံ့ရေးကော်မတီဝင်များ၊ ပရဟိတအဖွဲ့ဝင်များက တောင်ကြီးမြို့ မြို့ပေါ်ရှိ ကျောင်းကြီးစုရပ်ကွက်၊ ကံကြီးရပ်ကွက်နှင့် ချမ်းသာရပ်ကွက် အခြေခံပြည်သူ အိမ်ထောင်စု ၁၀၈၀ စုတို့အား ဆန်၊ ဆီ၊ ဆား၊ ကုလားပဲများ ပါဝင်သည့် ရိက္ခာထုပ် ပေါင်း ၁၄၅၁ ထုပ်ကို ဖြန့်ဝေပေးခဲ့သည်။

ရှမ်းပြည်နယ်ပြည်သူလူထု စားနပ်ရိက္ခာထောက်ပံ့ရေးကော်မတီသည် ကမ္ဘောဇဘဏ်လီမိတက်၏ မတည်လှူဒါန်းငွေကျပ်သိန်း ၅၀၀၀ ကျော်နှင့် အများပြည်သူလှူဒါန်းငွေများဖြင့် ကိုဗစ်-၁၉ကာလအတွင်း ဆန်၊ ဆီ၊ ဆားနှင့် ကုလားပဲများပါဝင်သည့် ရိက္ခာထုပ်ပေါင်း တစ်သိန်းကို ဖြန့်ဝေနိုင်ရန် စီမံဆောင်ရွက်ထားရှိပြီး ရှမ်းပြည်နယ်အတွင်းနေထိုင်သည့် တိုင်းရင်းသားလူမျိုးစုများ နေထိုင်ရာဒေသများသို့ လည်းကောင်း၊ တိုက်ပွဲရှောင်စခန်းများကိုလည်းကောင်း၊ သာသနာရေးဆိုင်ရာကျောင်းများနှင့် ပရဟိတကျောင်းများအား ဖြန့်ဝေလှူဒါန်းလျက်ရှိရာ ယနေ့ ပြည်သူ့လက်ဝယ်အရောက် လှူဒါန်းခြင်းသည် စတုတ္ထနေ့ဖြစ်ပြီး၊ စားနပ်ရိက္ခာထုပ်များ ဆက်လက်လှူဒါန်းသွားနိုင်ရန် စနစ်တကျ စီမံဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုက်နယ်ဆေးရုံများ၊ ကျေးလက်ကျန်းမာရေးဌာနများနှင့် မြန်မာနိုင်ငံအတွင်း ပြန်လည်ဝင်ရောက်လာသည့် ပြည်သူများအား စောင့်ကြည့်စင်တာများအတွက် လိုအပ်သည့် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများကိုလည်း နေရာအရောက် ပေးပို့လှူဒါန်းလျက်ရှိကြောင်း သိရသည်။



ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်နှင့် ကမ္ဘောဇဘဏ်နာယကတို့က တောင်ရိုးတိုင်းရင်းသားများထံ ရိက္ခာထုပ်များ ပေးဝေစဉ်။

**စိုးညွန့်ရွှေ(ပြန်/ဆက်)**

# ကမ္ဘောဇဘဏ်၏ ၂၇၄ တွင်းမြောက် စက်ရေတွင်း ချင်းပြည်နယ်တွင် တူးဖော်လှူဒါန်း

**ဟားခါး မေ ၂၄**

ပူပြင်းခြောက်သွေ့သောနွေရာသီတွင် ပြည်သူများ ရေပြတ်လပ်မှုမရှိစေရေးအတွက် ကမ္ဘောဇဘဏ်က စက်ရေတွင်းများ တူးဖော်လှူဒါန်းလျက်ရှိရာ ၂၇၄ တွင်းမြောက် ရေအောင်စက်ရေတွင်းအဖြစ် ချင်းပြည်နယ် ခြောက် လမ်းဆုံ၊ ဟားခါးရပ်ကွက် (၁) တွင် မေ ၂၂ ရက်က အောင်မြင်စွာ တူးဖော်နိုင်ပေးခဲ့သည်။

အဆိုပါစက်ရေတွင်းကို ကမ္ဘောဇဘဏ်က အင်္ဂလန်နိုင်ငံထုတ် အမှတ် (၁) Dando Heavy-duty ရေတွင်းတူးစက်ကြီးဖြင့် တူးဖော်ခဲ့ပြီး အနက် ၃၄၅ ပေတွင် တစ်နာရီ ရေဂါလန် ၃၅၀၀ ဖြင့် ရေအောင်ခဲ့သည်။ အဆိုပါ စက်ရေတွင်း အောင်မြင်မှုကြောင့် ဟားခါးရပ်ကွက်ကြီး (၂) ရှိ ပြည်နယ်မီးသတ်စခန်း၊ စာသင်ကျောင်းနှင့် ရပ်ကွက်နေ ပြည်သူများ ရေအခက်အခဲမရှိဘဲ လုံလောက်စွာ သုံးစွဲနိုင်မည်ဖြစ်သည်။

ယခု စက်ရေတွင်းသည် ယခုနှစ်အတွင်း ကမ္ဘောဇဘဏ်က တူးဖော်လှူဒါန်းခဲ့သည့် ချင်းပြည်နယ်၏ စတုတ္ထမြောက် ရေအောင်တွင်းဖြစ်ပြီး ယခင်က ခြောက်လမ်းဆုံ၊ ဟားခါး ရပ်ကွက်ကြီး (၂) တွင် တစ်နာရီ ရေဂါလန် ၁၀၀၀ စက်ရေတွင်း၊ ဟားခါးကောလိပ်တွင် တစ်နာရီ ရေဂါလန် ၃၀၀၀ စက်ရေတွင်း၊ ပညာရေးကောလိပ် (ဟားခါး) တွင် တစ်နာရီ ရေဂါလန် ၃၀၀၀ စက်ရေတွင်းများကို အောင်မြင်စွာတူးဖော်လှူဒါန်းနိုင်ခဲ့သည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် မန်းကျည်းစောက်ကျေးရွာတွင် တစ်နာရီ ရေဂါလန် ၃၀၀၀ စက်ရေတွင်းကို လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် လည်းကောင်း၊ မကွေးတိုင်းဒေသကြီး မကွေးမြို့ရှိ အခြေခံကျန်းမာရေးတက္ကသိုလ်တွင် လည်းကောင်း အသီးသီး အောင်မြင်စွာ တူးဖော်လှူဒါန်းခဲ့သည်။

ကမ္ဘောဇဘဏ်သည် နိုင်ငံအနှံ့အပြားရှိ စက်ရေတွင်း တူးဖော်ရန် အလွန်ခက်ခဲပြီး ရေရှားပါးသည့်နေရာများတွင် ပြည်သူများ ရေရှားပါးပြတ်လပ်မှု မကြုံတွေ့စေရန်အတွက် စက်ရေတွင်းများ တူးဖော်ခြင်း၊ ရေတွင်း ရေကန်များ တူးဖော်ခြင်း၊ ရေလှောင်ကန်များ တည်ဆောက်ပေးခြင်းနှင့် ရေပေးရေးစီမံကိန်းများ အပါအဝင် ငွေကျပ်သိန်းပေါင်း ၇၉၀၀၀ ကျော် လှူဒါန်းခဲ့ကြောင်း သိရသည်။

ထို့အတူ ရေပြတ်လပ်မှုမရှိစေရန် စက်ရေတွင်းများ တူးဖော်လှူဒါန်းခြင်းအပြင် ရေသယ်ယာဉ်အသစ်များ လှူဒါန်းလျက်ရှိရာ နိုင်ငံတစ်ဝန်း ငွေကျပ်သိန်းပေါင်း ၂၄၃၀၀ တန်ဖိုးရှိ ရေသယ်ယာဉ်အသစ်ပေါင်း ၅၄ စီးကို ပေးအပ်လှူဒါန်းခဲ့သည်။ ကမ္ဘောဇဘဏ်သည် ကဏ္ဍအသီးသီးတွင် လူမျိုးမရွေး၊ ဘာသာမရွေး၊ နေရာဒေသမရွေး နိုင်ငံတော်နှင့် ပြည်သူအတွက် ငွေကျပ် ၁၆၂ ဘီလီယံ ကျော် လှူဒါန်းခဲ့ပြီးဖြစ်သည်။ **ကိုကျော်**



# အိန္ဒိယနိုင်ငံမှ စတုတ္ထအကြိမ်ထောက်ပံ့သည့် မဏိပူလ်မြစ်ကားကူးကြိုးတံတား (ဖီရ်တွန့်) ကျောက်စီမြေထိန်းနံရံ တည်ဆောက်မှု ကွင်းဆင်းစစ်ဆေး

**တီးတိန် မေ ၂၄**

ချင်းပြည်နယ် တီးတိန်မြို့နယ် အိန္ဒိယ - မြန်မာ ချစ်ကြည်ရေး မဏိပူလ်မြစ်ကားကူး ကြိုးတံတား (ဖီရ်တွန့်) ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အိန္ဒိယနိုင်ငံမှ စတုတ္ထအကြိမ်ထောက်ပံ့သည့် ကျောက်စီမြေထိန်းနံရံ တည်ဆောက်ခြင်းလုပ်ငန်းကို ယမန်နေ့၌ နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တီးတိန်မြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယဦးစီးမှူး ဒေါ်ခင်သီတာနှင့် တာဝန်ရှိသူတို့က သွားရောက်စစ်ဆေးသည်။

အဆိုပါတံတားသည် အိန္ဒိယနိုင်ငံမှတတိယအကြိမ် ကူညီထောက်ပံ့မှုဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး တံတားရေရှည်တည်တံ့ခိုင်မြဲစွာ အသုံးပြုနိုင်ရေးအတွက် အတိုင်းအတာ ပေ ၁၀၀ x ပေ ၂၀)နှစ်ဖက် ကျောက်စီမြေထိန်းနံရံ တည်ဆောက်ရန် ခွင့်ပြုရန်ပုံငွေ ကျပ် ၁၅၂ ဒသမ ၁၉၂ သန်းဖြင့် ကျေးရွာ ၂၅ ရွာ၊ အိမ်ခြေ ၂၅၇၉ မှပြည်သူ ၁၇၅၁၉ ဦးတို့အတွက် အကျိုးပြုမည်ဖြစ်ကြောင်း၊ သတ်မှတ်ထားသည့်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးနိုင်ရန် အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ပေါင်ကျင့်မုန်(ပြန်/ဆက်)**

# ငါးသိုင်းချောင်းမြို့ ကိုဗစ် - ၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီသို့ ငွေလှူဒါန်း

**ငါးသိုင်းချောင်း မေ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်းမြို့ ကိုဗစ် – ၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီသို့ Aventine Limited Armo ကုမ္ပဏီမှ မြို့ကိုဗစ်– ၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများတွင် အသုံးပြုရန် အလှူငွေကျပ် ငါးသိန်းကို ယနေ့နံနက်ပိုင်းက ပုသိမ်မြို့ Armo ကုမ္ပဏီရုံးခွဲမှ တာဝန်ရှိသူများက ငါးသိုင်းချောင်းမြို့ အထကကျောင်းရှိ အသွားအလာကန့်သတ်သည့်စောင့်ကြည့်စင်တာတွင် လာရောက်လှူဒါန်းခဲ့ရာ မြို့ ကိုဗစ်– ၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ မြို့အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်ဌေးနှင့် မြို့ပြည်သူ့ဆေးရုံဆရာဝန် ဒေါက်တာ နေဝင်းထွန်းတို့က လက်ခံယူခဲ့ပြီး မှတ်တမ်းတင်ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်သည်။

လက်ရှိအချိန်ထိ ငါးသိုင်းချောင်းမြို့ အထကကျောင်းရှိ အသွားအလာကန့်သတ်သည့်စောင့်ကြည့်စင်တာတွင် အသွားအလာကန့်သတ်စောင့်ကြည့်မှုခံယူနေသူ ၂၁ ဦး ရှိပြီး စောင့်ကြည့်မှုခံယူသူအားလုံး ကျန်းမာရေးအခြေအနေကောင်းမွန်လျက် ရှိကြောင်း သိရသည်။

**စိုးမင်းဦး(ပြန်/ဆက်)**

# တိမ်အသင့်အတင့် ဖြစ်ထွန်း

**နေပြည်တော် မေ ၂၄**

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်မှ တိမ်ထူထပ်မည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတို့တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိနေပြီး၊ ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

# စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် မီးဘေးသင့်အိမ်ထောင်စုအား ထောက်ပံ့



မုံရွာ မေ ၂၄

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် ဇနီး ဒေါ်တင့်တင့်(ခ)ဒေါ်ချူးချူး၊ ရွှေဘိုမြို့နယ် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ရွှေဘိုမြို့နယ် ပိတ္တောကျေးရွာတွင် ယမန်နေ့နံနက်ပိုင်းက အိမ်ရှင်ဦးစိုးမြင့်၏ မီးဖိုမီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်၍ သွပ်မိုးအုတ်ကာ သမံတလင်းခင်း နှစ်ထပ်နေအိမ်တစ်လုံး ဆုံးရှုံးမှုဖြစ်ပွားရာသို့ ယနေ့ နံနက် ၈ နာရီက သွားရောက်ကြည့်ရှု အားပေးစကားပြောကြားပြီး အဆိုပါ မီးဘေးသင့်အိမ်ထောင်စုတစ်စုကို ဆန်အိတ်နှင့် ထောက်ပံ့ငွေကျပ် တစ်သိန်းကို ပေးအပ်ခဲ့ကြောင်း သိရသည်။ (ဓါတ်ပုံ)

ထွန်းကိုကို(ယင်းမာပင်)




ရန်ကုန်မြို့ ကမ္ဘာအေးတိပိဋကမဟာဂန္ထာရုံကျောင်းတိုက်ကြီး၏ ပဓာနနာယကဆရာတော် ဘဒ္ဒန္တကဝိဓဇ (အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ)ထံသို့ မေ ၂၄ ရက်က ကိုဗစ်-၁၉ ကာလ ပရိယတ္တိဝန်ဆောင် သံဃာတော်အပါး ၃၀၀ ကျော်အား အရုဏ်ဆွမ်း နေ့ဆွမ်းဆက်ကပ်ရာတွင် အဆင်ပြေစေရန်အတွက် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးအောင်မြင့်ဦးနှင့် အသင်းတာဝန်ရှိသူတို့က ငွေကျပ် ၁၁၈၀၀၀၀ တန်ဖိုးရှိ စားဆီ ပိဿာ ၅၉၀ ကို ဆက်ကပ်လှူဒါန်းစဉ်။

အေကေလင်း

# ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်ရှိ IDP စခန်းများနှင့် ယာယီတိုက်ပွဲရှောင်စခန်းများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိ

နေပြည်တော် မေ ၂၄

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများတွင် နေထိုင်ကြသည့် ပြည်တွင်း နေရပ်စွန့်ခွာသူများအား ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားခြင်းမှ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းများကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။**



ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ်၊ မိုးမောက်မြို့နယ်ရှိ ကက်သလစ် IDP စခန်းနှင့် နှစ်ခြင်းIDPစခန်း၊ ဝိုင်းမော်မြို့နယ်ရှိ ဆဒုံးယာယီတိုက်ပွဲရှောင်စုရပ်သို့ သွားရောက်၍ လက်သန့်ဆေးရည် ၉၈၉ ဘူး၊ ဆပ်ပြာခဲ ၂၃၇၀ ၊ ထုံးအိတ် ၃၀၊ အပူချိန်တိုင်းကိရိယာ လေးခု၊ လက်ဆေးစင် ၁၀ ခု၊ Surgical Mask ၁၆ ခု၊ အဝတ်နှာခေါင်းစည်း ၄၇၀၈ ခု၊ Hand Speaker သုံးခုနှင့် ကိုဗစ်-၁၉ အသိပညာပေး အသံဖိုင်ထည့်သွင်းထားသော Memory Stick သုံးခု၊ ဗီနိုင်း တစ်ချပ်တို့အား ထောက်ပံ့ခဲ့သည်။

အလားတူ ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်ရှိ ရွှေသီး၊ ငဖရုံ၊ ဝါးနက်ရုံ၊ ဒုံးသိမ်ဓမ္မာရုံ၊ လမ်းမကျောင်း၊ ရန်အောင်မြေ၊ မြတောင်ဘုန်းကြီးကျောင်း၊ ဂန္ဓာရီ ပရဟိတကျောင်း၊ မြောင်းနားတိုက်ပွဲရှောင်စခန်း၊ စုစုပေါင်း တိုက်ပွဲရှောင်စခန်း ကိုးခုသို့ သွားရောက်၍ အဝတ်နှာခေါင်းစည်း ၁၁၅၁၂ ခု၊ Hand Speaker ငါးခုနှင့် ကိုဗစ်-၁၉ အသိပညာပေးအသံဖိုင် ထည့်သွင်းထားသော Memory Stick ငါးခုတို့ကို ထောက်ပံ့ခဲ့သည်။ **(ယာပုံ)**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးနှင့်ပတ်သက်၍ ထောက်ပံ့မှုလုပ်ငန်းများအပြင် အသိပညာပေးလုပ်ငန်းများ၊ အသိပေးနှိုးဆော်ခြင်း လုပ်ငန်းများနှင့် စိတ်ဓာတ်ရေးရာမြှင့်တင်ပေးမှုဆိုင်ရာလုပ်ငန်းများကို နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ ပြည်နယ်အားလုံးတွင် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၆ မှ*

ဖြစ်ပေါ်ပါက လုပ်ငန်းရှင်၊ ကုန်စည်ထုတ်လုပ်သူ၊ ကုန်အမှတ်အသားအသုံးပြုခွင့်ရှိသူ၊ ပြည်ပမှ တင်သွင်းရောင်းချသူ၊ တစ်ဆင့်ပြန်လည်ရောင်းချသူ၊ ကြားခံဝန်ဆောင်မှုပေးသူများ အားလုံးတွင် တာဝန်ရှိသည်ကို သတိပြုသင့်ပေသည်။ ဖြေရှင်းပေးရန် တာဝန်ရှိပေသည်။

စီးပွားရေးလုပ်ငန်းရှင်သည် ကုန်စည်အမျိုးအစားအလိုက် ကုန်အညွှန်းအမှတ်အသားများကို ထင်ရှားစွာဖော်ပြပေးရမည်ဖြစ်သည့်အပြင် ကုန်စည်၏ တံဆိပ်အမှတ်အသား၊ အမျိုးအမည်၊ အရွယ်အစား၊ အရေအတွက် အသားတင်ပမာဏ၊ ထားသိုသိမ်းဆည်းမှုအညွှန်း၊ သုံးစွဲပုံနည်းလမ်း၊ ထုတ်လုပ်သည့်ရက်စွဲ၊ သက်တမ်းကုန်ဆုံးမည့် ရက်စွဲ၊ ထုတ်လုပ်မှုအမှတ်စဉ်၊ ထုတ်လုပ်သည့်နေရာ၊ ပါဝင်သည့်ကုန်ကြမ်းပစ္စည်း ပမာဏ အမျိုးအစား၊ ဘေးထွက်ဆိုးကျိုး၊ ဓာတ်မတည့်ကြောင်း ဖော်ပြချက်၊ သက်ဆိုင်ရာဌာနများက ဖော်ပြရန် သတ်မှတ်ထားသောအချက်များ စသည်တို့ကို မြန်မာဘာသာဖြင့် ဖြစ်စေ၊ မြန်မာဘာသာနှင့်အခြားဘာသာတွဲလျက်ဖြစ်စေ ဖော်ပြပေးရမည် ဖြစ်ပါသည်။

စီးပွားရေးလုပ်ငန်းရှင်များသည် မိမိထုတ်လုပ်တင်သွင်း၊ ဖြန့်ဖြူးရောင်းချဆောင်ရွက်သော ကုန်စည်၊ ဝန်ဆောင်မှုများနှင့် ပတ်သက်၍ ကြော်ငြာရာတွင် သတင်းအချက်များ၊ အာမခံချက်များ၊ မဟုတ်မမှန်သော အကြောင်းအရာများ၊ အန္တရာယ်ရှိမှုများ၊ သက်ဆိုင်သူ၏ ခွင့်ပြုချက်မရရှိဘဲ တစ်စုံတစ်ဦး၊ အဖြစ်အပျက်တစ်ခုအပေါ် အသုံးပြုထားခြင်းများ၊ လူမှုကျင့်ဝတ်နှင့် ဆန့်ကျင်ခြင်းများကို လိမ်လည်လှည့်ဖြား၍ ကြော်ငြာခြင်းများကို မပြုလုပ်ရပေ။ မဖြစ်နိုင်သောကိစ္စရပ်များကြောင့် စားသုံးသူများ ဘေးအန္တရာယ်ဖြစ်ပွားနိုင်ပေသည်။

ထို့အပြင် စီးပွားရေးလုပ်ငန်းရှင်များသည် ကုန်စည်နှင့် ဝန်ဆောင်မှုများ ရောင်းဝယ်ဆောင်ရွက်ရာတွင် အသုံးမပြုနိုင်၊ မရနိုင်သော၊ အပြစ်အနာအဆာ၊ ချို့ယွင်းချက်များကို ဖုံးကွယ်ထားသော၊ အခြားကုန်စည်၊ ဝန်ဆောင်မှုများကို ချိုးနှိမ်ဖော်ပြထားသော၊ ပြည့်စုံခိုင်မာမှုမရှိဘဲ ချဲ့ကားဖော်ပြထားသော၊ ကမ်းလှမ်းထားသော ကုန်စည်မဟုတ်ဘဲ အခြားကုန်စည်ကို အစားထိုးရောင်းချသော၊ အရောင်းမြှင့်တင်ခြင်းမပြုမီ ဈေးနှုန်းများကို တိုးမြှင့်သော၊ကုန်စည်တစ်ခုဝယ်ယူရာတွင် မလိုအပ်သောအခြားပစ္စည်းများနှင့် တွဲဖက်ရောင်းချသော ကိစ္စများကို မပြုလုပ်ရပေ၊ လိမ်လည်လှည့်ဖြား ရောင်းချရာရောက်ပါသည်။

စီးပွားရေးလုပ်ငန်းရှင်များသည် ကုန်စည်နှင့် ဝန်ဆောင်မှုများ ရောင်းဝယ်ဆောင်ရွက်ရာတွင် မူလကုန်စည်ဝန်ဆောင်မှုများကို ပြုပြင်ပြောင်းလဲခြင်း၊ မွမ်းမံပြင်ဆင်ခြင်း၊ သတ်မှတ်စံချိန်စံညွှန်း အရည်အသွေးနှင့် ကိုက်ညီသည်ဟု မမှန်မကန်ဖော်ပြခြင်း၊ နောက်ဆုံးသုံးစွဲရမည့် ရက်စွဲကျော်လွန်နေသော ကုန်စည်များကို ရောင်းချခြင်း၊ အမျိုးအစားတူ အရည်အသွေးနိမ့် ကုန်စည်များကို ရောနှောရောင်းချခြင်း၊ စားသုံးရန်မသင့်သော ကုန်စည်များ ရောင်းချခြင်းများကို ဆောင်ရွက်၍ စားသုံးသူများ ထင်ယောင်ထင်မှားဖြစ်စေမည့် ကိစ္စများကို မရိုးမဖြောင့်သော သဘောဖြင့် မပြုလုပ်ရန် တားမြစ်ထားပါသည်။

စီးပွားရေးလုပ်ငန်းရှင်များသည် ကုန်အညွှန်းအမှတ်အသား ပြည့်စုံစွာ မပါရှိသော၊ သတင်းအချက်အလက်များ တိကျမှု မရှိသော၊ ကိုက်ညီမှုမရှိသော၊ ကြော်ငြာခြင်း၊ အရောင်းမြှင့်တင်ခြင်းတို့တွင် ဖော်ပြထားချက်များနှင့် ကိုက်ညီမှုမရှိသော အငြင်းပွားလျက်ရှိသော ကုန်စည်နှင့် ဝန်ဆောင်မှုလုပ်ငန်းများကို ထုတ်လုပ်ခြင်း၊ ကုန်သွယ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း မပြုလုပ်ရန် ပိတ်ပင်ထားပါသည်။

စီးပွားရေးလုပ်ငန်းရှင်များသည် ကုန်စည်နှင့်ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် အရောင်းမြှင့်တင်ခြင်းများ ပြုလုပ်ရာ၌ သတ်မှတ်ကာလအတွင်း ကြော်ငြာအသိပေးထားသည့် ပမာဏ၊ အရေအတွက်အတိုင်း ရောင်းချရန် အစီအစဉ်မရှိဘဲ အထူးဈေးနှုန်းဖြင့် ရောင်းချရန် ကမ်းလှမ်းခြင်း၊ ဆုကြေးပေးရန်၊ အခမဲ့ဝန်ဆောင်မှုပေးရန် ကတိပြုထားသော်လည်း အမှန်တကယ် မပေးနိုင်ဘဲရောင်းချရန် ကမ်းလှမ်းခြင်း၊ စားသုံးသူများ၏စိတ်ပိုင်း၊ ရုပ်ပိုင်းကိုအနှောင့်အယှက်ဖြစ်စေသည့် နည်းလမ်းတစ်ခုခုကို အသုံးပြုရန်ရောင်းချရန် ကမ်းလှမ်းခြင်းများ မပြုရပေ။

## ကိုယ်စီအသိစိတ်ဖြင့် ပူးပေါင်းပါဝင်ကြရမည်

စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများသည် တိမ်မယောင်နှင့် နက်သည်၊ လွယ်မယောင်နှင့် ခက်သည့် လုပ်ငန်းစဉ်တစ်ခုဖြစ်သည်၊ စားသုံးသူများရော၊ စီးပွားရေးလုပ်ငန်းရှင်များရော၊ သက်ဆိုင်ရာ ဆက်စပ်အဖွဲ့အစည်းများရော၊ အသင်းအဖွဲ့များရော ကိုယ်စီအသိစိတ်ဓာတ်ဖြင့် ပူးပေါင်းပါဝင်၊ ညှိနှိုင်းဆွေးနွေး ဆောင်ရွက်ကြမှသာလျှင် အောင်မြင်မှုမြန်ဆန်စွာ ရရှိမည်ဖြစ်ပါသည်။ လူ့သက်တမ်းအနေဖြင့် မြန်မာနိုင်ငံသားများသည် ၂၀၁၅ ခုနှစ်စာရင်းအရ ကျား ၆၂ နှစ်၊ မ ၆၅ နှစ်အထိသာ ရှိနိုင်တော့သဖြင့် သက်တမ်းတဖြည်းဖြည်း တိုလာနေသည်ကို ထိတ်လန့်ဖွယ်တွေ့ရှိရသည်။

လူတို့သည် မိမိမျက်စိရှေ့တွင် ချက်ချင်းသေကျေ၊ ဒဏ်ရာရရှိမှုများကို မြင်တွေ့ရပါက ထိတ်လန့်တုန်လှုပ်ကြောက်ရွံ့ကြသော်လည်း အမြင်လှလှ၊ အသွင်ကြွကြွ ထုပ်ပိုးကာ၊ ကြော်ငြာ အားကောင်းကောင်းဖြင့် ထုတ်လုပ်ဆောင်ရွက်ထားပြီး ထုတ်ကုန်လုံခြုံစိတ်ချရမှုမရှိသော၊ ဘေးအန္တရာယ်ကင်းရှင်းမှု မရှိသော ကုန်စည်ဝန်ဆောင်မှုများကြောင့် တဖြည်းဖြည်း သေဆုံးမှာ၊ ထိခိုက်ဒဏ်ရာရရှိမှာ၊ ရောဂါမျိုးစုံ စွဲကပ်မှာ၊ အလှပျက်၊ ဘဝပျက်ရမှာကိုမူ သတိထားမိသူ၊ ထိတ်လန့်တုန်လှုပ် ကြောက်ရွံ့စရာဖြစ်သူ လွန်စွာနည်းပါးလျက်ရှိသည်။ သတိထားဆင်ခြင်ကာ၊ ကိုယ်စီအသိစိတ်ဓာတ်ဖြင့် ဆောင်ရွက်ကြရန် အထူးလိုအပ်ပါသည်။ ထိုသို့ မဟုတ်ပါကမူ အချိန်နှောင်းမှ ရရှိသည့် နောင်တများကို ရင်ဝယ်ပိုက်ကာ ကြေကွဲဝမ်းနည်းမှုများဖြင့် အဆုံးသတ်ကြရမည့်သူများ ဒုနဲ့ဒေးဖြစ်လာမည်ကို စိုးရိမ်မိပါသည်။

သို့ဖြစ်ပါ၍ ကျန်းမာပျော်ရွှင်စွာဖြင့် လူ့သက်တမ်းစေ့ နေထိုင်နိုင်ရေးအတွက် စားသုံးသူများသည် ကုန်စည်၊ ဝန်ဆောင်မှုများကို ထုတ်ကုန်လုံခြုံစိတ်ချရမှု ရှိ/ မရှိ စနစ်တကျ ရွေးချယ်ရယူ စားသုံးဆောင်ရွက်ကြပါရန်၊ နစ်နာဆုံးရှုံးမှုများ ကြုံတွေ့ရပါက ကုစားဖြေရှင်းမှု ရယူတိုင်ကြားကြပါရန်၊ စီးပွားရေးလုပ်ငန်းရှင်များကလည်း ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိသော၊ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းသော၊ နိုင်ငံတကာ သတ်မှတ်ချက်များနှင့် ကိုက်ညီသော ကုန်စည်၊ ဝန်ဆောင်မှုများကိုသာ ထုတ်လုပ်ဆောင်ရွက်ကြပါရန်၊ ထုတ်ပြန်ထားသော ဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာ၍ တာဝန်ခံမှု၊ တာဝန်ယူမှုအပြည့်ဖြင့် ဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါသည်။ ။

# မန္တလေးမြို့ရှိ လက်ဖက်ရည်ဆိုင်များ ဆိုင်ထိုင်စနစ်ဖြင့် ပြန်လည်ရောင်းချဖွင့်လှစ်နိုင်ရန် ပြင်ဆင်

**မန္တလေး မေ ၂၄**

ကိုဗစ်-၁၉ ရောဂါကာကွယ်နိုင်ရေးအတွက် နှစ်လတာကာလအထိ ပါဆယ်စနစ်ဖြင့်သာ ဖွင့်လှစ်ရောင်းချခွင့်ပြုခဲ့သည့် မန္တလေးမြို့ရှိ လက်ဖက်ရည်ဆိုင်များကို ဆိုင်ထိုင်စနစ်ဖြင့် ပြန်လည်ရောင်းချခွင့်ပြုနိုင်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးလမ်းညွှန်ချက်များနှင့်အညီ ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မန္တလေးမြို့ရှိ စားသောက်ဆိုင်၊ လက်ဖက်ရည်ဆိုင်များနှင့် အအေးဆိုင်များကို ဆိုင်ထိုင်စနစ်ဖြင့် ပြန်လည်ရောင်းချခွင့်ပြုနိုင်ရန် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးလမ်းညွှန်ချက်များနှင့်အညီ ပြင်ဆင်ထားရှိရေးအတွက် သက်ဆိုင်ရာဌာနများမှ လုပ်ငန်းရှင်များအား မေ ၂၀ ရက်မှစ၍ အသိပေးအကြောင်းကြားထားပြီး ပြင်ဆင်မှုလုပ်ငန်းများပြီးစီး၍ အစစ်ဆေးခံနိုင်ကြောင်း အကြောင်းကြားလာပါက သက်ဆိုင်ရာစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးကာ ကျန်းမာရေးလမ်းညွှန်ချက်များနှင့် ကိုက်ညီမှုရှိသောဆိုင်များကို ဆိုင်ထိုင်စနစ်ဖြင့် ပြန်လည်ရောင်းချခွင့်ပြုသွားမည်ဖြစ်သည်။

"ကျွန်တော်တို့ ဆိုင်တွေကို ဆိုင်ထိုင်စနစ်နဲ့ ပြန်လည်ရောင်းချနိုင်ဖို့ ကျန်းမာရေးလမ်းညွှန်ချက်တွေနဲ့အညီ ပြင်ဆင်ဖို့အတွက် မြို့နယ်စည်ပင်ဌာနက လာပြီး အကြောင်းကြားစာ ပို့ပါတယ်။ ပြင်ဆင်ရမယ့် လုပ်ငန်းတွေရော၊ ကုန်ကျစရိတ်တွေပါ များပြားပေမယ့် ပြန်ပြီး ရောင်းချခွင့်ပြုတာကိုပဲ ဝမ်းမြောက်စွာနဲ့ ညွှန်ကြားချက်တွေအတိုင်းလိုက်နာပြီး ပြင်ဆင်နေပါတယ်။ ဘာကြောင့်လဲဆိုတော့ ပါဆယ်စနစ်နဲ့ ရောင်းချရတဲ့ နှစ်လကျော်ကာလမှာ ရောင်းအားက ကျဆင်းသွားတဲ့အတွက် ဆိုင်ဝန်ထမ်းတွေရဲ့စားသောက်ရေးနဲ့ လစာပုံမှန်ပေးနိုင်ဖို့ ထိန်းပြီး ဖွင့်လှစ်ခဲ့ရတယ်။ ကျွန်တော့်ဆိုင်မှာ ဝန်ထမ်း ၇၀ ကျော်ရှိပါတယ်။ လူလျှော့ခြင်းမရှိ၊ လစာလျှော့ခြင်းမရှိဘဲ ဒီကိုဗစ်ကာလကို ကျွန်တော်နဲ့အတူ ကျော်ဖြတ်ဖို့ လုပ်ဆောင်ခဲ့ပါတယ်။ ဒါ့အပြင် ကျွန်တော့်ဆိုင်မှာ အားပေးနေကြတဲ့ စားသုံးသူတွေကိုလည်း ပါဆယ်စနစ်နဲ့ ရောင်းချနေရတာကို အားနာနေရပါတယ်။ အခုလို ဆိုင်ထိုင်စနစ်နဲ့ ပြန်ပြီး ဖွင့်လှစ်ခွင့်ပေးတဲ့အတွက် ကျွန်တော်တို့ လုပ်ငန်းရှင်တွေအတွက်သာမက ဝန်ထမ်းတွေပါ စားသုံးသူတွေအတွက်ပါ အဆင်ပြေသွားကြမှာပါ။ ဒါကြောင့် ပြင်ဆင်မှုတွေကို စားသုံးသူတွေ အတွက် ကျန်းမာရေးနှင့် ညီညွတ်ပြီး သန့်ရှင်းသော အစားအစာတွေ စားသုံးနိုင်အောင် အကောင်းဆုံးပြင်ဆင်သွားမယ်" ဟု မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ၈၂ လမ်းနှင့် ၁၉ လမ်းထောင့်တွင် ဖွင့်လှစ်ထားသည့် မင်းသီဟလက်ဖက်ရည်ပိုင်ရှင် ဦးမိုးကျော်က ပြောသည်။

လက်ရှိတွင် အဆိုပါလက်ဖက်ရည်ဆိုင်၌ ကျန်းမာရေးလမ်းညွှန်ချက်များနှင့်အညီ ဆိုင်အဝင်ပေါက်များ၌ ဆင်ဆာစနစ်သုံး လက်ဆေးဘေစင်များနှင့် လက်သန့်ဆေးရည်များ ထားရှိခြင်း၊ လက်ဖက်ရည်သောက်ရန် တစ်ခါသုံးခွက်နှင့် အစားအသောက်များ စားသုံးနိုင်ရန်ပေါင်းခံထားသည့် ပန်းကန်များအစား တစ်ခါသုံး ဘူးများ ထားရှိခြင်း၊ ဆိုင်၌ လာရောက်စားသုံးသူများ တစ်ဦးနှင့် တစ်ဦး Social distancing ဖြစ်စေရန် သတ်မှတ်အကွာအဝေးအတိုင်း ထားရှိ၍ နှစ်ယောက်ထိုင် စားပွဲအလယ်၌ ရောဂါကူးစက်မှု မရှိစေရန် နှစ်ပေပတ်လည်ရှိ ထိုင်းနိုင်ငံထုတ် ကော်ကြည်ပြားအဖြူများ တပ်ဆင်လျက် ကိုဗစ်ကာလအလွန်တွင် ပြည်သူများ စားသုံးမှုပုံစံ ပြောင်းလဲသွားစေရန် ရည်ရွယ်၍ ပြင်ဆင်လျက်ရှိရာ လက်ရှိတွင် လုပ်ငန်းများ ၈၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

"လက်ဆေးဘေစင်က အမျိုးမျိုးရှိပေမယ့် ကျွန်တော့်ဆိုင်မှာ ရောဂါကူးစက်မှုမရှိစေရန် ဆင်ဆာစနစ်နဲ့ အသုံးပြုနိုင်တဲ့ လက်ဆေးဘေစင်ကို တပ်ဆင်မှာပါ။ ကော်ကြည်ပြားကလည်း အထူ၊ အပါးပေါ် မူတည်ပြီး တရုတ်နိုင်ငံထုတ်က ကော်ကြည်ပြားက (၄ ပေ x ၈ ပေ) တစ်ချပ်ကို ၅၀၀၀၀ ကျော်ရှိပြီး ထိုင်းနိုင်ငံက ထုတ်တဲ့ အထူဆုံး ၃ မီလီမီတာရှိတဲ့ ကော်ကြည်ပြားက တစ်သိန်းကျော်ကျော်လောက်ရှိပါတယ်။ ကျွန်တော်ကတော့ ကိုဗစ်အလွန်ကာလအထိ ရေရှည်အသုံးပြုဖို့ ရည်ရွယ်ပြီး အကောင်းဆုံးကိုပဲ ရွေးချယ်တပ်ဆင်ခဲ့ပါတယ်။ ဆိုင်မှာထားရှိရမယ့် အသိပညာပေး ဗီနိုင်းတွေကတော့ ဘယ်လိုဗီနိုင်းမျိုးကို ရွေးချယ်ရမယ်ဆိုတာကို မသိသေးတဲ့ အတွက် လှေလာနေဆဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဆိုင်တွေ အနေနဲ့ သင့်တော်တဲ့ အသိပညာပေး ဗီနိုင်းတွေကို တိတိကျကျ ညွှန်ကြားပေးရင် ကောင်းမှာပါ" ဟု ၎င်းက ဆက်လက်ပြောသည်။

မန္တလေးမြို့တော် စည်ပင်သာယာရေး နယ်နိမိတ်အတွင်း၌ စားသောက်ဆိုင်ပေါင်း ၁၇၉၈ ဆိုင်၊ လက်ဖက်ရည်ဆိုင်ပေါင်း ၁၂၁၁ ဆိုင်၊ အအေးဆိုင်ပေါင်း ၄၀၉ ဆိုင် စုစုပေါင်း ၃၄၁၈ ဆိုင် ဖွင့်လှစ်ရောင်းချလျက်ရှိရာ ကိုဗစ်-၁၉ ရောဂါကာကွယ်နိုင်ရေးအတွက် အဆိုပါ စားသောက်ဆိုင်များကို မတ် ၂၅ ရက်မှစ၍ ပါဆယ်စနစ်ဖြင့်သာ ဖွင့်လှစ်ရောင်းချရန် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဒေသန္တရတားမြစ်မိန့်ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# တီးတိန်မြို့နယ် ကျေးရွာချင်းဆက် လမ်းတာချဲ့ခြင်းလုပ်ငန်း ပြီးစီး

**တီးတိန် မေ ၂၄**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၅၁ ဒသမ ၃၀၀ သန်းဖြင့် Acient Brother ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ချင်းပြည်နယ် တီးတိန်မြို့နယ် မွာလ်နွမ်း(ခ)-လိုင်တွီး ကျေးရွာချင်းဆက်လမ်း၊ အကျယ် ၂၁ ပေ၊(၃ x ၂) ပေ ရေမြောင်းအပါအဝင်၊ အကွာအဝေး ၃/၀ မိုင် လမ်းတာချဲ့ခြင်းလုပ်ငန်းကို ယမန်နေ့က ၁၀၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း မြို့နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးဦးစီးဌာနမှ သိရသည်။

ထိုသို့ လမ်းတာချဲ့ခြင်းလုပ်ငန်းတွင် မွာလ်နွမ်း(က)ကျေးရွာ တာဝန်ခံ ဦးခုပ်ရှင်းဒေါင့်က အဘက်ဘက်မှ ကူညီပံ့ပိုးပေးကြသည့် နိုင်ငံတော်အစိုးရနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ကျေးဇူးတင်ရှိကြောင်း ပြောကြားပြီး ကျေးရွာလမ်းကော်မတီအဖွဲ့မှ ဦးတွာလ်ဒို့နန်က ကျေးရွာနေပြည်သူများ စားဝတ်နေရေးအဆင်ပြေနိုင်ရန် တီးတိန်နှင့် အလှမ်းဝေးကွာ၍ လိုင်တွီးကျေးရွာတွင် ဈေးရောင်း၊ ဈေးဝယ်နေရသည့် အတွက် ရှေ့လုပ်ငန်းစဉ်တွင် ကျန်ရှိနေသည့် ၆ မိုင်ကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ရန် လိုအပ်ကြောင်း ပြောကြားသည်။



ထို့နောက် တီးတိန်မြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယဦးစီးမှူး ဒေါ်ခင်သီတာက တင်ပြချက်ကို ရှေ့လုပ်ငန်းစဉ်အဖြစ် ဆောင်ရွက်ရန် လျာထားပြီးဖြစ်သဖြင့် ခွင့်ပြုရန်ပုံငွေကျလာပါက အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ယခု လုပ်ငန်းပြီးစီးပြီဖြစ်သည့် ၃/၀ မိုင်ကို ရေရှည်တည်တံ့ခိုင်မြဲရေး ဝိုင်းဝန်းထိန်းသိမ်းကြပါရန်၊ ကုမ္ပဏီနှင့် နှစ်နှစ်စာချုပ်ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည့်အတွက် လိုအပ်ပါက အကူအညီ တောင်းခံနိုင်ပါကြောင်း ရှင်းလင်းသည်။

အဆိုပါ မွာလ်နွမ်း(ခ)-လိုင်တွီး လမ်းတာချဲ့ခြင်းလုပ်ငန်း ပြီးစီးပါက မွာလ်နွမ်း(ခ)၊ မွာလ်နွမ်း(က)၊ ထာလ်မွာလ်၊ ဂေါစိန်း၊ ဖိုင်ဇား၊ ထိန်းလေး ကျေးရွာများမှ ပြည်သူ ၂၇၉၅ ဦးအတွက် အကျိုးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

**ပေါင်ကျင့်မုန်(ပြန်/ဆက်)**

# ညောင်တုန်းမြို့နယ် လယ်ယာအထောက်အကူပြုဝန်ဆောင်မှု သမဝါယမအသင်းက လယ်ယာဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် မေ ၂၄**

ယခုကာလသည် နွေအကုန် မိုးအကူး မုတ်သုံရာသီ အစပျိုးလာပြီဖြစ်၍ တောင်သူလယ်သမားများသည် နွေသီးနှံများကို ရိတ်သိမ်းခြွေလှေ့သိုလှောင်ခြင်းများ ပြုလုပ်လျက်ရှိသည်။ တစ်ဆက်တည်းမှာပင် မိုးသီးနှံအတွက် လယ်ယာမြေများကို ထွန်ယက်၍ မြေသားပြုပြင်ခြင်း၊ ဆည်ရေသောက်နိုင်ရန်နှင့် ရေသွင်းရေထုတ်မြောင်းများပြုပြင်ခြင်း၊ တာတမံကတုတ်များ ဆည်ဖို့ခြင်း စသည်များဆောင်ရွက်လျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် လယ်ယာအထောက်အကူပြုဝန်ဆောင်မှု သမဝါယမအသင်းကလည်း ဒေသတွင်း တောင်သူလယ်သမားများအတွက် အသင်းပိုင်၊ အသင်းသားပိုင် ရိတ်သိမ်းခြွေလှေ့စက်ကြီးများ၊ ထွန်စက်ကြီးများဖြင့် ပန်းတနော်မြို့နယ် နဲ့ကောကျေးရွာရှိ လယ်ကေ ၁၂၅ ကေနှင့် ကညင်ကောက်ကြီးကျေးရွာရှိ လယ်ကေ ၂၀၀ တို့ကို ရိတ်သိမ်းခြွေလှေ့ခြင်း ၊ထွန်ယက်မြေယာပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး ဒေသတွင်းရှိ အခြားလယ်ယာမြေများ ပြုပြင်ဆောင်ရွက်လိုပါကလည်း ဝန်ဆောင်မှုပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## ထူးခြားသည့် နေ့အပူချိန်များ

၂၄ - ၅ - ၂၀၂၀

ချောက်မြို့တွင် ၄၃ ဒီဂရီစင်တီဂရိတ်၊ ကြေးမုံ (စိုက်ပျိုးရေး မိုးလေဝသ)၊ မြင်းခြံမြို့၊ မကွေးမြို့၊ ဂန့်ဂေါမြို့၊ ပေါက်မြို့၊ ဆင်ဖြူကျွန်းမြို့နှင့် ဘော်လခဲမြို့တို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်စီနှင့် ကလေးဝမြို့၊ မုံရွာမြို့၊ ရေဦးမြို့၊ မြင်းမူမြို့၊ မင်းဘူးမြို့နှင့် အောင်လံမြို့တို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။

**မိုး/ဇလ**




သင်သာ တခြားသူတွေနဲ့ (၆)ပေအကွာမှာနေခြင်းဟာ ကိုရိုနာဗိုင်းရပ်စ်ကို လူတွေအကြား ကူးစက်ပျံ့နှံ့ဖို့ အခွင့်အရေး လုံးဝ မပေးထားတာ ဖြစ်ပါတယ်။ ဒါကြောင့် တတ်နိုင်သလောက် အိမ်မှာပဲ နေပါ။ မဖြစ်မနေ အပြင်ထွက်ရပြီ ဆိုရင် ခုလို (၆)ပေအကွာကနေ သွားလာလှုပ်ရှားကြပါ။

❍ *ကျော့ဖုံးမှ*

ရှမ်းပြည်နယ်မှတစ်ဆင့် သက်ဆိုင်ရာဒေသများသို့ စနစ်တကျလွှဲပြောင်း ပို့ဆောင်ပေးလျက်ရှိရာ အဆိုပါ နေရပ်ပြန်ပြည်သူများသည် မိုင်းလား အထူးဒေသ(၄) နမ့်ပန်း၌ အသွားအလာ ကန့်သတ်၍ ၂၁ ရက် စောင့်ကြပ်ကြည့်ရှုခြင်းကို ခံယူခဲ့ပြီး မိုင်းယု၊ ကျိုန်းယဲန်းတံတားမှ တောင်ကြီးမြို့အထိ သက်ဆိုင်ရာ ယာဉ်လိုင်းများဖြင့် ပြန်လည်ဝင်ရောက်လာခြင်းဖြစ်ကာ တောင်ကြီးမြို့မှ တစ်ဆင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ မော်တော်ယာဉ်များဖြင့် ထပ်ဆင့်လွှဲပြောင်း ပို့ဆောင်ပေးသွားမည်ဖြစ်သည်။

အဆိုပါ နေရပ်ပြန်ပြည်သူ ၉၉ ဦးတွင် ရန်ကုန်တိုင်းဒေသကြီးမှ အမျိုးသမီး တစ်ဦး၊ မန္တလေးတိုင်းဒေသကြီးမှ အမျိုးသား ရှစ်ဦး၊ အမျိုးသမီး ၁၀ ဦး၊ မကွေးတိုင်းဒေသကြီးမှ အမျိုးသား ၁၉ ဦး၊ အမျိုးသမီး ၅၆ ဦး၊ ကယားပြည်နယ်မှ အမျိုးသမီး နှစ်ဦးနှင့် ရှမ်းပြည်နယ် တောင်ကြီးမြို့မှ အမျိုးသား တစ်ဦး၊ အမျိုးသမီး တစ်ဦး၊ သီပေါမြို့မှ အမျိုးသား တစ်ဦးတို့ဖြစ်ကြောင်း သိရပြီး ယနေ့အထိ နေရပ်ပြန်ပြည်သူ ၃၄၀၀ ကျော်အား တောင်ကြီးမြို့မှတစ်ဆင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့်ပြည်နယ်များသို့ တောင်ကြီးမြို့အခြေစိုက် Express ယာဉ်လိုင်းများဖြင့် ပို့ဆောင်ပေးခဲ့ပြီး နေရပ်ပြန်ပြည်သူအများစုမှာ ရခိုင်ပြည်နယ်မှဖြစ်ကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးမင်းထိုက်၏ ပြောကြားချက်အရ သိရသည်။

ရှမ်းပြည်နယ် အရှေ့ပိုင်းရှိ နယ်စပ်ဂိတ်များမှ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများအား တောင်ကြီးမြို့မှတစ်ဆင့် မော်တော်ယာဉ်များဖြင့် ထပ်ဆင့်လွှဲပြောင်း ပို့ဆောင်ပေးရာတွင် ကျန်းမာရေးစစ်ဆေးပေးခြင်း၊ လမ်းခရီးတွင် စားသောက်ရန် ထမင်းဘူး၊ ရေသန့်ဘူး၊ အချိုရည်နှင့် ပေါင်မုန့်များဝေငှခြင်းများကို တောင်ကြီးမြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မီဝင်များနှင့် အလှူရှင်မိသားစုများ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ တာဝန်ရှိသူများ၊ တောင်ကြီးမြို့ စေတနာ့ဝန်ထမ်းအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက ပူးပေါင်းကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**စိုးညွန့်ရွှေ(ပြန်/ဆက်)**



ရှမ်းပြည်နယ်အရှေ့ပိုင်း နယ်စပ်ဂိတ်များမှ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများအား တောင်ကြီးမြို့မှတစ်ဆင့် သက်ဆိုင်ရာ ဒေသအသီးသီးသို့ ပို့ဆောင်ပေးရန် ပြင်ဆင်ထားသော မော်တော်ယာဉ်များကို တွေ့ရစဉ်။

❖ *ကျော့ဖုံးမှ*

၂၀ ရက်နှင့် ၂၁ ရက်တွင် ဝင်ရောက်ခြင်းမရှိဘဲ မေ ၂၃ ရက်တွင် ၆၀၄ ဦး၊ ၂၄ ရက်တွင် ၁၁၁၈ ဦး ပြန်လည်ဝင်ရောက်ခဲ့ပြီး စုစုပေါင်း ၂၅၀၆ ဦးအထိ ပြန်လည်ဝင်ရောက်ခဲ့ပြီး ဖြစ်သည်။

### လွှဲပြောင်းပို့ဆောင်

အဆိုပါ နေ့အလိုက် ပြန်လည်ဝင်ရောက်သူများအနက် မေ ၁၃ ရက်မှ ၁၅ ရက်အထိ ပြန်လည်ဝင်ရောက်သူများနှင့် မေ ၁၇ ရက် ဝင်ရောက်သူ ၉၀ အနက် ၄၅ ဦးတို့ အနေဖြင့် ထိုင်းနိုင်ငံတွင် ပြစ်ဒဏ်ကျခံရပြီး သောသူများနှင့် အချုပ်မှ ပြန်လည်လွတ်မြောက်လာသူများ ဖြစ်သဖြင့် ထိုင်းနိုင်ငံ တာဝန်ရှိသူများက လွှဲပြောင်းပို့ဆောင်ပေးခြင်း ဖြစ်သည်။

### စုစုပေါင်း ၁၁၁၈ ဦးဖြစ်

ယနေ့ ပြန်လည်ဝင်ရောက်သူများအနေဖြင့် ကချင်ပြည်နယ်မှ ၁၈ ဦး၊ ကယားပြည်နယ်မှ ခြောက်ဦး၊ ကရင်ပြည်နယ်မှ ၁၀၅ ဦး၊ ချင်းပြည်နယ်မှ တစ်ဦး၊ မွန်ပြည်နယ်မှ ၁၃၀၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ၇၀၊ ပဲခူးတိုင်းဒေသကြီးမှ ၃၁၇ ဦး၊ မကွေးတိုင်းဒေသကြီးမှ ၁၈၁ ဦး၊ ရန်ကုန်တိုင်းဒေသကြီးမှ ၅၈ ဦး၊ မန္တလေးတိုင်းဒေသကြီးမှ ၇၄ ဦး၊ နေပြည်တော်မှ ၄၄ ဦး၊ ရှမ်းပြည်နယ်မှ ၃၉ ဦး၊ တနင်္သာရီတိုင်းဒေသကြီးမှ ခုနစ်ဦး၊ ရခိုင်ပြည်နယ်မှ ၁၀ ဦးနှင့် ဧရာဝတီတိုင်းဒေသကြီးမှ ၅၈ ဦး စုစုပေါင်း ၁၁၁၈ ဦး ဖြစ်ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

# မြန်မာကြက်တောင်အားကစားမယ် သက်ထားသူဇာ ပြိုင်ပွဲများ ပြန်လည်ယှဉ်ပြိုင်ရန် စီစဉ်



ရန်ကုန် မေ ၂၄

မြန်မာကြက်တောင်အားကစားမယ် သက်ထားသူဇာသည် ကမ္ဘာ့ကြက်တောင်အဖွဲ့ချုပ်က ပြိုင်ပွဲများ ပြန်လည်ကျင်းပတော့မည်ဖြစ်သောကြောင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ကမ္ဘာ့ကြက်တောင်အဖွဲ့ချုပ်သည် ကိုရိုနာဗိုင်းရပ်စ်ကြောင့် မတ်လမှ ဇူလိုင်အထိ ပြိုင်ပွဲများကျင်းပမှုကို ရပ်နားခဲ့ပြီး နှစ်ကုန်ပိုင်းတွင် ပြန်လည်ကျင်းပရန် မေ ၂၂ ရက်က အတည်ပြုထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ ကမ္ဘာ့ကြက်တောင်အဖွဲ့ချုပ်သည် ယခုနှစ်အတွင်းကျင်းပရန် စီစဉ်ထားသည့်ပြိုင်ပွဲများအနက် အချို့ပြိုင်ပွဲများကို ဖျက်သိမ်းခဲ့သော်လည်း ပြန်လည်ကျင်းပမည့်ပြိုင်ပွဲမှာ ၁၀ ခုဝန်းကျင်ရှိသလို အချို့ပြိုင်ပွဲများကိုလည်း ရက်ရွှေ့ဆိုင်းထားကာ ပြန်လည်ကျင်းပမည့်ကာလကို ထပ်မံအတည်ပြုမည်ဖြစ်သည်။ မြန်မာကြက်တောင်အားကစားမယ် သက်ထားသူဇာသည် မတ်လကတည်းက ပြိုင်ပွဲယှဉ်ပြိုင်မှုရပ်နားထားရပြီး ကမ္ဘာ့ကြက်တောင်အဖွဲ့ချုပ်က ကျင်းပမည့်ပြိုင်ပွဲများအပေါ် မူတည်၍ ဝင်ရောက်ယှဉ်ပြိုင်မည့်ပြိုင်ပွဲများကို ရွေးချယ်သွားမည်ဖြစ်သည်။ သက်ထားသူဇာသည် ဖေဖော်ဝါရီတွင် ကင်ညာနှင့် ယူဂန္ဒာနိုင်ငံ၌ ကျင်းပသည့် ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ပြီးနောက် ဥရောပနိုင်ငံများတွင် ပြိုင်ပွဲများဆက်လက်ယှဉ်ပြိုင်ရန် ထွက်ခွာခဲ့သော်လည်း ပြိုင်ပွဲများဖျက်သိမ်းမှုကြောင့် ပေါ်တူဂီနှင့် ချက်နိုင်ငံသို့ ရောက်ရှိပြီးမှ မြန်မာနိုင်ငံသို့ ပြန်လာရခြင်းဖြစ်သည်။ သက်ထားသူဇာသည် ၂၀၂၁ ခုနှစ်သို့ရွှေ့ဆိုင်းသွားသည့် တိုကျိုအိုလံပစ်ပြိုင်ပွဲဝင်ခွင့်ရရန် ဆက်လက်ကြိုးပမ်းသွားမည်ဖြစ်ပြီး ကမ္ဘာ့ကြက်တောင်အဖွဲ့ချုပ်က အိုလံပစ်ဝင်ခွင့်အတွက် သတ်မှတ်မည့် စည်းကမ်းအပေါ် မူတည်၍ ပြိုင်ပွဲများယှဉ်ပြိုင်သွားမည်ဖြစ်သည်။

သက်ထားသူဇာသည် ကိုရိုနာဗိုင်းရပ်စ်ကြောင့် ပြိုင်ပွဲများယှဉ်ပြိုင်ရခြင်းမရှိသော်လည်း လေ့ကျင့်မှုမပြတ်စေရန် တစ်ဦးချင်းလေ့ကျင့်မှုများ ပြုလုပ်လျက်ရှိသလို နည်းပြဖြစ်သူ ၎င်း၏ဖခင် ဦးထွန်းထွန်းဇော်ကလည်း လေ့ကျင့်ပေးလျက်ရှိသည်။

**ညီမြတ်သော်တာ၊ ဓာတ်ပုံ-ဖိုးသော်ဇင်**

❐ *ကျော့ဖုံးမှ*

မန်စီးတီးအသင်းနဲ့ စာချုပ်သက်တမ်းကုန်ဆုံးသွားရင်တော့ ဘာဖြစ်လာမလဲ ကြည့်ကြတာပေါ့။ အင်တာမီလန်အသင်းကို ကျွန်တော် ဘာမှ မပြောထားပါဘူး။ အကြောင်းက ရှင်းပါတယ်။ အဂူရိုက မန်စီးတီးအသင်းမှာ ပျော်နေပါတယ်၊ အသင်းပြောင်းဖို့ စိတ်ကူးမရှိသေးပါဘူး” ဟု ပြောသည်။

လွန်ခဲ့သည့်နှစ်က ၎င်း၏ ပရော်ဖက်ရှင်နယ် ကစားသမားဘဝကို အဆုံးသတ်ရန် ရည်ရွယ်ထားသော အာဂျင်တီးနားက ၎င်း၏ငယ်ဘဝကလပ် Independiente သို့ ပြန်လည်ပြောင်းရွှေ့ရေးနှင့်ပတ်သက်ပြီး “အာဂျင်တီးနားကို ပြန်လည်ပြောင်းရွှေ့ဖို့ အမြဲတမ်းကြိုးစားနေပါတယ်။ Independiente ပရိသတ်တွေ ဘာလိုချင်နေလဲဆိုတာ ကျွန်တော်သိပါတယ်။ ဒါပေမယ့် ကျွန်တော့်မှာ မန်စီးတီးအသင်းနဲ့ စာချုပ်သက်တမ်းကျန်ရှိနေသေးတယ်လေ။ အဲဒါကြောင့် ကျန်ရှိနေသေးတဲ့ ဒီနှစ်နှစ်အပေါ်မှာပဲ အာရုံစိုက်ဖို့ ကျွန်တော်ကြိုးစားမယ်” ဟု ပြောသည်။ ၎င်းသည် လာမည့်လတွင် ၃၂ နှစ်ပြည့်မည်ဖြစ်ပြီး မန်စီးတီးအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးသည့်အခါ အသက် ၃၃ နှစ်ပြည့်မည်ဖြစ်ကြောင်း သိရသည်။

၂၀၂၁ ခုနှစ် ဇန်နဝါရီတွင် စာချုပ်သက်တမ်းပြည့်သည့်အခါ အဂူရိုကို စာချုပ်သက်တမ်းတိုးရေးနှင့် ပတ်သက်ပြီး မန်စီးတီးနည်းပြ ဂွါဒီယိုလာကို မေးမြန်းရာတွင် အဂူရို၏ ဆုံးဖြတ်ချက်အပေါ်တွင်သာ မူတည်ကြောင်း ပြန်လည်ဖြေကြားခဲ့သည်။

အဂူရိုသည် ၂၀၁၁ ခုနှစ်တွင် အက်သလက်တီကိုမက်ဒရစ်အသင်းမှ မန်စီးတီးအသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာပြီး ပရီမီယာလိဂ်တွင် ၂၆၁ ပွဲ ပါဝင်ကစားထားကာ ဂိုး ၁၈၀ သွင်းယူပေးထားနိုင်ကြောင်း သိရသည်။ ထို့အပြင် မန်စီးတီးအသင်းအတွက် ပြိုင်ပွဲအရပ်ရပ်တွင်လည်း ၃၆၈ ပွဲ ပါဝင်ကစားထားပြီး ၂၅၄ ဂိုးသွင်းယူပေးထားနိုင်ကြောင်း မှတ်တမ်း များအရ သိရသည်။

**အောင်ဇော်**

# ဂျာမန်ဘွန်ဒက်စ်လီဂါ ပွဲစဉ်(၂၇) လိုက်ပ်ဇစ်တို့ မိန့်ဇ်ကို ဂိုးပြတ်အနိုင်ယူပြီး ဂျော်လ်ကေးတို့ အိမ်ကွင်းတွင် ဂိုးပြတ်ရှုံးနိမ့်

၂၀၁၉-၂၀၂၀ ခုနှစ် ဘောလုံးရာသီ ဂျာမန်ဘွန်ဒက်စ်လီဂါ ပွဲစဉ်(၂၇)မှ မေ ၂၄ရက် ယှဉ်ပြိုင်ကစားခဲ့သည့် မိန့်ဇ်နှင့် လိုက်ပ်ဇစ်ပွဲတွင် အဝေးကွင်း၌ ငါးဂိုး-ဂိုးမရှိ ဖြင့် လိုက်ပ်ဇစ်အသင်း ဂိုးပြတ်အနိုင်ရရှိခဲ့သည်။

ယင်းပွဲတွင် အိမ်ရှင်မိန့်ဇ်အသင်းသည် ၃-၄-၁-၂ ပုံစံဖြင့် ပွဲထွက်ခဲ့ပြီး ဧည့်သည် လိုက်ပ်ဇစ်အသင်းက ၄-၂-၂-၂ ကစားကွက်ဖြင့် ပွဲထွက်လာသည်။ ပထမပိုင်း ပွဲချိန် ၁၁မိနစ်တွင် ဝါနာ၊ ၂၃မိနစ်တွင် ပေါဆန်နှင့် ၃၆မိနစ်တွင် ဆာဘစ်ဇာတို့၏ သွင်းဂိုးများဖြင့် လိုက်ပ်ဇစ်အသင်း ပထမပိုင်းကို ဂိုးပြတ်ဦးဆောင်ထားနိုင်ခဲ့သည်။ ဒုတိယပိုင်း ပွဲအစ ၄၈မိနစ်တွင် လိုက်ပ်ဇစ်အတွက် စတုတ္ထမြောက်ဂိုးကို တိုက်စစ်မှူးဝါနာ က ထပ်မံသွင်းယူခဲ့ပြီး လိုက်ပ်ဇစ်အတွက် နောက်ဆုံးသွင်းဂိုးကို ဝါနာက ဟက်ထရစ်သွင်းဂိုးနှင့်အတူ သွင်းယူခဲ့ခြင်းဖြစ်သည်။

ယနေ့ပွဲတွင် ဝါနာသည် အကောင်းဆုံး ကစားသမားဖြစ်ခဲ့ပြီး ဘောလုံးပိုင်ဆိုင်မှုတွင် လိုက်ပ်ဇစ်က အသာစီးဖြင့် ယှဉ်ပြိုင်နိုင်ခဲ့ရာ ဂိုးကန်သွင်းခွင့် အကြိမ် ၂၀ မှ ၁၀ ကြိမ် ဂိုးပေါက်ခြိမ်းခြောက်နိုင်ခဲ့သည်။ အိမ်ရှင် မိန့်ဇ်အသင်း လေးကြိမ် ကန်သွင်းခွင့်ရခဲ့ပြီး တစ်ကြိမ်သာ ဂိုးပေါက်ခြိမ်းခြောက်နိုင်ခဲ့သည်။ ပွဲစဉ် (၂၇) ယှဉ်ပြိုင်အပြီးတွင် လိုက်ပ်ဇစ်သည် ရမှတ် ၅၄ မှတ်ဖြင့် အဆင့် ၃ တွင် ရပ်တည်နေကာ ဇယားထိပ်မှ ဘိုင်ယန်မြူးနစ်၏ ခုနစ်မှတ်ဖြတ်ထားခြင်းခံထားရပြီး အဆင့် ၂ မှ ဒေါ့မွန်နှင့် သုံးမှတ်ကွာဟနေသည်။

ဘွန်ဒက်စ်လီဂါ ပွဲစဉ်(၂၇)မှ တနင်္ဂနွေနေ့ အစောဆုံး ပွဲစဉ်တစ်ပွဲဖြစ်သော ရှော်လ်ကေးနှင့် အော့စ်ဘတ်ပွဲတွင် အိမ်ရှင်ရှော်လ်ကေးအသင်း သုံးဂိုးပြတ်ဖြင့် ရှုံးနိမ့်ခဲ့ရသည်။ စနေနေ့ည နောက်ဆုံးပွဲစဉ်တစ်ပွဲဖြစ်သော ဘိုင်ယန်မြူးနစ်နှင့် ဖရန့်ဖတ်ပွဲတွင် အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ပြီး အိမ်ရှင် ဘိုင်ယန်အသင်း ငါးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ **သီဟ**



# တွံတေးမြို့နယ်ရှိ တစ်ရှူးစက်ရုံ ဘွိုင်လာအိုး ပေါက်ကွဲ၍ အလုပ်သမား ငါးဦး ဒဏ်ရာများရရှိ



**နေပြည်တော် မေ ၂၄**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် တာဝကျေးရွာ၌ ရွှေဆံတော်ရပ်ကွက်နေ ဇေအောင်(၃၄ နှစ်)နှင့် ကျွန်းတောရပ်ကွက်နေ ဇော်မင်းဦး (၃၄ နှစ်)တို့ နှစ်ဦးပိုင်ဆိုင်သည့် တစ်ရှူးစက်ရုံတွင် မေ ၂၃ ရက် နံနက် ၁၀ နာရီခွဲက ဘွိုင်လာအိုးပေါက်ကွဲမှု ဖြစ်ပွားခဲ့သည်။

အဆိုပါ ဘွိုင်လာအိုးပေါက်ကွဲမှုကြောင့် အနီးရှိအလုပ်သမားများဖြစ်သည့် တာဝကျေးရွာနေ မြတ်မင်း (၁၉ နှစ်) အပါအဝင် ငါးဦးတွင် ရေနွေးပူလောင်ဒဏ်ရာများ ရရှိခဲ့သောကြောင့် ဇေအောင်နှင့် ဇော်မင်းဦးတို့ကို တွံတေးမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

# ပင်လောင်း၊ မိုးမိတ်၊ ရွာငံနှင့် တာချီလိတ်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၂၄**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၂၃ ရက် ညနေပိုင်းက ပင်လောင်းမြို့နယ် ပင်မွန်းကျေးရွာအုပ်စု ထိနဲ့ကျေးရွာနေ ဦးဆိုင်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ ကို လည်းကောင်း။

အလားတူ ယင်းနေ့မွန်းလွဲ ၂နာရီက မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုးမိတ်မြို့နယ် မိုးမိတ်-မန်တုံ ကားလမ်း ညောင်နီကျေးရွာအနီးတွင် ယောဆပ်မောင်းနှင်လာသည့် မော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေရာ ငွေကျပ်သိန်း ၃၃၆၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၈၀၀၀ နှင့် ဖုန်းတစ်လုံး တို့ကို လည်းကောင်း။

ထို့အတူ မေ ၂၂ ရက် မွန်းလွဲ ၃ နာရီခွဲက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ရွာငံမြို့နယ် အောင်ပန်း-ရွာငံ ကားလမ်း တပ်ကုန်းကျေးရွာအနီးတွင် Vigo အမျိုးအစား မော်တော်ယာဉ်ကို ရှာဖွေရန် ရပ်တန့်ခိုင်းစဉ် မောင်းနှင်ထွက်ပြေးသဖြင့် လိုက်လံဖမ်းဆီးရာ ရွာငံမြို့နယ် မြိုင်ကျေးရွာအုပ်စု ညောင်ကုန်းကျေးရွာအနီးတွင် ယာဉ်မောင်းအားမတွေ့ရှိဘဲ မော်တော်ယာဉ်အား ရပ်တန့်ထားသည်ကို တွေ့ရှိရသဖြင့် ငွေကျပ်သိန်း ၂၇၂၈၀ တန်ဖိုးရှိ အိုက်စ် ၁၂၄ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၂၄၈၀၀၀ တို့ကိုလည်းကောင်း။

အလားတူ မေ ၂၂ ရက် ညနေ ၅ နာရီခွဲက ဝမ်ပုံနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် မိုင်းဖုန်း(က)အုပ်စု ဟိုခိုကျေးရွာနေ မနန်းခမ်း၏နေအိမ်ကို ရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၆၄၀ နှင့် ထိုင်းဘတ်ငွေ ၁၃၀၀ တို့ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ ရဲပြန်ကြား



ရွာငံမြို့နယ်အနီး သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများအား တွေ့ရစဉ်။

# ဆိပ်ဖြူမြို့နယ်တွင် ဂက်စ်မီးခြစ် အပူလွန်ပေါက်ကွဲ မီးလောင်မှုကြောင့် နေအိမ်တစ်လုံး ဆုံးရှုံး

**ဆိပ်ဖြူ မေ ၂၄**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် ဇီးတော်ပင်ကျေးရွာတွင် မေ ၂၄ ရက် နံနက် ၁၁ နာရီ ၁၀ မိနစ်ခန့်က ဂက်စ်မီးခြစ် အပူလွန်ပေါက်ကွဲပြီး မီးလောင်မှုကြောင့် နေအိမ်တစ်လုံးဆုံးရှုံးကြောင်း သိရသည်။

ဆိပ်ဖြူမြို့နယ် ဇီးတော်ပင်ကျေးရွာနေ ဒေါ်ပိုက်(၆၇နှစ်)၏ နေအိမ် မီးဖိုထရံတွင် ထိုးထားသည့် ဂက်စ်မီးခြစ် အပူလွန်ပေါက်ကွဲပြီး မီးကူးစက်၍ နေအိမ်လောင်ခဲ့ခြင်းဖြစ်ရာ ကျေးရွာရှိ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံ ပြည်သူတို့၏ ဝိုင်းဝန်းငြှိမ်းသတ်မှုကြောင့် အခြားနေအိမ်များသို့ ကူးစက်ခြင်းမရှိဘဲ ငြှိမ်းသတ်နိုင်ခဲ့သည်။ မီးလောင်မှုကြောင့် နေအိမ်တစ်လုံး ဆုံးရှုံးခဲ့သဖြင့် ဒေါ်ပိုက်အား ဆိပ်ဖြူမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ကိုဇွဲ(အညာမြေ)**

# မြဝတီမြို့နယ်၌ ယာဉ်တိမ်းမှောက် အမျိုးသားနှစ်ဦး သေဆုံး

**နေပြည်တော် မေ ၂၄**

ကရင်ပြည်နယ် မြဝတီမြို့နယ် သဃ်န်းညီနောင်ကျေးရွာအနီး မြဝတီ-ကော့ကရိတ် ကားလမ်း မိုင်တိုင် ၁၆၀-၁၆၁ ကြားတွင် မေ ၂၃ ရက် ည ၂ နာရီ ၁၀ မိနစ်က ယာဉ်တိမ်းမှောက်မှုဖြစ်ကာ အမျိုးသားနှစ်ဦး သေဆုံးသွားကြောင်း သိရသည်။

ပြည်ကြီးတံခွန်မြို့နယ် စက်မှု(၂)နေ မျိုးကျော်သူ(၃၇နှစ်) မောင်းနှင်ပြီး မန္တလေးတိုင်းဒေသကြီး ဆယ်ကြီးကျေးရွာနေ နိုင်ဝင်းထွန်း (၂၂ နှစ်)တို့ လိုက်ပါလာသော 6K/-----၂၂ ဘီးယာဉ်သည် ကုန်းဆင်း၌ ဘရိတ်ပေါက်ကာ အရှိန်မထိန်းနိုင်ဘဲ လမ်း၏ ယာဘက်ခြမ်းသို့ ထိုးကျတိမ်းမှောက်ခဲ့သည်။ ယာဉ်တိမ်းမှောက်မှုကြောင့် မျိုးကျော်သူနှင့် နိုင်ဝင်းထွန်းတို့တွင် ဒဏ်ရာများရရှိကာ သေဆုံးခဲ့သောကြောင့် မျိုးကျော်သူအား သဃ်န်းညီနောင်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

# ကျောင်းကုန်းမြို့တွင် လေးရက်အတွင်း နှာခေါင်းစည်းမတပ်သူ ၇၈ ဦးအား အရေးယူ

**ကျောင်းကုန်း မေ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်တွင် နှာခေါင်းစည်း မတပ်သူများအား ယနေ့နံနက် ၈ နာရီကစ၍ ယခုဝယ်၊ ယခုတပ် အစီအစဉ်ဖြင့် ဒဏ်တပ်အရေးယူခဲ့ကြောင်း သိရသည်။

လူစည်ကားရာနေရာများတွင် ပူးပေါင်းအဖွဲ့ဖြင့်စစ်ဆေးခဲ့ရာ မေ၂၁ ရက်မှ ယနေ့အထိ နှာခေါင်းစည်းမတပ်သူ ၇၈ ဦးအား နှာခေါင်းစည်းသုံးခုလျှင် ငွေကျပ် ၃၀၀၀ နှုန်းဖြင့် ဝယ်ယူတပ်ဆင်ရန် ဒဏ်တပ်အရေးယူခဲ့ကြောင်း သိရသည်။ အဆိုပါ ပူးပေါင်းအဖွဲ့တွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မျိုးဝင်း ဦးဆောင်၍ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းရွှေ၊ မြို့နယ်စည်ပင်သာယာရေး အမှုဆောင်အရာရှိ ဦးကျော်စွာလင်းနှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးတင်ဝင်းတို့က လိုက်လံစစ်ဆေးအရေးယူခဲ့ကြောင်း သိရသည်။ **ဝင်းကြိုင်(ပြန်/ဆက်)**

# ကသာမြို့တွင် နှာခေါင်းစည်း မတပ်သူများအား အရေးယူ

**ကသာ မေ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့ အထကကျောင်းရှေ့တွင် မေ ၂၂ ရက်ကစ၍ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်တားဆီးနိုင်ရေးအတွက် နှာခေါင်းစည်းမတပ်သူများအား အရေးယူမှုများ စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပူးပေါင်းအဖွဲ့များဖြင့် မေ ၂၂ ရက်က ကသာမြို့ အ.ထ.က (၁)ကျောင်းရှေ့တွင် နှာခေါင်းစည်းတပ်ခြင်းမရှိဘဲ သွားလာသူ ၈၇ ဦးကို ကူးစက်ရောဂါ နှိမ်နင်းရေးဥပဒေပုဒ်မ(၁၅)အရ တစ်ဦးလျှင် ငွေကျပ် ၃၀၀၀ နှုန်းဖြင့် နှာခေါင်းစည်း ဝယ်ယူတပ်ရန်အတွက် မြို့နယ်တရားရုံးက သတ်မှတ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ အလားတူ အင်းတော်မြို့တွင်လည်း ဒဏ်တပ်အရေးယူမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **လူအောင်(ကသာ)**

## ပုသိမ်မြို့နယ်တွင် ရော်ဘာချပ်များအပူငွေ့ပြန်၍ မီးလောင်မှုဖြစ်ကာ ဂိုဒေါင်တစ်လုံး ဆုံးရှုံး

**နေပြည်တော် မေ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ကျွန်းလျှားရှည်ကုန်း ကျေးရွာတွင် မေ ၂၃ ရက် ညနေ ၆ နာရီ မိနစ် ၂၀ က မီးလောင်မှုဖြစ်ကြောင်း သိရသည်။

အဆိုပါကျေးရွာနေ မြင့်စိန် (၆၁နှစ်)သည် ၎င်း၏နေအိမ် အနောက်ဘက်ရှိ ဝါးဂိုဒေါင်အတွင်း၌ နေလှန်းထားသော ရော်ဘာချပ်များကို သိမ်းဆည်းပြီး နေအိမ်သို့ပြန်လာခဲ့ရာ မေ ၂၃ ရက် ည ၆ နာရီ ၁၅ မိနစ်က ရော်ဘာချပ်များမှ အပူငွေ့ပြန်၍ မီးလောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ မီးလောင်မှုကြောင့် ဝါးဂိုဒေါင်တစ်လုံး ဆုံးရှုံးခဲ့သဖြင့် မြင့်စိန်အား သလပ်ခွာနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

# မကွေးမြို့တွင် တစ်ရက်တည်း လက်နက်ဖြင့် ပြစ်မှုကျူးလွန်မှု သုံးမှုဖြစ်ကာ တစ်ဦးသေဆုံး

**မကွေး မေ ၂၄**

မကွေးမြို့တွင် မေ ၂၃ ရက် တစ်ရက်တည်း လက်နက်ဖြင့် ကျူးလွန်မှု သုံးခုဖြစ်ပွားကာ လူသေဆုံးသည်ထိ ဖြစ်ခဲ့ရသည့် ဓားခုတ်မှုမှ ကျူးလွန်သူအား ရဲတပ်ဖွဲ့က ဖမ်းဆီးစစ်ဆေးနေကြောင်း မကွေးမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်လွင်ထံမှ သိရသည်။

ယမန်နေ့က ဇော်ထက်လင်း(ခ)ဇော်ထက် ဆိုသူက ဖိုးအေး(ခ)မျိုးဝင်းထိုက်(၂၄ နှစ်)အား ကိုင်းခုတ်ဓားရှည်ဖြင့် ခုတ်သဖြင့် ဒဏ်ရာများဖြင့် သေဆုံးခဲ့ကြောင်း သိရသည်။ ပြစ်မှုကျူးလွန်သူ ဇော်ထက်လင်း(ခ)ဇော်ထက်အား မကွေးနယ်မြေရဲစခန်းက ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်း သိရသည်။

အလားတူ ယမန်နေ့က မကွေးမြို့တွင် ဓား၊ ကတ်ကြေး လက်နက်များဖြင့် ကျူးလွန်သည့် အမှုဖြစ်စဉ် နှစ်ခုရှိခဲ့ပြီး သိင်္ဂါရပ်ကွက်တွင် ဖြစ်ပွားခဲ့သည့် လက်နက်ဖြင့်ကျူးလွန်မှုများအား မကွေးမြို့မရဲစခန်း၌ အမှုရေးဖွင့် အရေးယူထားကြောင်း သိရသည်။

**ဇေယျာတု(မကွေး)**

# စစ်ကိုင်းနှင့် ပုသိမ်မြို့တို့တွင် ဒေသန္တရအမိန့် ဖောက်ဖျက်သူများအား အရေးယူထား

**စစ်ကိုင်း**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ မြို့သစ်ရပ်ကွက်၌ စစ်ကိုင်းခရိုင်ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၂၂ ရက် ည ၁ နာရီတွင် နယ်မြေအတွင်း လိုက်လံစစ်ဆေးဆောင်ရွက်နေစဉ် မြို့သစ်ရပ်ကွက်နေ လှမျိုး (၂၇နှစ်) နှင့် ဇော်မင်း(၄၁ နှစ်)တို့ နှစ်ဦးအား တွေ့ရှိရ၍ ညမထွက်ရ ဒေသန္တရအမိန့်ကို ဖောက်ဖျက်ကျူးလွန်သဖြင့် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ပုသိမ်**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ (၁၅)ရပ်ကွက်၌ ပုသိမ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၂၂ ရက် ည ၁ နာရီ မိနစ် ၂၀ တွင် (၁၅) ရပ်ကွက်နေ ကျော်လှ(၂၈ နှစ်)အား တွေ့ရှိရ၍ ညမထွက်ရ ဒေသန္တရအမိန့်ကို ဖောက်ဖျက်ကျူးလွန်သဖြင့် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

ရဲပြန်ကြား

# ဥရောပနိုင်ငံများအား ခရီးသွားလာခွင့်ပိတ်ပင်မှုက အမေရိကန်သို့ရောဂါဆွဲသွင်းလိုက်သလိုဖြစ်နိုင်ကြောင်း ဝါရှင်တန်ပို့စ်သတင်းဖော်ပြ

ဝါရှင်တန် မေ ၂၄

**အိမ်ဖြူတော်က ဥရောပနိုင်ငံများအား ခရီးသွားလာမှုဆိုင်ရာ ကန့်သတ်ချက်များ ချမှတ်လိုက်ခြင်းကြောင့် ကိုဗစ်-၁၉ ကူးစက်ရာ ဗဟိုချက်မသဖွယ်ဖြစ်သည့် ဥရောပတွင်ရောက်ရှိနေသည့် အမေရိကန်နိုင်ငံသားများကို အထိတ်တလန့်ဖြစ်စေကာ အမေရိကန်ပြည်ထောင်စုအတွင်းသို့ ကူးစက်ရောဂါကို ဆွဲသွင်းရာရောက်စေနိုင်ကြောင်း သည်ဝါရှင်တန်ပို့စ်သတင်းစာက မေ ၂၃ ရက်တွင် ဖော်ပြခဲ့သည်။**

ပြီးခဲ့သည့် မတ်လအတွင်း ဥရောပမှ ခရီးသွားလာသူများအား ရက်၃၀ကြာ ခရီးသွားလာခွင့်ပိတ်ပင်မှု ပြုလုပ်လိုက်ပြီးနောက် အမေရိကန်ရှိ လေဆိပ်များတွင် လူများဖြင့်ပြည့်သိပ်ကျပ်ညှပ်နေပြီး အပူချိန်တိုင်းတာစစ်ဆေးမှုကို သေချာစွာမလုပ်ဆောင်နိုင်ခဲ့ဘဲ သာမန်ကာလျှံကာ လုပ်ဆောင်ခဲ့ရမှုကို သည်ဝါရှင်တန်ပို့စ်သတင်းစာက ကိုးကားဖော်ပြခဲ့သည်။

မတ်လ ၁၁ ရက်က သမ္မတထရမ့်သည် ဥရောပနိုင်ငံပေါင်း ၂၀ ကျော်ကို အမေရိကန်သို့ ရက်ပေါင်း ၃၀ ကြာ ခရီးသွားလာခွင့် ပိတ်ပင်ကြောင်း ကြေညာခဲ့သည်။ ခရီးသွားလာခွင့်ပိတ်ပင်မှုက အမေရိကန်နိုင်ငံသားများအပေါ် သက်ရောက်ခြင်းမရှိခဲ့ပေ။

အဆိုပါ ကြေညာချက်ကြောင့် ဥရောပ၌ ပညာသင်ကြားနေသည့် ကျောင်းသားများ အပါအဝင် အမေရိကန်နိုင်ငံသား အများစုက အမေရိကန်သို့ ပြန်လာရန်ဆုံးဖြတ်လိုက်ကြသည်။

၎င်းတို့သည် ဥရောပမှ အမေရိကန်သို့ အလုံးအရင်းပြန်ဝင်လာခဲ့ကြပြီး ရက်သတ္တပတ်များစွာကြာအောင် ကျန်းမာရေးစစ်ဆေးမှုခံယူခဲ့ရခြင်းမရှိကြောင်း သည်ဝါရှင်တန်ပို့စ်သတင်း၌ ဖော်ပြထားသည်။

ပြီးခဲ့သည့်လက နယူးယောက်ပြည်နယ်အုပ်ချုပ်ရေးမှူး အန်ဒရူးကူအိုမိုက ကိုဗစ်- ၁၉ ကူးစက်မှုကို ထိန်းချုပ်ရာတွင် အစိုးရ၏ တုံ့ပြန်ဆောင်ရွက်မှု အားနည်းမှုကိုပြစ်တင်ဝေဖန်ခဲ့သည်။

**ဆင်ဟွာ**




နယူးယောက်မြို့ရှိ ဂျွန်အက်ဖ်ကနေဒီ နိုင်ငံတကာလေဆိပ်၌ ခရီးသည်များကို တွေ့ရစဉ်။



ငွေကြေးအလွဲသုံးစားပြုလုပ်မှုဖြင့် တရားစွဲဆိုခံထားရသည့် နစ်ဆန်းအမှုဆောင်ချုပ်ဟောင်း ကားလို့ဂွန်းစ်

# ကားလို့ဂွန်းစ် ထွက်ပြေးတိမ်းရှောင်မှုနှင့် ဆက်နွှယ်နေသည်ဟု စွပ်စွဲထားသည့် ငွေကြေးလွှဲပြောင်းမှုများထွက်ပေါ်

**တိုကျို မေ ၂၄**

နစ်ဆန်းမော်တော်ကား ကုမ္ပဏီ အမှုဆောင်ချုပ်ဟောင်း ကားလို့ဂွန်းစ် ဂျပန်နိုင်ငံမှလက်ဘနွန်သို့ ထွက်ပြေးတိမ်းရှောင်ခဲ့မှုနှင့် ဆက်စပ်နေသည်ဆိုသော သံသယရှိဖွယ် ငွေကြေးလွှဲပြောင်းမှုများ ထွက်ပေါ်လာမှုကို တူရကီသတင်း မီဒီယာများက ဖော်ပြလျက်ရှိကြောင်း သိရသည်။

ကားလို့ဂွန်းစ်သည် ငွေကြေးအလွဲသုံးစားပြုလုပ်မှုဖြင့် ဖမ်းဆီးအရေးယူခံခဲ့ရပြီးနောက် တိုကျို၌ အာမခံဖြင့်နေထိုင်ခဲ့ကာ ပြီးခဲ့သည့် ဒီဇင်ဘာလတွင် လေယာဉ်တစ်စင်းဖြင့် ဂျပန်မှ တိတ်တဆိတ်ထွက်ခွာသွားခဲ့သည်။ ထို့နောက် ၎င်းသည် တူရကီနိုင်ငံသို့ရောက်ရှိခဲ့ကာ ထိုမှတစ်ဆင့် လက်ဘနွန်နိုင်ငံသို့ ထွက်သွားခဲ့သည်။

ယခုလအစောပိုင်းက တူရကီ စုံစမ်းစစ်ဆေးရေး အာဏာပိုင်များသည် အစ္စတန်ဘူလ်အခြေစိုက် အမ်အင်န်ဂျီ လေကြောင်းလိုင်းမှ မန်နေဂျာတစ်ဦးနှင့် လေယာဉ်မှူးလေးဦးအပါအဝင် လူခုနစ်ဦးကို ရွှေ့ပြောင်းနေထိုင်သူ တစ်ဦးအား လူမှောင်ခိုတင်သွင်းခဲ့မှုဖြင့် တရားစွဲဆို ခဲ့ကြောင်း သိရသည်။

စွပ်စွဲချက်တွင် ပြီးခဲ့သည့် အောက်တိုဘာလမှ ဒီဇင်ဘာလအတွင်း အဆိုပါမန်နေဂျာ၏ ဘဏ်စာရင်းထဲသို့ ငွေကြေးလွှဲပြောင်းမှု ၁၁ ကြိမ်အထိရှိခဲ့ပြီး အမေရိကန်ဒေါ်လာ ၃၀၀၀၀၀ အထိလွှဲပြောင်းမှုရှိခဲ့ကြောင်း တူရကီသတင်းမီဒီယာများတွင် ဖော်ပြထားသည်။

အဆိုပါငွေကြေးများ ကားလို့စ်ဂွန်းထံမှ ရောက်ရှိလာခြင်း ဟုတ်၊ မဟုတ်ကို လာမည့်ဇူလိုင်လတွင် စတင်စစ်ဆေးမည့်တရားခွင်၌ စုံစမ်းစစ်ဆေးသူများက အဆိုပါ မန်နေဂျာကို မေးခွန်းထုတ်မည်ဟု မျှော်လင့်ရကြောင်း တူရကီသတင်းမီဒီယာများ၏ ဖော်ပြချက်အရ သိရသည်။

**အင်န်အိတ်ချ်ကေ**

## ဂျပန်အစိုးရက နိုင်ငံတစ်ဝန်း အရေးပေါ်အခြေအနေကြေညာထားမှုကို ဖယ်ရှားမည်

**တိုကျို မေ ၂၄**

ဂျပန်နိုင်ငံရှိ ခရိုင်ငါးခုတို့တွင် ဆက်လက်ချမှတ်ထားသည့် အရေးပေါ်အခြေအနေကြေညာထားမှုကို အစိုးရကရုပ်သိမ်းရန် ဆုံးဖြတ်ချက်ချလိုက်ပြီဖြစ်ကြောင်း သိရသည်။

ယင်းကိစ္စနှင့်ပတ်သက်၍ အစိုးရက မေ ၂၅ ရက်တွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုဆိုင်ရာ အကြံပေးရေးအဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းရန် စီစဉ်ထားကြောင်း သိရသည်။

ကပ်ရောဂါဖြစ်ပွားမှုကြောင့် အစိုးရက အရေးပေါ်အခြေအနေကြေညာခဲ့ပြီးနောက်တွင် ကန့်သတ်ချက်များကို ဖြည်းဖြည်းချင်း ဖြေလျှော့ပေးခဲ့သည်။ အရေးပေါ်အခြေအနေကြေညာချက်အောက်တွင် ဆက်လက်ကျန်ရှိနေသေးသည့် ခရိုင်ငါးခုမှာ တိုကျို၊ တိုကျိုအနီးအနားရှိ ဧရိယာများနှင့် မြောက်ပိုင်းရှိ ဟော့ကိုင်းဒိုးခရိုင်တို့ဖြစ်သည်။

ဂျပန်ဝန်ကြီးချုပ်ရှင်ဇိုအာဘေးသည် အဆိုပါခရိုင်ငါးခုတို့၌ ဆေးဝါးကုသမှုဆိုင်ရာ အခြေအနေများ၊ ရောဂါကူးစက်မှုအခြေအနေများနှင့်ပတ်သက်၍ အစိုးရဝန်ကြီးများအဖွဲ့အကြီးအကဲ ယိုရှီဟီဒီစူဂါ၊ ကျန်းမာရေးဝန်ကြီး ခါတို ခတ်ဆုနိုဘူနှင့် စီးပွားရေး ပြန်လည်အားအင်ဖြည့်တင်းရေးဝန်ကြီး နီရှီမူရာ ယာစူတိုရှီတို့နှင့် မေ ၂၄ ရက်က တွေ့ဆုံဆွေးနွေးခဲ့သည်။

ရရှိသည့် သတင်းအချက်များအပေါ်မူတည်ကာ ဝန်ကြီးများက ရောဂါကူးစက်ခံရသည့် အရေအတွက် ကျဆင်းမှုအခြေအနေနှင့် ဆေးကုသမှုဆိုင်ရာ တိုးတက်မှုအခြေအနေများကို ဆွေးနွေးခဲ့ကြသည်။ အစိုးရက ပြီးခဲ့သည့် ဧပြီ ၇ ရက်က စတင်အသက်ဝင်ခဲ့သည့် တစ်နိုင်ငံလုံး အရေးပေါ်အခြေအနေကြေညာချက်ကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အပြီးဖယ်ရှားနိုင်ရေး စီစဉ်လျက်ရှိကြောင်း သိရသည်။

အကြံပေးအဖွဲ့နှင့် ဆွေးနွေးတိုင်ပင်ခဲ့ပြီးနောက် ယင်းအစီအစဉ်ကို အစိုးရ၏ ကိုဗစ် -၁၉ တိုက်ဖျက်ရေးလုပ်ငန်းဆောင်ရွက်မှုအဖွဲ့က မေ ၂၅ ရက်တွင် အပြီးသတ်လုပ်ဆောင်မည်ဖြစ်ကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

**အင်န်အိတ်ချ်ကေ**

## ကပ်ရောဂါ ထိန်းချုပ်ရေး အကူအညီပေးရန် တရုတ်ဆေးပညာရှင်အဖွဲ့ ကွန်ဂိုနိုင်ငံသို့ ရောက်ရှိ

**ဘရာဇာဗီးလ် မေ ၂၄**

ကပ်ရောဂါထိန်းချုပ်ရေး ဆောင်ရွက်ရာတွင် အကူအညီပေးရန် တရုတ်နိုင်ငံမှစေလွှတ်လိုက်သည့် ဆေးဘက်ပညာရှင်များပါဝင်သောအဖွဲ့တစ်ဖွဲ့သည် မေ ၂၃ ရက်က ကွန်ဂိုသမ္မတနိုင်ငံ မြို့တော်ဘရာဇာဗီးလ်သို့ ရောက်ရှိခဲ့ကြောင်း သိရသည်။

**မွမ်းမံသင်တန်းပို့ချ**

တရုတ်ဆေးဘက်ပညာရှင်များအဖွဲ့သည် ဒေသဆေးဘက်ဆိုင်ရာဝန်ထမ်းများအား ရောဂါစစ်ဆေးမှု၊ လက်တွေ့ကုသမှုနှင့် ပြုစုစောင့်ရှောက်ရေးဆိုင်ရာများကို မွမ်းမံသင်တန်းပို့ချပေးရန် ရောက်ရှိလာခဲ့ကြောင်းသိရသည်။

**လမ်းညွှန်ဆောင်ရွက်ပေးမည်**

ထို့ပြင် ဆေးဘက်ပညာရှင်အဖွဲ့သည် ကပ်ရောဂါထိန်းချုပ်ရေးစနစ်၊ ရောဂါစစ်တမ်းကောက်ယူမှု၊ အနီးကပ်ထိတွေ့မှုရှိသူများအား စိစစ်ကာ သီးခြားကန့်သတ်စောင့်ကြည့်မှုများနှင့် စပ်လျဉ်း၍ လမ်းညွှန်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

# အိန္ဒိယမိုးလေဝသဌာနက အပူလှိုင်းကျရောက်နိုင်မှု သတိပေးချက်ထုတ်ပြန်

**နယူးဒေလီ မေ ၂၄**

အိန္ဒိယနိုင်ငံရှိ နေရာဒေသအများအပြားတို့တွင် ဖြစ်ပွားနေသည့် အပူလှိုင်းကျရောက်မှုသည် လာမည့် မေ ၂၅ ရက်မှ ၂၇ ရက်အထိ အချိန်အတွင်း ပိုမိုပြင်းထန်လာနိုင်ကြောင်း အိန္ဒိယမိုးလေဝသဌာနက ခန့်မှန်းခဲ့သည်။

လာမည့် နောက်ထပ် ငါးရက်ကြာသည်အထိ နိုင်ငံအနောက်မြောက်ပိုင်း၊ အလယ်ပိုင်းနှင့် အိန္ဒိယကျွန်းဆွယ်တို့တွင် ပြင်းထန်သည့်အပူလှိုင်း ကျရောက်မှုအခြေအနေသို့ ရောက်ရှိလာနိုင်ကြောင်း အိန္ဒိယမိုးလေဝသဌာနက သတိပေးနှိုးဆော်ချက်ထုတ်ပြန်ခဲ့သည်။

ပြီးခဲ့သည့် နှစ်ရက်အတွင်း ခြောက်သွေ့သည့်လေသည် အနောက်မြောက်တစ်ခွင်နှင့် အိန္ဒိယအလယ်ပိုင်းဆီ တိုက်ခတ်ခဲ့ကာ နောက်ထပ်လေးရက် သို့မဟုတ် ငါးရက်ကြာသည်အထိ ဆက်လက်တိုက်ခတ်နိုင်ဖွယ်ရှိသေးကြောင်း၊ ယင်းအခြေအနေကြောင့် အပူလှိုင်းကျရောက်မှုသည် ပိုမိုပြင်းထန်သည့်အပူလှိုင်းအဖြစ်သို့ ရောက်ရှိလာနိုင်ကြောင်း သိရသည်။

တောင်ပိုင်းအိန္ဒိယကျွန်းဆွယ်တွင် မိုးရွာသွန်းမှု သိသိသာသာလျော့နည်းသွားခဲ့ပြီး အဆိုပါဒေသရှိနေရာဒေသအစိတ်အပိုင်းများတွင် အပူလှိုင်းကျရောက်မှုကို ပိုမိုအားကောင်းလာစေခဲ့ကြောင်း အိန္ဒိယမိုးလေဝသဌာနက ဖော်ပြခဲ့သည်။

ပန်ဂျပ်ပြည်နယ်၊ ဟာယန၊ ဒေလီနှင့် ရာဂျက်စသန်တို့တွင် မေ ၂၄ ရက်မှစတင်ကာ အဝါရောင်အဆင့်သတိပေးချက် စတင်သက်ရောက်ခဲ့သည်။ သို့ရာတွင် အိန္ဒိယအရှေ့မြောက်ပိုင်း၌ လာမည့် မေ ၂၅ ရက်မှ ၂၇ ရက်အထိအတောအတွင်း မိုးသည်းထန်စွာရွာသွန်းဖွယ်ရှိကြောင်း မိုးလေဝသဌာနက ခန့်မှန်းထားသည်။

**အေအက်ဖ်ပီ**



## စပိန်နိုင်ငံသို့ ဇူလိုင်လအတွင်း ခရီးသွားများပြန်လည်ဝင်ရောက်နိုင်မည်

**မက်ဒရစ် မေ ၂၄**

စပိန်နိုင်ငံသည် နယ်စပ်တံခါးများကို ဇူလိုင်လအတွင်း ပြန်လည်ဖွင့်လှစ်ပေးတော့မည်ဖြစ်သည့်အတွက် ခရီးသွားများ ပြန်လည်ဝင်ရောက်လည်ပတ်နိုင်မည်ဟု သိရသည်။ ခရီးသွားလုပ်ငန်းများ ပြန်လည်စတင်နိုင်ရေးအတွက် ခရီးသွားလုပ်ငန်းကို ပြင်ဆင်မှုများပြုလုပ်ထားရန် လိုအပ်သည်ဟု စပိန်ဝန်ကြီးချုပ် ပီဒရိုဆန်ချက်ဇ်က သတင်းထောက်များကို ပြောကြားခဲ့သည်။

စပိန်နိုင်ငံတွင် ကိုဗစ် -၁၉ ကူးစက်မှုမြင့်မားခဲ့စဉ်က တစ်နေ့တည်းတွင် ကူးစက်ခံရသူ ၉၀၀၀ အထိရှိခဲ့ပြီး မကြာသေးမီရက်များအတွင်း ကူးစက်ခံရသူအရေအတွက် ၅၀၀ အောက်သို့ ကျဆင်းလာခဲ့သည်။ အာဏာပိုင်များသည်လည်း ကန့်သတ်မှုများကို တဖြည်းဖြည်းချင်း ဖြေလျှော့မှုများ ပြုလုပ်ပေးနေသည်။

တစ်စုံတစ်ခုသော အတိုင်းအတာအောက်တွင် မက်ဒရစ်နှင့် ဘာစီလိုနာတို့မှ ဟိုတယ်နှင့်စားသောက်ဆိုင်များ မေ ၂၅ ရက်မှစတင်ကာ ပြန်ဖွင့်ခွင့်ရမည်ဖြစ်သည်။ မကြာသေးမီနှစ်များအတွင်း စပိန်နိုင်ငံသို့ နှစ်စဉ် ခရီးသွား ၈၂ သန်း လာရောက်လည်ပတ်ကြကြောင်း သိရသည်။

နိုင်ငံတွင် အသွားအလာပိတ်ဆို့ကန့်သတ်မှုများ ပြုလုပ်ပြီးသည့်နောက် ခရီးသွားလုပ်ငန်းကို ဆိုးရွားစွာ ထိခိုက်စေခဲ့ရသည်။ အခြားသော ဥရောပနိုင်ငံများသည်လည်း နွေရာသီခရီးသွားရာသီအတွင်း စပိန်နိုင်ငံနည်းတူ လှုပ်ရှားမှုများပြုလုပ်သွားရန် စီစဉ်နေကြသည်။

အီတလီနိုင်ငံသည် ဇွန် ၃ ရက်မှစတင်ကာ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများမှ ခရီးသွားများကို လက်ခံသွားမည်ဟု ကြေညာခဲ့သည်။

ဂရိနိုင်ငံသည် ဇူလိုင်လအတွင်း ရှုခင်းများဖြင့် ခရီးသွားများသွားရောက်လည်ပတ်မည့်နေရာများသို့ လေယာဉ်တိုက်ရိုက်ပြေးဆွဲမှုများ ပြုလုပ်သွားရန် ခွင့်ပြုသွားမည်ဟု ကြေညာခဲ့သည်။

**အင်န်အိတ်ချ်ကေ**



စပိန်နိုင်ငံ မာလာဂါမြို့ရှိ ကမ်းခြေတစ်ခုတွင် အပန်းဖြေလာရောက်ကြသူများကို တွေ့ရစဉ်။



အိန္ဒိယနိုင်ငံတွင် မုန်တိုင်းအမ်ဖန်ကြောင့် အပျက်အစီးများကို တွေ့ရစဉ်။

## မုန်တိုင်းဒဏ်ခံရသည့် ဘင်္ဂလားဒေ့ရှ်နှင့် အိန္ဒိယတို့ကို ပါကစ္စတန်က ဝမ်းနည်းကြောင်းပြော

**အစ္စလာမ္မာဘတ် မေ ၂၄**

ဆိုင်ကလုန်းမုန်တိုင်း အမ်ဖန်ကြောင့် ဘင်္ဂလားဒေ့ရှ်နှင့် အိန္ဒိယနိုင်ငံတို့တွင် လူ့အသက်ဆုံးရှုံးမှုများနှင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်အတွက် မေ ၂၄ ရက်တွင် ပါကစ္စတန်နိုင်ငံက ဝမ်းနည်းကြောင်းစကားပြောခဲ့သည်။

ဆိုင်ကလုန်းမုန်တိုင်း အမ်ဖန်ကြောင့် ပြီးခဲ့သည့်ရက်ပိုင်းအတွင်း ဘင်္ဂလားဒေ့ရှ်နှင့် အိန္ဒိယနိုင်ငံတို့မှ လူပေါင်းထောင်နှင့်ချီ၍ ရွှေ့ပြောင်းမှုများပြုလုပ်ခဲ့ရသည်။

ဘင်္ဂလားဒေ့ရှ်နှင့် အိန္ဒိယနိုင်ငံတို့တွင် အမ်ဖန်ကြောင့် ပျက်စီးဆုံးရှုံးမှုများ၊ သေဆုံးမှုများ ပေါ်ပေါက်ခဲ့ရာ ယင်းအတွက် ပါကစ္စတန်အစိုးရနှင့် ပြည်သူတို့က ထပ်တူဝမ်းနည်းရကြောင်း ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့သည်။

ပျက်စီးဆုံးရှုံးသွားရသည့် မိသားစုများအတွက် ထပ်တူဝမ်းနည်းရကြောင်း၊ မုန်တိုင်းဒဏ်ခံဒေသတွင် အမြန်ဆုံး ပြန်လည်ထူထောင်နိုင်ရေး ဆုမွန်ကောင်းတောင်းလျက်ရှိကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ပါရှိသည်။

မေ ၂၃ ရက်ကလည်း ပါကစ္စတန်နိုင်ငံမှ ခရီးသည်တင်လေယာဉ် ပျက်ကျမှုအတွက် ဝမ်းနည်းကြောင်း အိန္ဒိယဝန်ကြီးချုပ် မိုဒီက ပြောကြားခဲ့သည်။

လေယာဉ်ပျက်ကျမှုတွင် ပါဝင်သွားသူများ၏ မိသားစုဝင်များနှင့် ထပ်တူဝမ်းနည်း ကြေကွဲရကြောင်း မိုဒီက တွစ်တာပေါ်တွင် ရေးသားခဲ့သည်။ ၂၀၁၉ ခုနှစ် ဩဂုတ်လအတွင်း အိန္ဒိယဘက်မှ ထိန်းချုပ်ထားသည့် ကက်ရှ်မီးယားဒေသကို အထူးအခွင့်အရေးပေးထားမှု ပြန်လည်ရုပ်သိမ်းပြီးသည့် နောက်ပိုင်းတွင် ပါကစ္စတန်နှင့် အိန္ဒိယတို့အကြား ဆက်ဆံရေး ဆိုးရွားလာခဲ့သည်။

အိန္ဒိယအစိုးရ၏ ဆုံးဖြတ်ချက်သည် ကုလသမဂ္ဂဆုံးဖြတ်ချက်များကို ချိုးဖောက်ရာရောက်ပြီး တရားမဝင်ဟု ပါကစ္စတန်ဘက်က တုံ့ပြန်ခဲ့သည်။

**ဆင်ဟွာ**

## အမေရိကန်တွင် ကိုဗစ် -၁၉ ကြောင့် သေဆုံးရသူများ၏ အမည်ကို နယူးယောက်တိုင်းမ်သတင်းစာ ရှေ့မျက်နှာဖုံးတွင် အပြည့်ဖော်ပြ

ဝါရှင်တန် မေ ၂၄

**အမေရိကန်ပြည်ထောင်စုတွင် ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ တစ်သိန်းနား နီးကပ်လာပြီဖြစ်ရာ ဆိုးရွားလှသည့် သမိုင်းမှတ်တိုင်အဖြစ် နယူးယောက်တိုင်းမ်သတင်းစာ ရှေ့မျက်နှာဖုံးတွင် သေဆုံးသူများ၏အမည်ကို မျက်နှာပြည့် ဖော်ပြထားခဲ့သည်။ သေဆုံးသူပေါင်း ၁၀၀၀ ၏အမည်များကို ဖော်ပြထားခဲ့သည်။**


ယင်းပမာဏသည်သေဆုံးသူများ၏ ၁ ရာခိုင်နှုန်းသာရှိသေးသည်ဟု နယူးယောက်တိုင်းမ်သတင်းစာက ပြောကြားခဲ့သည်။ နယူးယောက်တိုင်းမ်သတင်းစာ၏ ရှေ့မျက်နှာဖုံးတစ်ခုလုံးတွင် ဓာတ်ပုံများ၊ ကြော်ငြာများ တစ်ခုတလေပင်မပါဝင်ဘဲ သေဆုံးသူများ၏အမည်စာရင်းကိုသာ ဖော်ပြထားခဲ့သည်။

အမေရိကန် ပြည်ထောင်စုသည် ကိုဗစ် - ၁၉ ကူးစက်မှုနှင့် သေဆုံးမှုတို့တွင် အဆိုးရွားဆုံးဖြစ်နေသည်။ မေ ၂၃ ရက်အထိ အမေရိကန်တွင် လူပေါင်း ၉၇၀၄၈ သေဆုံးခဲ့ရပြီး ဖြစ်ကာ ကူးစက်ခံရသူ ၁ ဒသမ ၆ သန်း ရှိခဲ့သည်။

နယူးယောက်တိုင်းမ်က ဖော်ပြခဲ့သည့် ကိုဗစ် -၁၉ ကြောင့် သေဆုံးသူများစာရင်းတွင် ဂရမ်မီဆုရှင် ပါဝင်သလို ဟားဗတ်တက္ကသိုလ်မှ ဥပဒေပညာရပ်ဖြင့် ဘွဲ့ရခဲ့သည့် ပထမဆုံး လူမည်းအမျိုးသမီးတို့၏ နာမည်လည်း ပါဝင်သည်။

အမေရိကန်သမ္မတ ထရမ့်သည် နိုဝင်ဘာလ ရွေးကောက်ပွဲအတွက် ၎င်းပြန်လည် ရွေးကောက်ခံရရေး မျှော်လင့်လျက်ရှိပြီး အဆမတန်များပြားလာသည့် အလုပ်လက်မဲ့ဦးရေကို လျှော့ချနိုင်ရေးအတွက် ကိုဗစ် - ၁၉ ကြောင့် ပိတ်ထားရသည့် စီးပွားရေးလုပ်ငန်းများကို ပြန်လည်စတင်ရန် ဖိအားများပေးလျက်ရှိသည်။

**အေအက်ဖ်ပီ**




နယူးယောက်တိုင်းမ်သတင်းစာတွင် ကိုဗစ် – ၁၉ ကြောင့် သေဆုံးသူများ၏အမည် ဖော်ပြထားသည်ကို တွေ့ရစဉ်။

## အစ္စရေးနိုင်ငံ၏ သက်တမ်းအရှည်ဆုံးဝန်ကြီးချုပ် အကျင့်ပျက်ခြစားမှု စွပ်စွဲချက်ဖြင့် တရားရင်ဆိုင်ရမည်

**ဂျေရုဆလင် မေ ၂၄**

အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟု၏ ကာလရှည်ကြာဆိုင်းငံ့ထားသည့် တရားခွင်ကို မေ ၂၄ ရက် ဒေသစံတော်ချိန် ညနေ ၃ နာရီတွင် စတင်ပြီး ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ရင်း တရားရုံးတွင်အမှုရင်ဆိုင်ရသည့် ပထမဆုံးဝန်ကြီးချုပ် ဖြစ်လာခဲ့သည်။

ဂျေရုဆလင်ခရိုင်တရားရုံးတွင် အကျင့်ပျက်ခြစားမှုနှင့် ပတ်သက်သည့် ကြားနာစစ်ဆေးမှုကို မစ္စတာနေတန်ယာဟုရင်ဆိုင်ရမည်ဖြစ်ကြောင်း၊ အဖွင့်ကြားနာမှုကို ကျော်လွှားပေးရန် နေတန်ယာဟု၏ တောင်းဆိုချက်ကို တရားသူကြီး သုံးဦးက ပယ်ချခဲ့ကြောင်း သိရသည်။

ထို့ပြင် နေတန်ယာဟုကို လာဘ်ယူမှု၊ လိမ်ညာမှု၊ ယုံကြည်မှု ဖောက်ဖျက်မှုတို့ဖြင့် တရားစွဲဆို ခံထားရခြင်းဖြစ်ကာ အစ္စရေးနိုင်ငံ၏ လုပ်ထုံးလုပ်နည်းအရ ၎င်းတို့နှင့်ပတ်သက်ပြီး နားလည်ထားကြောင်း မစ္စတာ နေတန်ယာဟုက ကြေညာရမည်ဖြစ်သည်။

**ပီတီအိုင်**

## ကျိုတိုမြို့ရှိ ခရီးသွားများ လည်ပတ်ရာနေရာများတွင် ဆိုင်များပြန်လည်ဖွင့်

**ကျိုတို မေ ၂၄**

ကျိုတိုမြို့ အာရာရှီရာမာခရိုင်တွင် ခရီးသွားများ အဓိကလာရောက်လည်ပတ်ရာနေရာများ၌ အမှတ်တရပစ္စည်း အရောင်းဆိုင်များနှင့် စားသောက်ဆိုင်များ ပြန်ဖွင့်နေပြီဖြစ်ကြောင်း သိရသည်။

ယင်းခရိုင်အတွင်းရှိ စီးပွားရေးဆိုင်ရာကန့်သတ်ချက်များ ဖြေလျှော့ပေးပြီးနောက် ဈေးဆိုင်များ ပြန်လည်ဖွင့်လှစ်ကြခြင်းလည်း ဖြစ်သည်။

ခက်ဆူရာမြစ်ပေါ်တွင် ဆောက်လုပ်ထားသည့် တိုဂတ်ဆုကျိုတံတား ဧရိယာတစ်ဝိုက်တွင် နှာခေါင်းစည်း တပ်ဆင်ထားသည့် ခရီးသွားများနှင့် ဒေသခံအချို့ကို တွေ့ရှိရသည်။

ရေပေါ်လှေစားသောက်ဆိုင်များမှာ ရက်ပေါင်း ၄၀ အတွင်း ပထမဆုံးအကြိမ်ပြန်ဖွင့်ခြင်းလည်းဖြစ်ကြောင်း၊ လှေပေါ်တွင် ခရီးသည်များသည် လှေမောင်းသူနှင့် ၂ မီတာ အကွာတွင် ထိုင်ရမည်ဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# ကူးစက်နှုန်းအဆမတန်မြင့်လာတဲ့ ဘရာဇီးနဲ့ စီးပွားရေးပြန်စဖို့ တာစူနေပြီဖြစ်တဲ့ အမေရိကန်

*ခြူးစန္ဒီငွေး*

တရုတ်နိုင်ငံ ဝူဟန်မြို့မှာ စတင်ဖြစ်ပွားခဲ့တဲ့ ကိုဗစ် -၁၉ ဗိုင်းရပ်စ်ဟာ တရုတ်နိုင်ငံအတွင်းကူးစက်မှုလျော့ကျသွားပြီးတဲ့နောက် ဥရောပဟာ ကူးစက်ခံရမှု ဗဟိုချက်မ ဖြစ်လာခဲ့ပါတယ်။ အီတလီ၊ စပိန်နဲ့ ပြင်သစ်နိုင်ငံတို့ဟာ ဥရောပမှာ ကိုဗစ် -၁၉ ကူးစက်မှု အဆိုးဆုံးဒဏ်ခံရတဲ့ နိုင်ငံတွေပါပဲ။ အဲဒီနောက်ပိုင်းမှာတော့ ကိုဗစ် -၁၉ ကူးစက်မှု ဗဟိုချက်မနေရာဟာ အမေရိကန်ဖြစ်သွားပြန်တယ်။ ဒီလိုနဲ့ အမေရိကန်ဟာ ကူးစက်ခံရမှုနှင့်သေဆုံးမှု အမြင့်ဆုံးဖြစ်လာခဲ့ပါတယ်။



ဘရာဇီးသမ္မတ ဘော်ဆွန်နာရိုကို ထောက်ခံပွဲတစ်ခုတွင် တွေ့ရစဉ်။

**“ဥရောပနဲ့အမေရိကန်တို့မှာ ကိုဗစ် -၁၉ ကြောင့် သေဆုံးရသူတွေဟာ သက်ကြီးရွယ်အိုအများစုပါ။ ဘရာဇီးမှာတော့ ဒီလိုမဟုတ်ပါဘူး။ ဘရာဇီးမှာတော့ သေဆုံးသူတွေဟာ ဆင်းရဲပြီး လုပ်ငန်းခွင်ကို မသွားမဖြစ်သွားနေရတဲ့ လူငယ်တွေ ဖြစ်နေပါတယ်”**

### ကူးစက်မှု ဗဟိုချက်မ နေရာသစ်

အမေရိကန်ရဲ့စီးပွားရေးပြန်လည်နာလန်ထူနိုင်ဖို့ စီးပွားရေးလုပ်ငန်းတွေ ပြန်လည်စတင်ဖို့ ပြည်နယ်အစိုးရတွေကို အမေရိကန်သမ္မတ ထရမ့်က ဖိအားပေးနေချိန်မှာ ကိုဗစ် -၁၉ ကူးစက်မှုရဲ့နောက်ထပ်ဗဟိုချက်မ နေရာသစ်ဟာလက်တင်အမေရိကပဲလို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ကြေညာခဲ့ပါတယ်။

အမေရိကအလယ်ပိုင်းနှင့် တောင်အမေရိကတို့မှာ ကူးစက်မှုများ မြင့်တက်လာပြီးတဲ့နောက် တစ်ကမ္ဘာလုံးဆိုင်ရာကူးစက်မှုကို ၅ ဒသမ ၂ သန်းအထိ ဖြစ်လာစေခဲ့ပါတယ်။ သေဆုံးသူ ၃၃၇၀၀၀ အထိ ရောက်ရှိသွားတယ်။ ကိုဗစ် -၁၉ ဒဏ် ကို အဆိုးရွားဆုံးခံစားရတဲ့ ဥရောပနဲ့ အမေရိကန်နိုင်ငံတို့တောင် ပြန်လည်သက်သာလာတဲ့အဆင့်ကို ချဉ်းကပ်လာပါပြီ။

### ဘရာဇီးနိုင်ငံမှာ ကူးစက်မှုအလွန်များလာ

ဘရာဇီးနိုင်ငံမှာတော့ ကူးစက်မှုများတစ်စတစ်စများပြားလာခဲ့ပြီး ထင်မှတ်မထားသည့် အခြေအနေအထိ ရောက်သွားပါတယ်။ ဘရာဇီးနိုင်ငံမှာ ကိုဗစ် -၁၉ ကြောင့်သေဆုံးသူ ၂၀၀၀၀ အထိရှိပြီး ကူးစက်ခံရသူ ၃၁၀၀၀၀ အထိ ရှိလာပါတယ်။ အဲဒီပမာဏဟာ အမေရိကန်ပြည်ထောင်စုနဲ့ ရုရှားနိုင်ငံတို့ပြီးရင် တတိယအများဆုံးပမာဏပါပဲ။

တောင်အမေရိကဟာ ကူးစက်ရောဂါဗဟိုချက်မ နေရာသစ်ဖြစ်လာပြီလို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ အရေးပေါ်ကိစ္စရပ်များဆိုင်ရာ ညွှန်ကြားရေးမှူး မိုက်ရိုင်ယန်က မေ ၂၂ ရက်တွင် ပြောကြားခဲ့ပါတယ်။ အဆိုးဆုံးထိခိုက်ခံရတာတော့ ဘရာဇီးပါပဲလို့ သူက ဆက်ပြောပါတယ်။

### လူငယ်အများစု သေဆုံးရတဲ့ ဘရာဇီး

ဥရောပနဲ့အမေရိကန်တို့မှာ ကိုဗစ် -၁၉ ကြောင့် သေဆုံးရသူတွေဟာ သက်ကြီးရွယ်အိုအများစုပါ။ ဘရာဇီးမှာတော့ ဒီလိုမဟုတ်ပါဘူး။ ဘရာဇီးမှာတော့ သေဆုံးသူတွေဟာ ဆင်းရဲပြီး လုပ်ငန်းခွင်ကို မသွားမဖြစ်သွားနေရတဲ့ လူငယ်တွေ ဖြစ်နေပါတယ်။

ဘရာဇီးနိုင်ငံမှာ လူငယ်အင်အားထုများပြားပြီး အသက် ၆၀ အောက်တွေ ကူးစက်ခံရတာ အမြင့်ဆုံးဖြစ်နေပါတယ်လို့ ဘရာစီလာတက္ကသိုလ်က ကူးစက်ရောဂါဆိုင်ရာ ကျွမ်းကျင်သူ မာရီဆန်ချက်ဇ်က ပြောပါတယ်။

### တစ်လောင်းပြီး တစ်လောင်း မြှုပ်နှံပေးရ

လူတွေဟာ ဆင်းရဲမှုကြောင့် အခြားရွေးချယ်စရာမရှိဘဲ လုပ်ငန်းခွင်ဝင်ရတယ်။ ဒီလိုနဲ့ သေဆုံးမှုတွေများလာရတယ်လို့ သူကဆက်ပြောပါတယ်။ သေဆုံးသူတွေ မြင့်တက်လာတာနဲ့အမျှ အလောင်းမြှုပ်နှံပေးသူတွေဟာလည်း အလျင်မီအောင် မနည်းရုန်းကန်နေရပါတယ်။ တစ်နေ့မှာ ၁၂ နာရီလောက် အလုပ်လုပ်ရပြီး တစ်လောင်းပြီး တစ်လောင်းမြှုပ်နှံပေးနေရတယ်လို့ ကာကွယ်ရေးဝတ်စုံဝတ်ဆင်ထားတဲ့ အလုပ်သမားတစ်ဦးဖြစ်သူ ဗီလာဖာမိုဆာက ပြောပါတယ်။

### ဖိအားများနှင့် သမ္မတထရမ့်

အမေရိကန်နိုင်ငံမှာလည်း သမ္မတထရမ့်ဟာ ကိုဗစ် -၁၉ အကျပ်အတည်းကနေ ရုန်းထွက်နိုင်ရေးနည်းလမ်းတွေ ရှာဖွေနေပြီး ပြန်လည်ရွေးကောက်ခံရရေးအတွက် ရုန်းကန်နေရပါတယ်။ စီးပွားရေးနာလန်ထူနိုင်ဖို့ ပြည်နယ်အစိုးရတွေကို ဖိအားတွေပေးလာပါတယ်။ ကူးစက်ရောဂါကြောင့် အမေရိကန်ရဲ့စီးပွားရေးဟာ ထိခိုက်နေရပါတယ်၊ အမေရိကန်နိုင်ငံအတွင်း ကူးစက်ခံရမှုတွေ ဆက်လက်မြင့်တက်နေဆဲဖြစ်ပေမယ့် စီးပွားရေးထိခိုက်မှာစိုးတာကြောင့် ကူးစက်ရောဂါကြောင့်ထားရှိတဲ့ ပိတ်ဆို့ကန့်သတ်မှုတွေကို ဖြေလျှော့ပေးဖို့ တောင်းဆိုမှုတွေလည်း ရှိနေပါတယ်။

### ဘာသာရေးအဆောက်အအုံ ပြန်ဖွင့်မှာလား

အမေရိကန်နိုင်ငံဟာ ကမ္ဘာပေါ်မှာ ကိုဗစ် -၁၉ အဆိုးရွားဆုံးဒဏ်ခံနေရတဲ့ တိုင်းပြည်ဖြစ်ပြီး လူပေါင်း ၁ ဒသမ ၆ သန်း ကူးစက်ခံထားရပါတယ်။ သေဆုံးသူကတော့ ၉၆၀၀၀ ကျော် ရှိပါတယ်။

ထရမ့်ရဲ့သဘောထားကတော့ တရားရိပ်သာတွေ၊ ဘုရားရှိခိုးကျောင်းတွေနဲ့ အခြားသောဘာသာရေးအဆောက်အအုံတွေကို အစားအသောက်နဲ့ ဆေးဝါးအရောင်းဆိုင်တွေလိုဘဲ မရှိမဖြစ် လိုအပ်တဲ့အရာအဖြစ် တစ်တန်းတည်း သတ်မှတ်ပြီး ပြန်လည်ဖွင့်လှစ်ခွင့်ပေးဖို့ပါပဲ။ ပြည်နယ်အုပ်ချုပ်ရေးမှူးတွေအနေနဲ့ ပြန်ဖွင့်ခွင့်ပေးသင့်၊ မသင့်ကို ဒီသီတင်းပတ်အကုန်မှာ မုန်ကန်စွာ ဆုံးဖြတ်ရမှာပဲ ဖြစ်ပါတယ်။

အမေရိကန်မှ ဘာသာရေးယုံကြည်မှုပြင်းထန်တဲ့ ကွန်ဆာဗေးတစ်တွေဟာ ထရမ့်ရဲ့ အမာခံ မဲဆန္ဒရှင်တွေလို့ ယူဆထားတာကြောင့် အခုလိုတောင်းဆိုတာလည်း ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။

### မြို့တော်ဝန်ရဲ့ ဆုံးဖြတ်ချက်

ထရမ့်ကတော့ ဖိအားတွေပေးနေပါတယ်။ သမ္မတထရမ့်ဟာ ကူးစက်ရောဂါကြောင့် ပိတ်ဆို့ထားမှုတွေကို ဖယ်ရှားပေးဖို့ ဆန္ဒပြသူတွေကို တောင် ထောက်ခံကြောင်း ဖော်ပြခဲ့သူပါ။ လော့အိန်ဂျလိစ်မှာဆိုရင် ပိတ်ဆို့ကန့်သတ်မှုတွေ ဆက်လက်ထားရှိရင် ဒါဟာတရားမဝင်ဘူးလို့ ထရမ့်အစိုးရအဖွဲ့က သတိပေးထားတာတောင် မြို့တော်ဝန်ကတော့ ပိတ်ဆို့မှုတွေ ဆက်လက်ထားရှိဆဲပါပဲ။

အခုကိစ္စမှာ နိုင်ငံရေး အရ လမ်းညွှန်မှုခံယူရမှာမဟုတ်ဘူး။ သိပ္ပံနည်းအရနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေနဲ့သာ ရှေ့ဆက်ရမှာဖြစ်တယ်လို့ မြို့တော်ဝန် အီရစ်ဂါစီတီက ပြောပါတယ်။

### စီးပွားရေး ပြန်စချင်နေပြီဖြစ်တဲ့ ထရမ့်

ထရမ့်ကတော့ ဒီလောက်နဲ့တင် ရပ်မသွားသေးပါဘူး။ နိုင်ငံခြားသားတွေကို ပြည်ဝင်ခွင့်ပိတ်ထားပေမယ့် ပရော်ဖက်ရှင်နယ်အားကစားသမားတွေကို ခြွင်းချက်ထားပြီး ပြန်ဝင်ခွင့်ပေးဖို့ ထရမ့်အစိုးရအဖွဲ့က မေ ၂၂ ရက်မှာ ကြေညာခဲ့ပါတယ်။ ဒါဟာလည်း စီးပွားရေးပြန်လည်စတင်နိုင်ဖို့ နောက်ထပ်ခြေလှမ်းတစ်ခုပါ။

အားကစားပြိုင်ပွဲတွေ ပြန်စနိုင်ဖို့ဟာလည်း စီးပွားရေးပြန်ထူထောင်နိုင်ဖို့ တစ်ဖက်တစ်လမ်းက အရေးပါပါတယ်။ ကျွမ်းကျင်သူတွေကတော့ ကာကွယ်ဆေး၊ ကုသဆေးမပေါ်ခင်အချိန်အထိတော့ ပိတ်ဆို့ကန့်သတ်မှုတွေ ဆက်လက်ထားရှိရမယ်လို့ သတိပေးထားခဲ့ပါတယ်။

စီးပွားရေးကို အလျင်အမြန်ပြန်စလိုတဲ့ ထရမ့်အတွက်တော့ သဘောထားချင်းမတိုက်ဆိုင်လှပါဘူး။

### ကြံ့ကြံ့ခံနိုင်ဖို့ ကြိုးစားနေ

ကိုဗစ် -၁၉ ကြောင့် ထိခိုက်ရတဲ့လုပ်ငန်းတွေမှာ လေကြောင်းလိုင်းတွေ၊ ခရီးသွားလုပ်ငန်းတွေဟာ အခြားလုပ်ငန်းတွေနဲ့ယှဉ်ရင် အခြေအနေ ပိုဆိုးရွားလှပါတယ်။

အငှားကား ကုမ္ပဏီဖြစ်တဲ့ Hertz ဟာ ကိုဗစ် -၁၉ ကြောင့် စီးပွားရေးယိမ်းယိုင်ခဲ့ရပြီး အမေရိကန်နဲ့ ကနေဒါတို့မှာ ဒေဝါလီခံတော့မယ်လို့ မေ ၂၂ ရက်က ကြေညာခဲ့ပါတယ်။

ကိုဗစ် -၁၉ ကြောင့် ဒေဝါလီခံရမယ့် အခြေအနေရှိနေတဲ့ လုပ်ငန်းတွေဟာလည်း မနည်းလှပါဘူး။ စီးပွားရေးလုပ်ငန်းတွေဟာ ဒီအကျပ်အတည်းက ရုန်းထွက်နိုင်ဖို့ ကြံ့ကြံ့ခံရပ်တည်နိုင်ရေးနည်းပေါင်းစုံနဲ့ ကြိုးပမ်းနေရ ပါတယ်။

အခုဆိုရင် ဘရာဇီးနိုင်ငံရဲ့ သေဆုံးမှုနှုန်းနဲ့ ကူးစက်မှုနှုန်းဟာ ကြောက်ခမန်းလိလိ မြင့်တက်နေပါတယ်။ ကိုဗစ် -၁၉ အတွက် အစွမ်းထက်တဲ့ ကုသဆေးနဲ့ စိတ်ချရတဲ့ ကာကွယ်ဆေးမပေါ်မီ စီးပွားရေးလုပ်ငန်းတွေ ဘယ်လိုပြန်စကြမလဲဆိုတာကတော့ စိန်ခေါ်မှုတစ်ရပ်ပါပဲ။

**ကိုးကား – အေအက်ဖ်ပီ**

---

**နိုင်ငံတကာ သတင်းတိုထွာ**

## တာလီဘန်တို့ဘက်မှ သုံးရက်တာ အပစ်အခတ်ရပ်စဲရန် ကြေညာမှုကို ကုလသမဂ္ဂကြိုဆို

**ဂျီနီဗာ မေ ၂၄**

အီဒ်ပွဲတော်ကာလအတွင်း ပြည်သူများစိတ်အေးချမ်းသာစွာ နေထိုင်နိုင်ရေးအတွက် အာဖဂန်အစိုးရနှင့် တာလီဘန်တို့ကြား အပစ်အခတ် ရပ်စဲရေးကြေညာမှုကို ကြိုဆိုကြောင်း မေ ၂၃ ရက်တွင် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က ပြောကြားခဲ့သည်။

ငြိမ်းချမ်းစွာ စစ်ပြေငြိမ်းခြင်းကသာလျှင် အာဖဂန်နစ္စတန်ပြည်သူများခံစားနေရသည့် ဆင်းရဲဒုက္ခကို ချုပ်ငြိမ်းနိုင်လိမ့်မည်ဟု ဂူတာရက်စ်၏ ပြောရေးဆိုခွင့်ရှိသူ စတက်ဖင်ဒူဂျာရက်စ်က ပြောသည်။ မေ ၂၄ ရက်မှ စတင်ကာ သုံးရက်တာအတွင်း တိုက်ပွဲများမလုပ်ဘဲ အပစ်အခတ်ရပ်စဲမည်ဟု တာလီဘန်များက ကြေညာခဲ့သည်။ အလားတူပင် အာဖဂန်အစိုးရဘက်ကလည်း အပစ်အခတ်ရပ်စဲထားမည်ဟု ကြေညာခဲ့သည်။ ဒီအခွင့်အရေးကို ဆုပ်ကိုင်ကာ အာဖဂန်ဦးဆောင်သည့်ငြိမ်းချမ်းရေးရရှိအောင် ကြိုးပမ်းဆောင်ရွက်သင့်သည်ဟု နိုင်ငံရေးပါတီများကို ကုလအတွင်းရေးမှူးချုပ်က တိုက်တွန်းခဲ့သည်။

**ဆင်ဟွာ**

## နိုင်ဂျီးရီးယားနိုင်ငံတွင် ပြန်ပေးသမားဟု သံသယရှိသူ ရှစ်ဦး ရဲများနှင့် ပစ်ခတ်ရင်းသေဆုံး

**အဘူဂျာ မေ ၂၄**

နိုင်ဂျီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်းပြည်နယ် တာရာဘာတွင် ပြန်ပေးသမားဟု သံသယရှိသူလူရှစ်ဦးသည် ရဲများနှင့် အပြန်အလှန်ပစ်ခတ်မှုဖြစ်ပွားခဲ့ပြီးနောက်သေဆုံးသွားခဲ့သည်ဟု တာရာဘာပြည်နယ် လုံခြုံရေးအေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူ ဒေးဗစ်မာဆယ်က မေ ၂၄ ရက်တွင် ပြောကြားခဲ့သည်။ ထောက်လှမ်းရေးများထံမှ သတင်းရရှိပြီးနောက် ပြန်ပေးသမားများသွားလာရာ လမ်းကြောင်းတွင် ရဲများက စောင့်ဆိုင်းနေခဲ့ကြသည်။

ရဲများကိုတွေ့ရှိသည့်အခါ ပြန်ပေးသမားများဘက်မှ စတင်ပစ်ခတ်မှုဖြစ်ပွားခဲ့သည့်အတွက် အပြန်အလှန် ပစ်ခတ်ကြရင်း ပြန်ပေးသမားရှစ်ဦးစလုံး သေဆုံးခဲ့ရသည်ဟု ဒေဗစ်မာဆယ်က ပြောကြားခဲ့သည်။ ပြန်ပေးသမားဟု သံသယရှိသူများ၏ လက်နက်အချို့ကိုလည်း ရဲများကရှာဖွေ သိမ်းဆည်းမိသည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

**ဆင်ဟွာ**

# COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၂၄-၅-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

၁။ (၂၃-၅-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ဒုတိယအသုတ် အနေဖြင့် ဓာတ်ခွဲနမူနာ(၄၆၈) ခုအား ထပ်မံစစ်ဆေးခဲ့ရာ –

- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။

၂။ သို့ဖြစ်ရာ (၂၃-၅-၂၀၂၀) ရက်နေ့အတွက် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)(NHL)မှ ဓာတ်ခွဲနမူနာ (၆၅၅) ခုနှင့် ဆေးသုတေသနဦးစီးဌာန(DMR)မှ ဓာတ်ခွဲနမူနာ (၁၂၆) ခု၊ စုစုပေါင်း (၇၈၁) ခုအား စစ်ဆေးခဲ့ရာတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။

၃။ (၂၄-၅-၂၀၂၀)ရက်နေ့၊ နံနက်(၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၂၀၁)ဦး ရှိပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ**
**(၂၄-၅-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

| | |
|---|---|
| (၂၃-၅-၂၀၂၀) ရက်နေ့အတွက် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)မှ (ပထမ + ဒုတိယ) အသုတ် ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၆၅၅) ခု |
| (၂၃-၅-၂၀၂၀) ရက်နေ့အတွက် ဆေးသုတေသနဦးစီးဌာနမှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၁၂၆) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၀) ဦး |

# COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၂၄-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

၁။ (၂၄-၅-၂၀၂၀) ရက်နေ့၊ ညနေပိုင်းတွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)မှ ပထမအသုတ် အဖြစ် စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၁၈၈) ခု၊ ဆေးသုတေသနဦးစီးဌာန (DMR) မှ စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၁၆၆) ခု၊ စုစုပေါင်း (၃၅၄)ခုတွင် –

- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။

၂။ (၂၄-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါဓာတ်ခွဲ အတည်ပြုလူနာ (၂၀၁) ဦး ရှိပါသည်။

၃။ (၂၄-၅-၂၀၂၀) ရက်နေ့အထိ ဓာတ်ခွဲအတည်ပြု လူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာများတွင် (၂) ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိသူ အသစ် (၂) ဦး (Case-107, 154) ရှိခဲ့သဖြင့် စုစုပေါင်း (၁၂၂) ဦးရှိပြီး ၎င်းတို့ အနက် (၁၀၉) ဦးအား ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၂၃-၅-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၂၄-၅-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၄၅) ဦး ရှိပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၂၄-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | |
|---|---|
| (၂၄-၅-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၈၈) ခု |
| (၂၄-၅-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၆၆) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၀) ဦး |

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၂၄-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၀) ဦး | (၂၀၁) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၂) ဦး | (၁၂၂) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

## ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)ရှိ ကိုဗစ်-၁၉ ကုသရေးဌာနတွင် အသုံးပြုရန်အတွက် အဝေးထိန်းပစ္စည်းတင်ကိရိယာများလှူဒါန်း

**ရန်ကုန် မေ ၂၄**

ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ကိုဗစ်-၁၉ ကုသရေးဌာနတွင် အသုံးပြုနိုင်ရန်အတွက် ပညာရေးဝန်ကြီးဌာနက အဝေးထိန်းပစ္စည်းတင်ကိရိယာများ RCT-201 များကို ယနေ့မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ ဗဟိုဝန်ထမ်းတက္ကသိုလ်ဖောင်ကြီးသို့ သွားရောက်လှူဒါန်းခဲ့ကြသည်။

အဆိုပါ အထောက်အကူပြုပစ္စည်းများကို နည်းပညာတက္ကသိုလ်(သန်လျင်)မှ တာဝန်ရှိသူများက လှူဒါန်းရာ ကိုဗစ်-၁၉ ကုသရေးဌာနမှ ဆေးရုံအုပ်ကြီး ဒေါက်တာကိုကိုနိုင်က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။ **(ယာပုံ)**

ယင်းအထောက်အကူပြုပစ္စည်းများသည် ကိုဗစ်-၁၉ အတည်ပြုလူနာများနှင့် ကျန်းမာရေးဝန်ထမ်းများ တိုက်ရိုက်ထိတွေ့မှုလျှော့ချနိုင်ရန်ရည်ရွယ်၍ နည်းပညာတက္ကသိုလ်(သန်လျင်) မက္ကယ်ထရောနစ် အင်ဂျင်နီယာဌာနမှ တာဝန်ယူတည်ဆောက်ပေးခဲ့ကြောင်း၊ ဆေးဝါးပစ္စည်းများ၊ အစားအသောက်များ၊ စွန့်ပစ်ပစ္စည်းများ၊ လူနာတစ်ဦးချင်းစီ၏ လိုအပ်ချက်များကို လူနာများ၏ အခန်းရှေ့အရောက် သယ်ဆောင်သွားနိုင်ရန် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**အာကာစိုး**



## မြစ်ဝကျွန်းပေါ်ဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဖြစ်ပေါ်နိုင်

**နေပြည်တော် မေ ၂၄**

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ရှစ်ပေခန့် ရှိနိုင်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မြစ်ဝကျွန်းပေါ်ဒေသများတွင် ထစ်ချုန်းမည့် အခြေအနေများ ဖြစ်ပေါ်နိုင်သည်။

**မိုး/ဇလ**

# တပ်မတော်သားများနှင့်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ COVID-19 ရောဂါကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်း

**နေပြည်တော် မေ ၂၄**

သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ COVID-19 ရောဂါကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် မေ ၁၉ ရက်က ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များမှ မြို့နယ် ၄၉ မြို့နယ်ရှိ နေရာ ၁၁၆ နေရာများတွင် မီးသတ်ယာဉ်များ၊ မီးသတ်ပစ္စည်းကိရိယာများဖြင့် ဆောင်ရွက်ခဲ့ရာ ပိုးသတ်ဆေးရည် ဂါလန် ၉၀၊ ပိုးသတ်ဆေးမှုန့် ၁၈ ကီလိုဂရမ်၊ ရေ ဂါလန် ၆၄၈၀ သုံးစွဲခဲ့ပြီး ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရှိရသည်။

**သတင်းစဉ်**



မေ ၁၉ ရက်က မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ရွှေကြက်ယက် ရွှေကြက်ကျဘုရားတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးဖျန်းစဉ်။



မေ ၁၉ ရက်က ကချင်ပြည်နယ် မြစ်ကြီးနားမြို့ သီတာရပ်ကွက်ရှိ မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော် အင်္ဂလီကန်ဘုရားကျောင်းတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးဖျန်းစဉ်။



မေ ၁၉ ရက်က ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်အတွင်း ကိုဗစ်-၁၉ ကာကွယ်ဆေးဖျန်းစဉ်။



မေ ၁၉ ရက်က ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်အတွင်း ကိုဗစ်-၁၉ ကာကွယ်ဆေးဖျန်းစဉ်။



မေ ၁၉ ရက်က စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုတက္ကသိုလ်တွင် ကိုဗစ်-၁၉ ကာကွယ်ဆေးဖျန်းစဉ်။



မေ ၁၉ ရက်က နေပြည်တော် စည်ပင်ဧည့်ရိပ်သာအတွင်း ကိုဗစ်-၁၉ ကာကွယ်ဆေးဖျန်းစဉ်။

## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၁၈၆၄၄ | ၂၀၁ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၁၂၂ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း - ၄၆၄၆

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ - ၁၀၉ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၁၅၅ | ၅ |
| ၂ | ချင်း | ၉ | |
| ၃ | ပဲခူး | ၇ | ၁ |
| ၄ | စစ်ကိုင်း | ၇ | |
| ၅ | ရှမ်း(ရှေ့) | ၃ | |
| ၆ | မန္တလေး | ၃ | |
| ၇ | ရှမ်း(တောင်) | ၃ | |
| ၈ | ရှမ်း(မြောက်) | ၂ | |
| ၉ | နေပြည်တော် | ၂ | |
| ၁၀ | ကရင် | ၂ | |
| ၁၁ | ရခိုင် | ၂ | |
| ၁၂ | မကွေး | ၂ | |
| ၁၃ | ကချင် | ၁ | |
| ၁၄ | တနင်္သာရီ | ၁ | |
| ၁၅ | မွန် | ၁ | |
| ၁၆ | ဧရာဝတီ | ၁ | |
| | စုစုပေါင်း | ၂၀၁ | ၆ |

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၂၄-၅-၂၀၂၀ ရက်၊ ည (၈) နာရီ

## ၂၄-၅-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၁၆၆၇၉၃၅ | ၄၄၆၉၂၇ | ၉၈၇၀၅ |
| ၂။ | ဘရာဇီး | ၃၄၉၁၁၃ | ၁၄၂၅၈၇ | ၂၂၁၆၅ |
| ၃။ | ရုရှား | ၃၄၄၄၈၁ | ၁၁၃၂၉၉ | ၃၅၄၁ |
| ၄။ | စပိန် | ၂၈၂၃၇၀ | ၁၉၆၉၅၈ | ၂၈၆၇၈ |
| ၅။ | ဗြိတိန် | ၂၅၇၁၅၄ | စိစစ်ဆဲ | ၃၆၆၇၅ |
| ၆။ | အီတလီ | ၂၂၉၃၂၇ | ၁၃၈၈၄၀ | ၃၂၇၃၅ |
| ၇။ | ပြင်သစ် | ၁၈၂၄၆၉ | ၆၄၅၄၇ | ၂၈၃၃၂ |
| ၈။ | ဂျာမနီ | ၁၈၀၀၂၀ | ၁၆၀၃၀၀ | ၈၃၆၉ |
| ၉။ | တူရကီ | ၁၅၅၆၈၆ | ၁၁၇၆၀၂ | ၄၃၀၈ |
| ၁၀။ | အီရန် | ၁၃၅၇၀၁ | ၁၀၅၈၀၁ | ၇၄၁၇ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၂၄ - ၅ - ၂၀၂၀

| | COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| စင်ကာပူ | ၃၁၆၁၆ | ၁၄၈၇၆ | ၂၃ |
| အင်ဒိုနီးရှား | ၂၂၂၇၁ | ၅၄၀၂ | ၁၃၇၂ |
| ဖိလစ်ပိုင် | ၁၄၀၃၅ | ၃၂၄၉ | ၈၆၈ |
| မလေးရှား | ၇၂၄၅ | ၅၉၄၅ | ၁၁၅ |
| ထိုင်း | ၃၀၄၀ | ၂၉၂၁ | ၅၆ |
| ဗီယက်နမ် | ၃၂၅ | ၂၆၇ | ၀ |
| မြန်မာ | ၂၀၁ | ၁၂၂ | ၆ |
| ဘရူနိုင်း | ၁၄၁ | ၁၃၆ | ၁ |
| ကမ္ဘောဒီးယား | ၁၂၄ | ၁၂၂ | ၀ |
| လာအို | ၁၉ | ၁၄ | ၀ |

## ရှမ်းပြည်နယ်မြောက်ပိုင်း နယ်စပ်ဂိတ်များမှ ဝင်ရောက်လာသည့် နေရပ်ပြန်များအား သီပေါဘူတာ၌ ကြိုဆို၊ စားသောက်စရာများလှူဒါန်း

**သီပေါ မေ ၂၄**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နှင့် ချင်းရွှေဟော်မြို့တို့ရှိ နှစ်နိုင်ငံနယ်စပ်ဂိတ်များမှ တရုတ်နိုင်ငံမှ ဝင်ရောက်လာကြသည့် နေရပ်ပြန်သူများအား လားရှိုးမြို့မှတစ်ဆင့် မော်တော်ယာဉ်များဖြင့် လည်းကောင်း၊ ရထားဖြင့် လည်းကောင်း သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ စနစ်တကျ လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ လွှဲပြောင်းပို့ဆောင်ပေးရာတွင် နေရပ်ပြန်ပြည်သူများကို စနစ်တကျစိစစ်၍ လားရှိုးမြို့မှတစ်ဆင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ရထားခရီးစဉ်ဖြင့် မေလဆန်းမှအစပြုကာ ယနေ့အထိ နေရပ်ပြန်အမျိုးသား ၁၅၁ ဦး၊ အမျိုးသမီး ၈၆ ဦး စုစုပေါင်း ၂၃၇ ဦးဖြစ်ပြီး ကချင်ပြည်နယ်မှ တစ်ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ၃၅ ဦး၊ ပဲခူးတိုင်းဒေသကြီးမှ ၄၆ ဦး၊ မကွေးတိုင်းဒေသကြီးမှ ၈၀၊ မန္တလေးတိုင်းဒေသကြီးမှ ၃၂ ဦး၊ နေပြည်တော်မှ ငါးဦး၊ ရခိုင်ပြည်နယ်မှ ၂၀၊ ရန်ကုန်တိုင်းဒေသကြီးမှ တစ်ဦးနှင့် ဧရာဝတီတိုင်းဒေသကြီးမှ ၁၇ ဦးတို့ဖြစ်ကြောင်း သိရသည်။

သီပေါမြို့အထွက်ဂိတ်မှ မော်တော်ယာဉ် ၁၀ စီးနှင့် ရောက်ရှိလာသူ ၁၀၃ ဦးတို့ကို ကိုဗစ်-၁၉ မြို့ဝင်/ထွက် ကာကွယ်ထိန်းချုပ်စစ်ဆေးရေးအဖွဲ့က ကျန်းမာရေးဆိုင်ရာ လုပ်ငန်းများ စစ်ဆေးပြီး ကျောက်မဲမြို့အဝင်ဂိတ်သို့ ပို့ဆောင်ပေးခဲ့သည်။

အဆိုပါရထားခရီးစဉ်ဖြင့် လားရှိုးမှ သီပေါဘူတာသို့ ရောက်ရှိလာသူနေရပ်ပြန်များအား ယနေ့ နံနက်ပိုင်းတွင် သီပေါမြို့နယ် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးယဉ်ထွေးနှင့် ကော်မတီဝင်များ၊ မြို့နယ်ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဦးစိုင်းဇော်ဝင်းနှင့် ကြက်ခြေနီမောင်မယ်များ၊ စေတနာရှင်အလှူရှင်များက စားသောက်စရာများ၊ ရေသန့်ဘူးများကို လှူဒါန်းခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ညောင်ရွှေ၌ ပိုးသတ်ဆေးဖျန်း

**ညောင်ရွှေ မေ ၂၄**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ရှမ်းပြည်နယ်တောင်ပိုင်း ညောင်ရွှေမြို့ အားကစားကွင်း၌ ဖွင့်လှစ်ထားသော ကုန်တင်ယာဉ်ရပ်နားစခန်းရှိ ကုန်တင်ယာဉ်ကြီးများ၊ အားကစားရုံအတွင်းနှင့် ကမ်းနားလမ်း တစ်လျှောက်ရှိ ကုန်တင်ကုန်ချ ပြုလုပ်လျက်ရှိသော ဆိပ်ကမ်းများတွင် မေ ၂၄ ရက် နံနက်ပိုင်းက ပိုးသတ်ဆေးဖျန်းခြင်း ဆောင်ရွက်ခဲ့သည်။

အဆိုပါ ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းကို ညောင်ရွှေမြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ကြီးကြပ်မှုကော်မတီ၏ ဦးဆောင်ကြီးကြပ်မှုဖြင့် စေတနာ့ဝန်ထမ်း၊ ပရဟိတလူငယ်များက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**နေမျိုးသူရိန်**

## ကွန်ဟိန်းမြို့ ယာယီပျံကျဈေးတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး ဆောင်ရွက်

**ကွန်ဟိန်း မေ ၂၄**

ရှမ်းပြည်နယ် ကွန်ဟိန်းမြို့ အမှတ် ၄ ရပ်ကွက် မဟာကမ္ဘောဇပြည်ငြိမ်းအေးစေတီရင်ပြင် အားကစားကွင်းရှိ ယာယီပျံကျဈေးတွင် မေ ၂၀ ရက်မှ စတင်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးကော်မတီမှ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး နေလင်းအောင်၊ မြို့နယ်စည်ပင်သာယာ အမှုဆောင်အရာရှိ ဦးစိန်ဝင်းနှင့် သက်ဆိုင်ရာ ပူးပေါင်းအဖွဲ့များသည် ယာယီပျံကျဈေးအတွင်း ရောင်းချနေသော ဈေးသည်များနှင့် ဈေးသို့လာရောက် ဈေးဝယ်သူများအား နှာခေါင်းစည်းများ တပ်ထားမှု ရှိ/မရှိ စစ်ဆေးကာ တပ်ဆင်မှုမရှိသူများကို နှာခေါင်းစည်းတစ်ခုလျှင် ငွေကျပ် ၁၀၀၀ နှုန်းဖြင့် ရောင်းချပေးသည်။ ယာယီပျံကျဈေးရှိ ဈေးသည်များအား ခြောက်ပေကွာ သတ်မှတ်ချက်နှင့်အညီ ရောင်းချခြင်းများ ဆောင်ရွက်စေကာ နှာခေါင်းစည်း တပ်နိုင်ရန်အတွက် အချက် ၉ ချက်ပါဝင်သည့် အသိပညာပေး (မြန်မာဘာသာ/ရှမ်းဘာသာ) ကို ကွန်ဟိန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အသံချဲ့စက်ဖြင့် အသိပညာပေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (ယာပုံ) **ကိုကိုရှပ**



## COVID-19 ကာလတွင် စိတ်ဖိစီးမှုများကို ကျော်လွှားနိုင်ရေး အသိပေးနှိုးဆော်ခြင်း

COVID-19 ရောဂါကို ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရန် မိမိတို့တစ်ဦးချင်းမှာ တာဝန်ရှိပြီး ထုတ်ပြန်ထားသော ညွှန်ကြားချက်များ၊ စည်းကမ်းများကို လိုက်နာရန်လိုအပ်ပါသည်။

COVID-19 ကာလကြာမြင့်လာလေ ကျန်းမာရေးအတွက် စိုးရိမ်ရမှု၊ အလုပ်အကိုင်ပြဿနာ၊ ငွေရေးကြေးရေး အခက်အခဲ၊ မိသားစုနှင့် ခွဲခွာနေရခြင်း၊ ခွဲခြားဆက်ဆံခံရခြင်း၊ အပြစ်တင်ခံရမှုစသည့် စိတ်ဖိစီးမှုများ ပိုမိုမြင့်မား လာလေဖြစ်ပါသည်။

ပြည်သူများအနေဖြင့် စိတ်ဖိစီးမှုများကို ကျော်လွှားရန်ကြိုးစားနေချိန်တွင် ညွှန်ကြားချက်များ၊ စည်းကမ်းများကို လိုက်နာရခြင်းသည် စိတ်ဖိစီးမှုများကို ပိုမိုဖြစ်ပေါ်စေနိုင်သည်ဟု ယူဆခြင်းမပြုဘဲ ထိုချမှတ်သည့် ညွှန်ကြားချက်များ၊ စည်းကမ်းများကို အလေ့အထဖြစ်အောင် ကြိုးစားခြင်းသည် စိတ်ဖိစီးမှုများကို ခံနိုင်ရည်ရရှိလာစေမည့် အကောင်းဆုံး နည်းလမ်းဖြစ်ပြီး လူမှုစီးပွားအခက်အခဲများကိုလည်း ဆက်လက်ဖြေရှင်းနိုင်စွမ်းရှိလာမှာ ဖြစ်ကြောင်း အားပေးတိုက်တွန်းအပ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့်
မြန်မာနိုင်ငံ ဆရာဝန်အသင်း(စိတ်ကျန်းမာပညာအဖွဲ့)

## COVID-19 ကာလတွင် စိတ်ဖိစီးမှုများကို ကျော်လွှားနိုင်ရေး အသိပေးနှိုးဆော်ခြင်း

COVID-19 ကာလမှာ မိမိတစ်ဦးတည်းသာမက လူတိုင်း စိတ်ဖိစီးမှုများခံစား နေကြရတယ်ဆိုတဲ့အချက်ကို သတိပြုမိရင် အခြားသူတွေအပေါ်မှာလည်း ကိုယ်ချင်းစာစိတ် ပိုမိုဖြစ်ပေါ်လာစေပါသည်။

ကိုယ်ချင်းစာစိတ်ဟာ လူတစ်ဦးနှင့် တစ်ဦးကြား၊ အမုန်းတရားပွားများမှုကို လျော့နည်းစေပါတယ်။ ပြဿနာရပ်များကို ကြိုးစားလက်ခံဖြေရှင်းနိုင်စွမ်းလည်း မြင့်မားစေပါသည်။

ဒီလိုနည်းနဲ့ စိတ်ဖိစီးမှုများကို လျှော့ချနိုင်ကာ ခံနိုင်ရည်ရပြီး တစ်ဦးချင်းစီက COVID-19 ကာလ၏ ဒုက္ခများကို ရင်ဆိုင်ဖြေရှင်းနိုင်တဲ့အဆင့်သို့ ရောက်ရှိအောင် ကြိုးစားသင့်ကြောင်း အသိပေးတိုက်တွန်းလိုပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့်
မြန်မာနိုင်ငံ ဆရာဝန်အသင်း (စိတ်ကျန်းမာပညာအဖွဲ့)

## နီပေါနိုင်ငံ IBEC အနာဂတ်ရောင်ခြည်အသင်းက နီပေါနိုင်ငံရှိ ပြည်သူများအား ဆန်များလှူဒါန်း

**မန္တလေး မေ ၂၄**

ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားနေသောကာလအတွင်း စားသောက်ရေး အခက်အခဲရှိကြသော နီပေါနိုင်ငံ ခတ္တမန္ဒူမြို့မှ ဆင်းရဲနွမ်းပါးသော မိသားစု ၂၀၀ တို့အား ဆန်နှင့်အခြားစားသောက်ဖွယ်ရာများကို မေ ၂၂ ရက်က IBEC နီပေါဌာနခွဲ အနာဂတ်ရောင်ခြည် IBEC အသင်း၏ အထွေထွေအတွင်းရေးမှူး ဒေါက်တာပိယရတနမဟာရာဂျန်မိသားစုက ဦးစီးလျက် IBEC ဆရာတော်၏ ကိုယ်စား လှူဒါန်းခဲ့ကြောင်း သိရသည်။

ထို့ပြင် အနာဂတ်ရောင်ခြည် IBEC အသင်းက မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ် သရက်ကန်ကျေးရွာနေ မိသားစု ၂၅၀ တို့အား IBEC ဆရာတော် ဒေါက်တာအရှင်သောဘိတ ဦးဆောင်၍ စစ်ကိုင်းတောင်ရိုး စစ်ကိုင်းမြို့ IBEC အနာဂတ်ရောင်ခြည်အသင်း စစ်ကိုင်းမှ ဦးဆောင်လျက် တစ်အိမ်ထောင်လျှင် ဆန် လေးပြည်နှုန်းဖြင့် ထောက်ပံ့လှူဒါန်းခဲ့သည်။

အနာဂတ်ရောင်ခြည် IBEC အသင်းအား စတော့ဟုမ်းကမ္ဘာ့ငြိမ်းချမ်းရေး ဆုရှင် မဟာသဒ္ဓမ္မဇောတိကဓဇ IBEC ဆရာတော် ဒေါက်တာအရှင်သောဘိတ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ပြီး ကိုဗစ်-၁၉ ကာကွယ်ရေး လုပ်ငန်းများ၊ စားဝတ်နေရေးအတွက် ဆန်လှူဒါန်းမှုများ၊ သဘာဝဘေးအန္တရာယ် ကျရောက်လျက်ရှိသော နေရာများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကို ထိရောက်စွာ လှူဒါန်းကူညီပေးလျက်ရှိကြောင်း သိရသည်။

အနာဂတ်ရောင်ခြည် IBEC အသင်းအနေဖြင့် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ ဖြစ်ပွားနေသောကာလအတွင်း မြန်မာနိုင်ငံတွင်သာမက ပြည်ပနိုင်ငံများ ဖြစ်သော ထိုင်းနိုင်ငံနှင့် နီပေါနိုင်ငံတို့တွင် စားဝတ်နေရေးအခက်အခဲအတွက် ပြေလည်စေရန် ဆန်များနှင့် စားသောက်ဖွယ်ရာများကို ကျယ်ကျယ်ပြန့်ပြန့် လှူဒါန်းလျက်ရှိပြီး ဆက်လက်၍လည်း လိုအပ်သောနေရာများတွင် လှူဒါန်း သွားမည်ဖြစ်ကြောင်း IBEC ဆရာတော်က မိန့်ကြားခဲ့ကြောင်း IBEC သတင်းနှင့်ပြန်ကြားရေးဌာနမှ သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေးအတွက် ပြည်မြို့ လူစည်ကားရာနေရာ နှစ်ခု၌ နှာခေါင်းစည်းတပ်ဆင်ရေးလှုပ်ရှားမှု ပြုလုပ်ခြင်းနှင့် ပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေ

**ပြည် မေ ၂၄**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့တွင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်ရေးအတွက်ရည်ရွယ်၍ လူစည်ကားရာ နေရာနှစ်ခု၌ ပြည်သူများထံ အဝတ်နှာခေါင်းစည်းများ စုစုပေါင်း ၂၅၀၀ ဖြန့်ဝေပေးသည့် Mask Campaign ပြုလုပ်ခြင်းနှင့် ကိုဗစ်-၁၉ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းတို့ကို ခရိုင်နှင့် မြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ရပ်ကျေးအုပ်ချုပ်ရေးမှူးများအဖွဲ့က ယနေ့ နံနက်ပိုင်းတွင် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(ယာပုံ)**



ထိုသို့ ဆောင်ရွက်ခြင်းကို နံနက် ၈ နာရီခွဲက စတင်ကာ ပြည်မြို့ မြို့မဈေးကြီးရှေ့ရှိ ပျံကျဈေးတန်း၌ နှာခေါင်းစည်းများ တပ်ဆင်ခြင်းမရှိဘဲ သွားလာနေကြသူများ၊ ဈေးသည်/ဈေးဝယ်များ၊ လက်လုပ်လက်စား အခြေခံလူတန်းစားများ၊ အနေးယာဉ်လုပ်သားများနှင့် ကုန်တင်ကုန်ချ လုပ်သားများအား လည်းကောင်း၊ ယင်းနောက် ကိုးသောင်းမီးပွိုင့်အနီး ရွာဘဲရပ်ကွက် ဗိုလ်ချုပ်လမ်းမပေါ်၌ နှာခေါင်းစည်း တပ်ဆင်ခြင်းမပြုဘဲ ဖြတ်သန်းသွားလာ နေကြသူများ၊ ယာဉ်မောင်းများနှင့် ခရီးသွားပြည်သူများအား အပြင်ထွက်တိုင်း နှာခေါင်းစည်းများ စနစ်တကျ တပ်ဆင်သွားလာရေး အသိပညာပေးကာ အခမဲ့ အဝတ်နှာခေါင်းစည်းများ တပ်ဆင်ဖြန့်ဝေပေးခြင်းနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ထုတ်ဝေသည့် ကိုဗစ်-၁၉ ထိန်းချုပ်ကာကွယ်ရေးအသိပညာပေး သတင်းစကား လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်းနှင့် အလားတူ အခြား လူစည်ကားရာ နေရာများ၌လည်း အဝတ်နှာခေါင်းစည်းများ ဆက်လက်ဖြန့်ဝေသွားမည်ဖြစ်ကြောင်း အဆိုပါ ပူးပေါင်းအဖွဲ့ထံမှ သိရသည်။

**မျိုးကျော်ကြီး(ပြန်/ဆက်)**

## ချင်းရွှေဟော် မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဂိတ်မှ ပြန်ဝင်လာသည့် နေရပ်ပြန်ရွှေ့ပြောင်းအလုပ်သမား ၇၆၆၅ ဦးရှိ

**ချင်းရွှေဟော် မေ ၂၄**

တရုတ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသား နေရပ်ပြန် ရွှေ့ပြောင်းအလုပ်သမားများသည် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ် ချင်းရွှေဟော်မြို့ မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဂိတ်ပေါက်မှ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ယနေ့အထိ ပြန်ဝင်လာသူဦးရေမှာ အမျိုးသား ၄၄၃၅ ဦးနှင့် အမျိုးသမီး ၃၂၃၀ စုစုပေါင်း ၇၆၆၅ ဦးရှိပြီဖြစ်ကြောင်း သိရသည်။

ဧပြီ ၃၀ ရက်မှစတင်၍ တရုတ်နိုင်ငံဘက်မှ ပြန်လည်ဝင်ရောက်လာသော အဆိုပါနေရပ်ပြန် ရွှေ့ပြောင်းအလုပ်သမားများအား ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ မြို့အုပ်ချုပ်ရေးမှူး ဦးသက်ဦးပိုင် ဦးဆောင်၍ ကော်မတီအဖွဲ့ဝင်များမှ ချင်းရွှေဟော် နယ်စပ်ဂိတ်ပေါက်တွင် ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်ပေးခြင်း၊ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ စနစ်တကျ လက်ဆေးနိုင်ရန် လက်ဆေးစင်များနှင့် လက်သန့်ဆေးရည်များထားရှိခြင်းနှင့် နှာခေါင်းစည်းများ အခမဲ့ ဖြန့်ဝေခြင်းများ ပြုလုပ်၍ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကာ ၎င်းတို့၏ နေရပ်များသို့ ရောက်ရှိစေရေးအတွက် လားရှိုးမြို့မှတစ်ဆင့် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များသို့ စနစ်တကျချိတ်ဆက်ပို့ဆောင်ပေးလျက် ရှိကြောင်း သိရသည်။ **(အပေါ်ယာပုံ)**



ချင်းရွှေဟော်မြို့မှ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များသို့ လွှဲပြောင်းပို့ဆောင်ပေးခဲ့သည့် နေရပ်ပြန် ရွှေ့ပြောင်းအလုပ်သမားများမှာ ယနေ့အထိ စာရင်းအရ ရန်ကုန်တိုင်းဒေသကြီးမှ ၃၀၊ မန္တလေးတိုင်းဒေသကြီးမှ ၁၂၂၂ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ၉၈၂ ဦး၊ ပဲခူးတိုင်းဒေသကြီးမှ ၁၂၃၇ ဦး၊ မကွေးတိုင်းဒေသကြီးမှ ၁၈၀၅ ဦး၊ ဧရာဝတီတိုင်းဒေသကြီးမှ ၃၆၇ ဦး၊ ကချင်ပြည်နယ်မှ ၁၂၁၂ ဦး၊ ချင်းပြည်နယ်မှ ၃၁ ဦး၊ ကရင်ပြည်နယ်မှ နှစ်ဦး၊ ရှမ်းပြည်နယ်မှ ၁၆၁၅ ဦး၊ မွန်ပြည်နယ်မှ ခုနစ်ဦး၊ ရခိုင်ပြည်နယ်မှ ၁၀၉ ဦးနှင့် နေပြည်တော်မှ ၁၃၇ ဦးတို့ ဖြစ်ကြောင်း သိရသည်။

**ဇင်ဇင်(ပြန်/ဆက်)**

## ကောလင်းမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်း

**ကောလင်း မေ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် မြောက်အင်းရပ်ကွက် ဥတ္တရာမပရိယတ္တိကျောင်းတိုက်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ယနေ့ နံနက် ၉ နာရီက ပိုးသတ်ဆေးဖျန်းခြင်းများ ဆောင်ရွက်သည်။

ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုများမရှိစေရေးအတွက် ကြိုတင်ကာကွယ်ရေး လုပ်ငန်းစဉ်တစ်ခုဖြစ်သည့် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် ကောလင်းမြို့နယ်မြေခံတပ်မှ တပ်မတော်သားများ၊ မြို့နယ်မီးသတ်ဦးစီးမှူးနှင့်မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်များ၊ ကြက်ခြေနီအဖွဲ့ဝင်များ ပူးပေါင်း၍ ကောလင်းမြို့ မြောက်အင်းရပ်ကွက် ဥတ္တရာမပရိယတ္တိစာသင်တိုက်အတွင်းရှိ ကျောင်းဆောင်များအားလုံး ပိုးသတ်ဆေးဖျန်းခြင်း၊ ကျောင်းထိုင်ဆရာတော်ကြီးနှင့် စာသင်သားသံဃာတော်များကို အပူချိန်တိုင်းခြင်း၊ ကျန်းမာရေးစစ်ဆေးပေးခြင်း၊ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် သောက်သုံးရေ ဂါလန် ၈၀၀ လှူဒါန်းခဲ့ကြောင်း သိရသည်။

**မြင့်ထွန်းမင်း(ကောလင်း)**

# လောကနန္ဒာဘေးမဲ့တောဥယျာဉ်တွင် ၂၀၁၉ - ၂၀၂၀ ၌ ကြယ်လိပ်ကောင်ရေ ၁၅၀၀ ခန့်ပေါက်ဖွားမည်

ညောင်ဦး မေ ၂၄

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံမြို့သစ် သီရိပစ္စယာရပ်ကွက် လောကနန္ဒာဘေးမဲ့တောဥယျာဉ်တွင် ၂၀၁၉-၂၀၂၀ ၌ ကြယ်လိပ်သားပေါက် စုစုပေါင်း ၁၅၀၀ ပေါက်ပွားမည်ဟု ခန့်မှန်းကြောင်း သိရသည်။

လောကနန္ဒာဘေးမဲ့တောဥယျာဉ်တွင် ၂၀၀၁ ခုနှစ်မှစ၍ တရားမဝင် ကုန်သွယ်မှုမှ ဖမ်းဆီးရမိသည့် မြန်မာ့ကြယ်လိပ် အထီး ၄၂ ကောင်၊ အမအကောင် ၄၀ ကို ခြံလှောင်စနစ်ဖြင့် မွေးမြူခဲ့သည်။

၂၀၁၉-၂၀၂၀ ခုနှစ် ဥဥနှုန်း ၃၂၀၅ လုံးရှိသည့်အနက် ပေါက်ပွားလာခဲ့ရာ ကမ္ဘာ့လိပ်များနေ့ မေ ၂၃ ရက်အထိ ကြယ်လိပ်ငယ် ၆၀၀ ခန့် ပေါက်ပွားနေပြီး ကြယ်လိပ်သားပေါက်များ ရာသီကုန်ချိန်တွင် ကြယ်လိပ် အကောင်ပေါက် ၁၅၀၀ခန့် ပေါက်ပွားလာမည်ဟု ခန့်မှန်းကြောင်း တာဝန်ရှိသူများထံမှ သိရသည်။

**မောင်မောင်ထိန်(ကျောက်ပန်းတောင်း)**

# မြန်မာ့တိုက်လိပ်များ မျိုးသုဉ်းရန် လက်တစ်ကမ်းအလိုမှ ပြန်လည်ကယ်တင်ထိန်းသိမ်းနိုင်ခဲ့ပြီဖြစ်

နေပြည်တော် မေ ၂၄

မြန်မာနိုင်ငံ သစ်တောဦးစီးဌာနနှင့် သားငှက်ထိန်းသိမ်းရေးအဖွဲ့ (WCS)၊ လိပ်မျိုးဆက်ရှင်သန်ရေးအဖွဲ့ (TSA) တို့ ပူးပေါင်းကာ ၂၀၀၇ ခုနှစ်မှစတင်၍ လိပ်ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ မြန်မာ့ တိုက်လိပ်များ မျိုးသုဉ်းရန် လက်တစ်ကမ်းအလိုမှ ပြန်လည်ကယ်တင် ထိန်းသိမ်းနိုင်ခဲ့ပြီဖြစ်ကြောင်း မေ ၂၃ ရက်တွင် ကျရောက်သည့် ကမ္ဘာ့လိပ်များနေ့ အထိမ်းအမှတ်အဖြစ် သားငှက် ထိန်းသိမ်းရေးအဖွဲ့ (မြန်မာနိုင်ငံ အစီအစဉ်) မှ သတင်းထုတ်ပြန်ထားသည်။



ခန္တီးမြို့နယ် လင်းဖားကျေးရွာ ရေလယ်ကျွန်းဘုရားအနီး ချင်းတွင်းမြစ်အတွင်း မြန်မာ့တိုက်လိပ်အကောင် ၄၀ ကို မတ် ၁၉ ရက်က soft released စနစ်ဖြင့် လွှတ်ပေးကြစဉ်။

မြန်မာ့တိုက်လိပ် (Batagur trivittata) သည် ကမ္ဘာ့မျိုးသုဉ်းရန် အန္တရာယ်အရှိဆုံး မျိုးစိတ်များထဲမှ တစ်ခုဖြစ်ပြီး သဘာဝတွင်မျိုးပွားနိုင်သော အမကောင်ရေ ငါးကောင် အောက်သာ ရှင်သန်ကျန်ရှိသော မျိုးစိတ်ဖြစ်ကြောင်း၊ ယခင်က မြန်မာနိုင်ငံရှိ မြစ်ကြီးများတွင် မြန်မာ့ တိုက်လိပ်ကို ပေါများစွာတွေ့ရှိခဲ့ရ သော်လည်းလိပ်ဥများ အလွန်အကျွံ ရှာဖွေစားသောက် ရောင်းချခြင်း၊ ငါးဖမ်းပိုက်များတွင် မတော်တဆ ဖမ်းမိကာ သေဆုံးခြင်းနှင့် ရွှေတူးဖော်ခြင်းများကြောင့် ဥကျင်း ပြုလုပ်ရန် အရေးပါသော သဲသောင် များ ပျက်စီးခြင်းစသည့် အကြောင်း အရာများကြောင့် မျိုးသုဉ်းရန်နီးကပ် သော အဆင့်သို့ ရောက်ရှိခဲ့ရသည်။ ၁၉၉၀ နှောင်းပိုင်း နှစ်များမှ ၂၀၀၀ ပြည့်နှစ် အစောပိုင်းနှစ်များအထိ နေရာနှစ်နေရာတွင် ပြန်လည် မတွေ့ရှိခင်အထိ မြန်မာ့တိုက်လိပ်ကို မျိုးသုဉ်းသွားပြီဟု ယူဆခဲ့ကြကြောင်း သိရသည်။

ယခုအခါ သစ်တောဦးစီးဌာနနှင့် သားငှက်ထိန်းသိမ်းရေးအဖွဲ့၊ လိပ်မျိုး ဆက်ရှင်သန်ရေးအဖွဲ့တို့ ပူးပေါင်း၍ နှစ်စဉ် ဖေဖော်ဝါရီလနှင့် မတ်လတို့ တွင် မြန်မာနိုင်ငံမြောက်ပိုင်း ချင်းတွင်း မြစ်တစ်လျှောက်ရှိ သဲသောင်ခုံများ၌ သဘာဝတွင် ကျန်ရှိသော လိပ်မ အနည်းငယ်မှ ဥချထားသော လိပ်ဥ များအား စုစည်းပြီး မေလမှ ဇွန်လ အထိ သားဖောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ ထိုမှ ရရှိ လာသည့် မြန်မာ့တိုက်လိပ်သားပေါက် များအား ချင်းတွင်းမြစ်အတွင်းသို့ ပြန်လည် မစေလွှတ်မီ ခြံလှောင်စနစ် ဖြင့် ငါးနှစ်မှ ခြောက်နှစ်အရွယ်အထိ ရောက်အောင် ပြုစုထိန်းသိမ်းထားပြီး သဘာဝနေရင်း ဒေသများအတွင်း ပြန်လည် စေလွှတ်နိုင်ရန်အတွက် မြန်မာနိုင်ငံရှိ တိရစ္ဆာန်ဥယျာဉ်များနှင့် ဘေးမဲ့တော ဥယျာဉ် များတွင် ခြံလှောင်သားဖောက်ခြင်းများလည်း ဆောင်ရွက်နေလျက်ရှိကြောင်း သိရ သည်။

ယခုနှစ် မတ် ၁၉ ရက်ကလည်း ရေချိုလိပ်ထိန်းသိမ်းရေးစခန်းတွင် ခြံလှောင်ထိန်းသိမ်း မွေးမြူခဲ့သည့် ရှားပါးမြန်မာ့တိုက်လိပ် အထီး အကောင် ၂၀ နှင့် အမ အကောင် ၂၀ စုစုပေါင်းအကောင် ၄၀ကို စစ်ကိုင်း တိုင်းဒေသကြီး ခန္တီးမြို့နယ် လင်းဖား ကျေးရွာ ရေလယ်ကျွန်းဘုရားအနီး ချင်းတွင်းမြစ် အထက်ပိုင်းတွင် စတုတ္ထအကြိမ် စေလွှတ်ခဲ့ပြီးဖြစ် ကြောင်း သိရသည်။

ထို့အပြင် ယခုနှစ်အတွင်း ချင်းတွင်းမြစ်အထက်ပိုင်းတွင် သီးခြား ကျက်စားနေသည့် လိပ်မတစ်ကောင်မှ ပထမဆုံးအနေဖြင့် လိပ်ဥ ၁၉ လုံး ပါသော ဥကျင်းဥခဲ့ရာ အဆိုပါ လိပ်ဥ ၁၉ လုံးမှ မေလအစောပိုင်းတွင် ၁၄ ကောင် ပေါက်ခဲ့ကြောင်း သိရသည်။

ထို့အတူ မန္တလေးတိရစ္ဆာန်ဥယျာဉ် ၌ သားဖောက်ပြုစုထားပြီး ၂၀၁၉ ခုနှစ် ဧပြီလတွင် ရန်ကုန် တိရစ္ဆာန်ဥယျာဉ်သို့ ပြောင်းရွှေ့ထားသော မြန်မာ့တိုက်လိပ် အုပ်စုမှ ပြောင်းရွှေ့ပြီး တစ်နှစ်မပြည့် ခင်ပင် လိပ်မများက စတင်ဥခဲ့ရာ ယနေ့အထိ လေးကောင်သားပေါက် ပြီးဖြစ်ကာ ခြံလှောင်သားဖောက် ပြုစုထားသည့် မြန်မာ့တိုက်လိပ် အုပ်စုများမှ ပထမဆုံး အောင်မြင်စွာ ဥသားပေါက်လာခြင်းလည်း ဖြစ် ကြောင်း သိရသည်။

**သီဟစည်သူ**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၄ - ၅ - ၂၀၂၀

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၂၁၆၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၂၁၁၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၁၄၄၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၂၁၅၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၂၁၀၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၁၄၃၅၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၄၈၀/၅၂၀ | ကျပ် | ၅၁၀/၅၂၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၄၉၀/၅၃၀ | ကျပ် | ၅၂၀/၅၃၅ | ကျပ် |
| အောက်တိန်း ၉၂ | ၃၉၀/၄၄၀ | ကျပ် | ၄၆၀/၄၇၀ | ကျပ် |
| အောက်တိန်း ၉၅ | ၅၂၀/၅၅၀ | ကျပ် | ၅၉၅/၆၁၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၀၆ . ၄ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၃၂ . ၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၈၇ . ၈၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၁၂ . ၅ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၀၇ . ၉ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၁၇ . ၁၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၇ . ၀၀ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၅၁၂ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၃ . ၃၆ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၂ . ၂၀ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၄ . ၀၈၈ |

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀၅၀၀ | ၁၀၅၀၀ | ၄၀၄၅ | ၄၃၈၈၇၅၀၀ |
| MTSH | ၃၇၀၀ | ၃၇၅၀ | ၁၆၇၁ | ၆၂၄၈၇၅၀ |
| MCB | ၈၁၀၀ | ၈၁၀၀ | ၃၀၀ | ၂၄၃၀၀၀၀ |
| FPB | ၂၃၅၀၀ | ၂၄၀၀၀ | ၇၉၃ | ၁၉၀၃၁၀၀၀ |
| TMH | ၂၇၅၀ | ၂၇၅၀ | ၅၁ | ၁၄၀၂၅၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)




## အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသော Hot-line ဖုန်းများဖြစ်သည့် ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီ တောင်းခံနိုင်ပါကြောင်း အသိပေးနိုးဆော်အပ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန


မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | ဝင်းကျော် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ခင်ရတနာ |
| ဘာသာပြန် စာတည်း | - | ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်း သတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |



mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News Presented by NPE www.mdn.gov.mm

# ကျွန်တော်နဲ့ ကိုယ်ကျိုးစီးပွား ပဋိပက္ခ



## ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်

**ကျွန်တော် ဒီဆောင်းပါးခေါင်းစဉ်ကို သတိထားပြီး ရွေးချယ်ခဲ့တာ။ ကျွန်တော့်ရဲ့တင်ပြမှုကို ခလေ့ထုံးစံအကျင့်စရိုက်တစ်ရပ်ကို ပုံကြီးချဲ့နေတာလို့ ဝေဖန်ကြမှာထုံးစံမို့ အလွယ်တကူဖျက်ဖို့ခက်ခဲတာ အကျင့်ကပါနေပြီ။ ကိုယ်ကျိုးစီးပွား ပဋိပက္ခဟာ အဂတိတိုက်ဖျက်ရေးမှာ အလွန်အရေးပါတယ်။ ဒါပေမယ့် အခုလိုလုပ်နေတာကို မှားတယ်လို့မထင်ဘဲ လုပ်နေကျအရာတစ်ခုအနေနဲ့ လက်ခံပြီး ခွင့်လွှတ်နေကြတယ်။ အဂတိဆိုတာက ကတိရဲ့ဆန့်ကျင်ဘက်ဖြစ်တယ်။ လူတစ်ဦးရဲ့တန်ဖိုးက ကတိတည်မှု၊ ဖြောင့်မတ်တည်ကြည်မှု။**

### ရာထူးတာဝန်ရှိသူတွေ အထူးဆင်ခြင်သင့်

ကျွန်တော်က ကိုယ်ကျိုးစီးပွားပဋိပက္ခအကြောင်း တင်ပြဆွေးနွေးရင်း လုပ်ရိုးလုပ်စဉ်တစ်ခုကို မလိုအပ်ဘဲ မီးမောင်းထိုးနေတာလို့ ပြောတယ်။ အမှန်တော့ ဒီကိစ္စဟာ ရိုးရိုးစင်းစင်းကိစ္စတစ်ခု၊ ကိုယ့်ရဲ့ရာထူးတာဝန်ကို အခွင့်အရေးယူခြင်းပဲ ဖြစ်တယ်။ အခွင့်အရေးလို့ ပြောတဲ့နေရာမှာ လိုတာထက်ပိုပြီး ယူခြင်းဖြစ်တယ်။ ကျွန်တော်က တစ်ခါက ပြည်သူ့လွှတ်တော်ရဲ့ ကော်မရှင်တစ်ခုမှာ အဖွဲ့ဝင်တစ်ဦးအဖြစ် တာဝန်ယူခဲ့တယ်။ လွှတ်တော်မှာ ခေတ်မီအိုင်တီအခြေခံအဆောက်အအုံတွေကို ဖော်ထုတ်တဲ့ လုပ်ငန်းအစီအစဉ်တစ်ရပ် ပေါ်ပေါက်လာတယ်။ ဒီစီမံချက်နဲ့ပတ်သက်ပြီး တင်ဒါခေါ်ဖို့ အစီအစဉ်ရှိတယ်။ ဒီတင်ဒါခေါ်ရာမှာ ကော်မရှင်အဖွဲ့ဝင်တွေအနက် အိုင်တီလုပ်ငန်းလုပ်နေသူတွေရှိတော့ အခုလိုတင်ဒါကို ဝင်ရောက်ပါဝင်ရင် ပွင့်လင်းမြင်သာဖို့ လိုအပ်ပြီး တင်ဒါနဲ့ပတ်သက်တဲ့ အဆုံးအဖြတ်မှာ ကိုယ်ကိုယ်တိုင်မပါဝင်သင့်ကြောင်း တင်ပြခဲ့တယ်။ အကယ်၍ ကိုယ်ကိုယ်တိုင်ဆုံးဖြတ်မှုမှာ ပါဝင်ပတ်သက်နေရင် ထင်ရှားတဲ့ ပဋိပက္ခဖြစ်မှာ။ အများပိုင်ကုမ္ပဏီတစ်ခုမှာ ကိုယ်ကျိုးစီးပွားရေးပဋိပက္ခကို တင်ပြဆွေးနွေးတဲ့အခါ နာမည်ကြီးစာရင်းစစ်တစ်ဦးက "ဖိတ်ချင်းဖိတ်၊ ကိုယ့်အိတ်ထဲကိုယ်ဖိတ်တာ" လို့ မှတ်ချက်ပေးခဲ့တာကို အခုအချိန်အထိ အမှတ်ရမိနေတယ်။

ရာထူးတာဝန်ယူထားသူတွေအနေနဲ့ အထူးဆင်ခြင်ရမယ့်အရာဖြစ်တယ်။ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ အထင်အမြင်မလွဲအောင် ဂရုပြုရမယ်။ အခု ကိုဗစ်-၁၉ ကာလမှာ ဂျာနယ်၊ သတင်းစာတွေက မှန်မှန်မရဘူး။ လာပြန်တော့လည်း ဇနီးသည်က နေလှန်းပြီး တစ်ရက်အလွန်မှ ဖတ်ခွင့်ရတယ်။ ကိုဗစ်-၁၉ ကြောင့် နိုင်ငံတော်အစိုးရက စီးပွားရေးအရ နစ်နာဆုံးရှုံးခဲ့တဲ့ အထည်ချုပ်လုပ်ငန်းတွေ၊ ဟိုတယ်ခရီးသွားလုပ်ငန်းတွေအတွက် ချေးငွေတွေ ထုတ်ပေးခဲ့တယ်။ အခုလို ချေးငွေဖြန့်ဝေရာမှာ ကိုယ်ကျိုးစီးပွားပဋိပက္ခ ပေါ်ပေါက်ခဲ့တယ်လို့ စွပ်စွဲကြတယ်။ မဟုတ်ဘူးလို့ချေပပြောဆိုခဲ့တာကိုလည်း ဖတ်ခဲ့တယ်။ အစကတည်းက အခုလိုမဖြစ်အောင် သတိထားရမှာ။ သံသယဖြစ်စေမယ့် အခြေအနေကို ရှောင်နိုင်ရင် အကောင်းဆုံးပါ။

### ဝန်ထုပ်ဝန်ပိုးဖြစ်သော ပြည်သူပိုင်စက်ရုံများ

ကျွန်တော်တို့နိုင်ငံရဲ့စီးပွားရေးအဆောက်အအုံမှာ ပြည်သူပိုင်စက်ရုံအလုပ်ရုံတွေဟာ ဝန်ထုပ်ဝန်ပိုးဖြစ်ခဲ့တယ်။ ဒါကလည်း ၁၉၆၂ ခုနှစ်က မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်အရ ပုဂ္ဂလိကလုပ်ငန်းတွေ၊ စက်ရုံအလုပ်ရုံတွေကို ပြည်သူပိုင်သိမ်းဆည်းခဲ့တယ်။ ဒီလုပ်ငန်းတွေကို ပြည်သူပိုင်ဆိုပြီး ခေါ်ဆိုသတ်မှတ်ခဲ့တယ်။ အမှန်တော့ ပြည်သူက ပိုင်တာမဟုတ်၊ နိုင်ငံကသာ ပိုင်ဆိုင်တာ ဖြစ်တယ်။ ဒါကြောင့်လည်း ဒီစီးပွားရေးလုပ်ငန်းတွေကို တခြားနိုင်ငံတွေမှာ State-owned- enterprises (SOEs) နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများလို့ ခေါ်ကြတယ်။ တချို့နိုင်ငံမှာတော့ State-economic-enterprise (SEE) နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းအဖြစ် ခေါ်ဝေါ်သတ်မှတ်ခဲ့တယ်။ ဒီလုပ်ငန်းတွေကို ပုဂ္ဂလိကလက်ထဲကနေ ၁၉၆၂ နောက်ပိုင်းမှာ သိမ်းဆည်းခဲ့တယ်။ သိမ်းဆည်းတဲ့နေရာမှာလည်း လုပ်ငန်းပမာဏကို အခြေခံပြီး ဆောင်ရွက်တာမဟုတ်ဘဲ ပုဂ္ဂလိကဆိုရင် နိုင်ငံပိုင်ဖြစ်ရမယ်ဆိုပြီး လုပ်ခဲ့တယ်။ ဒီစက်ရုံအလုပ်ရုံတွေဟာ စီးပွားရေးအဖွဲ့အစည်းတွေ ပုဂ္ဂလိက လက်ထဲမှာရှိစဉ် ဈေးကွက်ယန္တရားအားကိုးပြီး လှုပ်ရှားခဲ့တယ်။ အောင်မြင်အောင် ကြိုးစားခဲ့ကြတယ်။ အရှုံးပေါ်ရင် ဆက်လုပ်ခွင့်မရဘူး၊ ဈေးကွက်က မျက်နှာလိုက်တာ မဟုတ်ဘူး။ အခုလိုပုဂ္ဂလိကပိုင်ဆိုင်မှု စီမံခန့်ခွဲမှုအောက်မှာ လှုပ်ရှားခဲ့တဲ့ စက်ရုံအလုပ်ရုံတွေကို ပြည်သူပိုင်သိမ်းပြီးတဲ့အခါ အုပ်ချုပ်ရေးပုံစံနဲ့ စီမံအုပ်ချုပ်ခဲ့တယ်။ ပါတီကေဒါတွေလက်ထဲ ထည့်ခဲ့တယ်။ အရာရာကို ဗျူရိုကရေစီယန္တရားနဲ့ စီမံခဲ့တယ်။ စာအုပ်ကြီးအတိုင်း လုပ်ခဲ့ကြတယ်။ ခွဲတမ်းစနစ်ကျင့်သုံးတာမို့ ဈေးကွက်ယန္တရားရဲ့ အထိန်းအချုပ်မရှိဘူး။ စီးပွားရေးလုပ်ငန်းတွေကို နိုင်ငံရေးလိုအပ်ချက်တွေနဲ့ ဆောင်ရွက်ခဲ့တာမို့ တစ်ချိန်က အမြတ်အစွန်းရနေတဲ့ စက်ရုံအလုပ်ရုံတွေဟာ အရှုံးပေါ်ခဲ့တယ်။ ဝင်ငွေနဲ့အသုံးစရိတ် မမျှခဲ့ဘူး။ စီးပွားရေးရဲ့တောင်းဆိုမှုအရ ဝန်ထမ်းတွေလျှော့ဖို့လိုမှန်းသိပေမယ့် မဆောင်ရွက်နိုင်ခဲ့ဘူး။ နှစ်ပေါင်းများစွာ အခုလိုဆောင်ရွက်ခဲ့လို့ နိုင်ငံရဲ့စီးပွားရေးကို အကြီးအကျယ် ထိခိုက်ခဲ့တယ်။ ၁၉၆၂ ခုနှစ်က စခဲ့တဲ့ပြဿနာကို ခေတ်အဆက်ဆက် တာဝန်ယူခဲ့တဲ့ အစိုးရတွေက ခါးစည်းခံခဲ့တယ်။ တာဝန်ယူခဲ့တယ်။ အတိတ်ရဲ့အမှားကို ပစ္စုပ္ပန်မှာ တာဝန်ယူခဲ့ကြရတယ်။

> **"အုပ်ချုပ်ရေးတာဝန်ယူထားတဲ့ ဝန်ကြီးဌာနနဲ့ အဖွဲ့အစည်းတွေဟာ အဂတိတိုက်ဖျက်ရေးလုပ်ငန်းမှာ ရှေ့တန်းကနေ မားမားမတ်မတ်ရှိရမယ်။ အဂတိနဲ့ ပတ်သက်လာရင် စီးပွားရေးလုပ်ငန်းတွေ သာမက အုပ်ချုပ်ရေးအဖွဲ့အစည်းတွေမှာလည်း ပေါ်ပေါက်နိုင်တာကို အမြဲသတိပြုရမယ်။ မြန်မာနိုင်ငံအဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နဲ့ လက်တွဲပြီး ဆောင်ရွက်သင့်တယ်။ အဂတိတိုက်ဖျက်ရေး အလုပ်တွေကြောင့် မိမိတို့ရဲ့လုပ်ငန်းတွေမှာ အနှောင့်အယှက် ဖြစ်နေတယ်လို့ ယူဆလို့မရဘူး"**

### ပိုင်ဆိုင်မှုနှင့် စီမံခန့်ခွဲမှုကို ခွဲခြားပါ

၂၀၁၀ ပြည့်နှစ် နောက်ပိုင်းမှာ အရှုံးပေါ်နေတဲ့ စက်ရုံအလုပ်ရုံတွေနဲ့ ပတ်သက်ပြီး ပြုပြင်ပြောင်းလဲမှုတွေလုပ်ဖို့ အားထုတ်ခဲ့တယ်။ ဒါကြောင့်လည်း တချို့တွေကို ပုဂ္ဂလိကလက်ထဲ ပြန်ပြီးအပ်ခဲ့တယ်။ ကျွန်တော်ကတော့ အခုလို ပုဂ္ဂလိကလက်ထဲအပ်တာနဲ့ ပတ်သက်ပြီး တာဝန်ရှိသူတွေကို တင်ပြခဲ့တယ်။ Privatization ပုဂ္ဂလိကလက်ထဲပြန်အပ်တဲ့ အစီအစဉ်တွေကို ရုရှားနိုင်ငံ၊ အရှေ့ဥရောပနိုင်ငံနဲ့ တရုတ်နိုင်ငံတွေမှာ ပြုလုပ်ခဲ့ကြတယ်။ အခုလို ဆောင်ရွက်ရာမှာ တန်ဖိုးကြီးလှတဲ့ နိုင်ငံပိုင်ပစ္စည်းတွေကို ကြမ်းခင်းဈေးသာသာနဲ့ ပတ်သက်ရာ ပတ်သက်ကြောင်းတွေကို လက်လွှဲခဲ့တယ်။ ကိုယ်ကျိုးစီးပွားပဋိပက္ခကို ကျူးလွန်ခဲ့တယ်။

ကျွန်တော်က Corporitization နိုင်ငံပိုင်စက်ရုံအလုပ်ရုံ စီးပွားရေးအဖွဲ့အစည်းတွေကို နိုင်ငံကပဲ ပိုင်ဆိုင်မှုယူထားပြီး စီးပွားရေးဆန်ဆန်လုပ်ကိုင်နိုင်အောင် ကျွမ်းကျင်လိမ္မာတဲ့ စီမံခန့်ခွဲသူတွေလက်ထဲ တာဝန်ပေးဖို့ အားပေးခဲ့တယ်။ ပိုင်ဆိုင်မှုနဲ့စီမံခန့်ခွဲမှုကို ခွဲထုတ်ဖို့ တိုက်တွန်းခဲ့တယ်။ ဒီအကြံပေးမှုကို တာဝန်ရှိသူတွေက လက်ခံခဲ့တယ်။ အချို့လုပ်ငန်းတွေဆို အလွန်အောင်မြင်လျက်ရှိတာ ဝမ်းသာစရာတွေ့ရတယ်။

ဒါပေမယ့် အခြေခံပြဿနာက ရှိနေဆဲဖြစ်တယ်။ ဒီလုပ်ငန်းတွေကိုကြီးကြပ်စီမံတဲ့ ဝန်ကြီးဌာနတွေအနေနဲ့ အများအကျိုးနဲ့ ပုဂ္ဂလိကအကျိုးကို ခွဲခွဲခြားခြားသိဖို့ လိုအပ်တာ။ အရှုံးပေါ်တာကို အမြတ်ရရင်ပြီးရောဆိုပြီး စဉ်းစားလို့ မရဘူး။ စီးပွားရေးလုပ်ငန်းတစ်ခုမှာ အမြတ်တာဝန်တစ်ခုတည်းရှိတာ မဟုတ်ဘူး။ လူ့အခွင့်အရေးကို ကာကွယ်ရမယ့် တာဝန်၊ ဝန်ထမ်းရေးရာနဲ့ ပတ်သက်ပြီး ထိန်းသိမ်းရမယ့်တာဝန်၊ ပတ်ဝန်းကျင်မထိခိုက်အောင်၊ မညှိုးနွမ်းအောင် စောင့်ရှောက်ရမယ့် တာဝန်တွေရှိတယ်။ အရေးကြီးဆုံးကတော့ အဂတိကင်းစင်ဖို့ ဖြစ်တယ်။ မြတ်ဖို့ပဲ အရေးကြီးတယ်။ အဂတိလိုက်စားမှုကို သည်းခံခွင့်လွှတ်လို့ မဖြစ်ဘူး။ လုံးဝလက်ခံလို့မရတဲ့ အရာဖြစ်တယ်။ Zero tolerance ပေါ်လစီကို ကျင့်သုံးရတယ်။

### အဂတိသည် အုပ်ချုပ်ရေးအဖွဲ့အစည်းအတွင်း ပေါ်လာနိုင်တာကို သတိပြု

အုပ်ချုပ်ရေးတာဝန်ယူထားတဲ့ ဝန်ကြီးဌာနနဲ့ အဖွဲ့အစည်းတွေဟာ အဂတိတိုက်ဖျက်ရေးလုပ်ငန်းမှာ ရှေ့တန်းကနေ မားမားမတ်မတ်ရှိရမယ်။ အဂတိနဲ့ ပတ်သက်လာရင် စီးပွားရေးလုပ်ငန်းတွေသာမက အုပ်ချုပ်ရေးအဖွဲ့အစည်းတွေမှာလည်း ပေါ်ပေါက်နိုင်တာကို အမြဲသတိပြုရမယ်။ မြန်မာနိုင်ငံအဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နဲ့ လက်တွဲပြီး ဆောင်ရွက်သင့်တယ်။ အဂတိတိုက်ဖျက်ရေးအလုပ်တွေကြောင့် မိမိတို့ရဲ့လုပ်ငန်းတွေမှာ အနှောင့်အယှက်ဖြစ်နေတယ်လို့ ယူဆလို့မရဘူး။

အခု မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌဟာ တာဝန်ကျေပွန်တဲ့ ရင်းနှီးမြှုပ်နှံမှုကို ကြိုဆိုလျက်ရှိတယ်။ အခုလိုဆောင်ရွက်ရာမှာ အဂတိလိုက်စားမှုကို ဆန့်ကျင်ဖို့ အမြဲမိန့်မှာခဲ့တယ်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်နဲ့ ပူးတွဲဆောင်ရွက်ဖို့ စီစဉ်လျက်ရှိတယ်။ အခုလို ကော်မရှင်နှစ်ရပ် ပူးပေါင်းဆောင်ရွက်မှုဟာ အစိုးရအသစ်ရဲ့ ထူးခြားတဲ့ ခြေလှမ်းတစ်ရပ်ဖြစ်တယ်။ တစ်ကြိမ်တစ်ခါမှ လုပ်ဆောင်ခဲ့ခြင်း မရှိခဲ့ဘူး။

အခုလို ပူးပေါင်းဆောင်ရွက်မှုကို ဝန်ကြီးဌာနတစ်ခုချင်းအနေနဲ့ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်နဲ့ ဖော်ထုတ်ဖို့ ကျွန်တော်က တိုက်တွန်းချင်ပါတယ်။ အုပ်ချုပ်ရေးအင်အားနဲ့ တန်ဖိုးထားမှုကို ဦးစားပေးတဲ့ အဖွဲ့အစည်းနဲ့ ပေါင်းစပ်သင့်တယ်၊ ပေါင်းစည်းစေချင်တယ်။ ပုဂ္ဂလိကကဏ္ဍ အဂတိဆန့်ကျင်ရေးအစီအစဉ်ကို မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နဲ့ မြန်မာနိုင်ငံအဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က အဂတိလိုက်စားမှုတိုက်ဖျက်တဲ့ ပုဂ္ဂလိကကဏ္ဍ ဖြစ်ပေါ်လာအောင် စီစဉ်ဆောင်ရွက်နေတာမို့ အစိုးရဌာနတွေမှာလည်း အခုလို လုပ်ဆောင်နိုင်လိမ့်မယ်လို့ ယုံကြည်မိပါတယ်။ ။

---

## လောက်ကိုင်မြို့တွင် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေးကာလ မျိုးစေ့၊ ပျိုးပင်၊ မြေသြဇာထုပ်များ ဒုတိယအကြိမ် အခမဲ့ဖြန့်ဝေ

လောက်ကိုင် မေ ၂၄

ရှမ်းပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးဆောင်ရွက်၍ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့တွင် ကိုဗစ်-၁၉ ကပ်ရောဂါကာလ ပြည်သူများနှင့်နိုင်ငံ့ဝန်ထမ်းများ ဘေးအန္တရာယ်ကင်းရှင်းကာ လတ်ဆတ်သော ဟင်းသီးဟင်းရွက်များ စားသုံးနိုင်စေရန်နှင့် မီးဖိုချောင်ကုန်ကျစရိတ် လျှော့ချနိုင်စေရန် ရည်ရွယ်၍ မျိုးစေ့၊ ပျိုးပင်၊ မြေသြဇာထုပ်များ ဒုတိယအကြိမ် အခမဲ့ဖြန့်ဝေ ထောက်ပံ့ပေးအပ်ခြင်းကို ယမန်နေ့က အမှတ်(၃) ရပ်ကွက်ရုံး၌ ပြုလုပ်သည်။

ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးကျောက်တယ်ချန်က ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေးကာလအတွင်း လူစုလူဝေးရှောင်ရှားနိုင်ရန်နှင့် လူဦးရေထူထပ်သည့် ဈေးသို့သွားရောက်ဝယ်ယူခြင်း လျှော့ချနိုင်ရန် အိမ်ခြံဝင်းအတွင်း နေ့စဉ်စားသုံးနေသည့် ဟင်းသီးဟင်းရွက်များ တစ်နိုင်တစ်ပိုင်စိုက်ပျိုးပြီး မိမိအိမ်ခြံဝင်းနှင့် မိမိရပ်ကွက်အတွင်း သန့်ရှင်းသာယာလှပအောင် ဆောင်ရွက်ခြင်းဖြင့် ကျန်းမာပျော်ရွှင်စွာ နေထိုင်သွားကြရန် ပြောကြားသည်။

ယင်းနောက် အမှတ်(၃)ရပ်ကွက်အတွင်း အခမ်းအနားတက်ရောက်လာသည့် အိမ်ထောင်စုများအား ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးကျောက်တယ်ချန်နှင့် ဒေသ/မြို့နယ်အဆင့် အိမ်ခြံဝင်းဥယျာဉ်လုပ်ငန်းကြီးကြပ်ရေးနှင့် အကောင်အထည်ဖော်ရေးအဖွဲ့ဝင်များက မုန်ညင်းဖြူ၊ ပဲသီး၊ ကန်စွန်း၊ ခရမ်း၊ ငရုတ်ပွ မျိုးစေ့များနှင့် ခရမ်းပျိုးပင်၊ ငရုတ်ပျိုးပင်များကို အိမ်ထောင်စုအလိုက် ဖြန့်ဝေပေးခဲ့ကြသည်။

ဇော်ဇော်အောင်(ပြန်/ဆက်)




လောက်ကိုင်မြို့နေပြည်သူများအတွက် စိုက်ပျိုးရေးမြေဆီနှင့် မျိုးစေ့များ၊ ပျိုးပင်များ ဖြန့်ဝေပေးစဉ်။

# ကြူကုတ်ကြက်သွန်ဖြူအသစ်ဈေးနှုန်းများ ယမန်နှစ်အောက် ထက်ဝက်ကျဆင်း

**ရန်ကုန် မေ ၂၄**

ကြူကုတ်ကြက်သွန်ဖြူအသစ်များ မေ ၂၂ ရက်က ရန်ကုန်ဈေးကွက်သို့ စတင်ဝင်ရောက်လာခဲ့ရာ လက်ကားတစ်ပိဿာပေါက်ဈေးမှာ ယမန်နှစ် အလားတူ ကာလပေါက်ဈေးနှင့်နှိုင်းယှဉ်ပါက ထက်ဝက်ကျော် လျော့နည်း လျက်ရှိသည်။

လက်ရှိအနေဖြင့် ကြူကုတ်ကြက်သွန်ဖြူလက်ကားတစ်ပိဿာ ငွေကျပ် ၁၃၅၀ ရှိပြီး ယမန်နှစ်အလားတူအချိန် ကြူကုတ်ကြက်သွန်ဖြူအသစ်များ ဝင်ရောက်ချိန်က လက်ကားတစ်ပိဿာဈေးမှာ ငွေကျပ် ၃၀၀၀ နှုန်းရှိခဲ့ခြင်း ဖြစ်သည်။

၂၀၁၈ ခုနှစ် ကြူကုတ်ကြက်သွန်ဖြူအသစ်ပေါ်ချိန်တွင် လက်ကား တစ်ပိဿာဈေးမှာ ငွေကျပ် ၁၃၀၀ ရှိခဲ့သည်။ ၂၀၁၇ ခုနှစ်က အသစ်ပေါ်ချိန်တွင် အမြင့်ဆုံးဈေးသို့ ရောက်ခဲ့ပြီး အဆိုပါအချိန်က ကြူကုတ်ကြက်သွန်ဖြူ အသစ် လက်ကားတစ်ပိဿာ ငွေကျပ် ၅၈၀၀ နှင့် ကြက်သွန်ဖြူဟောင်း လက်ကား တစ်ပိဿာ ငွေကျပ် ၆၇၀၀ အထိ ရောက်ခဲ့သည်။

ကြက်သွန်ဈေးကွက်မှာ ၂၀၁၉ ခုနှစ် နှစ်လယ်ပိုင်းက ဈေးနှုန်းအမြင့်ရခဲ့ သော်လည်း ၂၀၂၀ နှစ်လယ်ပိုင်းတွင် ဈေးနှုန်းအနိမ့်သာ ရရှိခဲ့သည်ဟု ကြက်သွန် အဝယ်တော်တစ်ဦးက ပြောသည်။

ခင်ဆိုင်

# ငဖဲမြို့နယ်၌ နှမ်းနှမ်းများ ဧက ၁၅၅၀ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်း

**ငဖဲ မေ ၂၄**

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ်တွင် မန်းချောင်း ရေလှောင်တမံဆည်နှင့် ရင်းရှည်ဆည်တို့မှ ပို့လွှတ်သော ရေတို့ဖြင့် နွေနှမ်းစိုက်ပျိုးရန် ဧက ၅၅၀ လျာ ထားခဲ့ရာ ယနေ့အထိ ဧက ၁၅၅၀ စိုက်ပျိုး အောင်မြင်ဖြစ်ထွန်းနေပြီဖြစ်ကြောင်း မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံးမှ သိရသည်။ **(ယာပုံ)**



ငဖဲမြို့နယ်တွင် နွေသီးနှံအဖြစ် စပါး၊ ပဲ၊ ပြောင်း၊ မြေပဲ၊ နှမ်းများကို စိုက်ပျိုးလျက်ရှိရာ လယ်မြေများ တွင် နွေစပါးစိုက်ပျိုးမှု ကုန်ကျစရိတ်ထက် နွေနှမ်း စိုက်ပျိုးမှုကုန်ကျစရိတ်က ပိုမိုသက်သာပြီး နှမ်းဈေး ကောင်း ရရှိသောကြောင့် နွေနှမ်းကို ပိုမိုစိုက်ပျိုးကြ ကြောင်း၊ ယခင်နှစ်ကနွေနှမ်းကို ၇၈၉ ဧက စိုက်ပျိုး ခဲ့ပြီး ယခုနှစ်တွင် ဧက ၁၅၅၀ စိုက်ပျိုးနိုင်ခဲ့ရာ ယခင်နှစ်ကထက် ၇၆၁ ဧကပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ယခုနှစ် နွေနှမ်းကို ကျေးရွာအုပ်စု ၁၇ အုပ်စု တွင် ဆည်ရေဖြင့် ၆၇၉ ဧက၊ ဆည်ငယ်၊ ကန်ငယ်ရေဖြင့် ၈၅၂ ဧက၊ မြေအောက်ရေဖြင့် ၁၉ ဧက စိုက်ပျိုးပြီး စမုံနက်နှမ်းမျိုး ဧက ၁၀၅၀ နှင့် ၂/၁၄ နှမ်းမျိုး ဧက ၅၀၀ ရှိကြောင်း၊ ချောင်းဖြူ ကျေးရွာအုပ်စုတွင် ဘက်စုံအဆင့်မြင့်စံပြကွက် ဧက ၁၄၀ ရှိပြီး တောင်သူများအနေဖြင့် နွေနှမ်းစိုက်ပျိုး မှု အောင်မြင်ဖြစ်ထွန်းရေးအတွက် မြို့နယ်စိုက်ပျိုး ရေးဦးစီးဌာနဝန်ထမ်းများက စိုက်ပျိုးရေး အသိပညာလက်ကမ်းစာစောင်များ ဖြန့်ဝေပေး ထားပြီး အွန်လိုင်းမှလည်း စိုက်ပျိုးရေးနည်းပညာများ အသိပညာပေး ဆောင်ရွက်လျက်ရှိကြောင်း သိရ သည်။

မယု(ငဖဲ)

# စစ်တောင်းမြစ်နှင့် ဆွာချောင်းဆုံရာအနီးတွင် ရေလွှဲရေကာတာ မိုးမကျမီအပြီးဆောင်ရွက်မည်

**ရေတာရှည် မေ ၂၄**

ပဲခူးတိုင်းဒေသကြီး ရေတာရှည် မြို့နယ် ငါးကြီးကွေ့ကျေးရွာ အရှေ့ဘက် စစ်တောင်းမြစ်ကူး တံတား တည်ဆောက်လျက်ရှိသော စစ်တောင်းမြစ်နှင့် ဆွာချောင်းဆုံရာ အနီးတွင် ချဉ်းကပ်လမ်းပိုင်းကို ချောင်းရေတိုက်စားမှုမှ ကာကွယ်နိုင်ရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကြီးကြပ်၍ ဆောင်ရွက်လျက်ရှိသည်။



ရေလွှဲရေကာတာတည်ဆောက်ရန် လျာထားနေရာကို တွေ့ရစဉ်။

အရှည်ပေ ၁၂၀၀ ရှိ စတီးပြွန် ပေါက် မျောရေလွှဲရေကာတာကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံ ငွေကျပ်သန်း ၁၉၀ နှင့် ရွှေထူးလျှံ ကျော်ကုမ္ပဏီက တာဝန်ယူဆောင် ရွက်ခြင်းနှင့် ပတ်သက်၍ အငယ်တန်း အင်ဂျင်နီယာ ဦးအောင်လူမွေးက "လုပ်ငန်းတွေကတော့ လောလော ဆယ် ချောင်းကမ်းတစ်လျှောက်မှာ မြေပြုပြင်တဲ့ ရှေ့ပြေးလုပ်ငန်းတွေ ဆောင်ရွက်နေပါတယ်။ လုပ်ငန်းတွေ စတင်ဖို့ ပစ္စည်းစုပုံတာတွေ လုပ်နေပါ ပြီ။ လုပ်ငန်းစတင်ပြီဆိုရင် လွှတ်တော် ကိုယ်စားလှယ်တွေ၊ ကျွန်တော်တို့ ဌာနကတာဝန်ရှိသူတွေ တွေ့ဆုံပြီးမှ ဆောင်ရွက်မှာပါ။ လုပ်ငန်းတွေကို မိုးမကျမီ အပြီးဆောင်ရွက်ရမှာပါ" ဟု ပြောသည်။

ယခုဆောင်ရွက်သည့်နေရာသည် ဆွာချောင်း အောက်ဘက်အဆုံး အကွေ့ နေရာဖြစ်ပြီး စစ်တောင်းမြစ် ကူးတံတား (ဆွာတံတား) တည် ဆောက်ရေးလုပ်ငန်းခွင်ကို သွားသည့် ချဉ်းကပ်လမ်းနှင့် အနီးဆုံးနေရာ လည်း ဖြစ်သည်။

သန်းလွင်

# ဆီဆိုင်မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများသို့ ဂေါ်ဖီထုပ်ရေ ၄၃၀၀ ဖြန့်ဝေပေး

**ဆီဆိုင် မေ ၂၄**

ကိုဗစ်-၁၉ ကာလအတွင်း ဆီဆိုင်မြို့နယ်အတွင်း ရပ်ကွက်၊ ကျေးရွာများရှိ အခြေခံလူတန်းစားများ စားဝတ်နေရေးအဆင်ပြေစေရေးအတွက် ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်၊ ဆီဆိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်လှသိန်း၏ အစီအစဉ်ဖြင့် နောင်တရား ပရဟိတလူငယ်အဖွဲ့နှင့် ပူးပေါင်း၍ ဆီဆိုင်မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာ များသို့ ယမန်နေ့က ဂေါ်ဖီထုပ် ၄၃၀၀ အခမဲ့ဖြန့်ဝေပေးသည်။

ထိုသို့ဖြန့်ဝေပေးရာတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးသီဟန်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီ တပ်ဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများက ဆီဆိုင်မြို့နယ်အတွင်းရှိ အောင်ချမ်းသာရပ်ကွက်တွင် ဂေါ်ဖီထုပ်၂၀၀ ၊ မြကန်သာရပ်ကွက်တွင် ၁၅၀ ၊ ဟိုခဲရပ်ကွက်တွင် ၁၅၀ ၊ မင်္ဂလာရပ်ကွက်တွင် ၁၅၀၊ သီရိရပ်ကွက်တွင် ၁၅၀၊ အောင်သပြေ ရပ်ကွက်တွင် ၁၅၀ ၊ ဆီဆိုင်မြို့နယ်လုံးဆိုင်ရာ ဇဝနာရာမပရိယတ္တိစာသင်ကျောင်းတိုက် ကြီးအတွက် ၃၀၊ ဟိုခဲရပ်ကွက်အတွင်းရှိ ဥတ္တရာရုံကျောင်းတိုက်အတွက် ၃၀၊ ပဲပုပ်ဘုရားအတွက် ၃၀ နှင့် ကျန်ရှိသည့် ကျေးရွာများသို့ ၃၂၆၀ စုစုပေါင်း ဂေါ်ဖီထုပ် ၄၃၀၀ တို့ကို ရပ်ကွက်၊ ကျေးရွာအရောက် ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ခွန်ရဲထွေး(ဆီဆိုင်)




# ပြန်လည်ဖွင့်လှစ်ခွင့်ရသည့် အလုပ်ဌာနများမှ အလုပ်သမားများအား လူမှုဖူလုံရေးထောက်ပံ့ကူညီ

**ရွှေဘို မေ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့တွင် ပူးပေါင်းအဖွဲ့ဖြင့်စစ်ဆေးပြီး တိုင်းဒေသ ကြီးအစိုးရအဖွဲ့၏ အမိန့်ဖြင့် ပြန်လည်ဖွင့်လှစ်ခွင့်ရရှိသော လူမှုဖူလုံရေး တွင်အကျုံးဝင်သည့် အလုပ်ဌာနငါးခုမှ မှတ်ပုံတင်ထားသည့် အလုပ်သမား ၂၀၀ နီးပါးကို လူမှုဖူလုံရေး ထောက်ပံ့ကူညီမှု အကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်းကို ယနေ့နံနက်ပိုင်းက မြို့နယ်လူမှုဖူလုံရေးရုံးတွင် ထောက်ပံ့ကြေးပေးအပ်သည်။

အဆိုပါထောက်ပံ့ကြေးပေးအပ်ခြင်းနှင့်ပတ်သက်၍ ပုဂ္ဂလိကပိုင် အလုပ် ဌာနငါးခုဖြစ်သော ရုပ်ပျိုကုမ္ပဏီ၊ ဂျူဗီနိုင်သောက်ရေသန့်၊ ဘုရင်တိုင်းရင်းဆေး စက်ရုံ၊ သက်စမ်းရေကြည်သောက်ရေသန့်နှင့် ရွှေဘုရင်မ အရက်ချက်စက်ရုံတို့မှ မှတ်ပုံတင်ထားသည့် အလုပ်သမား ၁၉၈ ဦးတို့ကို ၂၀၁၂ခုနှစ် လူမှုဖူလုံရေး ဥပဒေအရ (၁/၂၀၂၀)အတွက် ထည့်ဝင်ကြေးပေးသွင်းထားသည့် အလုပ်သမား များ၏ လုပ်ခလစာ၏ ၄၀ ရာခိုင်နှုန်းကို လူမှုဖူလုံရေးထောက်ပံ့ကူညီမှု အကျိုး ခံစားခွင့်အဖြစ် လူမှုဖူလုံရေးရန်ပုံငွေမှ ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း မြို့နယ် လူမှုဖူလုံရေးရုံးခွဲတာဝန်ခံ ဒေါ်စိုးသန္တာထွန်းက ပြောသည်။

လူမှုဖူလုံရေးတွင်အကျုံးဝင်သည့် အလုပ်ဌာနငါးခုမှ မှတ်ပုံတင်ထားသည့် အလုပ်သမား ၁၉၈ ဦး အား လူမှုဖူလုံရေးထောက်ပံ့ကူညီမှု အကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်းဖြစ်သော ငွေကျပ် ၄၁၂၅၀၀၀ ကို မြို့နယ်လူမှုဖူလုံရေးရုံးခွဲ တာဝန်ခံက တာဝန်ရှိသူများကို ပေးအပ်ခဲ့သည်။

ထွန်းမြင့်အောင်(ရွှေဘို)

# ငါးရစ်၊ ငါးသန်ကာလ ငါးမျိုးသုဉ်းမှုမရှိစေရေး ငါးရောင်းသူများအား အသိပညာပေး

**လေးမျက်နှာ**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်တွင် မြို့နယ်ငါးလုပ်ငန်းဦးစီး ဌာနမှ ငါးရစ်ငါးသန်ကာလ ငါးမျိုးသုဉ်းမှုမရှိစေရေး ငါးရောင်းသူများအား အသိပညာပေးခြင်းကို မေ ၂၃ ရက်က အောင်မင်္ဂလာဈေး၌ ဆောင်ရွက်သည်။

မေလနှောင်းပိုင်းနှင့် ဇွန်၊ ဇူလိုင်လများတွင် ငါးသားပေါက်ကာလ၊ ငါးရစ် ငါးသန်ကာလရာသီချိန်ဖြစ်သောကြောင့် ငါးလုပ်ငန်းဦးစီးဌာန၏ ခွင့်ပြုချက် မှတစ်ပါး ငါးများဖမ်းဆီးခြင်း၊ စုဆောင်းခြင်း၊ သယ်ဆောင်ခြင်း၊ ရောင်းဝယ် ခြင်းမပြုရန် အမိန့်ကြော်ငြာစာအမှတ်(၂/၈၂)ဖြင့် တားမြစ်မိန့်ထုတ်ပြန် ထားပြီးဖြစ်ကြောင်း၊ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက ရေချိုငါး လုပ်ငန်းဥပဒေ ပုဒ်မ(၆၂)အရ ဖမ်းဆီးအရေးယူခံရမည်ဖြစ်ပြီး ငွေဒဏ်ကျပ် နှစ်သိန်းအထိဖြစ်စေ၊ ထောင်ဒဏ်နှစ်နှစ်အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ် စေကျခံရမည်ဖြစ်ကြောင်း အသိပညာပေးဆွေးနွေးခြင်းနှင့် ကြော်ငြာများ ဖြန့်ဝေခြင်းတို့ကို ငါးလုပ်ငန်းဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေး ကော်မတီတို့ ပူးပေါင်း၍ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဝေဝေ(လေးမျက်နှာ)

---

**မတ္တရာ**

ငါးရစ်ငါးသန်ကာလတွင် ငါး၊ ပုစွန်များ မဖမ်းဆီးရေးနှင့် ငါးသယံဇာတ ထိန်းသိမ်းရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ်ငါးလုပ်ငန်းဦးစီးဌာ နမှ ပညာပေးလက်ကမ်းစာစောင်များဖြန့်ပြီး အသိပညာပေးခြင်းကို မေ ၂၄ ရက်က မြွေဟသ်ာကျေးရွာနှင့် မြွေတလိုင်းကျေးရွာများရှိ ကူးတို့ဆိပ်များ တွင် ဆောင်ရွက်သည်။

ရေချိုငါးလုပ်ငန်းရေပြင်တွင် ငါးမျိုးမပြုန်းတီးစေဘဲ ငါးသယံဇာတ ပေါများစေရန်အတွက် ငါးရစ်၊ ငါးသန်ရာသီချိန်ဖြစ်သည့် မေ၊ ဇွန်၊ ဇူလိုင်လ များတွင် မြစ်၊ ချောင်း၊ အင်း၊ အိုင်များတွင် ငါးများဖမ်းဆီးခြင်း မပြုရန် ငါးလုပ်ငန်းဦးစီးဌာနမှ တားမြစ်ထားပြီး တားမြစ်ချက်ကို မလိုက်နာပါက မန္တလေးတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေအရ အရေးယူဆောင်ရွက် မည်ဖြစ်ကြောင်း အသိပညာပေးခြင်း၊ ငါးသယံဇာတထိန်းသိမ်းရေး ပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ဧရာဝတီမြစ်အတွင်း ငါးရစ်၊ ငါးသန် ထိန်းသိမ်းကာကွယ်ခြင်းဆိုင်ရာ စောင့်ကြည့်လေ့လာရေးနှင့် ကင်းလှည့် စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်သည်။

ထို့သို အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ ပညာပေးခြင်း လုပ်ငန်းများနှင့် ကင်းလှည့်စောင့်ကြည့်ခြင်းလုပ်ငန်းများကို မြို့နယ် ငါးလုပ်ငန်းဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးဇော်ခိုင်နှင့် ဝန်ထမ်းများ၊ ကျေးရွာအခြေပြုဧရာဝတီလင်းပိုင် ထိန်းသိမ်းရေးအဖွဲ့နှင့် မြေစွန်းမြစိမ်း ရောင် (ငါးကဏ္ဍ)စီမံကိန်း ကော်မတီဝင်တို့ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိုးကျော်သူထွေး(မတ္တရာ)

## မြန်မာ့ရုပ်ရှင် နှစ်တစ်ရာပြည့် အထိမ်းအမှတ်

# အေဝမ်းကြည်အေးနှင့် ရုပ်ရှင်စကားဝိုင်း

### ဒါရိုက်တာကြည်စိုးထွန်း တွေ့ဆုံမေးမြန်းသည်

**ကျွန်တော်ဟာ ဆက်တိုက်လိုလိုပဲ အေဝမ်းရုပ်ရှင်ကုမ္ပဏီအကြောင်းကို ပြောလာခဲ့ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ကြီးမားတဲ့ ရုပ်ရှင်ကုမ္ပဏီကြီးနှစ်ခုရှိပါတယ်။ ဒီရုပ်ရှင်ကုမ္ပဏီကြီးနှစ်ခုရဲ့အရိပ်အာဝါသအောက်က ဒီနေ့အထိကျွန်တော်တို့ဟာ မလွတ်နိုင်ဘူးဆိုရပါလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ ကုမ္ပဏီကြီးနှစ်ခုက ပညာတွေ၊ အတွေ့အကြုံတွေ၊ ပစ္စည်းတွေကို အရင်းအနှီးပြုပြီးတော့ ရုပ်ရှင်ပညာကို တတ်မြောက်လာခဲ့ခြင်းဖြစ်ပါတယ်။ အဲဒီကုမ္ပဏီကြီးနှစ်ခုကတော့ အေဝမ်းရုပ်ရှင်ကုမ္ပဏီနဲ့ ဗြိတိသျှဘားမား ရုပ်ရှင်ကုမ္ပဏီပဲဖြစ်ပါတယ်။ ဒီနေ့လှုပ်ရှားနေတဲ့ ရုပ်ရှင်လောကသားတွေကိုကြည့်ရင် ဒီကုမ္ပဏီကြီးတွေရဲ့ ဩဇာသက်ရောက်မှု မကင်းတာကိုလည်း ကျွန်တော်တို့တွေ့ရပါတယ်။ ဒါ့ကြောင့်လည်း ကျွန်တော်ဟာ ဒီကုမ္ပဏီကြီးနှစ်ခုရဲ့ကျေးဇူးကို ဆပ်တဲ့အနေနဲ့ ဒီကုမ္ပဏီကြီးနှစ်ခုရဲ့အကြောင်းကို ကျွန်တော်တင်ပြနေခြင်းဖြစ်ပါတယ်။**

ဒီနေရာမှာဆိုရင်လည်း ကျွန်တော်တို့ သက်တူရွယ်တူများ၊ ကျွန်တော်တို့ထက်ကြီးတဲ့သူများ ကျွန်တော့်ထက် အနည်းငယ်ငယ်တဲ့သူများကတော့ ဒီကုမ္ပဏီကြီးတွေကနေထွက်တဲ့ ရုပ်ရှင်ကားတွေက ဘယ်လောက်ကောင်းတယ်ဆိုတာကိုလည်း သိနိုင်ကြပြီး ဖြစ်ပါတယ်၊ သိကြလိမ့်မယ်လို့လည်း မျှော်လင့်ပါတယ်။ ဒါ့ကြောင့်မို့ "သစ်တစ်ပင်ကောင်းရင် ငှက်တစ်သောင်းနားရတယ်" ဆိုသလိုပဲ ကျွန်တော်တို့မြန်မာနိုင်ငံကရုပ်ရှင်လောကမှာတော့ သစ်ပင်ကြီးနှစ်ပင်ထဲ ပေါက်ခဲ့ပါတယ်။ အဲဒီသစ်ပင်ကြီးနှစ်ပင်ကနေပြီးတော့ ပွားများလာတဲ့ ဒီကုမ္ပဏီကြီးတွေကို မှီခိုလာတဲ့ကျွန်တော်တို့ရုပ်ရှင်လောကသားတွေက ဒီနေ့ထိ ကျန်ခဲ့တာကို တွေ့ရပါတယ်။ အခုကျွန်တော်ဟာ အေဝမ်းရုပ်ရှင်ကုမ္ပဏီကမျိုးဆက်တွေအကြောင်းပြောရင်းနဲ့ အေဝမ်းအမည်တပ်ထားတဲ့ ပုဂ္ဂိုလ်တစ်ဦးနဲ့ ဒီနေ့ရုပ်ရှင်စကားဝိုင်းကို ပြောကြားမှာဖြစ်ပါတယ်။

အဲဒီပုဂ္ဂိုလ်ကတော့ ပထမတော့ဂစ်တာကြည်အေးဆိုပြီး နာမည်ကြီးတဲ့ ပုဂ္ဂိုလ်ပါ။ နောက်ကျတော့ အေဝမ်းကြည်အေး ဆိုတဲ့အမည်နဲ့ ရုပ်ရှင်ကားပေါင်းများစွာကို ရိုက်ပါတယ်။ အေဝမ်းကြည်အေးကနေပြီးတော့ နာမည်ကို သန်းကျော်ဌေးလို့ ပြောင်းပါတယ်။ သန်းကျော်ဌေးဆိုတဲ့ ဒါရိုက်တာနာမည်နဲ့ ထူးထူးခြားခြား ရုပ်ရှင်ကားတွေကို ရိုက်သွားတာကို တွေ့ရပါတယ်။ သူ့ရဲ့မျိုးဆက်သစ်အနေနဲ့ကတော့ သူ့ရဲ့သား ဒါရိုက်တာ မျိုးဇော်အောင် ဖြစ်ပါတယ်။

မျိုးဇော်အောင်ကနေ ဆင့်ပွားပြီးတော့ တပည့်တပန်းများ၊ သားသမီးများ၊ ဒီလိုထိအောင် ပြန့်ပွားခဲ့တာကိုလည်း ကျွန်တော်တို့တွေ့ရမှာဖြစ်ပါတယ်။ တစ်ချိန်က နာမည်ကြီးခဲ့ပြီးတော့ ထူးခြားတဲ့ ရုပ်ရှင်ကားများကို ရိုက်ခဲ့တဲ့ အေဝမ်းရဲ့ မျိုးဆက်တစ်ဦးဖြစ်တဲ့ အေဝမ်း ကြည်အေးနဲ့ ပရိသတ်ကို ကျွန်တော် မိတ်ဆက်ပေးပါရစေ။

**ကြည်စိုးထွန်း** ။ ။ ဦးလေးနေကောင်းတယ်နော်။

**အေဝမ်းကြည်အေး**။ ။ ကောင်းပါတယ်ခင်ဗျာ။

**ကြည်စိုးထွန်း** ။ ။ ဦးလေး အသက်ဘယ်လောက်ရပြီလဲခင်ဗျာ။

**အေဝမ်းကြည်အေး** ။ ။ (၈၄) ပါ။

**ကြည်စိုးထွန်း** ။ ။ (၈၄) ဆိုတော့ ငယ်ပါသေးတယ်ဦးလေးရယ်။

**အေဝမ်းကြည်အေး**။ ။ ငယ်ပါသေးတယ်။ ဟား ဟား စိတ်ကတော့ငယ်တုန်းပဲ။

**ကြည်စိုးထွန်း** ။ ။ စိတ်ကတော့ငယ်တုန်းပဲ အနုပညာသည်ကိုးဗျ။ ဦးလေးက ငယ်ငယ်လေးကတည်းက ဂီတမှာမြတ်နိုးခဲ့တဲ့အတွက် ပိုပြီးတော့ နုပျိုတာပေါ့။ အခုတောင် ကျွန်တော့်ထက် ငယ်နေသလိုပဲ။

**အေဝမ်းကြည်အေး**။ ။ စိတ်ထင်လို့ပါ။ ဟားဟားဟား။



အေဝမ်း ကြည်အေးနှင့် ဒါရိုက်တာ ကြည်စိုးထွန်း

ကျွန်တော်က ဂီတကို (၇) နှစ်သားကတည်းက စည်းဝါးနိုင်အောင် တီးနိုင်တယ်။ နောက်ပြီးတော့ အင်္ဂလိပ်ခေတ်မှာ ဘင်ဂျိုလင်ဆိုတာရှိတယ်။ အင်္ဂလိပ်က လုပ်တာပဲ။ သံစည်းကိုင်းလေးတွေနဲ့ လက်တံက မယ်ဒလင် လက်တံလေ။ အဲဒါလေးပါ။ ကျွန်တော့်အဖေက ဝယ်ပေးတယ်။ အဖေက ဟွန်းတယောထိုးတယ်။ နောက်ပြီးတော့ ဘင်ဂျိုတီးတယ်။ ဘိလပ်ပြန်ဆရာငြိမ်းရဲ့တပည့် ဆရာ ရွှေပြည်အေး ဦးလေးရဲ့တပည့်။

**ကြည်စိုးထွန်း** ။ ။ ဩော်. ဆရာရွှေပြည်အေး ဦးလေးရဲ့တပည့်။ ဦးလေးတို့က ဖြူးကမဟုတ်လား။

**အေဝမ်းကြည်အေး**။ ။ ကျွန်တော်က 'ဖြူး' က၊ အဖေက ရန်ကုန်မှာနေတာ။ အမေနဲ့အိမ်ထောင်ကျပြီးတော့ ဖြူးကို ရောက်သွားကြတာ။



အမည် - အေဝမ်းကြည်အေး

၂၇-၅-၁၉၂၉ - ၁၉-၁၀-၂၀၁၀

အနုပညာအမည် - ဒါရိုက်တာ သန်းကျော်ဌေး

တာဝန်ယူခဲ့သော - ဂီတစာဆို၊ သရုပ်ဆောင်

အနုပညာလုပ်ငန်းများ - ဒါရိုက်တာ



အမည် - ဦးကြည်စိုးထွန်း

(၉. ၁၂. ၁၉၄၅ - )

အနုပညာအမည် - ကြည်စိုးထွန်း

တာဝန်ယူခဲ့သော - ရုပ်ရှင်ဇာတ်ညွှန်း/ဒါရိုက်တာ

အနုပညာလုပ်ငန်းများ - နာယက၊မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး

**ကြည်စိုးထွန်း** ။ ။ အမေက 'ဖြူး' သူလား။

**အေဝမ်းကြည်အေး**။ ။ မဟုတ်ဘူး။ ခုနက ကျွန်တော်လူလှနဲ့ ရုပရိုက်တဲ့ ကဝအပိုင် ဖလေးရွာက အမေ့ဇာတိပေါ့ဗျာ။

**ကြည်စိုးထွန်း** ။ ။ ဩော် . ဟုတ်ကဲ့။ ဒါဖြင့်ဖြူးကဘယ်သူရှိလို့ ရောက်သွားတာလဲ။

**အေဝမ်းကြည်အေး**။ ။ အဖေက ဒါးပိန် ဇာတိ။ အဲဒီကနေ ပြီးတော့ ကျွန်တော့်အဖေနဲ့အမေကို အမေ့ဘက်ကလူတွေက သဘောမကျဘူး။ အဲဒီတော့ ခိုးပြေးရင်းနဲ့ အဲဒီမှာ စတည်းချတာ။

**ကြည်စိုးထွန်း** ။ ။ ဩော် 'ဖြူး' မှာ။

**အေဝမ်းကြည်အေး**။ ။ ကျွန်တော့်အဖေက အနောက်ပိုင်းက လမ်းမတော် ပန်းထိမ်ဆရာတစ်ယောက်။ အရင်တုန်းက ပန်းထိမ်၊ နန်းရိုက်တာက သတ်သတ်မဟုတ်ဘူး။ တူရိုက်နန်းဆွဲပန်းထိမ် အကုန်လုပ်တတ်ရတယ်။ စုံမှ ပန်းထိမ်ဆရာဖြစ်တယ်။ အခုခေတ်က နန်းရိုက်ရင်လည်း ပန်းထိမ်ဆရာပဲ။ လက်စွပ်တစ်ကွင်း လုပ်တတ်ရင်လည်း ပန်းထိမ်ဆရာပဲ။ အဲဒီတုန်းက အမေနဲ့ ခိုးပြေးတော့ အမေကတော်တော် ပိုက်ဆံပါသွားတယ်။

**ကြည်စိုးထွန်း** ။ ။ ဖလေးနဲ့ ဒါးပိန်နဲ့ ပေါင်းပြီးတော့ ရောက်သွားတာပေါ့။

**အေဝမ်းကြည်အေး**။ ။ ကျွန်တော့်ကို မွေးတာက ဖြူး ထန်းကုန်းလမ်းမှာ မွေးတယ်။

**ကြည်စိုးထွန်း** ။ ။ ဦးလေးကတော့ဖြူးသားစစ်စစ် ဖြစ်သွားပြီ။

**အေဝမ်းကြည်အေး**။ ။ ကျွန်တော်က 'ဖြူး' သား စစ်စစ်ပဲ။

**ကြည်စိုးထွန်း** ။ ။ အဲဒီတော့ အဖေက ဂီတကိုဝါသနာပါတဲ့အတွက်...

**အေဝမ်းကြည်အေး**။ ။ ပါတော့အမေ့ဆီက ပါလာတဲ့ပိုက်ဆံကို အဖေကဖြုန်းတာ။

**ကြည်စိုးထွန်း** ။ ။ နာမည်က

**အေဝမ်းကြည်အေး**။ ။ ဦးရွှေဘာ။

**ကြည်စိုးထွန်း** ။ ။ နာမည်က ဦးရွှေဘာ၊ မင်းသားကြီးရွှေဘာက သူ့ဆီကများ နာမည်ယူထားသလား မသိဘူး။

**အေဝမ်းကြည်အေး**။ ။ မပြောတတ် ပါဘူး ဟားဟား။

**ကြည်စိုးထွန်း** ။ ။ အမေ နာမည်က

**အေဝမ်းကြည်အေး**။ ။ ဒေါ်သိန်းမေ။

**ကြည်စိုးထွန်း** ။ ။ ဦးရွှေဘာ ဒေါ်သိန်းမေ ဟုတ်ကဲ့။ ဦးလေးတို့ မွေးချင်းဘယ်လောက်ရှိလဲ။

**အေဝမ်းကြည်အေး**။ ။ ကျွန်တော် တစ်ယောက်တည်းပဲ။

**ကြည်စိုးထွန်း** ။ ။ ဩော် သားတစ်ယောက်တည်း။ ဒါ့ကြောင့် ထူးချွန်တာနဲ့တူတယ်။

**အေဝမ်းကြည်အေး**။ ။ ဟုတ်ကဲ့။ဟားဟား။

**ကြည်စိုးထွန်း** ။ ။ ပြောပါဦး ဦးလေးရဲ့ အဲဒီတော့–

**အေဝမ်းကြည်အေး**။ ။ အဲဒီမှာ ပန်းထိမ်ထောင်တယ်။နောက်အရပ်က အလှူဥပုသ်သီတင်း တီးဝိုင်း၊ သူက 'ဘပါတီ' ဆိုပြီး ထောင်တယ်။

**ကြည်စိုးထွန်း** ။ ။ ဩော် ရွှေဘာပေါ့။

**အေဝမ်းကြည်အေး**။ ။ 'ဘပါတီ' ထောင်တော့ တကယ်တော်ပြီးတော့ တကယ်ကျော်တာက ရွှေနေဦးလှလေးဆိုတာ၊ နောက်ပိုင်းကျွန်တော့်ဆရာဖြစ်သွားတယ်။ သူက တကယ့်အနုပညာရှင် ဝါးပတ္တလားတီးတယ်။ ဟွန်းတယောလည်း အထိုးကောင်းတယ်။

**ကြည်စိုးထွန်း** ။ ။ အဖေနဲ့ အပြိုင်

**အေဝမ်းကြည်အေး**။ ။ အဖေက လိုက်ပြိုင်တာ။ အဖေက နည်းနည်း ခပ်ကြမ်းကြမ်းလိုက်ပြိုင်တာ။

**ကြည်စိုးထွန်း** ။ ။ ရွှေဘာကိုး။

**အေဝမ်းကြည်အေး**။ ။ ဆရာ့ကို မမီဘူး အမှန်က။

**ကြည်စိုးထွန်း** ။ ။ ဩော်. ဦးလှလေးကို။

**အေဝမ်းကြည်အေး**။ ။ ပြိုင်ရင်းကနေပြီးတော့သူတို့ချင်းက Against တွေဖြစ်၊ ဈေးထဲမှာ အလှူခံရင်းရိုက်ကြ၊ ဘင်ဂျိုတွေနဲ့ရိုက်၊ တယောတွေနဲ့ရိုက် အဲဒီခေတ်က။

**ကြည်စိုးထွန်း** ။ ။ အလှူခံရင်းနဲ့

**အေဝမ်းကြည်အေး**။ ။ အဲဒီ ခေတ်က ဥပုသ်အဖိတ်တိုင်းကို 'ဘပါတီ'၊ 'လှဝတီ' အမြဲပြိုင်တာ။

**ကြည်စိုးထွန်း** ။ ။ ရိုက်ပွဲလည်း ဖြစ်တယ်။ ဟားဟားဟား။ 'ဖြူး' က ဟုတ်လား။

**အေဝမ်းကြည်အေး**။ ။ အဲဒီ တည်းက ကျွန်တော်ကစည်းဝါးတီးတတ်တယ်။ မယ်ဒလင်လေး တီးတတ်တယ်။ အဲဒီကျွန်တော် မယ်ဒလင်လေး တီးတတ်တဲ့အချိန်ကျတော့ ဘာကားရောက်ပြီလဲဆိုတော့ 'စောင်းတော်ရှင်' ကိုလှဖေနဲ့ မေရှင်။

**ကြည်စိုးထွန်း**။ ။ ဩော် 'စောင်းတော်ရှင်'လား၊စောင်းတွေ ဘာတွေ တီးတာပဲ။

**အေဝမ်းကြည်အေး**။ ။ ကျွန်တော်စောင်း မတီးတတ်ဘူး။ ကိုလှဖေနဲ့ မေရှင်က ဦးရှင်ကြီး ဇာတ်လေ။ အဲဒီထဲက 'ဖော်လည်းမစုံညီ..ပွေ့ဖွယ်လီလီ.. စိတ်လေလွင့်ရာ မှန်းမျှော်မိသည်.. အကြောင်းမဲ့၊ စောင်းနဲ့၊ နေချင်သည်.. ပျော်ပျော်ကြည်၊ ပျော်ပျော်ကြည်၊ ပျော်ပျော်ကြည်၊ ပျော်ပျော်ကြည်.. စောင်းလေး အဖော်လုပ်မည်.."

**ကြည်စိုးထွန်း** ။ ။ မောင်ရှင်က မောင်ရှင်တီးနေတာပေါ့။

**အေဝမ်းကြည်အေး**။ ။ ဟုတ်ကဲ့။ အဲဒီသီချင်းတွေကို ကျွန်တော်က မယ်ဒလင်နဲ့ အကုန်ဆိုပြီး တီးတတ်တယ်။

**အေဝမ်းကြည်အေး**။ ။ နောက်ပြီးတော့ ကိုဘသောင် ဆိုတဲ့။

**ကြည်စိုးထွန်း** ။ ။ ဩော်၊ ဥဩ ဘသောင်။

**အေဝမ်းကြည်အေး**။ ။ သာဂလ ခေါ် တိုင်းပြည်ကြီးက ပပဝတီရယ်။

**ကြည်စိုးထွန်း** ။ ။ မင်းကုသ၊ဟုတ်ကဲ့ ဆိုပါဦးဦးလေးရဲ့။

**အေဝမ်းကြည်အေး**။ ။ သာဂလ ခေါ် တိုင်းပြည်ကြီးက ပပဝတီရယ် ထူးမြတ်တယ်၊ အစဉ်ကျဖွယ်၊ သတင်းကကျော်တယ်၊ ခုနစ်ဆောင်တိုက်ခန်းဝယ်၊ မီးမထွန်းဘဲ လင်းရပြန်လေတယ်။

**ကြည်စိုးထွန်း** ။ ။ အဲဒါ နောက်ကျတော့ ပြန်ဆိုသေးလား ကိုထွန်းရွှေတို့၊

**အေဝမ်းကြည်အေး**။ ။ ကိုထွန်းရွှေ မဆိုဘူး။

*စာမျက်နှာ ၂၃ သို့*

*စာမျက်နှာ ၂၂ မှ*

**ကြည်စိုးထွန်း**။ ။ ကိုသိန်းဆောင်လား၊

**အေဝမ်းကြည်အေး**။ ။ ဇော်ဝမ်းဆိုတယ်။

**ကြည်စိုးထွန်း**။ ။ ဇော်ဝမ်းဆိုတယ် ဟုတ်လား၊ ဘယ်ကားမှာလဲ။

**အေဝမ်းကြည်အေး**။ ။ ဘယ်ကားမှာ ဆိုလည်း မသိဘူး၊ ခတ်ပြားလား၊ စီးရီးလား မသိဘူး။

**ကြည်စိုးထွန်း**။ ။ဟုတ်လား။ထူးခြားလိုက်တာ ဟုတ်ပ ဟုတ်ပ။

**အေဝမ်းကြည်အေး**။ ။ အဲဒီတုန်းက ကိုးနှစ်လောက်ရှိသွားပြီ။ ကိုးနှစ်သားလောက် ကတည်းက ကျွန်တော်က မယ်ဒလင်လေးကို လမ်းလျှောက်တီး၊ သူငယ်ချင်းတွေနဲ့ ဘင်ဂျိုတို့၊ မယ်ဒလင်တို့ ညညတီးရတယ်။ ကျွန်တော်တို့မြို့တစ်ပတ်ပတ်၊

**ကြည်စိုးထွန်း**။ ။ မိန်းကလေးတွေ အိမ်ရှေ့ပေါ့။

**အေဝမ်းကြည်အေး**။ ။ အဲဒီ တုန်းက မိန်းကလေးစိတ် (မိန်းကလေးတွေ အိမ်ရှေ့သွားဆိုချင်တဲ့စိတ်) မပေါက်သေးဘူး။ မယ်ဒလင်တို့၊ ဘင်ဂျိုတို့ တီးချင်နေတာပဲ ရှိတယ်။

**ကြည်စိုးထွန်း**။ ။ ဟုတ်လား။

ဘယ်လောက်ရှိသွားပြီလဲဆိုတော့ (၁၆) နှစ်လောက် ရောက်သွားပြီ။ အဲဒီ 'ဖြူး' မှာက ကျွန်တော့်ဆရာ တစ်ယောက်ရှိတယ်။ ဗမာဂစ်တာတော်တယ်။ 'ကိုကြံ' ဆိုတာ အုတ်ဖြတ်လမ်းက 'ကိုကြံ'က ဘာကောင်းလဲဆိုတော့ အရင်တုန်းက ကျွန်တော်တို့ ကျောင်းတွေ ဘာတွေ မရှိဘူး ဆရာရဲ့။ အဲဒီတော့ ဆရာကောင်းတွေ လိုက်ကပ်ရတယ်။ ဘယ်က ယူရလဲဆိုတော့ ဥပမာ ခွေးတံဆိပ်ခတ်ပြား အေဝမ်းခတ်ပြားတွေက ခတ်ပြားကို ဖွင့်ဖွင့်ပြီး သေချာနားထောင်၊ ထောင်ပြီးကျင့်၊ ကျွန်တော်တို့ဆို ကျင့်ရတယ်။ တော်တော့်ကို ကျင့်ရတယ်။ မိုးလင်း မိုးလင်း ကျင့်ရတယ်။ တစ်ခါတည်း၊ အဲဒီလိုနဲ့ တတ်လာကြတာ။ အခြေခံသိပ်ခိုင်တာ၊ နောက်တစ်ခု ကနေ့ မြန်မာဂစ်တာကို ပျောက်ကွယ်သလောက် ဖြစ်သွားတာကို ကျွန်တော်ဝမ်းအနည်းဆုံးပဲ။ ဘာဖြစ်လို့လဲဆိုတော့ သိပ်အဖိုးတန်တဲ့ပညာ၊ ဒီပညာက။ တယောလို အညှအဆွဲလည်း ပါတယ်။ စန္ဒရားလို အပြေးအလိုက်လည်း ပါတယ်။ ဆိုင်းဝိုင်းတွေလို အခန့်တွေ၊ အဟန့်တွေလည်းပါတယ်။ နောက် ဒုံးတွေလည်း ပါတယ်။ အဲဒီဒုံးတွေကို မထည့်ကြဘူး။ ဒုံးက ဂစ်တာမှာ သိပ်လှတာ။

**ကြည်စိုးထွန်း**။ ။ ဟုတ်ကဲ့ ဟုတ်ကဲ့။ နောက်ပြီး တော့ ဦးလေး တီးပြတာပေါ့။ ကျွန်တော်တို့အစီအစဉ် ဆုံးတဲ့အခါကျတော့ ဟုတ်တယ်မလား။

**အေဝမ်းကြည်အေး**။ ။ အဲဒီကနေပြီးတော့



ဥသြဘသောင်



ဇော်ဝမ်း



ဂီတာ စိမ်းမောင်



စောင်းဦးဘသန်း



ရကန် ဦးတင်



ဒေါ်စောမြအေးကြည်



ဒါရိုက်တာခင်ဇော်(ကေ)



ကျော်ရွှေ



ဦးဘညွန့်



ဦးညွန့်



စာရေးဆရာ ဒါရိုက်တာ ရွှေဒုံးဘီအောင်

**အေဝမ်းကြည်အေး**။ ။ ဘာဖြစ်လာလဲဆိုတော့ ခုနကဆရာ ပြောသလို အာရှလူငယ်ခေတ်ရောက်သွားရော။ အာရှလူငယ်ခေတ်ရောက်သွားတော့ ကျွန်တော့်ဆရာ ဆရာလှက နောက်ဆုံး ညညမယ်ဒလင်တီးတီးပြီးတော့ သွားတဲ့ ကောင်လေးက ဘယ်သူလဲကွတဲ့၊ ရွှေဘကြီးသားလေတဲ့၊ ဟာ ဒီကောင်ကြီးသားလား ကွာတဲ့။

**ကြည်စိုးထွန်း**။ ။ ရွှေဘ ကြီးတော့ သူ မကြိုက်ဘူး။

**အေဝမ်းကြည်အေး**။ ။ ရွှေဘကြီး တော့ မကြိုက်ဘူး၊ ကိစ္စမရှိဘူးတဲ့၊ ကျွန်တော့်အိမ်ရှေ့လာပြီးတော့ "ဟေ့ ရွှေဘ" တဲ့ ၊ "ဘာလဲကွ၊ မောင်လှ" တဲ့ ကျွန်တော့်အဖေက။

**ကြည်စိုးထွန်း**။ ။ သူတို့ ကလည်း သိပ်မတည့်ဘူး။

**အေဝမ်းကြည်အေး**။ ။ မင်းသား ငါ့ဆီ ထည့်ကွာတဲ့၊ ငါ သင်ပေးချင်လို့တဲ့။

**ကြည်စိုးထွန်း**။ ။ သြော်..

**အေဝမ်းကြည်အေး**။ ။ နောက်တော့ အနုပညာသမားတွေက ချစ်စရာကောင်းတာက အာဃာတ မရှိတော့ဘူး။ အကုန်လုံး ပျောက်သွားကြတယ်။ သူတို့ ငယ်ငယ်က ဘယ်လိုဖြစ်လာ ဖြစ်လာ။ အဲဒီမှာ ဆရာက ကျွန်တော့်ကိုခေါ်ပြီး သူ့အိမ်ရောက်တော့မှ ဝါးပတ္တလားနဲ့ ကျွန်တော့်ကို မဟာဂီတ သင်ရိုး (၁၃) ပုဒ်၊ အဲဒါကိုသင်တယ်။ နောက်ပြီးတော့ သီချင်းခန့်၊ သီချင်းခန့်က ဥပမာ 'ထူးမခြားနား'၊ နောက် 'ယိုးဒယား' သင်ပေးလိုက်တော့ ကျွန်တော်က အခြေခံ တော်တော်ခိုင်သွားတယ်။ အဲဒီတော့ကျွန်တော်က အသက် ပထမဦးဆုံးလွတ်လပ်ရေးရပြီး (၄၈)၊

**ကြည်စိုးထွန်း**။ ။ သြော်၊ (၄၈) ခုနှစ်။

**အေဝမ်းကြည်အေး**။ ။ လွတ်လပ်ရေးအောင်ပွဲကို မရောက်ခင် 'ဖြူး' က သခင်သန်းဖေက အာရှလူငယ်ဖွဲ့ထားတယ်။ အဲဒါ 'ဖြူး' မှာ သူဌေးကြီး ဦးစံဘရဲ့သား ဦးထွန်းဖေကြီးက ကျွန်တော်တို့ကို ဂစ်တာတွေဝယ်ပေးတယ်။ တယောတွေ ဝယ်ပေးတယ်။ နှစ်မျိုးနှစ်မျိုးစီ ဝယ်ပေးတယ်။ အဲဒီတုန်းက ဂစ်တာတွေက ဆောင်းဘောက်ဂစ်တာခေတ်။ အဲဒီမှာ ကျွန်တော်တို့ တီးဝိုင်းအဖွဲ့လုပ်ပြီးတော့ အနောက်တောင်အနောက်ရိုးမ မြရာပင်၊ အဲဒီတည်းက မြရာပင်ကို ရောက်တာ။ ဘာမှသိလို့ရောက်တာမဟုတ်ဘူး။ ကျွန်တော် သေနတ်လည်း တစ်လက် မကိုင်တတ်ဘူး။ ကျွန်တော်တို့က မိုက်ခရိုဖုန်းကြီးချ၊ ဆောင်းဘောက်ကြီးရှေ့မှာဆိုရင် ကျေနပ်နေတာ။ အဲဒါနဲ့ အဲဒီလိုက်သွား၊ ကျွန်တော်တို့က လူစုပေးသလို ဖြစ်သွားတာပေါ့။ လူစုပေးပြီးတော့မှ သူတို့က တရားဟောတာ။

**ကြည်စိုးထွန်း**။ ။ သြော်၊ သြော်။

**အေဝမ်းကြည်အေး**။ ။ တော်လှန်ရေးခေတ်ရောက်လာပြီ။

**ကြည်စိုးထွန်း**။ ။ ဟုတ်ကဲ့ ဟုတ်ကဲ့၊ အဲဒီကနေ ပြီးတော့ ဦးလေး ပြိုင်ပွဲရောက်သွားပြီ။

**အေဝမ်းကြည်အေး**။ ။အဲဒီတော့ ပြိုင်ပွဲက (၄၈)မှာ၊ ပြိုင်ပွဲရောက်တော့ ကျွန်တော့်ဆရာက ကျွန်တော့်ကို စနစ်တကျ ဘုံဆောင်မြင့်ကြိုး ကျွန်တော်ဆိုတီး၊ အဆိုတစ်ယောက်မလိုဘူး။ ကျွန်တော့်အဖေက စည်းဝါးကိုင်တယ်။ အဲဒီမှာ ဦးစိမ်းမောင်။

**ကြည်စိုးထွန်း**။ ။ ဂစ်တာဦးစိမ်းမောင်။

**အေဝမ်းကြည်အေး**။ ။ ကိုစောကြည်၊

**ကြည်စိုးထွန်း**။ ။ ဘစောကြည်လား၊

**အေဝမ်းကြည်အေး**။ ။ ဘစောကြည်၊ ကျွန်တော့်ဆရာတွေပေါ့။ အဲဒီတုန်းက စသိတာ၊ နောက်ပြီးတော့ စောင်းဦးဘသန်း၊ ဒေါ်စောမြအေးကြည်၊ နောက်သူ့ယောကျ်ား ရကန်ဦးတင်၊ နောက်ပြီးတော့ ဆရာရွှေပြည်အေး။

**ကြည်စိုးထွန်း**။ ။ ဟာ ဆရာကောင်းတွေ ချည်းပဲ။

**အေဝမ်းကြည်အေး**။ ။ အဲဒီလိုတွေ့ပြီးတော့ ကျွန်တော်ကဂစ်တာ ပြိုင်တာ၊ ပြိုင်တော့ ကျွန်တော်အထူးဆုရတယ်။ အဲဒီမှာတုန်းက အဖွဲ့မှာက ဒေါ်စောမြအေးကြည်တို့က တစ်ဖွဲ့၊ ဆရာဦးစိမ်းမောင်တို့၊ ဆရာရွှေပြည်အေးတို့ကတစ်ဖွဲ့၊ အဲဒီနှစ်ဖွဲ့မှာ ဘာတွေကြာနေလဲ မသိဘူး။ ကျွန်တော့်ကို ဆုံးဖြတ်ဖို့က တော်တော်နဲ့ မဆုံးဖြတ်ဘူး။ အဲဒီနေ့က နောက်ပြီးခါနီးကျမှ အထူးဆုပေးလိုက်တယ်။ ကျွန်တော့်အဖေရဲ့ညီ ဦးစိန်ရှိတာကို၊ ကျွန်တော့်အဖေက အင်းလျားကြက်ကျွန်းမှာ ခေါ်သွားတယ်။ ကြက်ကျွန်းမှာနေတယ်။ အဘိုးကြီးက တဲကြီးနဲ့၊ တဲကြီးနဲ့နေပြီး သူက မိန်းမလည်း မရှိဘူး။ သူခိုင်းတဲ့ အဖော် တစ်ယောက်နဲ့။

**ကြည်စိုးထွန်း**။ ။ သူကလူပျိုကြီးလား။

**အေဝမ်းကြည်အေး**။ ။လူပျိုကြီး၊ ကျွန်တော့် ဘကြီး အံ့ထွန်းရှိန်ကတော့ (၅၁) လမ်းမှာ နေတယ်။ အဲဒီတော့၊ အဲဒီကနေ ပြီးတော့ ကျွန်တော့်ကို ဦးကျော်ငြိမ်းဆီပို့တာ၊ မြန်မာ့အသံက၊

**ကြည်စိုးထွန်း**။ ။ သြော်၊ မာတလိ၊ မာတလိလား။

**အေဝမ်းကြည်အေး**။ ။ ဦးကျော်ငြိမ်းက မာတလိ၊ ဦးခင်ဇော်က ဒါရိုက်တာ။

**ကြည်စိုးထွန်း**။ ။ ဟုတ်ကဲ့ "ကေ" ပေါ့။

**အေဝမ်းကြည်အေး**။ ။ ဒေါ်သန်းနှစ် သူက အနောင်ဇာ မှာ အကြီးဆုံး အဲဒီခေတ်က။ အဲဒီကနေ ကျွန်တော်ကအသံလွှင့်ရော၊ လွှင့်တော့ အခု ကိုဝင်းကြည် (ကိုသစ္စာ)။ ကိုသစ္စာက ခတ်ပြားတွေ ကိုင်ရတယ်။ ဖယောင်းခတ်ပြားတွေ။ အသံလွှင့်တော့ ကျွန်တော့်ကို ဦးစိန်က လုပ်ပေးတာ။ လုပ်ပေးပြီး အသံလွှင့်တော့ ကျွန်တော့်အစ်ကို ကိုကျော်ရွှေက သူ့အမေက ပြောလို့၊ ဟာ၊ ဒါတို့ မသိန်းမေသား၊ ဒါနင့်ညီအစ်ကိုတွေကွ လိုက်ကြဆိုပြီး။

**ကြည်စိုးထွန်း**။ ။ သြော်၊ မင်းသား ကျော်ရွှေနဲ့၊

**အေဝမ်းကြည်အေး**။ ။ မင်းသား ကျော်ရွှေက တစ်ဝမ်းတည်း ကွဲတယ်။

**ကြည်စိုးထွန်း**။ ။ အဲဒီတုန်းကကျော်ရွှေပေါ့။

**အေဝမ်းကြည်အေး**။ ။ ကျော်ရွှေ၊

**ကြည်စိုးထွန်း**။ ။ ကျော်ဆွေ မဟုတ်သေးဘူးနော်။

**အေဝမ်းကြည်အေး**။ ။ မဆွေသေးဘူး။ ဦးစိန်က တစ်ခါ ဟံသာဝတီမှာလုပ်တော့ သူဌေးကြီး ဦးဘညွန့်၊ ဦးဘညွန့်လား ဦးညွန့်လား မသိဘူး။ အေဝမ်းကလည်း ဦးဘညွန့်။

**ကြည်စိုးထွန်း**။ ။ ဦးညွန့်၊ ဦးညွန့် ဗြိတိသျှဘားမားက၊

**အေဝမ်းကြည်အေး**။ ။ ဦးညွန့်ဆီကို ခေါ်သွားတာ။ ခေါ်သွားတော့ ကျွန်တော့်ကို ဒေါ်ငွေတာရီလည်း ရှိသေးတယ် မသေသေးဘူး အဲဒီတုန်းက။

**ကြည်စိုးထွန်း**။ ။ သြော်၊ ဦးညွန့် သမီးပေါ့။

**အေဝမ်းကြည်အေး**။ ။ ကျွန်တော့် ကို ဂစ်တာ တီးခိုင်းတော့ ကျွန်တော်က ဂန္ဓမာတောင်ကို သွားတီးတာ၊ အဘိုးကြီးက သဘောကျပြီးတော့၊ ဟာ ဒီကောင့်အသံက ခင်မောင်ရင် ဗိုလ်အောင်ဒင်မှာ ရိုက်ထားသလိုပဲတဲ့။ အဲဒီတော့ ဦးစိန်က ဆရာတဲ့၊ ကျွန်တော့်တူကို သွင်ရုံမှာ အလုပ်သွင်းပေးပါလား။ ဟာ ကလေးငယ်ငယ်လေးပျက်စီးသွားမှာပေါ့ကွ. တဲ့။

**ကြည်စိုးထွန်း**။ ။ ဦးညွန့်က–

**အေဝမ်းကြည်အေး**။ ။ဦးညွန့်ကစေတနာနဲ့ပါ၊ အဲဒါနဲ့ သွင်ရုံမှာ အလုပ်သွင်းပေးဖို့ပြောတော့ မရဘူး။ မရတော့ ကျွန်တော် အဲဒီမှာရှိတုန်းကို ကိုကျော်ရွှေက ရောက်လာတာ။

**ကြည်စိုးထွန်း**။ ။ သြော်၊ မင်းသား ကျော်ရွှေက ညီလေး ရှိတယ်ဆိုပြီးတော့။

**အေဝမ်းကြည်အေး**။ ။ ရောက်လာတာ၊ ရောက်လာတာနဲ့ ချက်ချင်းခေါ်သွားတာ၊ ကျွန်တော့်ကို ဆရာရွှေဒုံးဘီအောင်ဆီကနေ ခေါ်သွားပြီးတော့ အခုမဟာမြိုင်တိုက် ဒီဘက်ကဘုရားလေးတွေနားမှာ အဖေကြီးဦးအောင်ချမ်းသာ၊ ဆေးဝိဇ္ဇာကြီး အဖေကြီးဦးအောင်ချမ်းသာရဲ့ ယောဂီမကြီးက ကျွန်တော်တို့ကြီးတော်ပေါ့။ ဒေါ်ဖွားရင်အစ်မ မသန်းဆွေက ကျွန်တော့် အစ်ကိုရဲ့ အမေ။ ကျွန်တော့်အမေက ဒေါ်သိန်းမေ။ အဲဒီလို၊ အဲဒီလို အမျိုးတွေ စပ်သွားတာ။ *(ဆက်လက်ဖော်ပြပါမည်)*

## မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ မိတ္ထီလာမြို့ပေါ်ရှိ သံဃာတော်များအား နေ့ဆွမ်းနှင့် လှူဖွယ်ပစ္စည်းများဆက်ကပ်

မိတ္ထီလာ မေ ၂၄

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့က မိတ္ထီလာမြို့ပေါ်ရှိ ကျောင်းတိုက်အသီးသီးမှ သံဃာတော်များအား နေ့ဆွမ်းနှင့် လှူဖွယ်ပစ္စည်းဆက်ကပ် လှူဒါန်းခြင်း အခမ်းအနားကို ယမန်နေ့က မြို့ပေါ်ရှိ ကျောင်းတိုက်အသီးသီးတွင် သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဒေါက်တာစိုးသန်း ဦးဆောင်ကာ တိုင်းဒေသကြီး ဝန်ကြီးများသည် မိတ္ထီလာမြို့ပေါ်ရှိ ကျောင်းတိုက်အသီးသီးမှ သံဃာတော်များအား ဆွမ်းနှင့် လှူဖွယ်ပစ္စည်းများဆက်ကပ် လှူဒါန်းပြီး သာသနာ့ဝေပုလ္လပရိယတ္တိ စာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယက၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ ဒုတိယဥက္ကဋ္ဌ၊ အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တကောဝိဒ ဆရာတော်ကြီးထံမှ ငါးပါးသီလခံယူဆောက်တည်ပြီး ပရိတ်တရားတော်များ နာယူကြည်ညိုခဲ့ကြသည်။ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးများအဖွဲ့သည် ဆရာတော်ကြီးများထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး သာသနာ့ဝေပုလ္လပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောဝိဒ ဆရာတော်ကြီးထံမှ ရေစက်ချတရား နာယူကြည်ညိုသည်။

အဆိုပါ မိတ္ထီလာမြို့ပေါ်ရှိ ကျောင်းတိုက်အသီးသီးမှ သံဃာတော်များအား ဆွမ်းနှင့်လှူဖွယ်ပစ္စည်း ဆက်ကပ်လှူဒါန်းခြင်းအခမ်းအနားကို တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဒေါက်တာ စိုးသန်း၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးအောင်ကြည်၊ တိုင်းဒေသကြီး ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းပန်းဆိုင်၊ တိုင်းဒေသကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဦးမျိုးသစ်၊ တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြတ်သူနှင့် မိတ္ထီလာခရိုင် အုပ်ချုပ်ရေးမှူး ဦးသက်လွင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သိန်းမြင့်ကျော်(မိတ္ထီလာ)

## ကချင်ပြည်နယ်ဝန်ကြီးချုပ် ဝါရှောင်ရေလွှဲဆည် အဆင့်မြှင့်တင်သည့်လုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

မြစ်ကြီးနား မေ ၂၄

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် အတွင်းရှိ တောင်သူများအတွက် အဓိက စိုက်ပျိုးရေဖြန့်ဝေပေးလျက်ရှိသည့် ဝါရှောင်ရေလွှဲဆည်အား ဆည်မြောင်းနှင့် ရေအသုံးချမှုဦးစီးဌာနမှ အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေနှင့် ဆည်စီမံကိန်းကာလအတွင်း တောင်သူများ စိုက်ပျိုးရေ ခက်ခဲမှုမဖြစ်ပေါ်စေရေး ယာယီရေတားတမံဖြင့် ရေဖြန့်ဝေပေးနေမှုတို့ကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ခက်အောင်နှင့် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများသည် ယမန်နေ့က ကွင်းဆင်းစစ်ဆေးဆောင်ရွက်သည်။


ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင် ကျောက်စီမြေထိန်းနံရံတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

ပြည်နယ် ဝန်ကြီးချုပ်သည် ဝိုင်းမော်မြို့နယ် ဝါရှောင်ရေလွှဲဆည်အနီး ငွေရွှတ်ယန်ကျေးရွာအတွင်း ငွေရွှတ်ယန်အပန်းဖြေ စခန်းနေရာ၌ ဆည်မြောင်းနှင့် ရေအသုံးချမှုဦးစီးဌာနမှယာယီ ရေတားတမံဖောက်လုပ်၍ ပင်မမြောင်းမကြီးမှတစ်ဆင့် ရေဖြန့်ပေးဝေနေမှုတို့ကို ကြည့်ရှုစစ်ဆေးကာ အဆိုပါ ယာယီရေတားတမံ ဆောင်ရွက်မှုအခြေအနေနှင့်ပတ်သက်၍ ရေကျော်မှုမဖြစ်စေရေး ဌာနဆိုင်ရာများနှင့် ညှိနှိုင်းဆွေးနွေးခဲ့သည်။

ဝါရှောင်ရေလွှဲဆည်၏ သမိုင်းကြောင်းနှင့် ရေဖြန့်ဝေပေးနိုင်သည့် ရေသောက်ဧရိယာအခြေအနေ၊ ဆည်အဆင့်မြှင့်တင်နိုင်ရေး ဘဏ္ဍာနှစ်အလိုက်ဆောင်ရွက်သွားမည့် စီမံကိန်းအခြေအနေများ၊ ဆည်ပြုပြင် တည်ဆောက်စဉ်ကာလအတွင်း ဝိုင်းမော်မြို့နယ်အတွင်းရှိ ပြည်သူများ သောက်သုံးရေခက်ခဲမှုမဖြစ်ပေါ်စေရေးအတွက် မူလလျာထားသည့် ဇွန် ၁ ရက်မှ ရေစတင်လွှတ်မည့် အစီအစဉ်ကို ရွှေ့ဆိုင်းပြီး ဆည်အထက်တစ်မိုင်အကွာမှ ပေ ၃၅၀ အရှည် ယာယီရေတားတမံကိုဆောက်လုပ်ပြီး တူးမြောင်းမကြီးမှတစ်ဆင့် ရေပေးဝေနိုင်မှု အခြေအနေကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က တောင်သူများစိုက်ပျိုးရေအခက်အခဲမရှိစေရေးနှင့် ပြည်နယ်အတွင်းရှိ တောင်သူများအတွက် စိုက်ကေ တိုးချဲ့လာနိုင်ရေးစိုက်ပျိုးရေ ဖူလုံစွာရရှိရေးကို ကြိုတင်စီမံချက်ရေးဆွဲဆောင်ရွက်ရန် လိုကြောင်း တိုက်တွန်းမှာကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ဝါရှောင်ဆည်အတွင်း ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ် ဆောင်ရွက်လျက်ရှိသည့် သဲနုန်းတူးဖော်ခြင်းလုပ်ငန်းပြီးစီးမှုအခြေအနေ၊ နုန်းဖမ်းဆည်တစ်ခုတည်ဆောက်ခြင်းလုပ်ငန်း၊ ဆည်ကျောက်စီမြေထိန်းနံရံ ပေ ၅၄၀ တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ဝါရှောင်ရေလွှဲဆည်သည် ကချင်ပြည်နယ်အတွင်း သမိုင်းဝင်ဆည်တစ်ခုဖြစ်ပြီး အလျား ၂၇၂ ပေ၊ အမြင့် ပေ ၃၀ ရှိကာ ဝိုင်းမော်မြို့နယ်အတွင်း ကျေးရွာများရှိ လယ်မြေ ၁၁၄၄၆ ဧကကို ရေပေးဝေနိုင်ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ချပ်သင်းဘေးမဲ့တောအတွင်း ရွှေသမင် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ထားမှု ကြည့်ရှုစစ်ဆေး

မုံရွာ မေ ၂၄

**စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် တိုင်းဒေသကြီး ချင်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများသည် ယမန်နေ့က ကန့်ဘလူခရိုင် စန်းမြောင်စခန်း ချပ်သင်းဘေးမဲ့တော ရွှေမြေပဒေသာ ဧည့်ရိပ်သာ၌ ရွှေသမင်ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ထားရှိမှုအခြေအနေတို့နှင့် စပ်လျဉ်း၍ ကျင်းပသော အစည်းအဝေးသို့ တက်ရောက်သည်။**


တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင် ချပ်သင်းဘေးမဲ့တောဝန်ထမ်းများအား စားနပ်ရိက္ခာများ ထောက်ပံ့ပေးအပ်စဉ်။

အဆိုပါ အစည်းအဝေးတွင် တာဝန်ရှိသူများက ချပ်သင်းဘေးမဲ့တောဧရိယာအတွင်း ကမ္ဘာ့ရှားပါး ရွှေသမင် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ထားရှိမှုနှင့် ပြည်တွင်းပြည်ပ ခရီးသွားများအတွက် အလွယ်တကူ အဆင်ပြေချောမွေ့စွာ လာရောက်လေ့လာနိုင်အောင် လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ပြီး တင်ပြချက်များအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပေါင်းစပ်ဖြည့်ဆည်းပေးကာ လိုအပ်သည့်နေရာများတွင် ရေတားတုတ်များရိုက်ရေး၊ ရေတွင်းတူးရေးနှင့် ရွှေသမင်စားကျက်အဖြစ် နှံစားပြောင်းများစိုက်ပျိုးရေးတို့အတွက် ငွေကျပ် ၂၅ သိန်းနှင့် ပူးပေါင်းအဖွဲ့တို့မှ ငွေကျပ်နှစ်သိန်းတို့ကို တာဝန်ရှိသူထံသို့ ပေးအပ်ခဲ့သည်။ အဆိုပါ ချပ်သင်းဘေးမဲ့တောကြီးအတွင်း ရွှေသမင်နှင့် ငှက်မျိုးစိတ်များအပြင် အဖိုးတန်သဘာဝသစ်တောကြီး ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကာ အားလုံးပူးပေါင်းဆောင်ရွက်သွားကြရန် မှာကြားသည်။

ဆက်လက်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ချပ်သင်းဘေးမဲ့တော ဝန်ထမ်းများအား ဆန်၊ ဆီ၊ ဆား၊ ကြက်သွန်နီ၊ ပဲနှင့် ကြက်ဥ စသည့် စားနပ်ရိက္ခာများကို ထောက်ပံ့ပေးအပ်ခဲ့ပြီး ကန့်ဘလူမြို့နယ်နှင့် ကျွန်းလှမြို့နယ်တို့ရှိ ကိုဗစ် –၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီတို့ထံသို့ နှာခေါင်းစည်းများနှင့် လက်သန့်ဆေးရည်ပုံးတို့ကို အခမဲ့ပေးဝေကြောင်း သိရသည်။

ထို့နောက် ကောလင်းမြို့ ကိုဗစ် –၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီထံသို့ နှာခေါင်းစည်းများနှင့် လက်သန့်ဆေးရည်ပုံးတို့ကို ပေးအပ်ပြီး ကျောက်တန်းစစ်ဆေးရေးဂိတ်တွင် ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆောင်ရွက်နေသူတို့အား အားပေးခဲ့ကြောင်း သိရသည်။

ထွန်းကိုကို(ယင်းမာပင်)


ငါန်းဇွန်မြို့နယ်တွင် ဆောင်ရွက်နေသော တည်ဆောက်ရေးလုပ်ငန်းများအား တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးစဉ်။

## ငါန်းဇွန်မြို့နယ်တွင် ယာယီရပ်ဆိုင်းထားသော လုပ်ငန်းခွင်များ ဆက်လက်ဆောင်ရွက်နိုင်ရေးစစ်ဆေး

ငါန်းဇွန် မေ ၂၄

မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ်တွင် ကိုဗစ် –၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် ယာယီရပ်ဆိုင်းထားသော ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ်အတွင်း နိုင်ငံတော်ဘဏ္ဍာငွေဖြင့် ဆောင်ရွက်သည့် လုပ်ငန်းခွင်များ၌ ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များအတိုင်း လိုက်နာမှု ရှိ/မရှိ မြို့နယ် ကွင်းဆင်းစစ်ဆေးရေးအဖွဲ့မှ ယမန်နေ့က ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ စစ်ဆေးရာတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးနိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်ဝင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်ခ၊ မြို့နယ်လမ်းဦးစီးဌာန ဦးစီးအရာရှိ (မြို့ပြ) ဒေါ်မြိုင်နှင့် ဦးဆန်းဝင်း (Third Party) တို့ပါဝင်ကြပြီး မြို့နယ်အတွင်းရှိ ဂျိုကျေးရွာ အ.ထ.က၌ ကျောင်းဆောင်သစ် ဆောက်လုပ်ရေး၊ နတ်စိမ်းကျေးရွာ အ.မ.က ၌ ကျောင်းဆောင်သစ် ဆောက်လုပ်ရေးလုပ်ငန်း၊ အနောက်တောကျေးရွာ အ.မ.က ၌ ကျောင်းဝင်းအုတ်တံတိုင်း၊ ရွာတန်းရှည်ကျေးရွာ အ.မ.က၌ ကျောင်းဝင်း အုတ်တံတိုင်းကာရံခြင်းလုပ်ငန်း၊ ကုန်းသာကျေးရွာ ကျေးလက်ဆေးပေးခန်းနှင့် ဝန်ထမ်းအိမ်ရာ တည်ဆောက်နေမှု၊ ကျွဲဇိမ်ကျေးရွာ အ.လ.က၊ နဝရတ်ကျေးရွာ အ.မ.က၊ လက်ပံကျင်း (တ) ကျေးရွာ အ.ထ.က(ခွဲ)နှင့် ငါန်းဇွန် အ.ထ.က တို့၌ ကျောင်းဆောင်သစ်ဆောက်လုပ်ခြင်း လုပ်ငန်းခွင်များ၊ ငါန်းမြဘမီးသတ်စခန်း တည်ဆောက်နေမှု လုပ်ငန်းခွင်များသို့ ကွင်းဆင်းပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များအတိုင်း လုပ်ငန်းခွင်တွင် ထားရှိရမည့်အချက်များ လိုက်နာမှု ရှိ/မရှိ ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

၁၈၁

## ညောင်ဦးမြို့ မဏိစည်သူဈေး ပြန်လည်ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ ကွင်းဆင်းစစ်ဆေး

**ညောင်ဦး မေ ၂၄**
မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့ရှိ ယာယီပိတ်ထားသော မဏိစည်သူဈေးကို ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးတင်မြင့်နှင့် အဖွဲ့က မေ ၂၂ ရက်တွင် အသေးစိတ် ကွင်းဆင်းစစ်ဆေးခဲ့သည်။

မဏိစည်သူဈေးကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက သတ်မှတ်ထုတ်ပြန်ထားသော စည်းမျဉ်းစည်းကမ်းများအတိုင်း ပြန်လည်ဖွင့်လှစ်ပေးနိုင်ရေးအတွက် ဈေးအကျိုးတော်ဆောင်အဖွဲ့များ၏ ကြိုတင်ပြင်ဆင်ထားရှိမှု အခြေအနေနှင့် ဈေးသန့်ရှင်းရေး ဆောင်ရွက်ထားရှိသည့် အခြေအနေများကို အမှုဆောင် အရာရှိနှင့် အဖွဲ့က လိုက်လံကြည့်ရှု စစ်ဆေးပြီးနောက် လမ်းများပေါ်တွင် ချခင်းထားသည့် ပစ္စည်းများနှင့် လေဝင်လေထွက် ပိတ်နေသော အမိုးအကာများကို ဖြုတ်သိမ်း၍ ပြန်လည်သယ်ယူရာတွင် လူစုလူဝေး မဖြစ်စေရေး၊ လုပ်ငန်းဆောင်ရွက်မည့် လူတစ်ဦးချင်းအား ကိုယ်အပူချိန် တိုင်းတာပေးနိုင်ရန်၊ နှာခေါင်းစည်းများ တပ်ဆင်စေရန်နှင့် ဌာနမှ ဝန်ထမ်းများဖြင့် လုံခြုံရေး ကင်းချထားရေး စသည့် ဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်များကို စစ်ဆေးခဲ့ကြောင်း သိရသည်။

**ကျော်မင်းဦး(ရေနံချောင်း)**

## ရွှေကူမြို့နယ်၌ ကိုဗစ်-၁၉ ကာကွယ်ရေးအတွက်သုံးရန် ဆေးရုံသုံးပစ္စည်းများ ပေးအပ်လှူဒါန်း

**ရွှေကူ မေ ၂၄**
ကချင်ပြည်နယ် ရွှေကူမြို့နယ်အတွင်းရှိ ဆေးရုံများ၌ ကိုဗစ်-၁၉ရောဂါ ကာကွယ်ထိန်းချုပ် ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရေးအတွက် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ဒုတိယအကြိမ် ပေးပို့လှူဒါန်းသော ဆေးရုံသုံးပစ္စည်းများကို အမှတ်(၅၆) ခြေလျင်တပ်ရင်းက ရွှေကူမြို့နယ် ပြည်သူ့ဆေးရုံကြီးသို့ မေ ၂၃ ရက်က လာရောက် ပေးအပ်လှူဒါန်းခဲ့သည်။

ဆေးရုံသုံးပစ္စည်းများ ပေးအပ်လှူဒါန်းရာတွင် ရွှေကူမြို့နယ် ပြည်သူ့ဆေးရုံသို့ ဆေးရုံသုံးနှာခေါင်းစည်း အခုရေ ၆၀၀၊ OT-Cap ၁၅၀၊ မျက်နှာကာ ၁၅၀ နှင့် ဆိုဒီယမ် ဟိုက်ပိုကလိုရိုက် ပိုးသတ်ဆေးတစ်ဘူးကိုလည်းကောင်း ၊ မြို့လှတိုက်နယ်ဆေးရုံ၊ မြို့ကုန်းတိုက်နယ်ဆေးရုံ၊ ဘိုကုန်းတိုက်နယ်ဆေးရုံနှင့် စီသာတိုက်နယ်ဆေးရုံ များအတွက် တစ်ရုံလျှင် ဆေးရုံသုံးနှာခေါင်းစည်း အခုရေ ၂၀၀၊ OT-Cap ၃၅ ခုနှင့် မျက်နှာကာ ၃၅ ခုကိုလည်းကောင်း ပေးအပ်လှူဒါန်းခဲ့ခြင်းဖြစ်သည်။ တိုက်နယ်ဆေးရုံများအတွက် လှူဒါန်းသည့်ပစ္စည်းများကို ရွှေကူမြို့နယ် ပြည်သူ့ဆေးရုံကြီးမှ အဆိုပါတိုက်နယ်ဆေးရုံများသို့ ဆက်လက်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်မျိုးအောင်(ပြန်/ဆက်)**



## မိတ္ထီလာကန်ရေ ဆက်လက်ပေးဝေနိုင်ရန် ရေသွယ်မြောင်းနှင့် ရေစုကန်တူးဖော်

**မိတ္ထီလာ မေ ၂၄**
မိတ္ထီလာကန်ရေ ပေးဝေလျက်ရှိသည့် မိတ္ထီလာမြို့ ပေါက်ချောင်းရပ်ကွက်သို့ ရေများ ဆက်လက်ပေးဝေသွားနိုင်ရေးအတွက် ရေသွယ်မြောင်းနှင့် ရေစုကန်တူးဖော်ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ထံမှ သိရသည်။

မိတ္ထီလာမြို့ပေါ်ရှိ ရပ်ကွက် ၁၄ ခုတွင် လူဦးရေ တစ်သိန်းကျော် နေထိုင်လျက်ရှိပြီး သောက်သုံးရေအဖြစ် မိတ္ထီလာကန်ရေကို အဓိက အားထား၍ အသုံးပြုလျက်ရှိသည်။ စည်ပင်သာယာရေးအဖွဲ့က မိတ္ထီလာကန်ရေကို ရေသန့်စင်သည့် စက်ရုံများဖြင့် သန့်စင်ပြီး ဖြန့်ဝေပေးလျက်ရှိရာ လွတ်လပ်ရေးပန်းခြံအတွင်းရှိ အမှတ်(၁) ရေသန့်စင်စက်ရုံဖြင့် မြို့မရပ်ကွက်၊ ဈေးအရှေ့ပြင်၊ သီရိမင်္ဂလာ၊ ရန်မျိုးအောင်ရပ်ကွက်များသို့လည်းကောင်း၊ ပေါက်ချောင်းရပ်ကွက်အတွင်းရှိ အမှတ်(၂) ရေသန့်စင်စက်ရုံဖြင့် ပေါက်ချောင်းနှင့် နန်းတော်ကုန်း ရပ်ကွက်များသို့လည်းကောင်း သောက်သုံးရေများ ဖြန့်ဝေပေးနေခြင်းဖြစ်သည်။ ထို့အပြင် အဝီစိတွင်းများဖြင့်လည်း အောင်ဆန်းရပ်ကွက်၊ ကျီးတော်ကုန်းရပ်ကွက်နှင့် အောင်ဇေယျာရပ်ကွက်များသို့ ရေဖြန့်ဝေပေးလျက်ရှိသည်။ ရပ်ကွက်များသို့ ရေဖြန့်ဝေပေးရာတွင် ရေတိုင်ပေါင်း ၉၃၁၃ တိုင်ဖြင့် ဖြန့်ဝေပေးနေခြင်းဖြစ်သည်။

မိတ္ထီလာကန်မှ ရေများ ဖြန့်ဝေပေးရာတွင် ယခင်နှစ်က မိုးရွာသွန်းမှုနည်းပါး၍ ကန်အတွင်း ရေဝင်ရောက်မှုလည်း နည်းပါးခဲ့သလို ပေါက်ချောင်းကွက်သစ်သို့ ရေတိုင်ပေါင်း ၁၈၀ ဖြင့် ရေပေးဝေလျက်ရှိသည့် ရေစက်ရုံမှ ရေစုကန်မှာလည်း ရေလျော့နည်းလာခဲ့ကြောင်း၊ ထို့ကြောင့် ရေစုကန်တွင် ရေပိုမိုရရှိရန်အတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေဖြင့် ရေစုကန်သို့ ရေဝင်ရောက်ရန် အရှည် ပေ ၁၃၀ ရှိ ရေသွယ်မြောင်းနှင့် အကျယ် ပေ ၂၀၊ အနက် ၁၀ ပေ ရှိသော ရေစုကန်ကို မေ ၂၂ ရက်မှစတင်၍ ပြန်လည်တူးဖော်ခြင်းဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အင်ဂျင်နီယာမှူး ဦးမြင့်ဝင်းက ပြောကြားသည်။

ထို့အပြင် မိတ္ထီလာမြို့ ရေပေးဝေရေးလုပ်ငန်းကို တိုးချဲ့နိုင်ရန်အတွက် ဝန်ဇင်းရပ်ကွက်တွင် JICA အစီအစဉ်ဖြင့် ရေသန့်စင်စက်ရုံသစ်ကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း စတင် တည်ဆောက်လျက်ရှိကြောင်း၊ အဆိုပါ ရေသန့်စင်စက်ရုံ တည်ဆောက်ပြီးစီးပါက ဝန်ဇင်းရပ်ကွက်၊ ရန်မျိုးအောင်ရပ်ကွက်နှင့် ပြည်ထောင်စုရပ်ကွက်များရှိ အိမ်ထောင်စုပေါင်း ၆၀၀၀ ကျော်သို့ ရေများ တိုးချဲ့ဖြန့်ဝေပေးသွားနိုင်မည်ဖြစ်ကြောင်း အင်ဂျင်နီယာမှူးက ဆက်လက်ပြောကြားခဲ့သည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**



ပေါက်ချောင်းရပ်ကွက် ရေစုကန်သို့ ရေသွယ်မြောင်းကို ပြန်လည်ပြုပြင်တူးဖော်နေစဉ်။

## မြိတ်မြို့နယ်မှ အေးရိပ်ချောင်လမ်းကို နိုင်လွန်ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်

**မြိတ် မေ ၂၄**
တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်မှ ပြည်သူများ ဖြတ်သန်းသွားလာ အသုံးပြုမှုများသော ကလွင်ကျေးရွာရှိ အေးရိပ်ချောင်လမ်းကို နိုင်လွန်ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို တိုင်းဒေသကြီးရန်ပုံငွေ ကျပ် ၃၉၄ သန်းဖြင့် လမ်းဦးစီးဌာနက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ရိုးရိုးကတ္တရာလမ်းကို AC နိုင်လွန်ကတ္တရာအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်တာဖြစ်ပါတယ်။ တိုင်းဒေသကြီး ငွေလုံးငွေရင်း ရန်ပုံငွေ ကျပ် ၃၉၄ သန်း ရရှိပါတယ်။ ဒီလမ်းဟာ စုစုပေါင်း ၁ ဒသမ ၂ ကီလိုမီတာ ရှည်ပါတယ်။ လမ်းသားအကျယ် ၂၄ ပေ ဆောင်ရွက်မှာဖြစ်ပါတယ်။ လမ်းအနေအထားက ကွန်ရက်လမ်းသဘောဖြစ်နေပြီး အဓိက လမ်းမကြီးလည်းဖြစ်နေလို့ နိုင်လွန်ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်တာဖြစ်ပါတယ်"ဟု မြို့နယ်လမ်းဦးစီးဌာနမှ ဦးစီးအရာရှိ(မြို့ပြ) ဦးသိန်းအောင်က ပြောသည်။

အေးရိပ်ချောင်လမ်းသည် မြိတ်တက္ကသိုလ်နှင့် ဆေးရုံကြီးသို့ သွားလာသည့် စပါးရွှေဝါလမ်း၊ လေယာဉ်ကွင်းနှင့် ကားကြီးဝင်းသို့ သွားလာသည့် ကန်ဖျားလမ်းမကြီးနှင့် လေယာဉ်ကွင်းလမ်းတို့ကို ဆက်သွယ်ထားသည့် အဓိက လမ်းတစ်လမ်းဖြစ်၍ ပြည်သူများ နေ့စဉ်အသုံးပြုသွားလာမှု များပြားသလို နယ်ဝေးမှ ပြည်သူ့ဆေးရုံသို့ ဆေးကုသမှုခံယူရန် လာရောက်သည့် ဝေဒနာရှင်များကို ပို့ဆောင်ပေးသည့် အရေးပေါ်မော်တော်ယာဉ်များလည်း ဖြတ်သန်းအသုံးပြု သွားလာမှုများသည့် လမ်းတစ်လမ်းဖြစ်သည်။

ယခု နိုင်လွန်ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးပါက ပြည်သူများ အနေဖြင့် ပိုမိုကောင်းမွန်လာသော နိုင်လွန်ကတ္တရာလမ်းပေါ်တွင် ယခုထက်ပို၍ အဆင်ပြေချောမွေ့စွာ သွားလာနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**ခိုင်ထူး(ပြန်/ဆက်)**



နိုင်လွန်ကတ္တရာခင်းသည့်လုပ်ငန်းကို စက်ယန္တရားကြီးများဖြင့် ဆောင်ရွက်နေစဉ်။


# စက်မှုလယ်ယာဦးစီးဌာနမှ လယ်ယာဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း အသိပေးနှိုးဆော်ချက်

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေသောကာလအတွင်း စက်မှုလယ်ယာဦးစီးဌာနအနေဖြင့် တောင်သူလယ်သမားများ၏ လယ်ယာဝန်ဆောင်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်အတွက် ရန်ကုန်တိုင်းဒေသကြီး၊ စက်မှုလယ်ယာဦးစီးဌာနမှ ထွန်စက်ကြီး ၅၂ စီး၊ ရိတ်သိမ်းခြွေလှေ့စက် ၁၉ စီး၊ ကောက်စိုက်စက် ခြောက်စီးတို့ဖြင့် မိုးစပါးများ အချိန်မီစိုက်ပျိုးနိုင်ရန်အတွက် မြေယာများပြုပြင်ပေး ခြင်း၊ စက်ဖြင့် စိုက်ပျိုးပေးခြင်းနှင့် နွေစပါးများ ရိတ်သိမ်းခြွေလှေ့ပေးခြင်းလုပ်ငန်းများအား ဆောင်ရွက်ပေးလျက်ရှိပြီး ရိတ်သိမ်းပြီး နွေစပါးများ အခြောက်ခံရန်အတွက် ကော့မှူးမြို့နယ်များတွင် စပါးအခြောက်ခံစက်နှစ်လုံးဖြင့် ဆောင်ရွက်ပေးလျက်ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသောကာလအတွင်း ယနေ့အချိန်ထိ ရန်ကုန်တိုင်းဒေသကြီး၊ စက်မှုလယ်ယာဦးစီးဌာနမှ မြို့နယ် ၁၁ မြို့နယ်တွင် မိုးစပါး ၈၁၁၄ ဧကလွှာ ထွန်ယက်ပေးနိုင်ခဲ့ပြီး၊ နွေစပါး ၉၈၅ ဧက ရိတ်သိမ်းခြွေလှေ့ပေးခဲ့ပြီးဖြစ်ပါသည်။ ကော့မှူးမြို့နယ်နှင့် တိုက်ကြီးမြို့နယ်ရှိ ဌာနပိုင် Dryer နှစ်လုံးဖြင့် နွေစပါးတင်းပေါင်း ၂၀၀၀ ကျော်အား အခြောက်ခံပေးခဲ့ပြီး ဖြစ်ပါသည်။

ယခုအချိန်ထိ မိုးစပါးထွန်ယက်စိုက်ပျိုးချိန်ဖြစ်သောကြောင့် ရန်ကုန်တိုင်းဒေသကြီး၊ စက်မှုလယ်ယာဦးစီးဌာနရှိ စက်ကိရိယာအင်အားဖြင့် ကိုဗစ်-၁၉ ကြောင့် အခက်အခဲဖြစ်ပေါ်နေသော တောင်သူလယ်သမားများအား အချိန်မီထွန်ယက်နိုင်ရေး၊ စိုက်ပျိုးနိုင်ရေးအတွက် ဌာနမှသတ်မှတ်ထားသောနှုန်းထားဖြင့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့် အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်နိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**ဆက်သွယ်ရန်ဖုန်းနံပါတ်များ**

| | |
|---|---|
| တိုင်းဒေသကြီးဦးစီးဌာနမှူးရုံး၊ ရန်ကုန်မြို့။ | ဖုန်း ၀၁-၆၅၇၁၃၅ |
| တိုင်းဒေသကြီးဦးစီးဌာနမှူး | ဖုန်း ၀၉-၅၃၁၂၅၉၅ |
| ခရိုင်ဦးစီးဌာနမှူး (ရန်ကုန်တောင်ပိုင်းခရိုင်) | ဖုန်း ၀၉-၄၂၅၂၇၅၄၁၆ |
| ခရိုင်ဦးစီးဌာနမှူး (ရန်ကုန်မြောက်ပိုင်းခရိုင်) | ဖုန်း ၀၉-၄၂၀၁၀၅၄၃၄ |

**ရန်ကုန်တိုင်းဒေသကြီး၊ စက်မှုလယ်ယာဦးစီးဌာန**

# တနင်္သာရီတိုင်းဒေသကြီးအတွင်းမှ မိုးစပါးထွန်ယက်စိုက်ပျိုးရန် ခက်ခဲနေသူများအား တိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာနက စက်များငှားရမ်း၍ ကူညီပေးလျက်ရှိ

**ထားဝယ် မေ ၂၄**

ကိုဗစ် -၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးများ ဆောင်ရွက်နေသည့် ကာလအတွင်း ဒေသတစ်ခုနှင့်တစ်ခုကြား အသွားအလာများပိတ်ဆို့နေမှုကြောင့် တနင်္သာရီတိုင်းဒေသကြီး အတွင်းမှ တောင်သူလယ်သမားများအနေဖြင့် မိုးစပါးစိုက်ပျိုးရေးအတွက် ထွန်စက်ငှားရမ်း၍ ထွန်ယက်ရန် အခက်အခဲများနှင့် ကြုံတွေ့လျက်ရှိရာ အဆိုပါ အခက်အခဲများ အဆင်ပြေစေရေးအတွက် တနင်္သာရီတိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာနက ဌာန၏ စက်ကိရိယာအင်အားဖြင့် စပါးစိုက်ပျိုးရန် ထွန်ယက်ခြင်း အပါအဝင် လယ်ယာဝန်ဆောင်မှုများကို သတ်မှတ်နှုန်းထားများဖြင့် ဆောင်ရွက်ပေးနေကြောင်း သိရသည်။

တနင်္သာရီတိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာနအနေဖြင့် ဌာနရှိ ထွန်စက်ကြီး ၂၃ စီး၊ ရိတ်သိမ်းခြွေလှေ့စက် ခြောက်စီးနှင့် ကောက်စိုက်စက်နှစ်စီးတို့ဖြင့် မိုးစပါးအချိန်မီ စိုက်ပျိုးနိုင်ရန်အတွက် မြေယာများ ပြုပြင်ပေးခြင်း၊ ကောက်စိုက်စက်များဖြင့် စိုက်ပျိုးပေးခြင်း၊ စက်ကြီးများဖြင့် ရိတ်သိမ်းခြွေလှေ့ပေးခြင်းနှင့် စက်မှုလယ်ယာ စနစ်ကျလယ်ယာမြေအဖြစ် အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိရာ လက်ရှိအချိန်အထိ မြို့နယ် ခုနစ်မြို့နယ်၌ မိုးစပါးစိုက်ပျိုးရန် မြေပြင်ခြင်း ဧက ၁၅၅၀၊ ရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းပေးခြင်း ၂၅၆ ဧက၊ စနစ်ကျလယ်ယာမြေအဖြစ် အဆင့်မြှင့်တင်ခြင်း ဧက ၃၉၀ တို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် အသွားအလာ ကန့်သတ်မှုများ ပြုလုပ်ထားခြင်းကြောင့် မိုးစပါးစတင်စိုက်ပျိုးတော့မည့် အချိန်တွင် ထွန်ယက်စိုက်ပျိုးရန် အခက်အခဲဖြစ်ပေါ်နေသော တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ တောင်သူလယ်သမားများ အနေဖြင့် ထွန်စက်များငှားရမ်းရန် လိုအပ်ပါက တိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာနရုံးနှင့် ဖုန်းနံပါတ် ၀၅၉-၃၀၂၃၉၀၉၊ ၀၉-၄၅၂၆၆၆၇၆၊ ၀၉-၇၉၈၆၆၉၀၉၂၊ ၀၉-၂၅၆၀၀၆၈၀၁ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



မိုးစပါးစိုက်ပျိုးမည့် လယ်မြေပေါ်တွင် စက်မှုလယ်ယာဦးစီးဌာန၏ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးပေးနေစဉ်။

# ကရင်ပြည်နယ်၌ ငါးသားပေါက်ကောင်ရေ ၁၇၀၀၀၀ ကျော် မျိုးစိုက်ထည့်နိုင်ရန် ဆောင်ရွက်လျက်ရှိ

**ဘားအံ မေ ၂၄**

ကရင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ပြည်နယ်အတွင်းရှိပြည်သူများ စားနပ်ရိက္ခာဖူလုံမှုရှိစေရေး၊ သဘာဝရေပြင်အတွင်း ငါးသယံဇာတကြွယ်ဝပြီး စဉ်ဆက်မပြတ် စားသုံးနိုင်ရေး၊ ပြည်သူများ အာဟာရပြည့်ဝသောငါးများကို စားသုံးနိုင်ရေး ရည်ရွယ်ချက်များဖြင့် ဘားအံ ငါးသားဖောက်စခန်းနှင့် ကျုံဒိုး ငါးသားဖောက်စခန်းတို့တွင် မျိုးကောင်းမျိုးသန့်ငါးများ သားဖောက်မွေးမြူပြီး ငါးမွေးမြူရေးကန်များသို့ ရောင်းချခြင်းနှင့် သဘာဝရေပြင်များအတွင်း ငါးမျိုးစိုက်ထည့်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခု ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း၌လည်း သဘာဝရေပြင်များအတွင်းသို့ ငါးမျိုးစိုက်ထည့်မှု အကြိမ် ၄၀ ဆောင်ရွက်သွားမည်ဖြစ်ပြီး မျိုးစိုက်ထည့်မည့် ငါးသားပေါက်များမှာ တီလားပီးယား ၂၅၀၀၀၊ ငါးခုံးမကြီး ၁၀၁၅၀၀၀၊ ရွှေဝါငါးကြင်း ၁၇၅၀၀၀၊ ငါးမြစ်ချင်း ၅၃၀၀၀၀ စုစုပေါင်း ၁၇၄၅၀၀၀ ဖြစ်ကြောင်း၊ အဆိုပါ ငါးသားပေါက်များကို ကရင်ပြည်နယ်အတွင်းရှိ မြစ်ချောင်းအင်းအိုင်များ၊ ဆည်များ၊ ရေလှောင်တမံများ၊ စပါးစိုက်ခင်းများ၊ ငါးကန်များ၊ တပ်ရင်းတပ်ဖွဲ့များနှင့် ငြိမ်ချမ်းရေးအဖွဲ့အစည်းများ၏ ငါးမွေးမြူရေးကန်များသို့ အခမဲ့ မျိုးစိုက်ထည့်ပေးသွားမည်ဖြစ်ကြောင်း ကရင်ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

ထို့အပြင် ကရင်ပြည်နယ်အတွင်း ငါးသယံဇာတများ ထိန်းသိမ်းနိုင်ရေးအတွက် ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်း၊ ပိုစတာများစိုက်ထူပေးခြင်း၊ တားမြစ်စာများပေးအပ်ခြင်း၊ အသိပညာပေးခြင်းနှင့် ဥပဒေအရအရေးယူခြင်းတို့ကိုလည်း သက်ဆိုင်ရာဌာနများ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခင်စောလင်း(ပြန်/ဆက်)**

# ညောင်ဦးမြို့နယ်မှ ရေအခက်ကြုံနေသည့် ကျေးရွာများသို့ သောက်သုံးရေများ သွားရောက်လှူဒါန်း

**ညောင်ဦး မေ ၂၄**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ရွာသစ်တောင်ကျေးရွာ၌ အပူချိန်မြင့်တက်၍ ရေကန်များခန်းခြောက်ကာ သောက်သုံးရေ အခက်အခဲ ကြုံတွေ့နေသဖြင့် ပုဂံမြို့ ရတနာဘုံစံတောရဓမ္မရိပ်သာကျောင်း နာယကဆရာတော် အရှင်သာဂရ ဦးစီးတည်ထောင်ထားသည့် ဖြူစင်မေတ္တာ(ရေ/သွေး)ပရဟိတအသင်းနှင့် ဒယ်အိုးဆရာတော် ဦးသုမင်္ဂလ ဦးစီးတည်ထောင်ထားသော သုမင်္ဂလာ ပရဟိတ ရေလှူအသင်းတို့ ပူးပေါင်းအဖွဲ့က သောက်သုံးရေများကို မေ ၂၄ ရက်က သွားရောက်လှူဒါန်းသည်။

သောက်သုံးရေ လှူဒါန်းရာတွင် ဖြူစင်မေတ္တာ(ရေ/သွေး)ပရဟိတအသင်းနှင့် သုမင်္ဂလာ ပရဟိတ ရေလှူအသင်းတို့က ရေသယ်ယာဉ်နှစ်စီးဖြင့် ရေဂါလန် ၂၄၀၀ ကို ရွာသစ်တောင်ကျေးရွာရှိ အိမ်ခြေ ၃၀၀ ခန့်အတွက် အိမ်ထောင်စုအလိုက် စနစ်တကျ ခွဲဝေလှူဒါန်းပေးခဲ့ကြောင်း၊ အလားတူ သောက်သုံးရေ အခက်အခဲ ကြုံတွေ့နေသည့် ထန်းပေါက်တောကျေးရွာရှိ အိမ်ခြေ ၃၀၀ ကျော်မှ ဒေသခံပြည်သူများအတွက် သောက်သုံးရေ ဂါလန် ၂၄၀၀ ကိုလည်း အသင်းနှစ်ခု ပူးပေါင်း၍ မေ ၂၄ ရက်တွင် ရေသယ်ယာဉ် နှစ်စီးဖြင့် ထပ်မံသွားရောက် လှူဒါန်းခဲ့ကြောင်း သိရသည်။

အပူပိုင်းဒေသဖြစ်သော ညောင်ဦးမြို့နယ်၌ လက်ရှိအချိန်အထိ မိုးသည်းထန်စွာရွာသွန်းမှု မရှိသေးသည့်အတွက် မြေသားမိုးရေလှောင်ကန်များတွင် မိုးရေဝင်ရောက်မှုမရှိဘဲ ကျေးရွာအများစုမှာ သောက်သုံးရေရှားပါးမှု အခက်အခဲနှင့် ရင်ဆိုင်ကြုံတွေ့နေရပြီး ညောင်ဦးမြို့နယ်အတွင်းရှိ ပရဟိတ လူမှုကူညီရေးအသင်းများနှင့် ဌာနဆိုင်ရာများက ရေသယ်ယာဉ်များဖြင့် နေ့စဉ်မပြတ် သောက်သုံးရေများ သွားရောက်လှူဒါန်းပေးနေရကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# တပ်ကုန်းမြို့၌ ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် နှာခေါင်းစည်းနှင့် လက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေ

**တပ်ကုန်း မေ ၂၄**

နေပြည်တော် တပ်ကုန်းမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု မဖြစ်ပေါ်စေရေးအတွက် ရောဂါထိန်းချုပ်ကာကွယ်ရေးလုပ်ငန်းကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ မေ ၂၄ ရက်တွင်လည်း တပ်ကုန်းမြို့တွင်း ရန်ကုန်-မန္တလေး ကားလမ်းဘေး လူစည်ကားသည့်နေရာများနှင့် ဈေးများ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များနှင့် နှာခေါင်းစည်းများကို အခမဲ့ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။



မြို့တွင်း၌ ဆိုင်ကယ်စီး၍ သွားလာနေသူများအား နှာခေါင်းစည်းတပ်ဆင်ရန် အသိပညာပေးစဉ်။


တပ်ကုန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင့်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသူရဦးနှင့် မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ မြို့နယ်ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံး၊ မြို့နယ် ဖွံ့ဖြိုးရေး အထောက်အကူပြု ကော်မတီဝင်များ၊ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် ရင်ခွင်မဲ့ကလေးငယ်များ စောင့်ရှောက်ရေးအဖွဲ့တို့မှ အဖွဲ့ဝင်များ ပူးပေါင်း၍ မြို့တွင်းရှိ လူစည်ကားသည့်နေရာများနှင့် မြို့မဈေးနှင့် ယာယီပျံကျဈေးတို့မှ ခရီးသွားလာသူများနှင့် ဈေးရောင်း ဈေးဝယ် ပြည်သူများအား နှာခေါင်းစည်း ၄၀၀၀ နှင့် ကိုဗစ်-၁၉ အကြောင်း ပညာပေးသည့် သတင်းစကား လက်ကမ်းစာစောင်များ အခမဲ့ ဖြန့်ဝေပေးခဲ့ခြင်းဖြစ်သည်။

တပ်ကုန်းမြို့၌ လက်ရှိအချိန်တွင် နေအိမ်ပြင်ပသို့ ထွက်တိုင်း မဖြစ်မနေ နှာခေါင်းစည်းတပ်ရန် အသိပညာပေးလျက်ရှိကာ ပညာပေးကာလ ပြီးစီးပါက အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ထံမှ သိရသည်။

**တင်စိုးလွင်**

## အမုန်းစကားမပြောရ။

တစ်ပါးသူ၏ လူမျိုး၊ နိုင်ငံ၊ ဘာသာရေး၊ ဒေသ၊
ကျား/မ လိင်ကွဲပြားမှု၊ လိင်ပိုင်းဆိုင်ရာ ခံယူမှု၊ မသန်စွမ်းသူများနှင့်
နာတာရှည်ရောဂါဖြင့် ကျန်းမာရေးချို့တဲ့နေသူများကို
အကြောင်းမဲ့ဖြစ်စေ၊ ထိခိုက်နာကျင်စေလိုသောကြောင့်ဖြစ်စေ
တိုက်ရိုက်တိုက်ခိုက်သော အမုန်းစကားများကို Facebook မှ ပယ်ဖျက်ပါသည်။



# သထုံမြို့၌ ကွက်လပ်လေးတွေဖြည့် အစီအစဉ်ဖြင့် နွမ်းပါးသည့်အိမ်ထောင်စု ၁၁၀၀၀ ကျော်ထံ အခြေခံစားသောက်ကုန်လေးမျိုး လှူဒါန်းနိုင်ခဲ့

**သထုံ မေ ၂၄**

မွန်ပြည်နယ် သထုံမြို့နယ်၌ "ကွက်လပ်လေးတွေဖြည့်" အစီအစဉ်အရ ဆင်းရဲနွမ်းပါးသော အိမ်ထောင်စုများထံသို့ အခြေခံစားသောက်ကုန်လေးမျိုးကို အခမဲ့လိုက်လံထောက်ပံ့ လှူဒါန်းခဲ့ရာ လက်ရှိအချိန်တွင် အိမ်ထောင်စုပေါင်း ၁၁၀၀၀ ကျော်ထံသို့ ပေးအပ်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကွက်လပ်လေးတွေဖြည့် အစီအစဉ် အောင်မြင်ပြီးမြောက်မှု ရေစက်ချအခမ်းအနားကို မေ ၂၄ ရက်က သထုံမြို့ ဘုရားဘုရားစေတီ သန္တိသုခဓမ္မဗိမာန်၌ ကျင်းပခဲ့သည်။ "ဒီအစီအစဉ်က ဆရာတော်တွေ ဦးဆောင်တာပါ။ စပြီး အခြေတည်တာက သကြၤန်မတိုင်ခင်ကတည်းကပါ။ ဒီနေ့အထိ အိမ်ထောင်စုပေါင်း ၁၁၄၅၇ အိမ်ကို ပေးနိုင်ခဲ့တယ်။ ဒီထဲမှာ ဘုန်းကြီးကျောင်းနဲ့ သီလရှင် စာသင်တိုက်တွေဆီကို လှူတာ မပါသေးပါဘူး"ဟု သထုံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မာမာခိုင်က ပြောသည်။

ပထမအကြိမ် လှူဒါန်းမှု အောင်မြင်ပြီးမြောက်သော်လည်း အစီအစဉ်ဖြစ်မြောက်ရေးအဖွဲ့ကို ဆက်လက်ထားရှိကာ ထပ်မံ၍ ထောက်ပံ့လှူဒါန်းနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒေါ်မာမာခိုင်က ဆက်ပြောသည်။

ဆရာတော် သံဃာတော်များ၏ ဦးဆောင်မှုဖြင့် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့မိမြို့ဖများ၊ မြို့ခံ စေတနာရှင် အလှူရှင်များနှင့် စေတနာ့ဝန်ထမ်း ပရဟိတ လူမှုအဖွဲ့အစည်းများ ပူးပေါင်း၍ ကိုဗစ်-၁၉ ကာကွယ် ထိန်းချုပ်ရေးကာလအတွင်း အခက်အခဲဖြစ်နေသူများအား ဖြည့်ဆည်းပေးနိုင်ရန် ရည်ရွယ်လျက် ကွက်လပ်လေးတွေဖြည့် အစီအစဉ်ကို ဧပြီ ၂၇ ရက်က စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ကွက်လပ်လေးတွေဖြည့် အစီအစဉ်ဖြင့် နွမ်းပါးသော အိမ်ထောင်စုများအတွက် တစ်အိမ်ထောင်လျှင် ဆန်သုံးပြည်၊ တစ်လီတာဆီဘူး တစ်ဘူး၊ ကြက်သွန်နီ တစ်ပိဿာနှင့် ဆားတစ်ထုပ်တို့ကို အိမ်တိုင်ရာရောက် အခမဲ့ လိုက်လံထောက်ပံ့ပေးခဲ့ရာ အိမ်ထောင်စုပေါင်း ၁၁၀၀၀ ကျော်အတွက် လှူဒါန်းမှု ကုန်ကျငွေကျပ်သိန်း ၅၀၀ ကျော်ရှိခဲ့ကြောင်း လှူဒါန်းမှုဖြစ်မြောက်ရေးအဖွဲ့ထံမှ သိရသည်။

**သက်ဦး(သထုံ)**



ကွက်လပ်လေးတွေဖြည့် အစီအစဉ်အရ လှူဒါန်းမှုများ ဆောင်ရွက်စဉ်။

## သောက်သုံးရေ အခက်အခဲကြုံတွေ့နေရသည့် ထောက်ကြံ့ကွင်းကျေးရွာသို့ ရေသန့်များလှူဒါန်း

**ဟင်္သာတ မေ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ်အတွင်းမှ သောက်သုံးရေအခက်အခဲ ကြုံတွေ့နေရသည့် ထောက်ကြံ့ကွင်းကျေးရွာသို့ ရေသန့်ဘူးများကို စေတနာရှင်များက မေ ၂၃ ရက်တွင် လှူဒါန်းခဲ့ကြောင်း သိရသည်။

ဟင်္သာတမြို့နယ် ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှ စေတနာလုပ်အားရှင်များ၊ လေးမျက်နှာမြို့နယ် ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှ စေတနာလုပ်အားရှင်များ၊ ဖြူစင်မေတ္တာ ပရဟိတအဖွဲ့မှ အဖွဲ့ဝင်များနှင့် အလှူရှင်များ စုပေါင်း၍ ၂၀ လီတာပါ ရေသန့်ဘူးကြီး ၁၀၀ နှင့် တစ်လီတာရေသန့်ဘူး ခြောက်လုံးပါ ကတ် ၁၅၀ တို့ကို ရေလိုအပ်နေသည့် အိမ်ထောင်စုများထံသို့ လက်ဝယ်အရောက် လှူဒါန်းခဲ့ကြခြင်းဖြစ်သည်။

ထောက်ကြံ့ကွင်းကျေးရွာတွင် သောက်သုံးရေလိုအပ်ချက် ဆက်ရှိနေဆဲဖြစ်ပြီး ဒေသခံပြည်သူများ ရေလုံလောက်စွာ ရရှိအသုံးပြုနိုင်ရန် အလှူရှင်များ ဆက်လက်လိုအပ်နေကြောင်းနှင့် ဟင်္သာတမြို့နယ် ကြက်ခြေနီသူနာပြုတပ်ဖွဲ့အနေဖြင့် မှာယူထားသည့်ရေသန့်ဘူးများ ရရှိပါက အဆိုပါကျေးရွာနှင့် ကိုဗစ်-၁၉ စောင့်ကြည့်ရေးစင်တာများသို့ ထပ်မံလှူဒါန်းသွားမည်ဖြစ်ကြောင်း မြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှူးထံမှ သိရသည်။

**ကျော်ကျော်(ပြန်/ဆက်)**

**စက်ရုံလွှင့်ထုတ်၊ လေညစ်ပုပ်**
**တောတွင်းသစ်ပင်၊ အကုန်စုပ်**
**တို့တွေရှုသွင်း၊ လေသန့်ရှင်း**
**မခြွင်းရမှာ၊ တောကသာ**

## မြဝတီမြို့၌ ထိုင်းနိုင်ငံမှပြန်လာသူများအား တစ်ကိုယ်ရေသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်

**မြဝတီ ဧပြီ ၂၄**

ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသား ရွှေ့ပြောင်းအလုပ်သမားများအား မြန်မာနိုင်ငံက မေ ၁ ရက်မှစပြီး ပြန်လည်လက်ခံလျက်ရှိရာ မေ ၂၃ ရက်နှင့် ၂၄ ရက်ကလည်း မြဝတီမြို့ အမှတ်(၂)ချစ်ကြည်ရေးတံတားမှ အလုပ်သမားများ ပြန်လည်ဝင်ရောက်လျက်ရှိပြီး အဆိုပါ အလုပ်သမားများအတွက် တစ်ကိုယ်ရေသုံး ပစ္စည်းများကို ဖြူစင်စေတနာ လူမှုရေးအဖွဲ့က ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

ဖြူစင်စေတနာ လူမှုရေးအဖွဲ့၏ ခေါင်းဆောင် ဦးအောင်ဇော်ဝင်းက "အခိုကကတော့ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး တုံ့ပြန်ဆောင်ရွက်မှု အစီအစဉ်အဖြစ် မြဝတီမြို့နယ်ကို လာရောက်ကူညီတာပါ။ ဒီလိုထောက်ပံ့မှုကို မေ ၂၃ ရက်က စလုပ်ပါတယ်။ တစ်ကိုယ်ရေသုံးပစ္စည်းများဖြစ်တဲ့ ဆပ်ပြာ၊ ခေါင်းလျှော်ရည်၊ သွားတိုက်ဆေး၊ လက်သည်းညှပ်တို့ ပါပါတယ်၊ အားလုံးပေါင်း ၂၂၇၅ စုံလောက် ရှိပါတယ်၊ နောက်တစ်ခုကတော့ အသွားအလာကန့်သတ် စောင့်ကြည့်စခန်းတွေမှာ လိုအပ်တဲ့ အကာအကွယ်ပစ္စည်းတွေ လှူပါတယ်။ တစ်ကိုယ်ရေသုံး အကာအကွယ်ဝတ်စုံ ၁၀၀၀၊ လက်အိတ်၊ နှာခေါင်းစည်းတွေပါပြီး လိုအပ်တဲ့ စောင့်ကြည့်စခန်းတွေကို ပေးပို့ထားပါတယ်"ဟု ပြောကြားသည်။




ပြည်ပပြန်အလုပ်သမားများအား တစ်ကိုယ်ရေသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်နေစဉ်။

ထိုသို့ တစ်ကိုယ်ရေသုံးပစ္စည်းများ လှူဒါန်းသည့်အပြင် ပြန်လာသည့် အလုပ်သမားများထဲမှ ချို့တဲ့နွမ်းပါးသူများအား တစ်ဦးလျှင် ထောက်ပံ့ငွေကျပ်ငါးသောင်းစီကိုလည်း လှူဒါန်းခဲ့ကြောင်း သိရသည်။

"ပြန်လာတဲ့သူတွေထဲက နွမ်းပါးတဲ့ နေရပ်ပြန်ညီအစ်ကိုမောင်နှမတွေကို ငွေထောက်ပံ့မှု အစီအစဉ်အနေနဲ့ မြဝတီမှာ ၂၀၈ ဦးနဲ့ ၂၄၅ ဦးကလေးကော်ဆိုပြီး တစ်ယောက်ကို ကျပ်ငါးသောင်းနှုန်းနဲ့ ငွေကြေးထောက်ပံ့မှုတွေ လုပ်ပေးခဲ့ပါတယ်။ မနေ့ကဆိုရင် ရွှေမြဝတီမှာ ကန့်သတ်စောင့်ကြည့်ခံနေတဲ့ အမှန်တကယ်ချို့တဲ့ပြီး လိုအပ်တဲ့လူတွေအတွက်လည်း ထောက်ပံ့ပေးပါတယ်။ ဒီနေ့လည်း သက်ဆိုင်တဲ့ စောင့်ကြည့်စခန်းတွေက တာဝန်ခံတွေက စိစစ်ပြီးတော့ လိုအပ်တဲ့လူတွေကို တစ်ယောက်ကို ကျပ်ငါးသောင်းနှုန်းနဲ့ ငွေကြေးထောက်ပံ့မှုအစီအစဉ်လေး လုပ်ပေးနေပါတယ်။ အမျိုးသမီးအချို့ဆို ကိုယ်ဝန်ပါလာတာတွေ ရှိတယ်၊ ကလေးငယ်လေးတွေပါလာတာ တွေရှိတယ်၊ ဒါကြောင့် အမျိုးသမီးတွေကို ဦးစားပေးပြီးထောက်ပံ့နေပါတယ်"ဟု ဦးအောင်ဇော်ဝင်းက ဆက်လက်ပြောကြားသည်။

**မန်းသန်းရွှေမြင့်**


# အများပြည်သူသို့ တိုက်တွန်းနှိုးဆော်ချက်

၁။ Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကိစ္စရပ်များ ဆောင်ရွက်ရာတွင် ရောဂါကူးစက်ခံရနိုင်မှု အခြေအနေကို ခြေရာခံဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ICT နည်းပညာအထောက်အကူပြုလုပ်ငန်းအဖွဲ့အနေဖြင့် **"စောစောရှာ"** Mobile Application ကို ရေးဆွဲဆောင်ရွက်ခဲ့ပါသည်။

၂။ "စောစောရှာ" Mobile Application အား ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသူများ အပါအဝင်၊ ပြည်သူအများ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲစေခြင်းဖြင့် ICT နည်းပညာ အထောက်အကူဖြင့် ကူးစက်ခံရနိုင်ခြေရှိသူများကိုလည်း ရှာဖွေဖော်ထုတ်နိုင်မည်ဖြစ်ပြီး၊ ရောဂါကူးစက်ခံရနိုင်မှု အခြေအနေ ထိန်းချုပ်နိုင်ရေးကိုလည်း များစွာအထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။

၃။ ပြည်သူများအနေဖြင့်**"စောစောရှာ"** Mobile Application ကို မိမိတို့၏ မိုဘိုင်းဖုန်းများတွင် ထည့်သွင်းအသုံးပြုခြင်းဖြင့် အောက်ဖော်ပြပါ အကျိုးကျေးဇူးများကို ရရှိစေမည်ဖြစ်ပါသည်–

(က) ရောဂါကူးစက်ခံထားရသူနှင့် ထိတွေ့ခဲ့နိုင်မှု အခြေအနေကို နေရာ၊ အချိန်တို့နှင့် ဆက်စပ်၍ သိရှိနိုင်ခြင်း၊

(ခ) ရောဂါကူးစက်ခံထားရသူများ သွားလာခဲ့သည့် နေရာများစာရင်းကို ဤ "စောစောရှာ" Mobile Application အသုံးပြုသူများအနက်မှ အဆိုပါနေရာများသို့ သွားလာခဲ့သူများကို သတိပေးချက် ဆောလျင်စွာပေးပို့နိုင်ခြင်းကြောင့် မိမိအနေဖြင့် ရောဂါ ကူးစက်ခံထားရသူနှင့်အတူ ရှိနေခဲ့ခြင်းနှင့် ထိတွေ့ခဲ့မှု ရှိ/မရှိ တို့ကို ဆောလျင်စွာ သိရှိနိုင်ခြင်း ၊

(ဂ) ပုံမှန်နေထိုင်စဉ် အခြေအနေတွင် ဖြစ်စေ Quarantine ပြုလုပ်နေစဉ် ကာလအတွင်းဖြစ်စေ မိမိ၏ ကျန်းမာရေးအခြေအနေအား သတင်းပေးပို့နိုင်သဖြင့် လိုအပ်ပါက ကုသမှုအကူအညီကို ဆောလျင်စွာ ရရှိနိုင်ခြင်း၊

၄။ အဆိုပါ **"စောစောရှာ"** Mobile Application ကို သုံးစွဲရန်အတွက် တယ်လီဖုန်းများအတွင်းသို့ Download ပြုလုပ်ခြင်းအပါအဝင် Application သုံးစွဲခြင်းအတွက် အင်တာနက်သုံးစွဲခကို ပြည်သူများအနေဖြင့် ကုန်ကျစရိတ်မရှိစေရန် တယ်လီကွန်း အော်ပရေတာများက အခမဲ့ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။ ၎င်းအပြင် အပိုဆောင်းအနေဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ (၃၁) ရက်နေ့အထိ ဤ Application အား ရယူသုံးစွဲသူများကို တစ်လ သက်တမ်းရှိသော 1GB အင်တာနက်အခမဲ့ အသုံးပြုခွင့်ကိုလည်း ခွင့်ပြုပေးသွားမည် ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် COVID–19 ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကိစ္စရပ်များအတွက် အထောက်အကူဖြစ်စေရေးအတွက် **"စောစောရှာ"** Mobile Application အား ဖော်ပြပါ ဝက်ဘ်ဆိုက် www.sawsawshar.gov.mm နှင့် Operator များက ခွင့်ပြုသတ်မှတ်ထားသည့် နည်းလမ်းများဖြင့် အခမဲ့ရယူ၍ မိမိတို့၏ မိုဘိုင်းဖုန်းများတွင် ထည့်သွင်းအသုံးပြုကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

၆။ ၎င်း Mobile Application မှ ကောက်ခံရရှိသော အချက်အလက်များကို ရယူဆောင်ရွက်ရာတွင် တစ်ဦးချင်းစီ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များကို ထုတ်ဖော်သွားမည် မဟုတ်ဘဲ၊ COVID–19 အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါကို ထိန်းချုပ်ကာကွယ်နိုင်ရန် ရည်ရွယ်၍ ရောဂါကူးစက်ဖြစ်ပွားနေသည့် သတ်မှတ်ကာလအတွင်းတွင်သာ အသုံးပြုရန် ရယူခြင်းဖြစ်ပြီး အခြား မသက်ဆိုင်သည့်နေရာများတွင် လုံးဝ (လုံးဝ) အသုံးပြုမည် မဟုတ်ပါကြောင်း ဖော်ပြအပ်ပါသည်။

**Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့်**
**အရေးပေါ်တုံ့ပြန်ရေးကော်မတီ**

## SMS Promotion Message

သင်နှင့် သင့် မိသားစု လုံခြုံစိတ်ချစေရေးအတွက် သင်သွားရောက်ခဲ့သည့် ပတ်ဝန်းကျင်တွင် COVID–19 ကူးစက်နိုင်မှု အခြေအနေကို သိရှိနိုင်ရန် **"စောစောရှာ"** Application အား ဖော်ပြပါ www.sawsawshar.gov.mm တွင် အခမဲ့ Download ရယူသုံးစွဲ၍ တစ်လသက်တမ်းရှိ 1GB အင်တာနက် အသုံးပြုခွင့်ကို အခမဲ့ရယူလိုက်ပါ။

# အင်းစိန်မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများတွင် အသုံးပြုရန် နှာခေါင်းစည်း အခုရေ ၁၂၀၀၀ ကို တရုတ်နိုင်ငံရှိ မြန်မာသံရုံးက လှူဒါန်း




**ရန်ကုန် မေ ၂၄**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် နှာခေါင်းစည်းအခုရေ ၁၂၀၀၀ ကို တရုတ်နိုင်ငံ ပေကျင်းမြို့ရှိ မြန်မာနိုင်ငံသံရုံးက အင်းစိန်မြို့နယ်ရှိ အစိုးရစက်မှုလက်မှုသိပ္ပံ(GTI) ကျောင်းဝင်းအတွင်း ဖွင့်လှစ်ထားသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေး ကော်မတီအား မေ ၂၄ ရက်က လာရောက်လှူဒါန်းခဲ့သည်။

ပေကျင်းမြို့ရှိ မြန်မာနိုင်ငံ သံရုံးအနေဖြင့် နှာခေါင်းစည်းများ လှူဒါန်းရာတွင် မြန်မာနိုင်ငံတစ်နိုင်ငံလုံး၌ ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာ အများဆုံးတွေ့ထားသည့် အင်းစိန်မြို့နယ်မှ ပြည်သူများအား လူသားချင်းစာနာထောက်ထားမှုဖြင့် တတိယအကြိမ် လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

လာရောက်လှူဒါန်းသည့် နှာခေါင်းစည်းများကို အင်းစိန်မြို့နယ် ကိုဗစ်-၁၉ ကော်မတီနာယကတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝေဖြိုးဟန်၊ ကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းအောင်နှင့် ကော်မတီဝင်များက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

လက်ခံရရှိသည့် နှာခေါင်းစည်းများကို အင်းစိန်မြို့နယ်အတွင်းရှိ လူစည်ကားသည့် ကားမှတ်တိုင်များနှင့် အောင်ဆန်းရပ်ကွက်၊ ဖော့ကန်ရပ်ကွက်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ တညင်းကုန်းရပ်ကွက်၊ စဉ့်ငူရပ်ကွက်တို့အတွင်း မေ ၂၆ ရက် နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် မြို့နယ် ကိုဗစ်-၁၉ ကော်မတီမှ တာဝန်ရှိသူများနှင့် We Love Insein ဇော်လံတီယာအဖွဲ့မှ အဖွဲ့သားများက ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **မျိုးသန့်(ပြန်/ဆက်)**

# ညောင်ဦးမြို့နယ်မှ ရေအခက်အခဲကြုံတွေ့နေသော ကျေးရွာသို့ သောက်သုံးရေနှင့် နှာခေါင်းစည်းများ လှူဒါန်း

**ညောင်ဦး မေ ၂၄**

နွေရာသီကာလ သောက်သုံးရေ အခက်အခဲ ဖြစ်ပေါ်နေသော မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ညောင်လှကျေးရွာသို့ သောက်သုံးရေဂါလန် ၆၄၀၀ နှင့်အတူ ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် နှာခေါင်းစည်းအခုရေ ၅၀၀ ကို ညောင်ဦးခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့များ ပူးပေါင်း၍ မေ ၂၄ ရက်က သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ညောင်လှကျေးရွာသည် အိမ်ခြေ ၁၄၈ အိမ်၊ လူဦးရေ ၈၇၀ ကျော်ရှိပြီး ယခင်က ချွေးပြတ်ကန်မှ ကန်ရေကို အဓိကထား သုံးစွဲနေခဲ့ကြောင်း၊ ယခုနှစ်တွင် အပူချိန်မြင့်မားပြီး မိုးရွာသွန်းမှုလည်း မရှိသေးသဖြင့် ရေရှားပါးနေကြောင်း၊ ရေကန်မှ လူနေအိမ်များအထိ ရေကို ထော်လာဂျီဖြင့် သယ်ယူရပြီး တစ်လလျှင် ထော်လာဂျီဖြင့် ရေသယ်ခအတွက် တစ်အိမ်လျှင် ကျပ်နှစ်သောင်းခန့် ကုန်ကျစရိတ်ရှိကြောင်း၊ ထို့ကြောင့် ယခုလို သောက်သုံးရေများ လာရောက်လှူဒါန်းပေးသည့်အပြင် နှာခေါင်းစည်းများပါ အခမဲ့ဖြန့်ဝေပေးသည့် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့အား ကျေးဇူးတင်ကြောင်း ညောင်လှကျေးရွာနေ ဦးချစ်မောင်က ပြောသည်။




ယခုလို ကျေးရွာအရောက် ရေလှူနိုင်ရန် မန္တလေးတိုင်းဒေသကြီး အုပ်ချုပ်ရေးမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်လွင်နှင့်ဇနီး ဒေါ်သီတာအောင်တို့က ကျပ်တစ်သိန်း လှူဒါန်းခဲ့ပြီး မြင့်မြတ်သူ သွေးလှူရှင်နှင့် လူနာတင်ယာဉ် ကူညီမှုအသင်း၏ ရေသယ်ယာဉ်များဖြင့် ကျေးရွာအရောက် သောက်သုံးရေ လှူဒါန်းပေးခဲ့ခြင်းဖြစ်ကြောင်း အမျိုးသမီးရေးရာအဖွဲ့ဝင်တစ်ဦးထံမှ သိရသည်။

**ကျော်မင်းဦး(ရေနံချောင်း)**

# မြင်းခြံမြို့ရှိ အခြေခံလူတန်းစားများအား စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်

**မြင်းခြံ မေ ၂၄**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ရှိ ခရစ်ယာန်ဘာသာဝင်နှင့် အစ္စလာမ်ဘာသာဝင် အခြေခံလူတန်းစားများအား ကျောက်တောင်-ကျားမာန် မိသားစုက စားသောက်ကုန်ပစ္စည်းများကို မေ ၂၃ ရက်က ထောက်ပံ့ပေးအပ်သည်။

မြင်းခြံမြို့ အမှတ်(၇)ရပ်ကွက် ခရစ်ယာန်ကျောင်းဝင်းအတွင်း နေထိုင်သော အခြေခံလူတန်းစား အိမ်ထောင်စု ၃၉ စုနှင့် အမှတ်(၇) ရပ်ကွက် ဗလီဝင်းအတွင်း နေထိုင်သော အခြေခံလူတန်းစား အိမ်ထောင်စု ၂၁ စု စုစုပေါင်း အိမ်ထောင်စု ၆၀ အား တစ်အိမ်ထောင်လျှင် ကြက်ဥ ၁၀ လုံး၊ ငါးသေတ္တာဘူးကြီး သုံးဘူးနှင့် ခေါက်ဆွဲခြောက် တစ်ထုပ်စီကို ထောက်ပံ့ပေးခြင်းဖြစ်ပြီး စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးရာတွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် လူစုလူဝေးမဖြစ်ပွားစေရန် စနစ်တကျ နေရာသတ်မှတ်ပေးထားခြင်း၊ နှာခေါင်းစည်း တပ်ဆင်စေခြင်းများ ဆောင်ရွက်ကြောင်း သိရသည်။

ကျောက်တောင်-ကျားမာန် မိသားစုသည် ကိုဗစ်-၁၉ ကာလအတွင်း အာဟာရဖြည့်သွင်းခြင်း အနုပညာ အစီအစဉ်ဖြင့် မြင်းခြံမြို့ပေါ် ရပ်ကွက်များနှင့်




ကျေးရွာ ခြောက်ရွာရှိ အခြေခံလူတန်းစား အိမ်ထောင်စုပေါင်း ၈၅၀၀ ကျော်ကိုလည်း စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ကျော်စွာ(မြင်းခြံ)**

# ဟိုပုံးမြို့အတွင်း ကျောက်ချောလမ်း၊ တံတားနှင့် ကတ္တရာလမ်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ဟိုပုံး မေ ၂၄**

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့၌ ဒေသခံပြည်သူများ သွားလာရေး လွယ်ကူချောမွေ့ အဆင်ပြေစေရန်အတွက် မြို့တွင်းလမ်းများတွင် ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေဖြင့် ကျောက်ချောခင်းပေးခြင်း၊ ကတ္တရာခင်းပေးခြင်းနှင့် တံတားတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ လုပ်ငန်းအခြေအနေများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနန်းတင့်၊ မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးမောင်မောင်မြင့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ မေ ၂၃ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့သည်။

ဟိုပုံးမြို့ တုံခမ်းရပ်ကွက် နယ်မြေ(၄)၌ ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေ ကျပ်သိန်း ၅၀ နှင့် ဒေသခံပြည်သူများက ကိုယ့်အားကိုယ်ကိုးဆောင်ရွက်သည့် ကျောက်ချောလမ်းခင်းခြင်း အရှည် ပေ ၁၇၀၀၊ အကျယ် ၁၂ ပေ ဆောင်ရွက်နေမှုကိုလည်းကောင်း၊ မြို့ဦးကွက်သစ်ရပ်ကွက် နယ်မြေ(၁)၌ ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေ ကျပ်သိန်း ၅၀ နှင့် ဒေသခံပြည်သူများ ကိုယ့်အားကိုယ်ကိုးဆောင်ရွက်သည့် သုံးရာသီလမ်း အရှည် ၁၃၅၁ ပေ၊ အကျယ် ၁၂ ပေ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းကိုလည်းကောင်း၊ မြို့ဦးကွက်သစ်ရပ်ကွက် နယ်မြေ(၂) ပတ္တမြားလမ်းသွယ်တွင် အရှည် ၁၆ ပေ၊ အကျယ် ၁၅ ပေရှိ ကွန်ကရစ်တံတား တည်ဆောက်နေမှုကိုလည်းကောင်း ကွင်းဆင်းစစ်ဆေး၍ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အရည်အသွေးကောင်းမွန်စွာဖြင့် သတ်မှတ်ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားခဲ့သည်။

**နေမင်းထွန်း(ဟိုပုံး)**

# တံတားဦးမြို့၌ ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေ

**တံတားဦး မေ ၂၄**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်)မှ ထုတ်ဝေထားသည့် "ကိုဗစ်-၁၉ မပြန့်ပွားဖို့ မိမိကစ၍ ကာကွယ်စို့" သတင်းစကား လက်ကမ်းစာစောင်များကို တံတားဦးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက မြို့နယ်အတွင်းရှိ လူစည်ကားသည့် နေရာများဖြစ်သော မြို့မဈေး၊ ယာယီဖွင့်လှစ်ထားသော အမှတ်(၁)ရပ်ကွက် ပျံကျဈေးနှင့် နွားကျော်ဈေးတန်းတို့၌ မေ ၂၄ ရက်က ဖြန့်ဝေပေးခဲ့ကြသည်။

အဆိုပါ သတင်းစကား လက်ကမ်းစာစောင်တွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ဖေ့စ်ဘုတ်တွင် ရေးသားမှုများမှ ကောက်နုတ်ချက်အချို့ အပါအဝင် ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့နိုင်ခြေ အကြောင်းအရာများ၊ ကိုဗစ်-၁၉ ရောဂါကို လက်ဆေးခြင်းဖြင့် ကာကွယ်ပါ၊ စနစ်တကျ လက်ဆေးနည်း၊ ကိုဗစ်-၁၉ ကို မိမိကစ၍ ကာကွယ်ပါ၊ အဓိက သတင်းစကား(၁၀)ချက်၊ လက်ဆေးနည်းကဗျာနှင့် နိုင်ငံကျော်အနုပညာရှင်များ၏ ရင်တွင်းစကားသံများ စသည်တို့ ပါဝင်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မိုးကာလ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်း ဆောင်ရွက်

**ရန်ကုန် မေ ၂၄**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်တွင် မိုးရာသီကာလ အဖြစ်များသော သွေးလွန်တုပ်ကွေးရောဂါ မဖြစ်ပွားစေရေးနှင့် သေဆုံးမှုနှုန်း လျော့ကျစေရေးအတွက် ပိုးလောက်လမ်းများ ပေါက်ပွားနိုင်သော ရေစည်ရေအိုး၊ ညောင်ရေအိုး၊ ပန်းအိုး၊ ရေကြည်ရေသန့်များကို ဖုံးသွန်လဲစစ်ပြုလုပ်ခြင်း၊ အဘိတ်ဆေးခတ်ခြင်းများ၊ ကာကွယ်ရေးနည်းစနစ် အသိပညာပေး ဟောပြောခြင်းလုပ်ငန်းများကို မရမ်းကုန်းမြို့နယ် ဒေသန္တရကျန်းမာရေးဦးစီးဌာနဝန်ထမ်းများက ရပ်ကွက် စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်းကာ ယနေ့နံနက်ပိုင်းတွင် လမ်းအလိုက် တစ်အိမ်ဝင်တစ်အိမ်ထွက် ကွင်းဆင်းဆောင်ရွက်သည်။

ရန်ကုန်တိုင်းဒေသကြီး၌ ၂၀၁၉ ခုနှစ်တွင် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားသူ ၂၃၁၁ ဦး၊ သေဆုံးသူ ၃၅ ဦးအထိ ရှိခဲ့ကြောင်း၊ ၂၀၁၉ ခုနှစ် ဇန်နဝါရီလနှင့် ဧပြီလအတွင်း သွေးလွန်တုပ်ကွေး ဖြစ်ပွားသူ ၄၈၉ ဦးရှိရာမှ သေဆုံးသူ ခြောက်ဦးရှိခဲ့ပြီး ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလနှင့် ဧပြီလအတွင်း ဖြစ်ပွားသူ ၂၂၈ ဦးမှာ သေဆုံးသူ လေးဦးရှိခဲ့ကြောင်း မရမ်းကုန်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

## ကြော်ငြာရှင်များသို့ . . .

ယခုကာလအတွင်း မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာထည့်သွင်းလိုပါက ကြော်ငြာရှင်များ အဆင်ပြေချောမွေ့စေရန်အတွက် မြန်မာ့အလင်းသတင်းစာတိုက်သို့ လူကိုယ်တိုင်လာရောက်ထည့်သွင်း၍သော်လည်းကောင်း၊ G-mail(သို့မဟုတ်) Viber ဖြင့် ပို့၍သော်လည်းကောင်း ကြော်ငြာထည့်သွင်းနိုင်ပါသည်။

G-mail(သို့မဟုတ်)Viber ဖြင့် ကြော်ငြာထည့်သွင်းလိုပါက mmalygn 544@gmail.com(သို့မဟုတ်)Viber ဖုန်းနံပါတ်- ၀၉-၄၂၀၁၁၄၀၀၅ သို့ အထောက်အထားပြည့်စုံစွာ ပေးပို့ထည့်သွင်းနိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက ဖုန်းနံပါတ်-၀၁-၅၅၉၁၁၈၊ ၀၉-၄၂၀၁၁၄၀၀၅သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

မြန်မာ့အလင်းသတင်းစာတိုက်


## စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## အီလက်ထရွန်နစ်ငွေပေးချေမှုစနစ်များကိုအသုံးပြု၍ အခွန်ပေးဆောင်နိုင်ခြင်းကိစ္စနှင့်စပ်လျဉ်း၍ အသိပေးကြေညာခြင်း

၁။ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့်အခွန်ထမ်းကုမ္ပဏီများ အခွန်ငွေပေးသွင်းခြင်း လုပ်ငန်းစဉ်တွင် လက်ရှိကူးစက်ပြန့်ပွားလျက်ရှိသော COVID-19 ရောဂါကို တတ်နိုင်သမျှ အကာအကွယ်ဖြစ်စေရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန်နှင့်အီလက်ထရွန်နစ်စနစ်များကို အသုံးပြုကာ လွယ်ကူလျင်မြန်စွာ အခွန်ပေးဆောင်နိုင်ရန်ရည်ရွယ်၍ ပုဂ္ဂလိကဘဏ်များ၏ m-Banking, e-Banking, i-Banking စနစ်များနှင့် မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းအဖွဲ့အစည်းများ၏ Mobile Payment စနစ်များဖြင့် ဝန်ဆောင်မှုပေးနိုင်ရန် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

၂။ လက်ရှိတွင် အခွန်ထမ်းများအနေဖြင့် IRD Website (www.ird.gov.mm) ၏ Start Your Tax Online Payment မှတစ်ဆင့် Link ဝင်၍ MPU Corporate Debit Card အသုံးပြုကာ Online မှအခွန်ပေးသွင်းခြင်းနှင့် သမဝါယမဘဏ်လီမိတက် (CB Bank)၏ CB Pay & Internet Banking စနစ်များဖြင့် အခွန်ငွေပေးသွင်းခြင်းစသည့် အီလက်ထရွန်နစ်ငွေပေးချေမှုစနစ်များ အသုံးပြုပေးဆောင်နေပါသည်။

၃။ ထို့ပြင် ၂၀၂၀ ပြည့်နှစ် မေ ၂၅ ရက်မှစ၍ အခွန်ထမ်းမှတ်ပုံတင်အမှတ် (TIN) သတ်မှတ်ရရှိပြီးဖြစ်သော အခွန်ထမ်းများအနေဖြင့် ရေဝတီဘဏ်လီမိတက် (AYA Bank) ၏ AYA Mobile Banking, Internet Banking & AYA Pay များကို အသုံးပြု၍ အခွန်ပေးဆောင်နိုင်ပြီ ဖြစ်ပါသည်။

၄။ ထိုသို့ အခွန်ပေးသွင်းရာတွင် ပေးသွင်းမှုအထောက်အထားများအဖြစ် ရေဝတီဘဏ်လီမိတက် (AYA Bank) အနေဖြင့် အခွန်ထမ်းသို့ ဘဏ်ငွေလက်ခံဖြတ်ပိုင်း ကနဦးထုတ်ပေးမည်ဖြစ်ပြီး မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများရှိ သက်ဆိုင်ရာအခွန်ရုံးများ၏ ငွေစာရင်းများသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ CBM-NET မှတစ်ဆင့် အခွန်ငွေ လွှဲပြောင်းပေးပြီးနောက် ပြည်တွင်းအခွန်များဦးစီးဌာနမှ အခွန်ငွေလွှဲပြောင်းပေးသွင်းပြီးကြောင်း အထောက်အထားများကို email အသုံးပြုပေးပို့အကြောင်းကြားသွားမည်ဖြစ်ပါသည်။

၅။ အခြားသော ပုဂ္ဂလိကဘဏ်များနှင့် မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းအဖွဲ့အစည်းများ၏ အီလက်ထရွန်နစ်ငွေပေးချေမှုစနစ်များဖြင့် ဝန်ဆောင်မှုပေးနိုင်ချိန်တွင်လည်း ထပ်မံအသိပေးကြေညာသွားမည်ဖြစ်ပါသည်။

၆။ သို့ဖြစ်ပါ၍ အခွန်ထမ်းပြည်သူများအနေဖြင့် ဘဏ်များသို့ ကိုယ်တိုင်(သို့)ကိုယ်စားလှယ်မှ ငွေသား/ချက်လက်မှတ်ဖြင့် သွားရောက်ပေးသွင်းမည့်အစား အီလက်ထရွန်နစ်ငွေပေးချေမှုစနစ်များအသုံးပြု၍ လုံခြုံစိတ်ချစွာဖြင့် အခွန်ငွေများကို ပေးဆောင်ကြရန်တိုက်တွန်းနှိုးဆော်အပ်ပါသည်။

၇။ အသေးစိတ်အချက်များကို ပြည်တွင်းအခွန်များဦးစီးဌာန၏ Website ဖြစ်သည့် www.ird.gov.mm တွင်ကြည့်ရှုနိုင်ပြီး သက်ဆိုင်ရာအခွန်ရုံးများနှင့် သတင်းအချက်အလက်နှင့် နည်းပညာဌာနခွဲ (e-Payment Section၊ ရန်ကုန်)၊ အမှတ် ၅၆၉/၅၇၇၊ ကုန်သည်လမ်းနှင့် မဟာဗန္ဓုလပန်းခြံလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ဖုန်း-၀၁-၈၃၇၉၀၁၂ သို့ ဆက်သွယ်၍ မေးမြန်းစုံစမ်းနိုင်ပါသည်။

ပုံ(မင်းထွဋ်)
ညွှန်ကြားရေးမှူးချုပ်
ပြည်တွင်းအခွန်များဦးစီးဌာန

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါ ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည် -

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် |
|---|---|---|
| ၁ | ၂၆၄/မမ (CE) | Sheet Pile (450 mm x 150 mm x 12 mm x 12 m) (Foreign) (200-Nos) |

တင်ဒါပိတ်မည့် နေ့/အချိန် - ( ၂၄.၆.၂၀၂၀) (၁၄:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာန တွင် ( ၂၅.၅.၂၀၂၀)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့မေးမြန်းနိုင်ပါသည်။

ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း 294352, 291994

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန
## ရုံးချုပ်(နေပြည်တော်)
## ဝန်ထမ်းလျှောက်လွှာခေါ်ယူခြင်း

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ အမှုထမ်းရာထူးနေရာ (လစာနှုန်း ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀)များအတွက် သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | ရာထူး | ရာထူးနေရာ | အနိမ့်ဆုံးပညာအရည်အချင်း |
|---|---|---|---|
| (က) | ဘူမိဗေဒ လက်ထောက်(၂) | ၂၁ | B.Sc (Geology) |
| (ခ) | ဘူမိရူပဗေဒ လက်ထောက်(၂) | ၃ | B.Sc (Geology) (Dip,in Geochysics)ရရှိသူ (သို့မဟုတ်) Geophysics ဆိုင်ရာ အတွေ့အကြုံရှိသူများကို ဦးစားပေးမည်။ |
| (ဂ) | ဘူမိဓာတုဗေဒ လက်ထောက်(၂) | ၃ | B.Sc (Geology) (Dip,in Geochemistry) ရရှိသူ (သို့မဟုတ်) Geochemistry ဆိုင်ရာ အတွေ့အကြုံ ရှိသူများကို ဦးစားပေးမည်။ |

၂။ လျှောက်ထားသူများသည်-
(က) ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ၃၀-၆-၂၀၂၀ ရက်တွင် အသက်(၃၀) မကျော်လွန်သူဖြစ်ရမည်။
ဝန်ထမ်းဖြစ်ပါက အသက်(၃၅)နှစ် မကျော်လွန်သူဖြစ်ရမည်။
(ဂ) ကျန်းမာရေးကောင်းမွန်ပြီး ကိုယ်လက်အင်္ဂါ ပြည့်စုံသန်စွမ်းသူဖြစ်ရမည်။
(ဃ) ဌာနတွင် အနည်းဆုံး(၅)နှစ်တာဝန်ထမ်းဆောင်ရန် ဝန်ခံကတိပြု လက်မှတ်ရေးထိုးရမည်။
(င) ရွေးချယ်ခန့်အပ်ခြင်းခံရပါက မြန်မာနိုင်ငံနေရာဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

၃။ လျှောက်လွှာတွင်-
(က) အမည်
(ခ) နိုင်ငံသားစိစစ်ရေးကတ်အမှတ်
(ဂ) မွေးသက္ကရာဇ်
(ဃ) လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ
(င) ပညာအရည်အချင်းနှင့် အောင်မြင်သည့်ခုနှစ်
(စ) လျှောက်ထားလိုသည့်ရာထူး
(ဆ) မိဘအမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်အမှတ်နှင့် ၎င်းတို့၏အလုပ်အကိုင်
(ဇ) ဝန်ထမ်းဖြစ်လျှင် အလုပ်အကိုင်နှင့်ဌာန
(ဈ) ဝန်ထမ်းမဟုတ်လျှင် အလုပ်သမားမှတ်ပုံတင်အမှတ်
(ည) ဆက်သွယ်ရန် နေရပ်လိပ်စာ၊ ဖုန်းနံပါတ်နှင့် Email
(ဋ) အမြဲတမ်းနေရပ်လိပ်စာတို့ကို ဖော်ပြရမည်။

၄။ လျှောက်လွှာနှင့်အတူ-
(က) (၁)လအတွင်း ရိုက်ကူးထားသော (၁)လက်မပတ်လည် ကာလာဓာတ်ပုံ(၃)ပုံ
(နောက်ကျောတွင် အမည်နှင့်နိုင်ငံသားစိစစ်ရေးကတ်အမှတ်ရေးသားရန်)
(ခ) နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ(၁)စောင်
(ဂ) အလုပ်သမားမှတ်ပုံတင်မိတ္တူ(၁)စောင်
(ဃ) ဘွဲ့လက်မှတ်မိတ္တူနှင့် အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ(မူရင်းအား လူတွေ့လာရောက်ဖြေဆိုသည့်အခါ ပြသနိုင်ရမည်။)
(င) (၃)လအတွင်း ရယူထားသော အကျင့်စာရိတ္တ ကောင်းမွန်ကြောင်းသက်ဆိုင်ရာရပ်ကွက်နှင့် ရဲစခန်း၏ထောက်ခံချက်မူရင်း
(စ) ကျန်းမာကြောင်း ဆေးစစ်ထောက်ခံချက်
(ဆ) အိမ်ထောင်စု လူဦးရေစာရင်းပုံစံ(၆၆/၆)မိတ္တူ
(ဇ) ဘူမိရူပ/ဓာတုဗေဒလက်ထောက်(၂)ရာထူးအတွက် လုပ်ငန်းအတွေ့အကြုံရှိပါက ခိုင်လုံသောအထောက်အထား

၅။ လျှောက်ထားလိုသူများသည် လျှောက်လွှာပုံစံများအား Department of Geological Survey & Mineral Exploration website www.mining.gov.mmတွင် ရယူနိုင်ပြီး လျှောက်လွှာများကို ညွှန်ကြားရေးမှူးချုပ်၊ ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်၊ ရာဇသင်္ဂဟလမ်း၊ သပြေကုန်းအဝိုင်းအနီး၊ နေပြည်တော်ဟု လိပ်စာတပ်၍ မှတ်ပုံတင်စာ(သို့မဟုတ်)အမြန်ချောပို့ (သို့မဟုတ်) dgseplanning@gmail.com သို့ ၁၀-၆-၂၀၂၀ရက်နေ့ အရောက် နောက်ဆုံးထား ပေးပို့လျှောက်ထားရပါမည်။

၆။ ဖြေဆိုခွင့်ရရှိသူအမည်စာရင်းနှင့် ခုံအမှတ်တို့ကို Department of Geological Survey & Mineral Exploration website www.mining.gov.mm တွင်လည်းကောင်း၊ Department of Geological Survey & Mineral Exploration Facebook Page တွင်လည်းကောင်း ကြေညာပေးထားမည်ဖြစ်သည်။

၇။ လျှောက်ထားသူများသည် မိမိလျှောက်ထားသည့် ဘာသာရပ်အတိုင်း ဘူမိဗေဒဘာသာရပ်၊ ဘူမိရူပဗေဒဘာသာရပ်၊ ဘူမိဓာတုဗေဒဘာသာရပ်များနှင့် အင်္ဂလိပ်စာ အထွေထွေဗဟုသုတများကို ၂၀-၆-၂၀၂၀ ရက်(စနေနေ့) နံနက် ၀၉:၀၀ နာရီမှ ၁၂:၀၀ နာရီထိ ရေးဖြေစာမေးပွဲစစ်ဆေးမည်ဖြစ်ပြီး ရေးဖြေစာမေးပွဲအောင်မြင်သူများကိုသာ လူတွေ့နှုတ်ဖြေစာမေးပွဲ စစ်ဆေးမှုပြုလုပ်မည်ဖြစ်သည်။

၈။ ဖြေဆိုခွင့်ကတ်ပြားများကို ၁၈-၆-၂၀၂၀ ရက်တွင် ထုတ်ပေးမည်။

၉။ နောက်ကျသောလျှောက်လွှာများ မပြည့်စုံသောလျှောက်လွှာများ၊ မှားယွင်းဖြည့်သွင်းထားသော လျှောက်လွှာများအား ပယ်ဖျက်မည်ဖြစ်ပါသည်။

၁၀။ ရေးဖြေစာမေးပွဲဖြေဆိုရာတွင် အခြေခံအထက်တန်းအောင်လက်မှတ်(မူရင်း)ဘွဲ့လက်မှတ်(မူရင်း)များပါရှိရမည်ဖြစ်ပြီးမပါရှိပါက ဖြေဆိုခွင့်ရမည်မဟုတ်ပါ။

၁၁။ အသေးစိတ်သိလိုပါက ဖုန်း-၀၆၇-၄၁၄၉၂၄ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## သတိပေးနှိုးဆော်ခြင်း

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကုမ္ပဏီ/ပုဂ္ဂလိက စက်သုံးဆီအရောင်းဆိုင်များအနေဖြင့် သတ္တုတွင်းဦးစီးဌာန၏ သိုလှောင်ခွင့်လိုင်စင်နှင့် မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၏ ဖြန့်ဖြူးရောင်းချခွင့်လိုင်စင်များရယူပြီး စက်သုံးဆီများအားတရားဝင်ဖြန့်ဖြူး ရောင်းချသွားရန်နှင့် လိုင်စင်ရယူထားခြင်းမရှိဘဲ မည်သည့်နည်းဖြင့်မဆို စက်သုံးဆီရောင်းချပါက ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအခန်း(၈)၊ ပြစ်မှုနှင့် ပြစ်ဒဏ်များအပိုဒ်(၃၇)အရ အရေးယူသွားမည်ဖြစ်ပါကြောင်း တတိယအကြိမ် တရားဝင်အသိပေး အကြောင်းကြားပါသည်။

ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာလုပ်ငန်းများ
ထိန်းသိမ်းကြီးကြပ်ရေးဆပ်ကော်မတီ
(မန္တလေးတိုင်းဒေသကြီး)

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းတွင်အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါပစ္စည်းအား မြန်မာကျပ်ငွေဖြင့်ဝယ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | ဝယ်ယူမည့်ပစ္စည်း | တင်ဒါပိတ်မည့်ရက် |
|---|---|---|---|
| ၁ | 52(T)/YESC/ 2019-2020 | ကန်ထရိုက်တိုက်အဆောက်အဦးများတွင် လျှပ်စစ်ဓာတ်အားရယူသုံးစွဲနိုင်ရေးအတွက် တပ်ဆင်ရန် လိုအပ်လျက်ရှိသော 200KVA Transformer များဝယ်ယူရန် | ၂၆.၆.၂၀၂၀ |
| ၂ | 53(T)/YESC/ 2019-2020 | ခရိုင်(၄)ခရိုင်အတွင်းရှိ မြို့နယ်အသီးသီးတွင် အိမ်သုံးမီတာနှင့်တွဲဖက်အသုံးပြုရန်အတွက် 1 Unit Transparent Box with Breaker & Accessories (50000)Set ဝယ်ယူရန် | ၂၆.၆.၂၀၂၀ |

တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - (၂၅.၅.၂၀၂၀) မှ (၂၅.၆.၂၀၂၀)ထိ
တင်ဒါပိတ်မည့်အချိန် - (၁၄ : ၀၀) နာရီ

တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကိုအောက်ပါလိပ်စာတွင် ရုံးချိန်အတွင်းလာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-

အမှတ် (၁၉၇/၁၉၉)၊အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်
ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ပစ္စည်းစီမံရေးဌာန၊
ရန်ကုန်မြို့ ၊ဖုန်း၊ ၀၁-၂၂၀၈၅၉၊ ၀၁-၂၂၀၈၁၆

## အဆင့်မြင့် Hotel & Resort Housekeeping Manager အလိုရှိသည်

- Housekeeping နှင့် ပတ်သက်ပြီး Management တတ်ကျွမ်းရမည်။
- သန့်ရှင်းရေးနည်းပညာ (ဥပမာ သန့်ရှင်းရေးသုံး Chemical ပစ္စည်းများ အလုံးစုံ သုံးတတ်ရမည်) တတ်ကျွမ်းရမည်။
- ပြုပြင်ထိန်းသိမ်းရေး Maintenance တတ်ကျွမ်းရမည်။
- ဝန်ထမ်းများအား သင်တန်းပေးတတ်ရမည်။ အုပ်ချုပ်မှုပိုင်းဆိုင်ရာ ကျွမ်းကျင်ရမည်။
- Hotel Room များတွင် equipment များ ပြင်ဆင်မှု (ဥပမာ ရေခွက်၊ တာဝါ၊ မွေ့ရာ၊ ခုတင်အစရှိသည်များနှင့် အခြားသောအသုံးအဆောင်ပစ္စည်းကိရိယာများ၏ ဖွဲ့စည်းထားရှိပုံများ) တတ်ကျွမ်းမှုရှိရမည်။
- 5 Star အဆင့်ရှိ Housekeeping အတွေ့အကြုံ (၃)နှစ်ရှိရမည်။
- (အခြေခံလစာ+Bonus) = ၅ သိန်းနှင့်အထက်
- ကားမောင်းတတ်ရမည်။

စိတ်ပါဝင်စား၍ လျှောက်ထားလိုသူများသည် CV Form (၁)စုံ၊ (၃)လ အတွင်း ရိုက်ကူးထားသော ပတ်စ်ပို့ဆိုဒ်ဓာတ်ပုံ(၁)ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ ဘွဲ့လက်မှတ်မိတ္တူ၊ အိမ်ထောင်စုဇယားမိတ္တူတို့နှင့်အတူ ကြော်ငြာပါသည့်ရက်မှစ၍ အမှတ် ၉၈၊ အောက်ဗဟိုလမ်း နှင့် မာလာမြိုင် (၇)လမ်းထောင့်၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူ၍ လူကိုယ်တိုင်သော်လည်းကောင်း၊ Email Address - admin@myanmarkyawinvestmentgroup.com သို့ Email ဖြင့်သော်လည်းကောင်း ပေးပို့လျှောက်ထားနိုင်ပါသည်။

ဖုန်း-၀၉-၇၃၂၃၁၀၄၃၊ ၀၉-၄၄၃၂၃၁၀၄၃

## ဦးမျိုးဇင်(မန်နေဂျင်းဒါရိုက်တာ)၊ ဦးကျော်သီဟ(ဒါရိုက်တာ) Jewel Ocean Co.,Ltd နှင့် အများသိစေရန်ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၄၂)ရပ်ကွက်၊ ဗိုလ်မင်းရောင်အိမ်ရာ၊ အိမ်အမှတ် $A_5$ (၁၀၂)နေ ဦးမျိုးဇင် ၇/ညလပ(နိုင်)၀၉၁၄၉၉ မန်နေဂျင်းဒါရိုက်တာ၊ ဦးကျော်သီဟ ၁၂/အစန(နိုင်)၂၁၁၁၁၂ ဒါရိုက်တာ (Jewel Ocean Co.,Ltd)သည် မွေးရေး/ကျေးလက်ဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန နေပြည်တော်(ရုံးချုပ်)၏အာမခံချက်ဖြင့် တနင်္သာရီတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ဦးမျိုးဇင် (Jewel Ocean Co.,Ltd) တို့အကြား ၂၅-၈-၂၀၁၄ ရက်တွင် ကျေးလက်လမ်းတံတားနှင့် ၄-၉-၂၀၁၄ ရက်တွင် ကျေးလက်ရေရရှိရေးလုပ်ငန်း အပ်နှံစာချုပ်(မိတ္တူ)အပ်နှံ၍ ကျေးလက်ဖွံ့ဖြိုးရေးဘဏ်လီမိတက်(ရန်ကုန်ဘဏ်ခွဲ) မှ ၁၈-၉-၂၀၁၄ ရက်တွင် ချေးငွေ Pronote စာချုပ်ချုပ်ဆို၍ တင်ဒါချေးငွေကျပ် ၁၃၇.၈၀၅သန်းကို စတင်ချေးယူခဲ့ပြီး အရင်းငွေကျပ် ၁၀၅ သန်း ပေးဆပ်ခဲ့၍ အောက်ပါအတိုင်း ချေးငွေအရင်း၊ အတိုး၊ ဘဏ်ဝန်ဆောင်ခနှင့် ထပ်မံကျသင့်သည့် အတိုးများပေးသွင်းရန် ကျန်ရှိပါသည်-

| | | | |
|---|---|---|---|
| (က) | အရင်းကျန်ငွေကျပ် | - | ၃၂,၈၀၅,၀၀၀.၀၀ |
| (ခ) | (၁-၇-၂၀၁၅)ရက်မှ (၃၁-၅-၂၀၂၀)ရက်အထိ အတိုးငွေကျပ် | - | ၄၁,၂၈၉,၂၃၄.၆၃ |
| (ဂ) | (၂၀၁၆)မှ (၂၀၂၀)အထိ ဘဏ်ဝန်ဆောင်ခ (၁%)(၅)နှစ်ငွေကျပ် | - | ၃,၆၄၇,၂၉၀.၀၀ |
| | **စုစုပေါင်း** | - | ၇၇,၇၄၁,၅၂၄.၆၃ |

၂။ ချေးငွေအရင်း၊ အတိုး၊ ဘဏ်ဝန်ဆောင်ခများ ပေးသွင်းရန် ပျက်ကွက်သည့်အတွက် ဘဏ်ရှေ့နေက အကြောင်းကြားစာ(၂)ကြိမ်၊ ဘဏ်က အကြောင်းကြားစာ(၂၈)ကြိမ်ပေးပို့ခဲ့သဖြင့် ဦးမျိုးဇင်နှင့်ဇနီး ဒေါ်မေသန္တာအောင်တို့က ဝန်ခံကတိပြုစာ(၄)ကြိမ်တင်ပြခဲ့သော်လည်း အရင်း၊ အတိုးပြေကျေစွာ ပေးဆပ်ခြင်းမရှိ၍ ၎င်းချေးငွေအရင်း၊ အတိုး၊ ဘဏ်ဝန်ဆောင်ခနှင့် ထပ်မံကျသင့်သည့်အတိုးများကို ၂၂-၆-၂၀၂၀ ရက် နောက်ဆုံးထား၍ ဘဏ်သို့လာရောက်ပေးသွင်းရန်နှင့် ပျက်ကွက်ခဲ့ပါက တရားဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း လူကြီးမင်းတို့အား သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးကြည်မြင့် (စဉ်-၈၆၇၉/၁၃)
တရားလွှတ်တော်ရှေ့နေ
အမှတ် ၅၆၁၊ ပထမထပ်၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
# ဒေါ်ရီရီဇံ(စစ်တွေမြို့)
## ရခိုင်အမျိုးသမီးအသင်းနာယက
## စစ်တွေမြို့
## အသက်(၁၀၁)နှစ်

စစ်တွေမြို့နေ (ဦးစံရွှေဘု FRAS. Bar, At Law –ဒေါ်စံသာခိုင်)တို့၏သမီး၊ (အငြိမ်းစား)စက်ရှင် တရားသူကြီး ဦးသာဇံဦး–ဒေါ်မပုတို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မင်္ဂလာလမ်း၊ အမှတ် ၂၈ နေ ဦးမောင်ကျော်ဇံ(ပညာရေးနှင့် ယဉ်ကျေးမှုဝန်ကြီး၊ငြိမ်း)၊ ဗဟိုတရားရုံးချုပ် ရှေ့နေကြီး၏ဇနီး၊ (ဦးထွန်းဝင်း)–ဒေါ်လှသန္တာ၊ (ဦးကျော်ဝင်း–ဒေါ်ဝင်းခင်)၊ဦးခင်မောင်ဦး–ဒေါ်ခင်အေးဇံ၊ (ဦးသာဇံ)–ဒေါ်မိမိဇံ၊ (ဦးဇံဝင်းမောင်)–ဒေါ်ထွေးထွေးစန်း တို့၏ချစ်လှစွာသောမိခင်၊ ဦးဇော်မင်းဝင်း–ဒေါ်ကျင်ကျင်ငွေး၊ဦးအောင်ကိုကို–ဒေါ်မေကြည်ဝင်း၊ ဦးအေးချိုမောင်–ဒေါ်မေအေးဝင်း၊ ဒေါက်တာစိုင်းကွမ်းဝမ်း–ဒေါက်တာစန္ဒီခင်၊ ဦးဇော်နိုင်ဝင်း–ဒေါ်နှင်းသဇင်မြင့်၊ ဒေါ်ခိုင်သူသူဇံ၊ ဦးရဲဇံမောင်–ဒေါ်နှင်းနှင်းခိုင်၊ ဦးသက်ပိုင်စိုး–ဒေါ်မြပန်းခိုင်၊ ဦးဝင်းကိုမြင့်–ဒေါ်မေမီဝင်း၊ ဦးဗိုလ်စစ်ခိုင်၊ ဦးရဲကျော်ဇံ၊ ဦးသာဝင်း–ဒေါက်တာ မိုးပန်းခိုင်၊ဦးဖြိုးညီညီဇော်–ဒေါ်ခိုင်ဇံထွေးတို့၏ ချစ်လှစွာသော ဘွားဘွား၊ မြစ် ၁၆ယောက်တို့၏အဖီးရှင်သည် ၂၄–၅–၂၀၂၀ ရက် နံနက် ၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ မွန်းလွဲ ၁၂:၃၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသိပေး အကြောင်းကြား အပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

တောင်တွင်းကြီးမြို့နယ်အသင်း (ရန်ကုန်)

**ဦးဝင်းခင်**(ဗိုလ်ကြီး –အငြိမ်းစား)

သက်ကြီးကန်တော့ခံ

အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖဆပလရပ်ကွက်၊ တိုက်အသစ်(၁)၊ အခန်း(၆)၊ သာသနာ့ဟိတကာရီမဗ္ဗာရုံလမ်းနေ ဗိုလ်ကြီးဝင်းခင်(ငြိမ်း)သည် ၁၉–၅–၂၀၂၀ရက်(စနေနေ့)တွင် ကွယ်လွန်ပြီး ၂၀–၅–၂၀၂၀ ရက်တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

**အမှုဆောင်အဖွဲ့**

---

## ဦးအောင်အောင်ကြည် အသက်(၅၇)နှစ်
### LL.B(85–93)
### ဒါရိုက်တာ(ကြယ်စင်သီဟ ဆောက်လုပ်ရေး)

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဆဒ္ဒန်လမ်း၊ အမှတ် ၄၄နေ (ဦးကြည်)–ဒေါ်ခင်လှလှတို့၏သား၊ ဦးစိုးသိမ်း–ဒေါ်ခင်မေဝင်းတို့၏ သားသမက်၊ ဦးကျော်ကျော်မိုး–ဒေါ်စိုးစိမ့်ခိုင်၊ ဦးသန့်ဇင်–ဒေါ်စိုးစိမ့်လတ်တို့၏မောင်၊ ဦးစိုးလူလတ်တို့၏ အစ်ကို၊ မောင်စည်သူထက်၊ မောင်လင်းထက်အောင်၊ မောင်သီဟကျော်ဇင်တို့၏ဦးလေး၊ ဒေါ်စိုးစိမ့်အိ (ဒုညွှန်မှူး၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန)၏ချစ်လှစွာသောခင်ပွန်းသည် ၂၂–၅–၂၀၂၀ရက် နံနက် ၆:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄–၅–၂၀၂၀ ရက်တွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၈–၅–၂၀၂၀ရက် (ကြာသပတေးနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

# ငါးမွေးမြူရေးကန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်

- နေအပူချိန်မြင့်မားလွန်ကဲမှုကြောင့် ငါးမွေးမြူရေးကန်များရှိ ကန်ရေများရေငွေ့ပျံပြီး ရေလျော့နည်းကျဆင်းလာသဖြင့် ကန်ထဲရှိငါးများ၏ စွန့်ပစ်အညစ်အကြေးကြောင့်သော် လည်းကောင်း၊ မွေးမြူထားသော ငါးများကို အစာကျွေးလွန်ကဲသဖြင့် စားကြွင်းစားကျန်များကြောင့်သော် လည်းကောင်း၊ ရေထုညစ်ညမ်းပြီးဆက်စပ်၍ ငါးရောဂါ ကျရောက်တတ်သဖြင့် ဩဇာခတ် ထည့်သွင်းခြင်းနှင့် ငါးအစာအလွန်အကျွံကျွေးခြင်းကို လျှော့ချရန်။
- နံနက်ပိုင်း မိုးအုံ့သောရက်၊ နှင်းကျသောရက်များနှင့် နေထွက် နောက်ကျသော ရက်များတွင် ငါးများခေါင်းထောင်လျက် ကူးခပ်ခြင်း၊ကမ်းစပ်သို့ စုပြုံလာခြင်းမျိုးရှိပါက ငါးမွေးမြူ ကန်သည် အောက်ဆီဂျင်လျော့နည်းမှုဖြစ်ပွားနေသဖြင့် ကန်အတွင်းသို့ ရေသစ်သွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက် များမောင်းပေးခြင်း၊ မွေးမြူကန်အတွင်း လှေလှော်ပေးခြင်း စသည့်နည်းလမ်းများကို ရေတွင်ပျော်ဝင်အောက်ဆီဂျင် မြင့်တက်စေရေးဆောင်ရွက်ပေးရန်။
- ငါးမွေးမြူရေးကန်များ နေအပူချိန်လွန်ကဲမှုကြောင့် ရေခန်း လာပါက သန့်ရှင်းသော ရေသစ်များ ဖြည့်သွင်းပေးရန်။
- ရေသစ်သွင်းရန်အခက်အခဲရှိပါက မွေးမြူထားသောငါးများ ကို အရေအတွက် လျှော့ချမွေးမြူရန်။
- အပူချိန်ပြင်းပြသည့်အချိန်များဖြစ်သည့်နေ့လယ်ပိုင်းတွင် ငါးများကန်ပြောင်းရွှေ့ခြင်းမပြုရန်။
- ကန်ရေအရည်အသွေးသတ်မှတ်ချက်ဖြစ်သည့် ရေကြည်နှုန်း (၂၅–၄၀) စင်တီမီတာအတွင်း ရှိနေစေရန် (မိမိလက်ကို တံတောင်ဆစ်အထိ ရေတွင်နှစ်၍ လက်ဝါးကိုဖြန့်ပါက ခပ်ရေးရေး မြင်ရသော အခြေအနေ ရှိရပါမည်)။
- ကန်ရေအပူချိန်မြင့်မားသော အချိန်များတွင် ရေထုညစ်ညမ်းမှုဖြစ်စေသည့် ကစော်ဖတ်၊ ဝါးစော်ဖတ်များ ကျွေးခြင်းကို ရှောင်ကြဉ်၍ ပုံမှန်အစာများကိုသာ ချိန်ဆ ကျွေးရန်။
- အစာကျွေးပြီးပါက အစာကျန်များ ရှိ/ မရှိကို ပုံမှန်စစ်ဆေး ရန်။
- မွေးမြူရေးကန်ကို လိုအပ်ပါက ရေသစ်လဲလှယ်နိုင်ရေး အတွက် ရေကောင်းရေသန့် သိုလှောင်သည့် အရန်ကန် စီစဉ်ထားရှိပြီး ရေများရနိုင်သမျှ သိုလှောင်ထားရန်။
- ကန်အခြေအနေနှင့် ရေအရည်အသွေးပြောင်းလဲမှုအခြေ အနေများကို နေ့စဉ်နံနက်(၆)နာရီ၌ ပုံမှန်စစ်ဆေးရန်။
- ငါးမွေးကန်၌ ပုံမှန်မဟုတ်သော အခြေအနေ ပြောင်းလဲခြင်း မျိုးများ ဖြစ်ပေါ်လာသည်ကိုတွေ့ရှိရပါက အနီးဆုံးငါး လုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ရန်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန**

---

# ဦးသောင်းညွန့်
## အသက်(၈၀)

ရန်ကုန်မြို့၊ကမာရွတ်မြို့နယ်၊ လှည်းတန်း ၃ လမ်း၊ အမှတ် ၈နေ (ဦးထွန်းကြိုင်–ဒေါ်အေးကြည်)တို့၏သား၊ (ဦးစံထွန်း–ဒေါ်စိန်ပု)တို့၏သားသမက်၊ (ဦးဖိုးတိုး)–ဒေါ်ရင်နုတို့၏မောင်၊ (ဦးတင်ညွန့်–ဒေါ်အမာကြည်)၊ ဦးစိန်ဟန်–ဒေါ်ခင်မမ၊ ဦးအေးကြိုင်–ဒေါ်ဖွားစိန် တို့၏ အစ်ကို၊ ဦးထွန်းထွန်းဦး–ဒေါ်မြစန္ဒာ၊ ဦးတင်ထွဋ်–ဒေါ်အေးအေးသန်း၊ ဦးအောင်မိုးဇော်–ဒေါ်တင်နီထွေး၊ (ကိုအေးထွန်း)တို့ဖခင်၊ မြေးငါးယောက်တို့၏ အဘိုး၊ ဒေါ်တင်ရွှေ၏ခင်ပွန်းသည် ၂၃–၅–၂၀၂၀ရက်(စနေနေ့) မွန်းလွဲ ၁:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅–၅–၂၀၂၀ ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။

(နေအိမ်မှကားများနံနက် ၁၁:၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၈–၅–၂၀၂၀ရက် (သောကြာနေ့)နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြား အပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

# ဦးသိန်းနိုင်
## အသက်(၇၅)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နေ (ဦးမောင်ခွန်–ဒေါ်မြခင်)တို့၏သား၊ (ဦးထွန်းလှိုင်–ဒေါ်သိန်းရင်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ အောင်သိဒ္ဓိလမ်း၊ အမှတ် ၁၀၀ နေ ဒေါ်ကြင်အိ၏ ခင်ပွန်း၊ မကလျာအိအိနိုင်၊ ဗိုလ်ကြီးဝေမိုးနိုင်(ငြိမ်း)၊ ဒေါက်တာမျိုးမင်းနိုင်တို့၏ ဖခင်သည် ၂၄–၅–၂၀၂၀ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၂:၀၅ နာရီတွင် (ခုတင်–၁၀၀၀) ပြည်သူ့ဆေးရုံကြီး၊ နေပြည်တော်၌ ကွယ်လွန်သွားပါသဖြင့် ၂၆–၅–၂၀၂၀ ရက် (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ကွေ့ကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြား အပ်ပါသည်။ (နေအိမ်မှကားများနံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ခင်ခင်ကြီး M.Sc.(I.C) အသက်(၆၄)နှစ်
### လက်ထောက်သုတေသနမှူး(ငြိမ်း)၊
### မြန်မာ့သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန

ဆရာမကြီး ဒေါ်ခင်ခင်ကြီးသည် ၂၀–၅–၂၀၂၀ရက်(ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**၁၉၈၂–၁၉၈၃ –၁၉၈၄–၁၉၈၅**
**ရန်ကုန်တက္ကသိုလ်**
**ကြည့်မြင်တိုင်နယ်မြေမှတပည့်များ**

---

အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးအောင်အောင်ကြည်(LL.B)
### အသက်(၅၇)နှစ်

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ဝန်ကြီးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်စိုးစိမ့်အိ၏ခင်ပွန်း ဦးအောင်အောင်ကြည်သည် ၂၂–၅–၂၀၂၀ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**၁၄–၂–၂၀၀၀ ပြည့်ရက်တွင်**
**အမှတ်(၂)စက်မှုဝန်ကြီးဌာနကို**
**အလုပ်ဝင်သည့် သူငယ်ချင်းများ**

---

# ကြက်ငှက်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

၁။ ကြက်ငှက်တုပ်ကွေးရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားရခြင်းဖြစ်ပြီး ရာသီမရွေး ကူးစက်ကျရောက်ဖြစ်ပွားတတ်သဖြင့် မိမိတို့ ကြက်/ဘဲ/ငုံးခြံများတွင် အဆိုပါ ရောဂါကူးစက်ကျရောက်ခြင်း မရှိစေရေးအတွက် မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို စနစ်တကျမြင့်တင်ရန် လိုအပ်ပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါကြိုတင် ကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်–

(က) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုဆောင်ရွက်ရန်၊

(ခ) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများနှင့် ကြက်၊ ဘဲ၊ ငုံးအရှင်ဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊

(ဂ) အခြားခြံများမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်း မပြုရန်နှင့် လူနှင့် ယာဉ်အဝင်/အထွက် ထိန်းချုပ်ရန်၊

(ဃ) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများအတွင်း အပူချိန်၊ စိုထိုင်းဆ၊ လေဝင်/လေထွက် ကောင်းမွန်စေရေးဆောင်ရွက်ရန်၊

(င) မွေးမြူရေးခြံအတွင်းသို့ ဝင်ရောက်ပါက နှာခေါင်းစည်း၊ လက်အိတ်စသည့် အကာအကွယ်ပစ္စည်းများ စနစ်တကျဝတ်ဆင်ရန်၊

(စ) ကြက်၊ ငှက်များကိုကိုင်တွယ်ပြီးတိုင်းနှင့် ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများမှ ထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့် လက်ဆေးခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးပြုလုပ်ခြင်းများ ဆောင်ရွက်ရန်၊

(ဆ) အသားနှင့် ဥတို့ကို သေချာစွာကျက်အောင်ချက်ပြုတ်ပြီးမှ စားသုံးရန်၊

(ဇ) ကြက်၊ ငှက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ထံသို့ ချက်ချင်းသတင်းပို့ရန်၊

(ဈ) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်**
**ဆည်မြောင်းဝန်ကြီးဌာန**

---

# ဒေါ်ယဉ်ယဉ်ကြိုင်(ခ)ဒေါ်ယဉ်ယဉ်
## အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မိဂသီလမ်းသွယ်(၂၀)၊ အမှတ် ၃၁၈(A)နေ (ဦးဘကြိုင်–ဒေါ်မမတင်)တို့၏သမီး၊ ဒုတိယဗိုလ်မှူးကြီးစိုးမြင့်(ငြိမ်း)၏ဇနီး၊ ဒုတိယဗိုလ်မှူးကြီးတင်ထွန်း–ဒေါ်စန္ဒာစိုး၊ ဦးဇွဲမောင်မောင်–ဒေါ်နီလာအောင် တို့၏မိခင်၊ မောင်အောင်ချမ်းမြေ့၊ မမြသက်ရတနာထွန်း၊ မတင်မိုးထိုက်တို့၏အဘွားသည် ၂၃–၅–၂၀၂၀ရက် ည၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄–၅–၂၀၂၀ ရက် ညနေ ၃:၃၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၉–၅–၂၀၂၀ရက် (သောကြာနေ့)တွင် တောင်ဥက္ကလာပနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

# ဦးစိုးတင်(ခ)မောင်မောင်
## လေ–၁၃၂၁၃(ဒ.လ.ခ)ငြိမ်း
## အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၅)ရပ်ကွက်၊ ဇီဇဝါ ၄လမ်း၊ အမှတ် ၇၈၆ နေ (ဦးသာခင်–ဒေါ်ဖွားတင်) တို့၏သား၊ ဒေါ်ယဉ်ယဉ်အေး၏ခင်ပွန်း၊ ဗိုလ်ကြီးတင်ရှိန်(ငြိမ်း)–ဒေါ်ယဉ်ယဉ်စိုး၊ ဦးဇော်မိုးနိုင်–ဒေါ်ဖြူဖြူဝင်း၊ အရာခံဗိုလ် ဦးမိုး ဦးထွန်း–ဒေါ်ဝင်းဝင်းစိုး၊ ဦးသက်နိုင်စိုး(MYAN–SHWE PYI TRACTORS., Ltd)–ဒေါ်လဲ့လဲ့ထိုက်တို့၏ဖခင်၊ မြေး ခြောက်ယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုးသည် ၂၃–၅–၂၀၂၀ရက် ညနေ ၄:၅၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅–၅–၂၀၂၀ ရက် မွန်းတည့် ၁၂ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြား အပ်ပါသည်။

(နေအိမ်မှကားများနံနက် ၁၀:၃၀နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

# ဗိုလ်မှူးသီဟ(ငြိမ်း)
## D.S.A(11) Intake
## ရေ–၁၁၈၆
## အသက်(၇၂)နှစ်

ရန်ကုန်မြို့နေ [ ဒုဗိုလ်မှူးကြီး မောင်မောင်ကြီး – ရေ (ငြိမ်း) – ဒေါ်စိန် ရီ] တို့၏သားကြီး၊ [ဒုဗိုလ်မှူးကြီး သူရတင်မောင်(ငြိမ်း)]–ဒေါ်ငြိမ်းငြိမ်း တို့၏ သားသမက်၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်လေး၊ ၉၂လမ်း၊ အမှတ် ၁၁၈(သုံးလွှာ)နေ ဒေါ်ရွှေဝါ(ခ)ဝါဝါတင်(Auditor Dream ကိုယ်ပိုင်စာသင်စာကျက်ဝိုင်း)၏ ချစ်လှစွာသောခင်ပွန်း၊ မချစ်ကေဇင်နို(Auditor–Kyaw & CPA )၊ မစနိုးသီ(Segi University)တို့၏ချစ်လှစွာသောဖခင်သည် ၂၂–၅–၂၀၂၀ရက် ညနေ ၄:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ ညနေ ၆:၃၀ နာရီတွင် မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၈–၅–၂၀၂၀ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဦးအောင်အောင်ကြည် အသက်(၅၇)နှစ်
### LL.B(85–93)
### ဒါရိုက်တာ(ကြယ်စင်သီဟ ဆောက်လုပ်ရေး)

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဆဒ္ဒန်လမ်း၊ အမှတ် ၄၄နေ (ဦးကြည်)–ဒေါ်ခင်လှလှတို့၏သား၊ ဦးစိုးသိမ်း–ဒေါ်ခင်မေဝင်းတို့၏ သားသမက်၊ ဦးမောင်မောင်–ဒေါ်ထားရီ(မှော်ဘီ)တို့၏တူ/သား၊ ဒေါက်တာမြင့်ဦး(ဂျီပီ)–ဒေါ်ပြုံးပြုံးကြည်၊ ဦးကျော်ကျော်အောင်–ဒေါ်ဖြူဖြူကြည်၊ဦးသက်ဦးကြည်–ဒေါ်စံပယ်ဦး၊(ဦးမျိုးအောင်ကြည်)–ဒေါ်သန်းသန်းဝင်း၊ ဦးသက်တင်ညွန့်(ဒု–ထွေ/ဂျာ၊ ငြိမ်း၊ သစ်လုပ်ငန်း)–ဒေါက်တာမူမူကြည်တို့၏ ညီ/မောင်၊ ဦးရဲထွေးကြည် ဒေါ်နီလာတို့၏အစ်ကို၊ ဒေါ်စိုးစိမ့်အိ(ဒုညွှန်မှူး၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန)၏ချစ်လှစွာသော ခင်ပွန်း၊ တူ/တူမ ၁၁ယောက်တို့၏ ဦးလေး၊ မြေးခြောက်ယောက်တို့၏ဘိုးလေးသည် ၂၂–၅–၂၀၂၀ရက် နံနက် ၆:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄–၅–၂၀၂၀ ရက်တွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၈–၅–၂၀၂၀ရက် (ကြာသပတေးနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြား အပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
# ဒေါ်ခင်ထားထားနွယ်(ခ)မငယ်
## အသက်(၅၉)နှစ်

ဦးသန်းရွှေ(အငြိမ်းစားတပ်ကြပ်ကြီး)–(ဒေါ်အုန်းရှိန်)တို့၏သမီး၊ (ဦးလှမြင့်၊ ရေကြောင်းပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန– ဒေါ်အမာကြည်)တို့၏ချွေးမ၊ ဒေါ်သောင်းတင်(ပြုံးချိုဆီဆိုင်)၏တူမ၊ ဦးခင်မောင်ဝင်း–ဒေါ်ခင်အေးမူ၊ ဦးဉာဏ်ထွန်း–ဒေါ်ခင်သန်းသန်းနွယ်(ခ)ချိုမာ၊ ဦးလှမင်း–ဒေါ်အုန်းစိန်၊ ဦးသက်နောင်–ဒေါ်မိုးမိုးခိုင်၊ ဒေါ်ငွေးဝင်း(ခ)မချို၊ ဦးဘိုဝင်း၊ ဦးစိုးသိန်း–ဒေါ်လှရွှေ(ခ) မငယ်၊ ဦးတင်စိုး–ဒေါ်လှညွန့်(ခ) ဘုတ်ဘုတ်၊ ဦးစိုးမင်း–ဒေါ်မိုးမိုး၊ ဦးမျိုးသန့်၊ ဒေါ်ဇင်မာဝင်း(ခ)မဇင်မာတို့၏အစ်မ၊ရန်ကုန်မြို့၊မင်္ဂလာဒုံမြို့နယ်၊အနန်းပင်ရပ်ကွက်(တောင်ပိုင်း)၊ အနော်ရထာလမ်း၊ အမှတ် ၁၄ နေ ဦးစိုးဝင်း၏ ချစ်လှစွာသော ဇနီး၊ မဝင်းသီရိနွယ်၊ မောင်ငြိမ်းချမ်းစိုး(ခ)လူရွှင်တော်ချစ်ယုံ(ဒဂုံတက္ကသိုလ်ကျောင်းသားများသမဂ္ဂ)တို့၏မိခင်သည် ၂၄–၅–၂၀၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၉:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆–၅–၂၀၂၀ရက်(အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြား အပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၃၀–၅–၂၀၂၀ရက် (စနေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

# ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သား ၁၁၁၈ ဦး မြဝတီချစ်ကြည်ရေးတံတား အမှတ် (၂) မှ ဆက်လက်ဝင်ရောက်



မြဝတီချစ်ကြည်ရေးတံတား အမှတ် (၂) မှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာရွှေ့ပြောင်းလုပ်သားများကို တွေ့ရစဉ်။

မြဝတီ မေ ၂၄

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သားများအား မြန်မာနိုင်ငံမှ မေ ၁ ရက်မှစပြီး လက်ခံခဲ့ရာ မေ ၂၄ ရက်တွင် မြဝတီ အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် ၁၁၁၈ ဦး ပြန်လည်ဝင်ရောက်လာခဲ့ကြောင်း သိရသည်။

မေ ၂၃ ရက်မှစ၍ ပြန်လည်ဝင်ရောက်လာသူများသည် နှစ်နိုင်ငံအစိုးရ၏ ညှိနှိုင်းမှုဖြင့် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံး၏ အစီအစဉ်ဖြင့် ဘေးကင်းလုံခြုံစွာ အခက်အခဲမရှိ ပြန်လည်ဝင်ရောက်လာသူများဖြစ်သည်။

ပြန်လည်ဝင်ရောက်လာသူများအား ကျန်းမာရေးစစ်ဆေးမှုနှင့် အခြားသော လိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် ကရင်ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သက်လင်းဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ကိုကိုနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက် ရှိကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် မေ ၁ ရက်က ၆၀၊ ၂ ရက်က ၅၄ ဦး၊ ၃ ရက်က တစ်ဦး၊ ၄ ရက်က ၄၄ ဦး၊ ၅ ရက်က ၂၃ ဦး၊ ၆ ရက်နှင့် ၇ ရက်တွင် ဝင်ရောက်ခြင်းမရှိဘဲ ၈ ရက်က ၁၀၀၊ ၉ ရက်တွင် ဝင်ရောက်ခြင်း မရှိဘဲ ၁၀ ရက်တွင် ၄၄ ဦး၊ ၁၁ ရက်တွင် ၁၃ ဦး၊ ၁၂ ရက်တွင် ၄၁ ဦး၊ ၁၃ ရက်တွင် ၁၆ ဦး၊ ၁၄ ရက်တွင် ၃၈ ဦး၊ ၁၅ ရက်တွင် ၁၂၀၊ ၁၆ ရက် တွင် ၇၆ ဦး၊ ၁၇ ရက်တွင် ၉၀၊ ၁၈ ရက်တွင် ဝင်ရောက်ခြင်းမရှိဘဲ ၁၉ ရက်တွင် ၆၄ ဦး၊

*စာမျက်နှာ ၁၀ ကော်လံ ၅* ❖

## ရှမ်းပြည်နယ်အရှေ့ပိုင်း နယ်စပ်ဂိတ်များမှ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများအား တောင်ကြီးမြို့မှတစ်ဆင့် မော်တော်ယာဉ်များဖြင့် သက်ဆိုင်ရာဒေသအသီးသီးသို့ ပို့ဆောင်ပေး

တောင်ကြီး မေ ၂၄

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ် မိုင်းယု-ကျိုန်းယဲန်းတံတားမှတစ်ဆင့် ပြန်လည်ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူ ၉၉ ဦးတို့အား ယနေ့မွန်းလွဲ ၁၁ နာရီတွင် တောင်ကြီးမြို့ Taunggyi Business Center. TBC အဝေးပြေးကားဝင်းမှတစ်ဆင့် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ မော်တော်ယာဉ်များဖြင့် စနစ်တကျလွှဲပြောင်းပို့ဆောင် ပေးခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံနှင့် အထူးဒေသ(၄) နမ့်ပန်းဒေသမှ သက်ဆိုင်ရာဒေသ အသီးသီးသို့ ပြန်လည်ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများအား

*စာမျက်နှာ ၁၀ ကော်လံ ၁* ❍

## ကော့သောင်း၌ အသွားအလာကန့်သတ်စောင့်ကြည့်စခန်းများသို့ သောက်သုံးရေများလှူဒါန်း



မီးသတ်တပ်ဖွဲ့ဝင်များက အသွားအလာကန့်သတ်စောင့်ကြည့်စခန်းများ၌ သောက်သုံးရေများ လိုက်လံဖြန့်ဝေလှူဒါန်းပေးစဉ်။

ကော့သောင်း မေ ၂၄

ကော့သောင်းခရိုင် မီးသတ်ဦးစီးဌာနမှ ကော့သောင်းမြို့ပေါ်ရပ်ကွက်များရှိ ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေး အသွားအလာကန့်သတ်စောင့်ကြည့် စခန်းများသို့ သောက်သုံးရေများ လိုက်လံဖြန့်ဝေလှူဒါန်းပေးသည်။

ဖြန့်ဝေလှူဒါန်းမှုတွင် ကော့သောင်းခရိုင်မီးသတ်ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ငြိမ်းဦးနှင့် တပ်ဖွဲ့ဝင်များသည် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေး ပိတောက်ရွှေဝါရပ်ကွက်၊ ရွှေမင်းဝံ အထက်တန်းကျောင်းခွဲနှင့် အဏ္ဏဝါရပ်ကွက်၊ အထက်တန်းကျောင်းခွဲတို့တွင် ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသည့် အသွားအလာကန့်သတ်စောင့်ကြည့်ရေးစခန်းများရှိ ပြည်သူများ သောက်သုံးရေအဆင်ပြေစေရေး သုံးရေဂါလန်ပေါင်း ၂၄၀၀ ခန့်အား လိုက်လံဖြန့်ဝေလှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

ကျော်စိုး (ကော့သောင်း)

**စားသုံးသူများရရှိမည့် အခွင့်အရေးများနှင့် လုပ်ငန်းရှင်များ လိုက်နာရန် သတ်မှတ်ချက်များ**

ဆောင်းပါး စာ » ၆

**အမေရိကန်တွင် ကိုဗစ် -၁၉ ကြောင့် သေဆုံးရသူများ၏ အမည်ကို နယူးယောက်တိုင်းမ် သတင်းစာ ရှေ့မျက်နှာဖုံးတွင် အပြည့်ဖော်ပြ**

စာ » ၁၃

**ကူးစက်နှုန်းအဆမတန်မြင့်လာတဲ့ ဘရာဇီးနဲ့ စီးပွားရေးပြန်စဖို့ တာစူနေပြီဖြစ်တဲ့ အမေရိကန်**

စာ » ၁၄

**COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**

(၂၄-၅-၂၀၂၀) ရက်နေ့၊

နံနက်(၈:၀၀)နာရီ

စာ » ၁၅

## အသင်းပြောင်းရွှေ့မည်ဆိုသည့် ကောလာဟလများကို အဂူရို၏ အေးဂျင့် ငြင်းဆို



ဆာဂျီယို အဂူရို။

ဆာဂျီယို အဂူရို၏ အေးဂျင့်ဖြစ်သူ ဟာနန်ရီဂွါရာသည် အသက် ၃၁ နှစ်အရွယ်ရှိ အဂူရိုအနေဖြင့် နွေရာသီအပြောင်းအရွှေ့ကာလတွင် အသင်းမှထွက်ခွာဖွယ်ရှိသည်ဆိုသည့် ကောလာဟလများကို ငြင်းဆိုလိုက်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ အာဂျင်တီးနားကစားသမား၏ မန်စီးတီးနှင့် လက်ရှိစာချုပ်သက်တမ်းသည် တစ်နှစ်ကျန်ရှိနေသေးကြောင်း သိရသည်။

၎င်းသည် မိခင်နိုင်ငံ အာဂျင်တီးနားကလပ်သို့ ပြန်လည်ပြောင်းရွှေ့မည် ဆိုသည့် ထင်ကြေးပေးပြောဆိုနေမှုများလည်းရှိနေကြောင်း သိရသည်။ နောက်ဆုံးထွက်ပေါ်လာသော သတင်းများအရ အဂူရိုကို အင်တာမီလန်နှင့် ရီးရဲမက်ဒရစ်အသင်းတို့ကလည်း ခေါ်ယူရန် ချိတ်ဆက်နေကြောင်း သိရသည်။ အီတလီအခြေစိုက်သတင်းများတွင် အင်တာမီလန်အသင်းသည် ရာသီကုန်တွင် အဂူရိုကို စာချုပ်ခေါ်ယူနိုင်ရေးနှင့်ပတ်သက်ပြီး ၎င်း၏ အေးဂျင့်ဖြစ်သူ ဟာနန်ရီဂွါရာကို ဆက်သွယ်မှုပြုလုပ်လိုက်ကြောင်း ဖော်ပြထားသည်။ သို့သော်လည်း ဟာနန်ရီဂွါရာက အဂူရိုအနေဖြင့် စာချုပ်သက်တမ်းကုန်ဆုံးပြီးနောက် အသင်းတွင် ဆက်နေရန် မသေချာကြောင်း ဝန်ခံခဲ့သော်လည်း မန်စီးတီးနှင့် စာချုပ်သက်တမ်းကုန်သည်အထိ ထွက်ခွာမည်မဟုတ်ကြောင်းပြောကြားထားသည်။

ဟာနန်ရီဂွါရာက အဂူရို၏ အပြောင်းအရွှေ့နှင့်ပတ်သက်ပြီး FC Inter News သို့ ပြောကြားရာတွင် “အဂူရိုရဲ့ မန်စီးတီးအသင်းနဲ့ စာချုပ်သက်တမ်းက ၂၀၂၁ ခုနှစ်အထိ ချုပ်ဆိုထားတာပါ။ အသင်းပြောင်းရွှေ့ဖို့ဆိုတာက မဖြစ်နိုင်သေးပါဘူး။

*စာမျက်နှာ ၁၀ ကော်လံ ၅* ❐

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ (၁)နှစ်တာ

မြန်မာ့အလင်း
တနင်္လာ၊ မေ ၂၅၊ ၂၀၂၀

ပြည်သူက တစ်ခဲနက်ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့အစိုးရ၏ သက်တမ်းမှာ လေးနှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ လေးနှစ်တာကာလအတွင်း နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ကာ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို အားကြိုးမာန်တက် ဆောင်ရွက်ခဲ့သည့် ပြည်သူ့အစိုးရ၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများမှာ အားလုံးကောင်းမွန်အောင်မြင်ပါသည်ဟူ၍ မဆိုနိုင်သေးသည့်တိုင် သိသာထင်ရှားစွာ မြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ မမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ စိန်ခေါ်မှုများနှင့် ရှန်းကန်နေရဆဲလုပ်ငန်းစဉ်များဟူ၍ တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ စတုတ္ထ (၁)နှစ်တာကာလအတွင်း ပြည်သူများအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မှတ်တမ်းပြုတင်ပြအပ်ပါကြောင်း။

# စစ်မှန်သည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရန် အခြားမဏ္ဍိုင်များနှင့် အပြန်အလှန်ထိန်းကျောင်း ဆောင်ရွက်လျက်ရှိသည့် ပြည်ထောင်စုလွှတ်တော်

ဆောင်းပါး – နန္ဒာဝင်း ၊ ဓာတ်ပုံ – တာရာ

ပါတီစုံဒီမိုကရေစီစနစ် ကျင့်သုံးမှုအားကောင်း ခိုင်မာရန်အတွက် နိုင်ငံတစ်နိုင်ငံတွင် လွှတ်တော်များ၏ အခန်းကဏ္ဍသည် လွန်စွာအရေးကြီးလှသည်။ လွှတ်တော်များသည် နိုင်ငံသားပြည်သူများကို ကိုယ်စားပြုလျက် ခေတ်စနစ်နှင့် မလျော်ညီသည့် ဥပဒေများ ပြင်ဆင်ခြင်း၊ ရုပ်သိမ်းခြင်းနှင့် ဥပဒေ၏ အကာအကွယ်ရယူ၍ ပြည်သူများ အေးချမ်းလုံခြုံစွာ နေထိုင်နိုင်ရန်နှင့် ဥပဒေ၏အကာအကွယ်ကို တန်းတူရရှိစေရန် လိုအပ်သည့် ဥပဒေသစ်များ အတည်ပြုပြဋ္ဌာန်းပေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။

လွှတ်တော်များသည် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာတွင် ဥပဒေပြုရေးအာဏာအပြင် အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲ၍ အပြန်အလှန်ထိန်းကျောင်းခြင်းဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ပြည်ထောင်စုလွှတ်တော်သည် နိုင်ငံတော်၏ ဥပဒေပြုရေးအာဏာကို အပ်နှင်းရရှိထားသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ခုဖြစ်သည်။ အဓိကတာဝန်ဖြစ်သော ကိုယ်စားပြုခြင်း၊ ဥပဒေပြုခြင်းနှင့် အပြန်အလှန်ထိန်းကျောင်းခြင်း တာဝန်များကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားအတွက် အလေးထားဆောင်ရွက်လျက်ရှိသည်။




၃၁-၁-၂၀၂၀ ရက်က ကျင်းပသည့် ဒုတိယအကြိမ်လွှတ်တော် (၄)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် တက်ရောက်စဉ်နှင့် ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ် ဂုဏ်ပြုအမှာစကား ပြောကြားစဉ်။

**လွှတ်တော်အစည်းအဝေးများကျင်းပ**

ဒုတိယအကြိမ် လွှတ်တော်များသည် ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်တွင် စတင်ခဲ့ပြီး ၂၀၂၁ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်အထိ ၅ နှစ်သက်တမ်းဖြစ်ရာ ပြည်ထောင်စုလွှတ်တော်သည် ယခုဆိုလျှင် စတုတ္ထ (၁) နှစ်တာကာလကို ကျော်လွန်ဖြတ်သန်းခဲ့ပြီး ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်၏ စတုတ္ထ (၁) နှစ်တာ ကာလအတွင်း ပုံမှန်အစည်းအဝေး လေးကြိမ် ကျင်းပနိုင်ခဲ့သည်။

**ဥပဒေဆိုင်ရာကိစ္စရပ်များ**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်၏ အဓိကလုပ်ငန်းတာဝန်ဖြစ်သည့် ဥပဒေအသစ်များ ပြဋ္ဌာန်းခြင်းအပြင် လက်ရှိအာဏာ

*အချုပ်ပို(ခ)သို့*

- ❑ ဒုတိယအကြိမ် လွှတ်တော်များသည် ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်တွင် စတင်ခဲ့ပြီး ၂၀၂၁ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်အထိ ၅ နှစ်သက်တမ်းဖြစ်ရာ ပြည်ထောင်စုလွှတ်တော်သည် ယခုဆိုလျှင် စတုတ္ထ (၁)နှစ်တာကာလကို ကျော်လွန်ဖြတ်သန်းခဲ့ပြီး ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်၏ စတုတ္ထ (၁)နှစ်တာကာလအတွင်း ပုံမှန်အစည်းအဝေး လေးကြိမ် ကျင်းပနိုင်ခဲ့။
- ❑ ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်၏ အဓိက လုပ်ငန်းတာဝန်ဖြစ်သည့် ဥပဒေအသစ်များ ပြဋ္ဌာန်းခြင်းအပြင် လက်ရှိအာဏာ တည်ဆဲဥပဒေများကို အမြဲမပြတ် ဆန်းစစ်လေ့လာကာ ၎င်းတို့အထဲမှ ခေတ်စနစ်နှင့် မကိုက်ညီတော့သည့် ဥပဒေများကို ပယ်ဖျက်ခြင်း၊ ခေတ်စနစ်နှင့်အညီ ပြန်လည်ပြင်ဆင်ခြင်းများ ဆောင်ရွက်ခဲ့။





၇-၅-၂၀၁၉ ရက်က ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ အစည်းအဝေးကျင်းပစဉ်။

*အချပ်ပို(က)မှ*

တည်ဆဲဥပဒေများကို အမြဲမပြတ်ဆန်းစစ်လေ့လာကာ ၎င်းတို့အထဲမှ ခေတ်စနစ်နှင့် မကိုက်ညီတော့သည့် ဥပဒေများကို ပယ်ဖျက်ခြင်း၊ ခေတ်စနစ်နှင့်အညီ ပြန်လည်ပြင်ဆင်ခြင်းများ ဆောင်ရွက်ခဲ့သည်။

ပြည်ထောင်စုလွှတ်တော်၏ စတုတ္ထ (၁) နှစ်တာကာလအတွင်း ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ၊ တီထွင်မှု မူပိုင်ခွင့်ဥပဒေ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာဥပဒေ၊ စားသုံးသူကာကွယ်ရေးဥပဒေ၊ ရာဇသတ်ကြီးကို ပြင်ဆင်သည့်ဥပဒေ၊ နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေး ဥပဒေ၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ ဥပဒေကို ပြင်ဆင်သည့်ဥပဒေ၊ လောင်းကစားဥပဒေ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေ၊ စာပေနှင့် အနုပညာမူပိုင်ခွင့်ဥပဒေ၊ တံတားကြီးများဥပဒေ၊ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေ၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့်ဥပဒေ၊ အခွန်ဆိုင်ရာ စီမံအုပ်ချုပ်မှုဥပဒေ၊ တရားလွှတ်တော်ရှေ့နေများ ကောင်စီအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေ၊ မြန်မာ့ဆက်သွယ်ရေးကော်ပိုရေးရှင်းဥပဒေ၊ မြေသိမ်းဆည်းခြင်း၊ ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းဆိုင်ရာ ဥပဒေ၊ ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေ၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေ၊ ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဥပဒေ၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ၊ အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေ၊ ၂၀၁၉ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ၊ စကားရပ်ပြောင်းလဲသတ်မှတ်သည့် ဥပဒေ၊ မြန်မာနိုင်ငံ တံဆိပ်ခေါင်းအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ၊ မြန်မာနိုင်ငံဆေးပညာရပ်ဆိုင်ရာဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များ ဥပဒေ၊ အခြေခံပညာရေးဥပဒေ၊ သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေ၊ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို ပဉ္စမအကြိမ် ပြင်ဆင်သည့်ဥပဒေ၊ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို ပဉ္စမအကြိမ် ပြင်ဆင်သည့်ဥပဒေ၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို ပဉ္စမအကြိမ် ပြင်ဆင်သည့်ဥပဒေ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေ စသည်ဖြင့် ဥပဒေ ၂၄ ခုကို အသစ်ပြဋ္ဌာန်းနိုင်ခဲ့သည့်အပြင် ဥပဒေ ၁၁ ခုကို ပြင်ဆင်နိုင်ခဲ့သည်။

ထိုဥပဒေများအနက် ပြည်ထောင်စုအစိုးရအဖွဲ့ကသာ တင်သွင်းခွင့်ရှိပြီး ပြည်ထောင်စုလွှတ်တော်၌ ဆွေးနွေးဆုံးဖြတ်ရမည့် နိုင်ငံတော်၏ အမျိုးသားစီမံကိန်းဥပဒေ၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ၊ ပြည်ထောင်စု၏ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေနှင့် ပြည်ထောင်စု၏ အခွန်အကောက်ဆိုင်ရာဥပဒေများကို နှစ်စဉ်နှစ်တိုင်း ဘဏ္ဍာရေးနှစ်မစတင်မီ ပြဋ္ဌာန်းပေးနိုင်ခဲ့သည်။

ထို့ပြင် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်၏ စတုတ္ထ (၁) နှစ်တာကာလအတွင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များ ခန့်အပ်ခြင်းနှင့် ပြည်ထောင်စုဝန်ကြီးဌာန ပြင်ဆင်သတ်မှတ်ဖွဲ့စည်းခြင်းတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့သည်။

**“ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်၏ စတုတ္ထ(၁)နှစ်တာကာလအတွင်း ပြည်တွင်း၊ ပြည်ပ ချေးငွေများဖြစ်သည့် မြန်မာနိုင်ငံ၏ ဒေသတွင်း အခြေခံအဆောက်အအုံမြှင့်တင်ခြင်းစီမံကိန်း ဆောင်ရွက်ရန်အတွက် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီထံမှ ဂျပန် ယန်း ၃၈ ဒသမ ၆၄၂ ဘီလီယံ ချေးငွေရယူရန်၊ ၂၀၁၈ ခုနှစ် အောက်တိုဘာလမှ ၂၀၁၉ ခုနှစ် စက်တင်ဘာလအထိ ပြည်ထောင်စုအစိုးရအသုံးစာရင်း၏ လိုငွေအား ဖြည့်ဆည်းပေးရန်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ငွေကျပ် ၁၀၁၆ ဒသမ ၈၁၈ ဘီလီယံ ချေးငွေရယူရန်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးမှု တိုးတက်ကောင်းမွန်စေရေးစီမံကိန်း ဆောင်ရွက်ရန်အတွက် NEDA ထံမှ ထိုင်းဘတ် ၁၄၅၈ ဒသမ ၂၄၈ သန်း ချေးငွေရယူရန်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသည် အလုံးစုံပြင်ဆင်မွမ်းမံခြင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ပြင်သစ်ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီထံမှ ယူရို ၃၅ ဒသမ ၇ သန်း ချေးငွေရယူရန်ကိစ္စများကို ဆွေးနွေးအတည်ပြုနိုင်ခဲ့”**

**ကော်မတီများဖွဲ့စည်းမှု**

ပြည်ထောင်စုလွှတ်တော်တွင် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ရှိ ဥပဒေကြမ်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းကော်မတီများတွင် ပါဝင်သော ကော်မတီဝင်ဦးရေ တူညီစွာပါဝင်သည့် ဥပဒေကြမ်းပူးပေါင်းကော်မတီ၊ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီနှင့် လွှတ်တော်အခွင့်အရေးကော်မတီနှစ်ရပ်မှ သင့်လျော်သော ကော်မတီဝင်များဖြင့် ဖွဲ့စည်းသည့် လွှတ်တော်ကိုယ်စားလှယ်စိစစ်ရေးကော်မတီတို့ကို ဒုတိယသက်တမ်း၏ ပထမပုံမှန် အစည်းအဝေးကာလမှစ၍ လွှတ်တော်၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းခဲ့ပြီး လွှတ်တော်ဆိုင်ရာ လုပ်ငန်းတာဝန်များ ဆောင်ရွက်လျက်ရှိသည်။

**မြန်မာနိုင်ငံလွှတ်တော်အဖွဲ့**

ပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အဆင့် လွှတ်တော်များအကြား လွှတ်တော်ဆိုင်ရာလုပ်ငန်းများ အောင်မြင်ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးနှင့် ဥပဒေပြုရေးလုပ်ငန်းများတွင် ချိတ်ဆက်ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်နာယက၊ ဒုတိယနာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များရှိဥက္ကဋ္ဌများပါဝင်သော မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ကို ၂၀၁၆ ခုနှစ် မတ်လ ၁ ရက်တွင် စတင်ဖွဲ့စည်းဆောင်ရွက်နိုင်ခဲ့သည်။ ထို့ပြင် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် စတုတ္ထ (၁) နှစ်တာ ကာလအတွင်း မြန်မာနိုင်ငံလွှတ်တော်အဖွဲ့(MPU) အစည်းအဝေးတစ်ကြိမ် ကျင်းပပြုလုပ်နိုင်ခဲ့သည်။

**စာချုပ်များနှင့် သဘောတူညီချက်များ**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်၏ စတုတ္ထ (၁) နှစ်တာကာလအတွင်း နိုင်ငံတကာစာချုပ်များနှင့် သဘောတူညီချက်စုစုပေါင်း ၂၂ ခုကို လွှတ်တော်၌ ဆွေးနွေးအတည်ပြုနိုင်ခဲ့သည်။

Vienna Convention on Road Traffic 1968 နှင့် Vienna Convention on Road Signs and Signals 1968 တို့ကို လက်ခံကျင့်သုံးဆောင်ရွက်ရန်၊ အခြေပြစာချုပ်ငယ် (၂) ၏ အတည်ပြုစာချွန်လွှာအား အာဆီယံအတွင်းရေးမှူးချုပ်ရုံးသို့ ပေးပို့ရန်၊ အာဆီယံ-ဟောင်ကောင် (တရုတ်) လွတ်လပ်သောကုန်သွယ်မှုသဘောတူစာချုပ် အသက်ဝင်ရေးအတွက် အတည်ပြုကြောင်း အသိပေးအကြောင်းကြားစာကို စာချုပ်ဝင်နိုင်ငံအားလုံးသို့ ပေးပို့ရန်၊ အာဆီယံ - ဟောင်ကောင် (တရုတ်) ရင်းနှီးမြှုပ်နှံမှုသဘောတူစာချုပ်အား အတည်ပြုရန်၊ အာဆီယံတရားသူကြီးချုပ်များကောင်စီက ဆွေးနွေးညှိနှိုင်းသဘောတူပြီးဖြစ်သော အာဆီယံတရားသူကြီးများကောင်စီ ပဋိညာဉ်စာတမ်း အတည်ပြုနိုင်ရန်နှင့် ပါဝင်လက်မှတ်ရေးထိုးနိုင်ရန် စသည့် နိုင်ငံတကာစာချုပ်များနှင့် သဘောတူညီချက်များကို ဆွေးနွေးအတည်ပြုနိုင်ခဲ့သည်။

*အချပ်ပို(ဂ)သို့*



၁၀-၂-၂၀၂၀ ရက်က ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး သတ္တမနေ့ ကျင်းပစဉ်။

*အချပ်ပို(ခ)မှ*

ထို့ပြင် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီမှ ရုံးသုံးမော်တော်ယာဉ် ငါးစီး တင်သွင်းရာတွင် အကောက်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် အထူးကုန်စည်ခွန် ကင်းလွတ်ခွင့်ရရှိရေး၊ Protocol of 1988 relating to the International Convention for the Safety of Life at Sea, 1974 တွင် မြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးနိုင်ရေး၊ ဂေဟစနစ်ဝန်ဆောင်မှုများနှင့် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ နိုင်ငံတကာသိပ္ပံ - မူဝါဒလုပ်ငန်းအဖွဲ့သို့ ဝင်ရောက်ရေး၊ အာဆီယံဘက်စုံရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်ကို ပြင်ဆင်သည့် စတုတ္ထအခြေပြစာချုပ်တွင် မြန်မာနိုင်ငံမှ လက်မှတ်ရေးထိုးနိုင်ရေးနှင့် အတည်ပြုနိုင်ရေး၊ အာဆီယံဝန်ဆောင်မှု ကုန်သွယ်ရေးသဘောတူစာချုပ်တွင် မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးရေး၊ ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း၏ အခွန်စီမံခန့်ခွဲမှု ပူးပေါင်းဆောင်ရွက်ခြင်းစနစ် တည်ထောင်သည့် နားလည်မှုစာချွန်လွှာတွင် လေ့လာသူအဖွဲ့ဝင်အဖြစ် ပါဝင်လက်မှတ်ရေးထိုးရေး၊ Memorandum of Understanding on the Improvement of Safety Standards and Inspection for Non – Convention Ships Within ASEAN Member States တွင် မြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးနိုင်ရေး၊ The Protocol of 1988 relating to the International Convention on Load Lines, 1966 (LL PROT 1988) တွင် မြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးနိုင်ရေး၊ နိုင်ငံတကာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအကယ်ဒမီ (IACA) ကို နိုင်ငံတကာအဖွဲ့အစည်းအဖြစ် ထူထောင်ခြင်းဆိုင်ရာ သဘောတူစာချုပ်တွင် မြန်မာနိုင်ငံမှ အဖွဲ့ဝင်အဖြစ် ပါဝင်လက်မှတ်ရေးထိုးရေး၊ ကလေးသူငယ်များ၏ အခွင့်အရေးများဆိုင်ရာ စာချုပ်၏ လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များ ပါဝင်ပတ်သက်မှုဆိုင်ရာ နောက်ဆက်တွဲ အခြေပြစာချုပ်သို့ မြန်မာနိုင်ငံမှ အတည်ပြုပါဝင်နိုင်ရေးကိစ္စ စသည့် နိုင်ငံတကာစာချုပ်များနှင့် သဘောတူညီချက်များကို ဆွေးနွေးအတည်ပြုနိုင်ခဲ့သည်။

● **မြန်မာလွှတ်တော်အနေဖြင့် နိုင်ငံတကာလွှတ်တော်များနှင့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်လုပ်ဆောင်နိုင်ရန် ရည်ရွယ်၍ အာဆီယံ ပါလီမန်များညီလာခံဆိုင်ရာ ပူးပေါင်းကော်မတီနှင့် နိုင်ငံတကာပါလီမန်များအဖွဲ့ဆိုင်ရာ ပူးပေါင်းကော်မတီတို့ကို ဖွဲ့စည်းထားရှိသည်။ စတုတ္ထ(၁)နှစ်တာကာလအတွင်း ASEAN Inter- Parliamentary Assembly (AIPA) အစည်းအဝေးများ၊ အလုပ်ရုံဆွေးနွေးပွဲများ ၁၂ ကြိမ်နှင့် Inter-Parliamentary Union(IPU) အစည်းအဝေး သုံးကြိမ် စုစုပေါင်း ၁၅ ကြိမ် တက်ရောက်နိုင်ခဲ့**

ထို့အတူ အာဆီယံဒေသတွင်း မော်တော်ယာဉ်ဆိုင်ရာ ထုတ်ကုန်များ အပြန်အလှန်အသိအမှတ်ပြုရေး အစီအစဉ် (APMRA) တွင် မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးနိုင်ရေး၊ သက်ကြီးရွယ်အိုအဖွဲ့အစည်းဆိုင်ရာ အာဆီယံဗဟိုဌာနထူထောင်ရေးစာချုပ်၊ Convention on Limitation of Liability for Maritime Claims, 1976 (LLMC 1976) နှင့် Protocol of 1996 to amend the Convention on Limitation of Liability for Maritime Claims, 1976 (LLMC PROT 1996)၊ International Convention for the Unification of Certain Rules of Law Relating to Bill of Lading (“Hague Rules”)၊ Hague Visby Rules နှင့် SDR Protocol၊ ကမ္ဘာ့အကောက်ခွန်အဖွဲ့က ပြန်လည်သုံးသပ်ထားသော အပြည်ပြည်ဆိုင်ရာ ကျိုတိုသဘောတူစာချုပ် (WCO Revised Kyoto Convention) တွင် မြန်မာနိုင်ငံမှ အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးကိစ္စများ၊ အငယ်ဆုံးအသက် ပြဋ္ဌာန်းချက်အမှတ် - ၁၃၈ (၁၉၇၃) ကို မြန်မာနိုင်ငံမှ လက်ခံကျင့်သုံးနိုင်ရန် အတည်ပြုပါဝင် နိုင်ရေး၊ Toyota Landcruiser (Bullet Proof) မော်တော်ယာဉ် ခြောက်စီး တင်သွင်းရာတွင် အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့် ရရှိရေးကိစ္စများကိုလည်း ဆွေးနွေးအတည်ပြုနိုင်ခဲ့သည်။

**ချေးငွေဆိုင်ရာကိစ္စရပ်များ**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်၏ စတုတ္ထ(၁)နှစ်တာ ကာလအတွင်း ပြည်တွင်း၊ ပြည်ပ ချေးငွေများဖြစ်သည့် မြန်မာနိုင်ငံ၏ ဒေသတွင်း အခြေခံအဆောက်အအုံ မြှင့်တင်ခြင်း စီမံကိန်းဆောင်ရွက်ရန်အတွက် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီထံမှ ဂျပန်ယန်း ၃၈ ဒသမ ၆၄၂ ဘီလီယံ ချေးငွေရယူရန်၊ ၂၀၁၈ ခုနှစ် အောက်တိုဘာလမှ ၂၀၁၉ ခုနှစ် စက်တင်ဘာလအထိ ပြည်ထောင်စုအစိုးရအပ်ငွေစာရင်း၏ လိုငွေအား ဖြည့်ဆည်းပေးရန်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ငွေကျပ် ၁၀၁၆ ဒသမ ၈၁၈ ဘီလီယံ ချေးငွေရယူရန်၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးမှု တိုးတက်ကောင်းမွန်စေရေး စီမံကိန်း ဆောင်ရွက်ရန်အတွက် NEDA ထံမှ ထိုင်းဘတ် ၁၄၅၈ ဒသမ ၂၄၈ သန်း ချေးငွေရယူရန်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသည် အလုံးစုံပြင်ဆင်မွမ်းမံခြင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ပြင်သစ်ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီ ထံမှ ယူရို ၃၅ ဒသမ ၇ သန်း ချေးငွေရယူရန်ကိစ္စများကို ဆွေးနွေးအတည်ပြုနိုင်ခဲ့သည်။

ထို့ပြင် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးရေးစီမံကိန်းများအတွက် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီထံမှ ဂျပန်ယန်း ၈၂ ဒသမ ၂၇၃ ဘီလီယံ ချေးငွေရယူရန်၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ ရေပေးဝေရေးစီမံကိန်း ဆောင်ရွက်ရန် နယ်သာလန်နိုင်ငံ FMO နှင့် ING Bank ထံမှ ယူရို ၂၉ ဒသမ ၉၆ သန်း ချေးငွေရယူရန်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသည့် အသက် ၂ နှစ်အောက် ကလေးသူငယ်များအား ငွေကြေးထောက်ပံ့ခြင်းအစီအစဉ်အတွက် ကမ္ဘာ့ဘဏ်၏ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးအဖွဲ့ထံမှ အမေရိကန်ဒေါ်လာ သန်း ၁၀၀ ချေးငွေရယူရန်၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ကျေးလက်လမ်းများ ဆက်သွယ်ရေးစီမံကိန်း ဆောင်ရွက်ရန်အတွက် အာရှဖွံ့ဖြိုးရေးဘဏ်ထံမှ အမေရိကန်ဒေါ်လာ သန်း ၅၁ ဒသမ ၂၀ ချေးငွေရယူရန်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် တုံ့ပြန်နိုင်စွမ်းအားကောင်းသော လူထုဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ရန်အတွက် အာရှဖွံ့ဖြိုးရေးဘဏ်ထံမှ အမေရိကန်ဒေါ်လာ ၁၈၅ သန်း ချေးငွေရယူရန်တို့ကိုလည်း ဆွေးနွေးအတည်ပြုနိုင်ခဲ့သည်။

ထို့အတူ ပညာရေးဝန်ကြီးဌာနမှ လူတိုင်းအကျုံးဝင် အရည်အသွေးမီ ပညာရေးလုပ်ငန်းအစီအစဉ် အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် ကမ္ဘာ့ဘဏ်၏ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးအဖွဲ့ထံမှ အမေရိကန်ဒေါ်လာ သန်း ၁၀၀ ချေးငွေရယူရန်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ စွန့်ပစ်အမှိုက်များကို ပြုပြင်သန့်စင်သည့်စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် ပိုလန်နိုင်ငံအစိုးရထံမှ ODA ချေးငွေ ယူရို သန်း ၅၀ ချေးငွေရယူရန် စသည်ဖြင့် ပြည်တွင်း၊ ပြည်ပချေးငွေ ၁၁ ခုကို လွှတ်တော်၌ ဆွေးနွေးအတည်ပြုနိုင်ခဲ့သည်။

**နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ**

မြန်မာလွှတ်တော်အနေဖြင့် နိုင်ငံတကာလွှတ်တော်များနှင့် ပူးပေါင်းဆောင်ရွက်မှုများကို *အချပ်ပို(ဃ)သို့*




၈-၁၀-၂၀၁၉ ရက်က မြန်မာ့လွှတ်တော်သုတေသနဌာနများ၏ သုတေသနစွမ်းရည်ဆိုင်ရာ ဆွေးနွေးပွဲ ကျင်းပစဉ်။

*အချုပ်ပို(ဂ)မှ*

တိုးမြှင့်လုပ်ဆောင်နိုင်ရန် ရည်ရွယ်၍ အာဆီယံပါလီမန်များ ညီလာခံဆိုင်ရာ ပူးပေါင်းကော်မတီနှင့် နိုင်ငံတကာပါလီမန်များအဖွဲ့ဆိုင်ရာ ပူးပေါင်းကော်မတီတို့ကို ဖွဲ့စည်းထားရှိသည်။ စတုတ္ထ (၁)နှစ်တာကာလအတွင်း ASEAN Inter–Parliamentary Assembly (AIPA) အစည်းအဝေးများ၊ အလုပ်ရုံဆွေးနွေးပွဲများ ၁၂ ကြိမ်နှင့် Inter–Parliamentary Union (IPU) အစည်းအဝေး သုံးကြိမ် စုစုပေါင်း ၁၅ ကြိမ် တက်ရောက်နိုင်ခဲ့သည်။

ထို့ပြင် လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (Joint Coordination Committee – JCC) အဖွဲ့ကို ၂၀၁၆ ခုနှစ် မေလ ၂ ရက်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ပြည်ထောင်စုအဆင့် လွှတ်တော်များသာမက တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အဆင့် လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာလွှတ်တော်များနှင့် မိတ်ဖက်အဖွဲ့အစည်းများ၏ အကူအညီပေးရေးအစီအစဉ်များကို အကျိုးရှိစွာ ရယူဆောင်ရွက်လျက်ရှိသည်။

**အခမ်းအနားများ**

အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ အခမ်းအနားကို ၂၀၁၉ ခုနှစ် စက်တင်ဘာလ ၁၅ ရက်တွင် လွှတ်တော်ဝင်းအတွင်း သဘင်ဆောင်၌ ကျင်းပခဲ့ပြီး ထိုအခမ်းအနားသို့ နိုင်ငံတော်သမ္မတ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများ၊ နိုင်ငံခြားသံရုံးများနှင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အနုပညာရှင်များနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်၍ ဒီမိုကရေစီအထိမ်းအမှတ်စာတမ်းများ ဖတ်ကြားဆောင်ရွက်ခဲ့သည်။

၂၀၁၉ ခုနှစ်သည် နိုင်ငံတကာပါလီမန်များအဖွဲ့ (IPU) တည်ထောင်မှု နှစ် ၁၃၀ ပြည့်မြောက်သည့် အခါသမယဖြစ်သည်။ ထို့ကြောင့် နိုင်ငံတကာပါလီမန်များအဖွဲ့ နှစ် ၁၃၀ ပြည့် အထိမ်းအမှတ်လှုပ်ရှားမှုများကို ကမ္ဘာတစ်ဝန်းရှိ ပါလီမန်များတွင် 130 Years of Empowering Parliamentarians ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ၂၀၁၉ ခုနှစ် ဇွန်လမှ ၂၀၂၀ ပြည့်နှစ် ဇွန်လအထိ တစ်နှစ်တာကာလအတွင်း သတ်မှတ်ဆောင်ရွက်လျက်ရှိရာ အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အခမ်းအနားတွင် IPU နှစ် ၁၃၀ ပြည့် လှုပ်ရှားမှုအပါအဝင် အထိမ်းအမှတ်ပြပွဲတစ်ရပ် ခင်းကျင်းပြသခဲ့သည်။

ထို့ပြင် နိုင်ငံ၏ပုံရိပ်ကို စစ်မှန်သော ဒီမိုကရေစီဖက်ဒရယ်စနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လူငယ်လူရွယ်များ၏ စိတ်ဓာတ်သဏ္ဌာန်တွင် ဒီမိုကရေစီမျိုးစေ့ရှင်သန်ရေးကို ရည်ရွယ်ပြီး အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာနှင့် ပန်းချီပြိုင်ပွဲများကို အလယ်တန်းအဆင့်၊ အထက်တန်းအဆင့်နှင့် တက္ကသိုလ်အဆင့်စသည်ဖြင့် သတ်မှတ်၍ ဆုချီးမြှင့်မှုအစီအစဉ်များကို ထည့်သွင်းကျင်းပခဲ့သည်။

ထို့အတူ ဒုတိယအကြိမ်လွှတ်တော်များ၏ (၄) နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၃၁ ရက်တွင် လွှတ်တော်ဝင်းအတွင်း ကျင်းပခဲ့ပြီး ၎င်းအခမ်းအနားတွင် နိုင်ငံတော်သမ္မတနှင့် လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ တက်ရောက်၍ ဂုဏ်ပြုအမှာစကား ပြောကြားခဲ့သည်။

**သုတေသနဆိုင်ရာဆောင်ရွက်ချက်များ**

ပြည်ထောင်စုလွှတ်တော်သည် သုတေသနဆိုင်ရာ ဆောင်ရွက်ချက်များအနေဖြင့် Customer တစ်ဦးချင်း မေးခွန်းများ ဖြေကြားခြင်းနှင့် သုတေသနစာတမ်းတိုများ ရေးသားဖြန့်ဝေခြင်းတို့ကို အဓိက ဝန်ဆောင်မှုပေးလျက်ရှိသည်။ စတုတ္ထ (၁) နှစ်တာကာလအတွင်း နိုင်ငံရေးဆိုင်ရာ စာတမ်းတို နှစ်စောင်၊ စီးပွားရေးဆိုင်ရာ စာတမ်းတို ငါးစောင်၊ ဥပဒေကြမ်း စာတမ်းတို သုံးစောင်၊ စာရင်းအင်းဆိုင်ရာ စာတမ်းတို လေးစောင်နှင့် အထွေထွေစာတမ်းတို ငါးစောင် စုစုပေါင်း ၁၉ စောင် ရေးသားပြုစု၍ ဝန်ဆောင်မှုပေးနိုင်ခဲ့သည်။

Westminster Foundation of Democracy – WFD ၏ ပံ့ပိုးကူညီမှုဖြင့် UK အောက်လွှတ်တော်မှ ကျွမ်းကျင်ပညာရှင်များနှင့် မြန်မာလွှတ်တော်ရုံးများမှ သုတေသနဝန်ထမ်းများ ပူးပေါင်း၍ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ် လွှတ်တော်ရုံးများမှ သုတေသနဌာနရှိ ဝန်ထမ်းများအတွက် သုတေသနစွမ်းရည်ဆိုင်ရာ ဆွေးနွေးပွဲကို ပူးပေါင်းဆောင်ရွက်ပေးနိုင်ခဲ့သည်။

**လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး**

လူ့စွမ်းအားအရင်းအမြစ်ဌာန၏ အစီအစဉ်ဖြင့် ဝန်ထမ်းများ အင်္ဂလိပ်စာအရည်အသွေး ပိုမိုအားကောင်းစေရန် ရည်ရွယ်၍ အင်္ဂလိပ်စာသင်တန်း တစ်ကြိမ်နှင့် လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲမှုသင်တန်း နှစ်ကြိမ်၊ အခမ်းအနားမှူးသင်တန်း တစ်ကြိမ်တို့ကို ဖွင့်လှစ်ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ထို့ပြင် ဝန်ထမ်းများ လုပ်ငန်းခွင်တွင် စိတ်အားထက်သန်တက်ကြွမှုရှိစေရေး အလုပ်ရုံဆွေးနွေးပွဲ နှစ်ကြိမ်ကို ပြုလုပ်ဆောင်ရွက်ပေးနိုင်ခဲ့သည်။ ဝန်ထမ်းများအတွက် လေ့လာသင်ယူမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအစီအမံ (Learning and Development Plan) စစ်တမ်းမေးခွန်းလွှာများ (questionnaire) ဖြန့်ဝေကောက်ခံနိုင်ခဲ့ပြီး ရရှိသော အချက်အလက်များအရ ဝန်ထမ်းတစ်ဦးချင်းစီအတွက် လိုအပ်သော သင်တန်းများပေးနိုင်ရန် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

**e–Parliament အကောင်အထည်ဖော်**

e–Parliament စနစ်ကို အကောင်အထည်ဖော်ရာတွင် Hluttaw Intranet (Share Point) စနစ်ကို အသုံးပြုပြီး လွှတ်တော်ဆိုင်ရာ သတင်းအချက်အလက်များ၊ စာရွက်စာတမ်းများ လုံခြုံလျင်မြန်စွာ ပေးပို့အသုံးပြုလျက်ရှိသည်။ Hluttaw Intranet ကို လွှတ်တော်ကိုယ်စားလှယ်များသို့ ၂၀၁၉ ခုနှစ် မေလတွင် စတင်မိတ်ဆက်ပြီး ကော်မတီအလိုက် သုံးစွဲလျက်ရှိသည်။

လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ICT နည်းပညာဆိုင်ရာ ဝန်ဆောင်မှုများ အသုံးပြုရာတွင် အခက်အခဲမရှိစေရေးအတွက် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေးမှစတင်၍ ICT Helpdesk Counter ထားရှိပြီး လိုအပ်သည့် နည်းပညာအကူအညီများ ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိသည်။

စတုတ္ထ (၁) နှစ်တာကာလအတွင်း လွှတ်တော်ကိုယ်စားလှယ်များနှင့် ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည်များသည် နည်းပညာအကူအညီများကြောင့် ပိုမိုမြင့်မားတိုးတက်ကောင်းမွန်လာခဲ့သည်။ ထိုကဲ့သို့ လွှတ်တော်များ၊ ပြည်သူတို့၏ စိတ်ကူးအိပ်မက်များကို ပြည်သူတို့ကိုယ်စား အကောင်အထည်ဖော်ပေးနေသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ စွမ်းဆောင်ရည်များ မြင့်မားလာသည်နှင့်အမျှ ပြည်သူတို့၏ မျှော်လင့်ချက်၊ လိုလားချက်များသည် ပြည့်ဝအောင်မြင်လာမည်ဖြစ်သည်။

အချုပ်အားဖြင့်ဆိုသော် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်၏ စတုတ္ထ (၁) နှစ်တာကာလတွင်း နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားအတွက် လိုအပ်သော ဥပဒေများကို ပြဋ္ဌာန်းပေးခြင်းနှင့် နိုင်ငံတကာသဘောတူစာချုပ်များ၊ ချေးငွေများကို အတည်ပြုပေးခြင်း၊ သုတေသနဝန်ဆောင်မှုပေးခြင်းနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် သင်တန်းများ ဖွင့်လှစ်သင်ကြားပို့ချခြင်းများကို ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ထိုကဲ့သို့ ပြည်သူလူထုက ရွေးချယ်တင်မြှောက်ထားသည့် ပြည်သူ့ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည့် ပြည်ထောင်စုလွှတ်တော်ကြီးသည် အခြားမဏ္ဍိုင်ကြီးများနှင့် အပြန်အလှန် ထိန်းကျောင်းဆောင်ရွက်ရင်း စစ်မှန်သည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း ဂုဏ်ပြုရေးသားတင်ပြလိုက်ရပါသည်။ ။

**“ပြည်ထောင်စုလွှတ်တော်သည် သုတေသနဆိုင်ရာ ဆောင်ရွက်ချက်များအနေဖြင့် Customer တစ်ဦးချင်း မေးခွန်းများ ဖြေကြားခြင်းနှင့် သုတေသနစာတမ်းတိုများ ရေးသားဖြန့်ဝေခြင်းတို့ကို အဓိက ဝန်ဆောင်မှုပေးလျက်ရှိသည်။ စတုတ္ထ (၁)နှစ်တာကာလအတွင်း နိုင်ငံရေးဆိုင်ရာစာတမ်းတို နှစ်စောင်၊ စီးပွားရေးဆိုင်ရာ စာတမ်းတို ငါးစောင်၊ ဥပဒေကြမ်း စာတမ်းတို သုံးစောင်၊ စာရင်းအင်းဆိုင်ရာ စာတမ်းတို လေးစောင်နှင့် အထွေထွေ စာတမ်းတို ငါးစောင် စုစုပေါင်း ၁၉ စောင် ရေးသားပြုစု၍ ဝန်ဆောင်မှုပေးနိုင်ခဲ့”**

# လူမှုစီးပွားဘဝများ တိုးတက်ပြောင်းလဲမှု၏ အသီးအပွင့်များကို ပြည်သူများ ရရှိခံစားနိုင်ရန် ကြိုးပမ်းဆောင်ရွက်နေသည့် မွန်ပြည်နယ်

သတင်းဆောင်းပါး - သီသီမင်း၊ ဓာတ်ပုံ - သဇင်

ထင်ရှားကျော်ကြားလှသည့် သမိုင်းဝင်ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်ကြီး အပါအဝင် တန်ခိုးကြီးဘုရားများ၊ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ၊ သမိုင်းဝင်နေရာများ၊ တော၊ တောင်၊ ရေ၊ မြေ သဘာဝအလှအပများ ပေါကြွယ်ဝရာ မွန်ပြည်နယ်သည် လက်ရှိ မွန်ပြည်နယ် အစိုးရအဖွဲ့ စတင်တာဝန်ယူခဲ့သည့် အချိန်မှစ၍ ဒေသတွင်းပြည်သူများ၏ လူမှု စီးပွား ဘဝဖွံ့ဖြိုးတိုးတက်စေရန်နှင့် ပြည်နယ်ကြီးတစ်ခုလုံး ကျေးလက်၊ မြို့ပြကွာဟမှုမရှိဘဲ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်လာစေရန် ဘက်စုံ၊ ကဏ္ဍစုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ လေးနှစ်တာကာလ အတွင်း သိသာထင်ရှားသည့် ပြောင်းလဲတိုးတက်လာမှုများကို မြင်တွေ့ကြရမည်ဖြစ်သည်။

မွန်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် စတုတ္ထ (၁) နှစ်တာကာလအတွင်း ပြည်နယ်အတွင်းရှိ မြို့နယ် ၁၀ မြို့နယ်တွင် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဆောင်ရွက်သင့်သည့် အဓိကအရေးပါသော အခန်းကဏ္ဍများကိုသာ စီမံကိန်းများ စနစ်တကျချမှတ်ကာ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေနှင့် ပြည်နယ်ဘဏ္ဍာရန်ပုံငွေတို့ဖြင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာများ ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများ၊ ဒေသခံပြည်သူများ၊ ဒေသတွင်း လာရောက်ရင်းနှီးမြှုပ်နှံသူများ၊ ကုမ္ပဏီနှင့် အဖွဲ့အစည်းများမှ လုပ်ငန်းရှင်များဖြင့် ညှိနှိုင်းပေါင်းစပ်ကာ အကောင်အထည်ဖော် လုပ်ဆောင်လျက်ရှိသည်။

"ပြည်နယ်အစိုးရအဖွဲ့အနေနဲ့ စတုတ္ထ (၁) နှစ်တာ ကာလအတွင်းမှာ အတ္ထရံမြစ်ရေတင် စီမံကိန်း၊ သထုံမြို့နယ် ဆားချောင်းတူးဖော်ရေးစီမံကိန်းနဲ့ ကျိုက်မရော - စံပယ်ဂူ တံတား စီမံကိန်း သုံးခုကို အဓိကထား အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါတယ်" ဟု ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ အေးဇံက ပြောသည်။

## လမ်းပန်းဆက်သွယ်ရေးကဏ္ဍ

ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးတွင် လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ကောင်းမွန်ရေးသည် အဓိကအခန်းကဏ္ဍမှ ပါဝင်သည်ဖြစ်ရာ မွန်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဒေသတွင်းပြည်သူများ ခရီးသွားလာမှု မြန်ဆန်ချောမွေ့စေရေး၊ ကုန်စည်ကူးသန်းသွားလာမှုလျင်မြန်စေရေးတို့အတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း မွန်ပြည်နယ် လမ်းဦးစီးဌာနမှ ပြည်နယ်ဘဏ္ဍာ ရန်ပုံငွေကျပ်သန်း ၂၆၀၅၄ ဒသမ ၃၅၁ ဖြင့် ကတ္တရာကွန်ကရစ်ထပ်ပိုးလွှာတင်ခြင်း၊ ကတ္တရာလမ်းခင်းခြင်း၊ ကတ္တရာလမ်းချဲ့ခြင်း၊ ကွန်ကရစ်လမ်းခင်းခြင်း၊ ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ မြေသားတာပေါင်များ ပြုပြင်ခြင်း၊ ကျောက်စီ မြေကာနံရံများ ပြုလုပ်ခြင်း၊ ရေမြောင်းများ ပြုလုပ်ခြင်း၊ သံကူကွန်ကရစ်တံတား ၄၆ စင်း တည်ဆောက်ခြင်း၊ သံကူကွန်ကရစ်ရေထွက်ပေါက် ခြောက်စင်းပြုလုပ်ခြင်း၊ တံတားများချဲ့ခြင်း (RC + Box Culvert) ၁၇ စင်း၊ ကျိုက်ထိုမြို့ရှောင်လမ်း မြေယာလျော်ကြေးငွေပေးအပ်ခြင်းနှင့် အခြားလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။



မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ အေးဇံ


ထို့ပြင် တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့ (၄) မှ ဆောက်လုပ်နေသည့် ကျိုက်မရောမြို့နယ် ကျိုက်မရော - စံပယ်ဂူ-ကော့ပနော့လမ်းပေါ်၌ အရှည် ၆၄၄ ဒသမ ၁ မီတာရှိ အတ္ထရံမြစ်ကူး(စံပယ်ဂူ) တံတားတည်ဆောက်ရေးစီမံကိန်းကို ယခုနှစ်ကုန်ပိုင်းအတွင်း ပြီးစီးရန် လျာထားဆောက်လုပ်လျက်ရှိသည်။

"ပြည်နယ်အစိုးရအဖွဲ့အနေနဲ့ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း အဓိကကျတဲ့

*အချပ်ပို ( စ) သို့*

"ပြည်နယ် အစိုးရအဖွဲ့ အနေနဲ့ စတုတ္ထ (၁) နှစ်တာကာလ အတွင်းမှာ အတ္ထရံမြစ်ရေတင် စီမံကိန်း၊ သထုံမြို့နယ် ဆားချောင်း တူးဖော်ရေး စီမံကိန်းနဲ့ ကျိုက်မရော-စံပယ်ဂူ တံတားစီမံကိန်း သုံးခုကို အဓိကထား အကောင်အထည်ဖော် ဆောင်ရွက် ပေး လျက်ရှိ"


ကျိုက်မရော - စံပယ်ဂူ - ကော့ပနော့လမ်းပေါ်ရှိ အတ္ထရံမြစ်ကူး(စံပယ်ဂူ) တံတားစီမံကိန်း တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုကို တွေ့ရစဉ်။



ရေးမြို့နယ်ရှိ ကဗျာဝကမ်းခြေကို တွေ့ရစဉ်။

*အချပ်ပို (င) မှ*

လမ်းပန်းဆက်သွယ်ရေးကဏ္ဍမှာ ကွန်ကရစ်၊ ကတ္တရာခင်းခြင်း၊ ကတ္တရာလမ်းချဲ့ခြင်း၊ ကွန်ကရစ်လမ်းခင်းခြင်းနဲ့ ကတ္တရာထပ်ပိုးလွှာတင်ခြင်းအပြင် သံကူကွန်ကရစ်တံတားတွေ တည်ဆောက်ခြင်းနဲ့ သံကူကွန်ကရစ် ရေထွက်ပေါက်တွေ ပြုလုပ်ခြင်းတို့ကို ဆောင်ရွက်နေပါတယ်။ ထို့ပြင် အဓိကကျတဲ့ ကျိုက်မရောမြို့နယ် ကျိုက်မရော – စံပယ်ဂူ–ကော့ပနော လမ်းပေါ်မှာ အရှည် ၆၄၄ ဒသမ ၁ မီတာရှိ အတ္တရံမြစ်ကူး (စံပယ်ဂူ)တံတား တည်ဆောက်ရေးစီမံကိန်းကို ၂၀၁၈ – ၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ စတင်ဆောင်ရွက်ခဲ့ပါတယ်။ ယခု တံတားတစ်စင်းလုံးရဲ့ ၇၆ ဒသမ ၅ ရာခိုင်နှုန်းပြီးစီးနေပြီ ဖြစ်ပါတယ်” ဟု ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံက ပြောသည်။

**စွမ်းအင်ကဏ္ဍ**

ဒေသတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပိုမိုဝင်ရောက်လာစေရန်နှင့် ဒေသခံပြည်သူများ၏ လူနေမှုအဆင့်အတန်း တိုးတက်မြင့်မား လာစေရန် လျှပ်စစ်စွမ်းအင်ကဏ္ဍသည် အရေးပါသည့်ကဏ္ဍတစ်ခုအဖြစ် ပါဝင်နေသည်ဖြစ်ရာ မွန်ပြည်နယ်အစိုးရအဖွဲ့ အနေဖြင့် ဒေသတွင်းပြည်သူများထံသို့ လျှပ်စစ်မီးလုံလောက်စွာ ဖြန့်ဖြူးပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် စွမ်းအင်ကဏ္ဍအနေဖြင့် ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှ ငွေကျပ်သန်း ၁၀၉၉၄ ဒသမ ၅၅ ဖြင့် ၁၁ ကေဗွီ ဓာတ်အားလိုင်း ၈၆ ဒသမ ၁၂ မိုင်၊ ၄၀၀ ဗို့ဓာတ်အားလိုင်း ၂၉ ဒသမ ၄၃ မိုင်နှင့် ၁၁ /၀ ဒသမ ၄ ကေဗွီ ဓာတ်အားခွဲရုံ ၁၃၈ ရုံ၊ အစားထိုးဓာတ်အားလိုင်းများအဖြစ် ၃၃ ကေဗွီ ဓာတ်အားလိုင်း ၅ ဒသမ ၆၈ မိုင်၊ ၁၁ ကေဗွီ ဓာတ်အားလိုင်း ၂၂ ဒသမ ၁ မိုင်၊ ၄၀၀ ဗို့ ဓာတ်အားလိုင်း ၃၃ ဒသမ ၈၈ မိုင်နှင့် ကျေးရွာ ပေါင်း ၃၀ ရှိ အိမ်ထောင်စုပေါင်း ၄၅၂၃ စုကို ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန် အတွက် လျာထားဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ငွေကျပ်သန်းပေါင်း ၂၅၃၉ ဒသမ ၈၈၆ သန်း သုံးစွဲကာ ပေါင်မြို့နယ် အုန်းတစ်ပင်ကျေးရွာအုပ်စု ဆင်ရွာကျေးရွာတွင် ၃၃ ကေဗွီ ဓာတ်အားလိုင်း ၆ မိုင်နှင့် ၃၃/၁၁ ကေဗွီ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံ တစ်ရုံကို တည်ဆောက်လျက်ရှိသည်။ အဆိုပါ ဓာတ်အားခွဲရုံ တည်ဆောက်ပြီးပါက ဓာတ်အားဖြန့်ဖြူးပေးထားသော ကျေးရွာ ၃၄ ရွာရှိ အိမ်ထောင်စုပေါင်း ၅၈၂၅ စုမှ ဗို့အားပြည့်ဝစွာ အသုံးပြုနိုင်မည်ဖြစ်သည်။

ထို့ပြင် ဂျပန်နိုင်ငံ JICA – ODA ချေးငွေ Phase II ဖြင့် ကျိုက်ထိုမြို့နယ် ဆောင်နိုင်ကြီးကျေးရွာတွင် ၃၃ ကေဗွီ ဓာတ်အားလိုင်း ၂၀ ဒသမ ၅ မိုင်နှင့် ၃၃ /၁၁ ကေဗွီ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံ တစ်ရုံ တည်ဆောက်၍ ကျေးရွာပေါင်း ၁၇ ရွာရှိ အိမ်ထောင်စုပေါင်း ၁၈၁၄ စုကို ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

အထူးသဖြင့် မွန်ပြည်နယ်အတွင်းရှိ ဓာတ်အားဖြန့်ဖြူးနိုင်ခြင်း မရှိသေးသည့် ရေးမြို့နယ်ကို နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားဖြန့်ဖြူး ပေးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ၂၀၁၈ – ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် မွန်ပြည်နယ်အတွင်း မီးလင်းပြီး ကျေးရွာပေါင်း ၈၃၃ ရွာရှိပြီး ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ပြီးစီးပါက မီးလင်းမည့်ကျေးရွာပေါင်း ၉၀၉ ရွာ ဖြစ်လာမည်ဖြစ်သည့်အတွက် ကျေးရွာပေါင်း ၇၆ ရွာကို ဓာတ်အား တိုးတက်ဖြန့်ဖြူးပေးနိုင်တော့မည်ဖြစ်သည်။


**စိုက်ပျိုးရေးကဏ္ဍ**

စိုက်ပျိုးရေးကဏ္ဍ၌ ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ် မိုးရာသီတွင် မိုးသည်းထန်စွာ ရွာသွန်း၍ ရေကြီးနစ်မြုပ်ပျက်စီးသွားသော လယ်ယာမြေများ အချိန်မီပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် မွန်ပြည်နယ် စက်မှုလယ်ယာဦးစီးဌာနမှ လက်တွန်းထွန်စက်အစီး ၅၀ အခမဲ့ ကူညီဆောင်ရွက်ပေးခြင်း၊ ရေကြီးနစ်မြုပ်လယ်ယာမြေ ၄၃၂ ဒသမ ၅ ဧကကို ကောက်စိုက်စက်များဖြင့် ကူညီဆောင်ရွက်ပေးခြင်း၊ လယ်ယာမြေ ၅၈၈ ဧကကို အဆင့်မြှင့်တင်ဖော်ထုတ်ခြင်းနှင့် မြေညှိခြင်းများ ဆောင်ရွက်ပေးခြင်း၊ ဒေသနှင့်ကိုက်ညီသည့် တောင်သူလယ်သမားများကို လယ်ယာသုံး စက်ကိရိယာများ လက်ငင်း၊ အရစ်ကျစနစ်ဖြင့် ထွန်စက်ကြီး ခြောက်စီး၊ လက်တွန်းထွန်စက် ၂၈ စီးနှင့် ရိတ်သိမ်းခြွေလှေ့စက် တစ်စီး စုစုပေါင်း ၃၅ စီးကို ရောင်းချပေးခြင်းနှင့် တောင်သူပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း စသည်တို့ကို ဆောင်ရွက်ပေးခဲ့သည်။

ထို့ပြင် ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ရေကြီးနစ်မြုပ်မှု လျော့နည်းစေရန်နှင့် နွေစပါးစိုက်ပျိုးနိုင်ရေးအတွက် ရေနုတ်မြောင်း၊ ချောင်းကော ၁၆ ခုကို တူးဖော်ခြင်း၊ ရေငန်တားတမံ သုံးခုကို ပြုပြင်ထိန်းသိမ်းတည်ဆောက်ပေးခြင်း၊ ရေတံခါး လေးခု ပြုပြင်တည်ဆောက်ပေးခြင်း၊ ရေလှောင်တမံနှင့် ဆည်ရေသောက်စနစ် ငါးခုကို ပြုပြင်ထိန်းသိမ်းပေးခြင်း၊ နုန်းတားတာတမံ ၂၉ ခု တည်ဆောက်ခြင်း၊ ချောင်းပိတ်၊ မြောင်းပိတ် လုပ်ငန်း ၄၄ ခုတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့သည်။

“သထုံမြို့နယ်မှာ ခေတ်အဆက်ဆက် တိမ်ကောနေတဲ့ သထုံဆားချောင်းတူးဖော်ရေးကို သထုံမြို့နယ်ရဲ့ ဆန်စပါးစိုက်ပျိုးဧက ၈၀၀၀၀ ကျော်ကို အကျိုးပြုမယ့် အရှည် ၂၄ ဒသမ ၃၃ မိုင်ကို ဘီးလင်းမြစ်ကနေ ပေါင်မြို့နယ် ရေးမြစ်အထိ တူးဖော်ခဲ့ပါတယ်” ဟု ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံက ပြောသည်။

*အချပ်ပို (ဆ) သို့*




မော်လမြိုင်မြို့ ကမ်းနားလမ်း Mawlamyine Strand Walking Street ညမြင်ကွင်း။

**“ဒေသတွင်း ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ပိုမိုဝင်ရောက်လာစေရန်နှင့် ဒေသခံပြည်သူများ၏ လူနေမှုအဆင့်အတန်း တိုးတက်မြင့်မား လာစေရန် လျှပ်စစ်စွမ်းအင် ကဏ္ဍသည် အရေးပါသည့် ကဏ္ဍတစ်ခု အဖြစ် ပါဝင်နေသည်ဖြစ်ရာ မွန်ပြည်နယ်အစိုးရအဖွဲ့ အနေဖြင့် ဒေသတွင်း ပြည်သူများထံသို့ လျှပ်စစ်မီးလုံလောက်စွာ ဖြန့်ဖြူး ပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက် လျက်ရှိ”**

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ(၁)နှစ်တာ



*အချပ်ပို(စ)မှ*

**ပညာရေးကဏ္ဍ**

ပညာရေးကဏ္ဍအနေဖြင့် ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် မော်လမြိုင်တက္ကသိုလ်၌ မိုးရွာသွန်းမှုကြောင့် မြေပြိုကျမှုဖြစ်ပွားခဲ့သော မနော်ဟရီရေထိန်းတံခါး၏ ဘယ်ဘက်အခြမ်း ဂဝံမြေများပြန်ဖို့၍ သိပ်သည်းအောင် ဆောင်ရွက်ခြင်း၊ ရေကျော်မှုမဖြစ်စေရန် ရေကျော်ပေါက် (Case Way) တစ်ခုကို မွန်ပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့ငွေကျပ် ၄၆ ဒသမ ၁ သန်းဖြင့် ဆောင်ရွက်ခြင်း၊ နည်းပညာတက္ကသိုလ်တွင် ပင်မသုံးထပ်ဆောင် တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်း၊ Transformer တပ်ဆင်ခြင်းလုပ်ငန်း၊ ဘွဲ့နှင်းသဘင် မျက်နှာကြက်ပြုပြင်ခြင်း လုပ်ငန်း၊ ကျောင်းဝင်းခြံစည်းရိုး (၁၂၀၀ x ၇ ပေ) RC တိုင်ပြုလုပ်ခြင်း၊ လူဦးရေ ၁၆၀ ဆံ့ ကျောင်းသားဆောင် ဆောက်လုပ်ခြင်း၊ ရုံးသုံးစက်ကိရိယာများ ဝယ်ယူခြင်း၊ အခြားရုံးသုံးပစ္စည်းများ ဝယ်ယူခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်ခဲ့သည်။

မွန်ပြည်နယ်အတွင်း နေထိုင်လျက်ရှိသော တိုင်းရင်းသားလူမျိုးများ၏ စာပေ၊ ဘာသာစကား ဖွံ့ဖြိုးတိုးတက်စေရန်၊ ယဉ်ကျေးမှုအမွေအနှစ်များနှင့် ဓလေ့ထုံးစံများ မပျောက်ပျက်စေရန် ထိန်းသိမ်းစောင့်ရှောက်သည့် အနေဖြင့် ပညာရေးဝန်ကြီးဌာနနှင့်ပူးပေါင်း၍ တိုင်းရင်းသား စာပေသင်ကြားသည့် နေ့စား၊ လစေး ဆရာ၊ ဆရာမများနှင့် Language Teacher ခန့်အပ်နိုင်ရေးအတွက် လျှောက်လွှာများ ခေါ်ယူခြင်းနှင့် စိစစ်ဆောင်ရွက်ခဲ့ခြင်း၊ မူလတန်း တိုင်းရင်းသားကလေးငယ်များအတွက် တိုင်းရင်းသားဘာသာနှင့် မြန်မာဘာသာနှစ်မျိုးဖြင့် ရေးသားပြုစုထားသည့် သင်ထောက်ကူ တိုင်းရင်းသား ပုံပြ - ပုံပြင်စာအုပ်များကို ပညာသင်နှစ် သုံးနှစ်စာအတွက် ပုံနှိပ်ထုတ်ဝေထားပြီး ၂၀၁၉ - ၂၀၂၀ ပညာသင်နှစ်အတွက် ထပ်မံဖြန့်ဝေနိုင်ရေး လျာထားဆောင်ရွက်ခြင်း၊ တိုင်းရင်းသားဘာသာဒေသသင်ရိုးနှင့် ပညာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသော တိုင်းရင်းသားဘာသာစာပေ ပုံနှိပ်စာအုပ်များ ထုတ်ဝေနိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည်။

"အခြေခံပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းသို့ရောက်ရှိစေရေး၊ နိုင်ငံသားတိုင်း အခြေခံပညာအဆင့် လက်လှမ်းမီစေရေးနဲ့ မြို့ပြကျေးလက် ပညာရေးတန်းတူညီမျှရှိစေရေးအတွက် အခြေခံပညာကျောင်းစုစုပေါင်း ၉၂ ကျောင်းကို အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးနိုင်ခဲ့ပါတယ်။ တက္ကသိုလ်ဝင်စာမေးပွဲစာစစ်ဌာနလေးခုကို တိုးမြှင့်ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ကျောင်းအဆောက်အအုံ ၁၄၉ ကျောင်း ဆောက်လုပ်လျက်ရှိပြီး တက္ကသိုလ်များမှ စာသင်ဆောင်တွေ၊ ဆရာ၊ ဆရာမအိမ်ရာတွေ၊ ကျောင်းသား၊ ကျောင်းသူတွေအတွက် အိပ်ဆောင်တွေ၊ ထမင်းစားဆောင်တွေ တိုးချဲ့ဆောက်လုပ်ပေးနိုင်ခဲ့ပါတယ်။ အထူးသဖြင့် ပြည်နယ်အတွင်းမှာ Tourism နဲ့ပတ်သက်တဲ့ ကောလိပ်တစ်ခုကို မွန်ပြည်နယ်မှာ ထပ်မံဆောက်လုပ်နေကြောင်း တင်ပြလိုပါတယ်" ဟု ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ က ပြောသည်။

**ကျန်းမာရေးကဏ္ဍ**

ကျန်းမာရေးကဏ္ဍအနေဖြင့် စုစုပေါင်း ငွေကျပ် ၁၆၉၄ ဒသမ ၂၅၃ ကုန်ကျခံကာ ကျေးလက်ကျန်းမာရေးဌာနနှင့် ဌာနခွဲများတွင် အဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်း ၁၂ ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲများတွင် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်း ၁၄ ခု၊ မော်လမြိုင်မြို့နယ်တွင် အမျိုးသမီးနှင့် ကလေးဆေးရုံကြီး ပင်မဆောင် အကြီးစားပြင်ဆင်မွမ်းမံခြင်း၊ ကျိုက်မရောမြို့နယ် ဆေးရုံ၊ ချောင်းဆုံမုရစ်ကလေးတိုက်နယ်ဆေးရုံ၊ ကျိုက်ထိုမြို့နယ် သိမ်ဇရပ်ကျောက်ညှပ်တိုက်နယ်ဆေးရုံများ တိုးချဲ့ဆောက်လုပ်ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

**ကျေးလက်လမ်းဖွံ့ဖြိုးရေးကဏ္ဍ**

မွန်ပြည်နယ်အစိုးရအဖွဲ့ အနေဖြင့် ပြည်နယ်အတွင်း ကျေးလက်လမ်းများ ဖွံ့ဖြိုးရေးကဏ္ဍ၌ ကျေးလက်လမ်း၊ တံတားများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေး၊ ကျေးလက်ထုတ်ကုန်များ ကုန်ကျစရိတ် သက်သာစွာဖြင့် ဈေးကွက်သို့ အမြန်ဆုံးရောက်ရှိရေး၊ ကျေးလက်နေပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စရပ်များအတွက် ကျေးလက်လမ်းကွန်ရက်များ အသုံးပြု၍ အမြန်ဆုံး ဆက်သွယ်သွားလာနိုင်ရေး၊ အမျိုးသားပို့ဆောင်ရေးပင်မစီမံကိန်း အထောက်အကူဖြစ်စေရေး၊ ၂၀၃၀ ပြည့်နှစ်တွင် ကျေးရွာများ၏ ၈၀ ရာခိုင်နှုန်းကို ရာသီမရွေး သွားလာနိုင်သော ကတ္တရာလမ်းများအဖြစ် နှစ်စဉ်အဆင့်မြှင့်တင်ဆောင်ရွက်ရေးတို့ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ကွန်ကရစ်လမ်းခင်းခြင်း၊ ကတ္တရာလမ်းခင်းခြင်း၊ ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ ကျောက်ချောလမ်းခင်းခြင်း စုစုပေါင်း ၈ မိုင် ၄ ဒသမ ၄၇ ဖာလုံ၊ ကွန်ကရစ်တံတားလေးစင်းနှင့် ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ကွန်ကရစ်လမ်းခင်းခြင်း၊ ကတ္တရာလမ်းခင်းခြင်း၊ ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ ကျောက်ချောလမ်းခင်းခြင်း၊ ဂဝံလမ်းခင်းခြင်း၊ မြေသားလမ်းခင်းခြင်း၊ မြေသား တာပေါင်ပြုလုပ်ခြင်း စုစုပေါင်း ၇၄ မိုင် ၇ ဒသမ ၀၇ ဖာလုံနှင့် ကွန်ကရစ်တံတား ၁၇ စင်း၊ Box Culvert ခုနစ်စင်းတို့ကို အကောင်အထည်ဖော်ခဲ့သည်။

"အဓိကကျေးလက်လမ်းဖြစ်တဲ့ ဖြူဘာ-သဲကုန်းလမ်းပေါ်မှာရှိတဲ့ ပေ ၃၆၀ ကျုံဟော်ရာမဆိပ်ကွန်ကရစ်တံတားတို့ကို ဆောင်ရွက်လျက်ရှိပါတယ်။ ကျုံဟော်ရာမဆိပ် တံတားကယခုနှစ်အတွင်း ပြီးစီးမှာဖြစ်ပါတယ်" ဟု ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ အေးဇံက ပြောသည်။

ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုဘဏ္ဍာ ရန်ပုံငွေဖြင့် မြေသားလမ်းဖောက်လုပ်ခြင်း သုံးခု၊ ကျောက်ခင်းခြင်းလုပ်ငန်းကိုးခု၊ ကတ္တရာလမ်းခင်းခြင်းတစ်ခု၊ ကွန်ကရစ်တံတားတည်ဆောက်ခြင်းလုပ်ငန်း ခုနစ်ခု၊ ဘေလီတံတား တည်ဆောက်ခြင်းလုပ်ငန်းတစ်ခု၊ Box Culvert ပြုလုပ်ခြင်းနှစ်ခု၊ ရေပြွန်တည်ဆောက်ခြင်းလေးခု၊ ကျောက်စီမြေထိန်းနံရံတည်ဆောက်ခြင်းတစ်ခု၊ တန်ဖိုးနည်းဝန်ထမ်းအိမ်ရာ တည်ဆောက်ခြင်းငါးခု၊ ဦးစီးဌာန တည်ဆောက်ရေးလုပ်ငန်း ၁၄ ခု၊ ပြည်နယ် ရန်ပုံငွေဖြင့် မြေသားလမ်းဖောက်ခြင်းသုံးခု၊ ဂဝံခင်းခြင်းလုပ်ငန်းတစ်ခု၊ ကတ္တရာလမ်းခင်းခြင်းနှစ်ခု၊ ကွန်ကရစ်လမ်းခင်းခြင်းတစ်ခု၊ ကွန်ကရစ်တံတားတည်ဆောက်ခြင်း ၁၃ ခု၊ Box Culvert ပြုလုပ်ခြင်း တစ်ခုတို့ကို ဆောင်ရွက်ခဲ့သည်။

**ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး**

ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့ရွာများ ရေတိုက်စားကမ်းပြိုမှုမှ ကာကွယ်နိုင်ရန် လူနေအိမ်များ၊ လမ်းတံတားများ၊ လယ်ယာမြေများ၊ မဆုံးရှုံးစေရန်အတွက် ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဘီးလင်းမြို့နယ် ကမ်းနားလမ်းတစ်လျှောက် ဖိုးရာဇာရပ်ကွက် မြေထိန်းနံရံတည်ဆောက်ခြင်းလုပ်ငန်း၊ ကျိုက်ထိုမြို့နယ် စစ်တောင်းကျေးရွာတံတား၏ မြစ်ကြောဘက် စစ်တောင်းမြစ် ကမ်းပြိုကာကွယ်ရေးလုပ်ငန်း၊ ကျိုက်ထိုမြို့နယ် မုက္ကမော့ - ခရွဲကားလမ်း (ဦးသီလကုန်းအနီး) စစ်တောင်းမြစ် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

**ပြည်နယ်စည်ပင်သာယာရေးအဖွဲ့**

မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် မြို့/ရပ်ကွက်များ သန့်ရှင်းသာယာလှပရေးအတွက် ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် မြို့နယ် ၁၀ မြို့နယ်အတွင်း နိုင်လွန်ကတ္တရာခင်းခြင်း ၁ မိုင် ၄ ဒသမ ၆၇ ဖာလုံ၊ ကတ္တရာလမ်းသစ်ခင်းခြင်း မိုင် ၃၀ ကျော်၊ ကွန်ကရစ်လမ်းသစ်ခင်းခြင်း ၂၃ မိုင် ၇ ဒသမ ၉၉ ဖာလုံ၊ ကတ္တရာထပ်ပိုးလွှာခင်းခြင်း ၉ မိုင် ၂ ဒသမ ၈၃ ဖာလုံ၊ အမာခံလမ်း ၄ မိုင် ၁ ဒသမ ၇၅ ဖာလုံ စုစုပေါင်း ၇၅ မိုင် ၄ ဒသမ ၄၄ ဖာလုံနှင့် တံတားလုပ်ငန်းများအနေဖြင့် ကွန်ကရစ်တံတား ၁၆၇ စင်း၊ ရေပြွန်နှစ်ခု၊ အခြားလုပ်ငန်းတစ်ခု၊ ရေပေးရေးလုပ်ငန်းများအနေဖြင့် ရေစင်တစ်ခု၊ တွင်းတိမ်ငါးတွင်း၊ ရေကန်၊ ရေစင်ရှစ်ခု၊ အခြား ၄၃ ခု စုစုပေါင်း ၅၇ ခု၊ JICA ချေးငွေဖြင့် မော်လမြိုင်မြို့ ရေပေးဝေရေး ပိုက်လိုင်းတိုးချဲ့ခြင်းတစ်ခု၊ ရေပေးရေးလုပ်ငန်းနှစ်ခုနှင့် ဈေးနှစ်ခုတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့သည်။

**အတ္တရံမြစ်ရေတင်စီမံကိန်း**

မော်လမြိုင်မြို့နယ်အတွင်း နေထိုင်သူပြည်သူများ သောက်သုံးရေဖူလုံစေရန် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း အတ္တရံမြစ်ရေတင်စီမံကိန်း၏ Water Treatment Plant တည်ဆောက်ခြင်းလုပ်ငန်းပြီးစီးပါက မော်လမြိုင်မြို့ရှိ ကျေးရွာ/ရပ်ကွက်ပေါင်း ၁၄ ခုရှိ အိမ်ထောင်စု ၂၃၈၉၁ စုမှ လူဦးရေ ၁၁၂၃၉၄ ဦးကို တစ်နေ့လျှင် သောက်သုံးရေ ရေဂါလန်ပေါင်း ၃၄၂ သန်းခန့် ပေးဝေနိုင်မည်ဖြစ်သည်။

**သဘာဝဘေးအန္တရာယ် ကာကွယ်တားဆီးရေး**

သဘာဝဘေးအန္တရာယ်ကာကွယ်တားဆီးရေးလုပ်ငန်းအနေဖြင့် ၂၀၁၉ ခုနှစ် အောက်တိုဘာလမှ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလအထိ မွန်ပြည်နယ်အတွင်း သဘာဝဘေးအသိပညာပေးဟောပြောဆွေးနွေးခြင်းကို ရပ်ကွက်၊ ကျေးရွာများတွင် ၄၁ ကြိမ် ပြုလုပ်ခဲ့ပြီး သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ် (ဆင့်ပွား)သင်တန်းငါးကြိမ်၊ သဘာဝဘေးအန္တရာယ်လျော့ပါးရေး သရုပ်ပြလေ့ကျင့်မှု တစ်ကြိမ် ပြုလုပ်ခဲ့သည်။

၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း သဘာဝဘေးဖြစ်ပွားမှုနှင့် ထောက်ပံ့မှုများအနေဖြင့် မီးဘေး၊ ရေဘေး၊ ကမ်းပြိုဘေး၊ မြေပြိုဘေး၊ မိုးကြိုးဘေးနှင့် ရေမျောဘေးစုစုပေါင်း ၁၆၈ ကြိမ်ရှိပြီး ငွေကျပ် ၃၃၄၅၉၀၂၁၅ ကျပ် ထောက်ပံ့နိုင်ခဲ့သည်။

"မွန်ပြည်နယ်မှာ ထူးကဲဒီရေကြောင့် စစ်တောင်းကျေးရွာမှာ ပျက်စီးခဲ့တဲ့ မိသားစုတွေကို အိမ်ရာသစ်တွေ၊ မြေကွက်တွေကို ထောက်ပံ့ဖော်ဆောင်ခဲ့ပါတယ်" ဟု ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံက ပြောသည်။

**သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

မွန်ပြည်နယ်တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ဒီရေတောများ တည်ထောင်ခြင်း၊ မွန်ပြည်နယ်သစ်တောဦးစီးဌာနမှ ၂၀၁၇ ခုနှစ်၊ ၂၀၁၈ ခုနှစ်နှင့် ၂၀၁၉ ခုနှစ် မိုးရာသီသဘာဝဘေးအန္တရာယ် ကာကွယ်နိုင်ရေးရည်ရွယ်ချက်ဖြင့် မြန်မာနိုင်ငံ သစ်တောများပြန်လည်တည်ထောင်ရေး ၁၀နှစ်စီမံကိန်း ၂၀၁၇ - ၂၀၁၈ မှ ၂၀၂၆ - ၂၀၂၇ အထိ ဓမ္မတာမျိုးဆက်ခြင်း *အချပ်ပို (ဈ) သို့*






ပေါင်မြို့နယ် သဲဖြူကုန်းကျေးရွာအုပ်စု ရဲပြားကုန်းကျေးရွာရှိ မလတ်တောင်မြေပြိုကျမှုတွင် အိုးအိမ်ဆုံးရှုံးခဲ့ရသော မိသားစုများအတွက် ဆောက်လုပ်ပေးခဲ့သော လုံးချင်းအိမ်ရာအသစ်များကို တွေ့ရစဉ်။

*အချပ်ပို (ဆ) မှ*

အထောက်အကူပြုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ သဘာဝသစ်တောတန်ဖိုးမြှင့် စိုက်ပျိုးခြင်း၊ စီးပွားရေးစိုက်ခင်းများ တည်ထောင်ခြင်း၊ ပုဂ္ဂလိက သစ်မာစိုက်ခင်းများ တည်ထောင်ခြင်း၊ ဒီရေတောစိုက်ခင်းများ တည်ထောင်ခြင်း၊ ငါးနှစ်ပြည့်စိုက်ခင်းဟောင်းများ ပြုပြင်ထိန်းသိမ်းခြင်း၊ ပျိုးပင်များဖြန့်ဝေခြင်း၊ ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောများ တည်ထောင်ခြင်း၊ ကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တောတိုးချဲ့ဖွဲ့စည်းခြင်းနှစ်ခုတို့ကို ဆောင်ရွက်နိုင်ခဲ့သည်။



ပြည်တွင်းပြည်ပခရီးသွားများ လာရောက်လည်ပတ်ရန် ဆွဲဆောင်ရာ နေရာတစ်ခုဖြစ်သည့် သံဖြူဇရပ်မြို့နယ် ကျိုက္ခမီမြို့ရှိ ကျိုက္ခမီရေလယ်ဘုရားအား ဖူးမြော်ရစဉ်။

**ကျေးလက်ဒေသဖွံ့ဖြိုးရေး**

မွန်ပြည်နယ်အစိုးရ၏ ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်သည့်လုပ်ငန်းကဏ္ဍတွင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလျာထားရန်ပုံငွေ ကျပ်သန်း ၂၀၀၀ ဖြင့် မွန်ပြည်နယ်ရှိ မြို့နယ် ၁၀ မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ၂၈ ခုကို ဆောင်ရွက်ရန်နှင့် ပြည်သူလူထုများ/ အဖွဲ့အစည်းများမှ စုစုပေါင်းဆောင်ရွက်သော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ဘိလပ်မြေအိတ်ပေါင်း ၈၀၀၀၀ ထောက်ပံ့ရန် လျာထားဆောင်ရွက်လျက်ရှိသည်။

၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေ၌ ငွေကျပ်သန်း ၂၀၀၀ လျာထားခဲ့ပြီး သက်ဆိုင်ရာ ခရိုင်/မြို့နယ်များ၊ ပြည်နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ပြည်နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ပြည်နယ်ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၊ ပြည်နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းနှင့် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့များက ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများအနေဖြင့် မော်လမြိုင်မြို့တွင် လုပ်ငန်းနှစ်ခု၊ ချောင်းဆုံမြို့နယ်တွင် လုပ်ငန်းငါးခု၊ ကျိုက်မရောမြို့နယ်တွင် လုပ်ငန်းတစ်ခု၊ မုဒုံမြို့နယ်တွင် လုပ်ငန်းခြောက်ခု၊ သံဖြူဇရပ်မြို့နယ်တွင် လုပ်ငန်းနှစ်ခု၊ ရေးမြို့နယ်တွင် လုပ်ငန်းသုံးခု၊ ကျိုက်ထိုမြို့နယ်တွင် လုပ်ငန်းလေးခု၊ ဘီးလင်းမြို့နယ်တွင် လုပ်ငန်းသုံးခု၊ သထုံမြို့နယ်တွင် လုပ်ငန်းတစ်ခုနှင့် ပေါင်မြို့နယ်တွင် လုပ်ငန်းတစ်ခု စုစုပေါင်းလုပ်ငန်း ၂၈ ခု လျာထားဆောင်ရွက်လျက်ရှိသည်။

**ပြည်သူများအတွက် ဆောင်ရွက်ပေးမှုများ**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ သမိုင်းဝင် ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်သို့ လာရောက်ဖူးမြော်ကြသည့် ပြည်သူများအတွက် စတုတ္ထ(၁)နှစ်တာကာလအတွင်း ပြုပြင်ပြောင်းလဲမှုများအနက် သိသာထင်ရှားသည့် ပြောင်းလဲမှုတစ်ခုဟုဆိုရမည်ဖြစ်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မွန်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဘုရားဖူးပြည်သူများ စရိတ်သက်သာစွာ စားသောက်နိုင်ရန် ယခင်က စားသောက်ဆိုင်များအပေါ် နှစ်စဉ်အလှူငွေ၏ ၁၀ ရာခိုင်နှုန်း တိုးမြှင့်ကောက်ခံခြင်းမပြုဘဲ လုပ်ငန်းရှင်များနှင့် ညှိနှိုင်းကာ ဈေးနှုန်းများကို သတ်မှတ်ချက်အတိုင်း ရောင်းချခြင်း၊ ဘုရားဖူးပြည်သူများ စိတ်အနှောင့်အယှက်ဖြစ်စေသည့် စေတီပုထိုး နတ်ကွန်းနတ်နန်းများနှင့် အခြားအလှူခံဌာနများကို လေလံချထားခြင်းမပြုခြင်း၊ ဂေါပကအဖွဲ့မှ ဆံတော်ရှင်ကျိုက်ထီးရိုးဘုရားရင်ပြင်တော်ရှိ ပင်မအလှူခံဌာနတစ်ခုတည်း ဖွင့်လှစ်ထားခြင်း၊ တောင်တက်ကားများတွင် အမိုးတပ်ဆင်ထားပေးခြင်း၊ ကင်မွန်းစခန်းမှ တောင်ပေါ်သို့ ယာဉ်စီးခတစ်ဦးလျှင် ငွေကျပ် ၂၀၀၀ ကောက်ခံခြင်း၊ ဘုရားဖူးခရီးသည်များ လုံခြုံမှုရှိစေရန် ကင်မွန်းစခန်း တောင်တက်ကားဂိတ်နှင့် ယာဉ်စစ်ဆေးရေးစခန်းတို့တွင် စီစီတီဗွီကင်မရာများ တပ်ဆင်ပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ရာ အနယ်နယ်အရပ်ရပ်မှ လာရောက်ကြသည့် ဘုရားဖူးပြည်သူများသည် ယခင်ကထက် စိတ်အေးချမ်းသာစွာဖြင့် ဖူးမြော်နိုင်ကြပြီဖြစ်သည်။

**မြို့ပြအဆင့်မြှင့်တင်ရေးကဏ္ဍ**

မြို့ပြအဆင့်မြှင့်တင်ရေး လုပ်ငန်းများဆောင်ရွက်ရာတွင် မွန်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် စတုတ္ထ (၁) နှစ်တာကာလအတွင်း မုဒုံမြို့နယ် အဝေးပြေးယာဉ်ရပ်နားစခန်း တည်ဆောက်ခြင်း၊ ကျိုက်ထိုမြို့နယ် ဆံတော်ရှင်ကျိုက်ထီးရိုးတောင်ပေါ်တွင် အမှိုက်ခွဲခြားသန့်စင်စက်နှင့် ဆက်စပ်အဆောက်အအုံများ တည်ဆောက်ခြင်း၊ မော်လမြိုင်မြို့ ကျိုက်သလ္လံစေတီတော် ပြန်လည်မွမ်းမံရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ကျိုက်ထိုမြို့ရှောင်လမ်းဖောက်လုပ်ခြင်းနှင့် မော်လမြိုင်လေဆိပ်အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မုဒုံမြို့နယ်အတွင်း သက်မွေးကျောင်းပညာရပ်ဆိုင်ရာ သင်တန်းကျောင်းတစ်ခု တည်ဆောက်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ အဆိုပါကျောင်းဖွင့်လှစ်သင်ကြားခြင်းဖြင့် မွန်ပြည်နယ်အတွင်း လူငယ်၊ လူရွယ်များ နိုင်ငံရပ်ခြားနှင့် မိမိနိုင်ငံအတွင်း နိုင်ငံတကာအဆင့်မီ ကျွမ်းကျင်လုပ်သားများအဖြစ် ပြုစုပျိုးထောင်သွားနိုင်မည်ဖြစ်ပြီး ပြည်တွင်းပြည်ပ အလုပ်အကိုင်အခွင့်အလမ်းများရရှိခြင်းနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်အောင် တစ်ဖက်တစ်လမ်းမှ ကူညီဆောင်ရွက်နိုင်မည်ဖြစ်သည်။



မွန်ပြည်နယ် မော်လမြိုင်မြို့၏ သာယာလှပနေသည့် ကမ်းနားလမ်းကို တွေ့ရစဉ်။

**ခရီးသွားကဏ္ဍဖွံ့ဖြိုးရေး**

ဆံတော်ရှင်ကျိုက်ထီးရိုးစေတီ၊ ကျိုက္ခမီရေလယ်ဘုရား၊ သာယာလှပသည့် စက်စဲကမ်းခြေနှင့် ဇင်းကျိုက်ရေတံခွန်၊ နာမည်ကျော်သေမင်းတမန်ရထားလမ်းတို့ဖြင့် လူသိများထင်ရှားပြီးဖြစ်သည့် ပြည်တွင်း၊ ပြည်ပ ခရီးသွားများအား ဆွဲဆောင်ရာ ခရီးစဉ်ဒေသများရှိသည့် မွန်ပြည်နယ်အတွင်း ခရီးသွားလုပ်ငန်းပိုမိုကောင်းမွန်လာစေရန် ပြည်နယ်အစိုးရအဖွဲ့မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် ကဗျာဝကမ်းခြေနှင့် ဖားပေါင်းဂူကဲ့သို့ သာယာလှပပြီး စိတ်ဝင်စားဖွယ် ခရီးစဉ်ဒေသသစ်များကို ရှာဖွေဖော်ထုတ်ကာ ခရီးသွားကဏ္ဍမြှင့်တင်ရန် ဆောင်ရွက်လျက်ရှိသည်။

ပြည်သူက ရွေးချယ်တင်မြှောက်သော ပြည်သူ့အစိုးရတာဝန်ယူခဲ့သည့် အချိန်မှစ၍ ဒေသတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ရင်ဆိုင်ကြုံတွေ့ရသည့် အခက်အခဲများကို ပြည်သူနှင့်အတူ အေးအတူ၊ ပူအမျှ ရင်ဆိုင်ကျော်ဖြတ်ရင်း လူမှုစီးပွားဘဝတိုးတက်ပြောင်းလဲမှု၏ ရလဒ်ကောင်း အသီးအပွင့်များကို ပြည်သူများ ရရှိခံစားနိုင်စေရန် ကြိုးပမ်းဆောင်ရွက်နေသည့် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံက “ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေကို ဆောင်ရွက်ရာမှာ ပြည်သူလူထုနဲ့ပူးပေါင်းပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသလို မြို့ပြဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေ ဆောင်ရွက်တဲ့အခါ လုပ်ငန်းစဉ်အလိုက် နိုင်ငံတော်ရဲ့ ပံ့ပိုးမှုတွေနဲ့ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်” ဟု ပြောသည်။